စိန်နှင်းစာပေ

တက္ကသိုလ်

# နေလင်းအောင်

## လေပွေနဂါး

အသစ်စက်စက်သိုင်းစာစဉ်

စာစဉ် ၄



စာမူခွင့်ပြုချက်အမှတ် - ၁၅၁၅/၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၅၀၅၀၁

•

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၅ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

•

ထုတ်ဝေသူ
ဒေါ်စိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

•

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မာသီလလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

•

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-ဝဖ၃ဖ၂)၊ ဗိုးဝအောင့်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



၆၄။

ထိုစဉ် သမားတော်ကြီး ချူတန်းသည် အခန်းထဲသို့ ဝင်လာ၏။ သူ့နောက်မှ လျူယင်နှင့် မိန်းကလေးသုံးယောက်တို့ ပါလာကြသည်။ မနေ့က မိန်းကလေးသုံးယောက် မဟုတ်တော့သော်လည်း သူတို့ သုံးဦးစလုံး ဖွေးခံ၊ ရေနွေးကြမ်းလင်ဗန်းနှင့် ဆေးတံအိုးကို ကိုင်လာကြ၏။

သခင်ကြီးချိုင်ဟာန် ဆောင်လာသော မိုက်ချူးယိကပင် လေးလေးစားစား ထရပ်၍ သမားတော်ကြီး ချူတန်းကို နှုတ်ဆက်စကားဆိုလိုက်သည်။

သမားတော်ကြီးချူတန်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"မနေ့ညနေက ရောက်လာတဲ့ ခင်ဗျားရဲ့သားကို ကျွန်တော်ကုသမပေးသေးတာကတော့ ကျွန်တော် သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့ မညီညွတ်သေးလို့ပါပဲ၊ ခင်ဗျားရဲ့ စီမံရေးမှူးက ခင်ဗျားကိုတော့ ဒီအကြောင်း ပြောပြီးရောပေါ့"

မိုက်ချူးယိ ခေါင်းညိတ်၍....

"ဟုတ်ကဲ့....ပြောပြီးပါပြီ၊ ကျွန်တော် လိုက်လာတာဟာ နှစ်ဦးနှစ်ဘက် အဆင်ပြေဖို့ ဖြစ်သွားတာပါပဲ၊ ခု ကျွန်တော့်မှာ ကျောက်မျက်ရတနာတွေ တစ်သိန်းကျော်ဖိုး ပါလာပါတယ်...သမားတော်ကြီးကို ငါးသောင်းနဲ့ ညီမျှတဲ့ ကျောက်မျက်ရတနာတွေကို ပေးပါ့မယ်၊ ဖြစ်နိုင်ပါ့မလား...."

"ဖြစ်နိုင်ပါတယ်....ဒါပေမယ့် ရတနာတွေကို စစ်ဆေးပြီးမှ ကျွန်တော် လိုချင်တာတွေကို တန်ဖိုးထားပြီး ရယူလိမ့်မယ်"

မိုက်ချူးယိက အချက်ပြလိုက်ရာ ကိုယ်ရံတော်ဟန်ဆောင်လာသော ထင်လျန်းကူးက သူ့ ရင်ဖတ်ဖုံးအိတ်ထဲမှ အိတ်ငယ်တစ်လုံးကို ဆွဲထုတ်လိုက်၏။ အိတ်ကလေးထဲမှ ဘူးရှည်ရှည်ကလေးကို ဆွဲထုတ်ကာ မိုက်ချူးယိကို လှမ်းပေးသည်။

မိုက်ချူးယိက ဘူးကလေးကို ဖွင့်လိုက်သောအခါ ဘူးထဲမှ အရောင်များ တဖျပ်ဖျပ်လက်၍ ထွက်လာသည်။ ဘူးနှင့်အပြည့် ကျောက်မျက်ရတနာများ ရှိနေသည်။

သမားတော်ကြီး ချူတန်း၏ မျက်နှာက အားရကျေနပ်သော အသွင်မျိုးကို ဆောင်သွားသည်။ သူသည် ရတနာများကို ယူကြည့်သည်။

ထူးခြားသော ပုလဲငါးလုံးကိုလည်း တွေ့ရ၏။ ပုလဲများမှာ အရောင်ခုနစ်မျိုး ဖြာ၍ ထွက်နေသည်။

သမားတော်ကြီး ချူသည် ပုလဲငါးလုံးကို အမက်မောဆုံး ဖြစ်၍



ပုလဲတစ်လုံးကို တန်ဖိုးငွေလျှံ တစ်သောင်းနှင့် ဈေးဖြတ်ပြီး ပုလဲငါးလုံးကို ယူထားလိုက်တော့၏။

ဆေးဖိုးဝါခ ယူပြီးပြီဖြစ်ရာ သမားတော်ကြီး ချူတန်းသည် လူနာကို ခွဲစိတ်ခန်းထဲ သယ်လာရန် ကြည်ချန်းနှင့် လူယိတို့ကို အမိန့်ပေးလိုက်တော့၏။ ခွဲစိတ်ခန်းထဲသို့ မိုက်ချူးယိနှင့် လို့ရုံရှမ်းတို့ကို လိုက်ကြည့်ခွင့်ပြုသည်။

မကြာမီ ခွဲစိတ်ခန်းထဲသို့ လူနာ ရောက်နေပြီဖြစ်ကြောင်း ကြည်ချန်းက အကြောင်းကြားသဖြင့် သမားတော်ကြီးချူနှင့် လို့ရုံရှမ်းတို့ လိုက်သွားကြ၏။

◈◈◈◈◈

၆၅။

“ဘာ....ဘယ်လို၊ သေသွားပြီ ဟုတ်လား....”

လို့ရုံရှမ်းက တုန်လှုပ်ချောက်ချားစွာ ရေရွတ်လိုက်ပြီး ခုတင်ပေါ်မှ အလောင်းရှိရာကို ခပ်သွက်သွက် ချဉ်းကပ်လာသည်။ အလောင်းကို ကြည့်ရင်းမှ မျက်စိမျက်နှာပျက်လာပြီး ကြေကွဲမှုအသွင်ကို ဆောင်ကာ မျက်ရည်များလည်း ကျဆင်းလာသည်။

“အို....ဖြစ်ရလေ သခင်လေးရယ်၊ ဖြစ်ရလေ၊ သခင်လေး မသေရဘူး၊ သခင်လေး မသေရဘူး”

သခင်ကြီးချောင်အသွင် ဟန်ဆောင်ထားသော မိုက်ချုံးယိက လည်း တုန်လှုပ်ချောက်ချားစွာဖြင့် အလောင်းကို မျက်လုံးအပြူးသား ကြည့်သည်။ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။ သူသည် အလောင်းကို ကြည့်နေရာမှ လို့ရုံရှမ်းကို ခက်ထန်တင်းမာသော မျက်နှာနှင့် ဆတ်ခနဲ ကြည့်လိုက်ကာ ဒေါသတကြီး အော်



ငေါက် မေးမြန်းလိုက်သည်။

“လောင်ကြိုက်....မင်းကို ငါက အားကိုးယုံကြည်ပြီး ငါ့သားကို မင်းလက်ထဲ အပ်လိုက်တယ်.... ငါ့သားအသက်ချမ်းသာအောင် ရောဂါဝေဒနာ ပျောက်ကင်းအောင် သမားတော်ကြီးဆီ ကုသဖို့ အချိန်မီ လွှတ်လိုက်တယ်....ခုတော့ ခုတော့ ငါ့သား သေပြီ....ငါ့သား သေပြီကွ....”

မိုက်ချုံးယိ ပြောရင်းမှ မျက်ရည်များ စီးကျလာသည်။

လောင်ကြိုက်အသွင် ဟန်ဆောင်ထားသော လို့ရုံရှမ်းကလည်း ငိုကြွေးရင်းမှ ပြန်ပြောသည်။

“သခင်ကြီးရယ် သခင်လေးကို မနေ့ညနေက ကျွန်တော့်ဆီမှာ ထားသွားတော့ အသက်ရှိနေပါသေးတယ်၊ သူတို့နှစ်ယောက်ကို မေးမြန်းနိုင်ပါတယ် ခင်ဗျာ....သခင်လေး ခုလိုဖြစ်ရတာ ကျွန်တော့်မှာ အပြစ်မရှိပါဘူး၊ သမားတော်ကြီး ချူက အချိန်မီ ကုသမပေးလို့ သခင်လေး ခုလို ကိုယ်ကျိုးနည်းရတာပါ၊ သမားတော်ကြီးဟာ ကုသငွေကို အပြည့်အဝပေးမှ ကုနိုင်မယ်ဆိုလို့ အချိန်ကြန့်ကြာသွားပြီး သခင်လေး ခုလိုဖြစ်ရတာပါ ခင်ဗျား....”

မိုက်ချုံးယိက လွန်စွာ ဒေါသထွက်ဟန်ဖြင့် သူ့နောက်လိုက် နှစ်ဦးဟန်ဆောင်လာသော လင်းရဲ့ကျင်းနှင့် ထင်လျန်းကူးတို့ နှစ်ယောက်ကို အမိန့်ပေးလိုက်၏။

“ဟေ့....လောင်ကြိုက်ကို ကြိုးနဲ့တုပ်လိုက်ကြစမ်း....ငါ့သား သေရတဲ့ကိစ္စကို ငါကိုယ်တိုင် စစ်ဆေးမယ်”

လင်းရဲ့ကျင်းက ခါးမှ ဓားကို ဆွဲဖြုတ်ကိုင်လိုက်ပြီး လို့ရုံရှမ်းဖက်ပေါ်သို့ ဓားကို ဆွဲတင်လိုက်သည်။ ထင်လျှန်းကူးကလည်း ခါးမှ ကြိုးကို ဖြုတ်၍ လို့ရုံရှမ်းကို ကြိုးတုပ်သည်။

ကြည်ချမ်းနှင့် လှယိတို့နှစ်ယောက်မှာ ကြောက်ဒူးတုန်နေကြပြီး နောက်ကို တဖြည်းဖြည်း ဆုတ်ခွာသွားကြသည်။ မိုက်ချူးယိက သူတို့နှစ်ဦးကို လက်ညှိုးထိုးလိုက်ပြီး အော်ငေါက်လိုက်၏။

"ဟိတ်...မင်းတို့နှစ်ယောက် ရပ်လိုက်ကြ၊ ငါ့သား သေသွားတဲ့အတွက် မင်းတို့ကိုလည်း မေးမြန်းစစ်ဆေးရမယ်၊ ဒီအခန်းထဲမှာရှိနေတဲ့လူတွေ ဘယ်သူမှ ထွက်မသွားရဘူး၊ ထွက်သွားဖို့ ကြံတဲ့သူမှန်သမျှ ခြေထောက်ဖြတ်ပစ်ရမယ်...."

ကြည်ချမ်းနှင့် လှယိတို့နှစ်ယောက် ကြောက်ရွံ့စွာဖြင့် ဒူးထောက်ထိုင်ချလိုက်ကြပြီး ဦးသံပါကြီးနှင့် မိုက်ချူးယိကို တောင်းပန်စကား ဆိုကြသည်။

"သခင်ကြီး ခင်ဗျာ...သခင်ကြီးရဲ့သား သခင်လေး သေဆုံးရတာဟာ ကျွန်တော်တို့နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ ကျွန်တော်တို့ကိုတော့ ချမ်းသာပေးပါ"

"ကောင်းပြီ မင်းတို့နဲ့ မပတ်သက်ရင် မင်းတို့နှစ်ယောက်ကို ငါ ဘာမှမလုပ်ဘူး၊ ငါမေးတာသာ မှန်မှန်ဖြေ၊ မှန်မှန်မဖြေရင်တော့ အသေပဲ"

"ဟုတ်ကဲ့ ခင်ဗျာ...."

"ဖြေပါ့မယ် သခင်ကြီး ခင်ဗျား"



မိုက်ချူးယိက ကြည်ချမ်းကို လက်ညှိုးထိုးလိုက်ပြီး....

"မင်းကို ငါ အရင်မေးမယ်၊ မနေ့က ဒီဆေးခန်းကို ငါ့သား ရောက်လာတော့ အသက်ရှင်သေးသလား...."

"ဟုတ်ကဲ့ ခင်ဗျာ အသက်ရှိပါသေးတယ်....ညည်းတောင် ညည်းနေပါသေးတယ်...."

"ယောဒီက ငါ့ရဲ့စီမံရေးမှူး ပြန်သွားတော့ကော သားကို မင်းတို့နှစ်ယောက် စောင့်မကြည့်ကြဘူးလား...."

"စီမံရေးမှူးကြီး ပြန်သွားတော့ လူနာကို ကျွန်တော်တို့နှစ်ယောက်စလုံး ပြုစုစောင့်ရှောက်နေကြပါတယ်....ဒီတုန်းကလည်း အသက်ရှိသေးတယ်"

"ဒါဆို ငါ့သား ဘယ်တုန်းက သေသွားတာလဲ...."

"ဒါ ဒါတော့ ကျွန်တော်တို့ မပြောတတ်ဘူး သခင်ကြီးရယ်"

"ဘာကွ...မင်းတို့နှစ်ယောက်စလုံး ငါ့သားကို ပြုစုစောင့်ရှောက်နေကြတယ် ဆိုပြီး ဘယ်အချိန်က ငါ့သား အသက်ထွက်သွားတယ်ဆိုတာတောင် မသိကြဘူးလား...."

မိုက်ချူးယိက ဟိန်းဟောက်လိုက်သဖြင့် ကြည်ချမ်းနှင့် လှယိတို့နှစ်ယောက်စလုံး တုန်လှုပ်သွားကြ၏။

"ညကတော့ တစ်ညလုံး ညည်းညူနေပါသေးတယ်၊ မနက်ကတော့ ညည်းညူသံ မကြားရတော့ပါဘူး"

မိုက်ချူးယိ၏ ဒေါသလွှမ်းသော အကြည့်က သမားတော်ကြီး ချူတန်းဆီသို့ ရောက်သွားသည်။

"ကျုပ်ရဲ့ မျိုးဆက်ပြန့်ပွားဖို့၊ ကျုပ်ရဲ့ အမွေအနှစ်ကို ဆက်ခံဖို့ ကျုပ်မှာ ဒီသားတစ်ယောက်ပဲ ရှိတာ၊ ခင်ဗျားဆီကို အသက်နဲ့ပါလာတဲ့ လူနာမှန်သမျှ ပျောက်ကင်းချမ်းသာရမယ်လို့ အာမခံတာကြောင့် ကျုပ်သားကို ခင်ဗျားဆီ ကုသဖို့ လွှတ်ခဲ့တယ်....ခုတော့ ကျုပ်သားဟာ ခင်ဗျားဆီကို အသက်ရှင်ရက် ရောက်လာပါလျက်နဲ့ သေသွားခဲ့ရပြီ....ဒီကိစ္စကို သမားတော်ကြီး ဘယ်လို ဖြေရှင်းမလဲ...."

သမားတော်ကြီး ချူတာန်း အရုပ်ကြီးတစ်ရုပ်လို တောင့်တောင့်ကြီးရပ်၍ စိတ်ပျက်လက်ပျက် ခေါင်းကို ခါယမ်းလိုက်သည်။ ပြီးမှ....

"ကျုပ်ဆီကို အသက်ရှင်ရက် ရောက်လာတဲ့ လူနာမှန်သမျှ အသက်မသေစေရဘူးလို့ ကျုပ် အာမခံပြီး ကုသကာတော့ အမှန်ပါပဲ....ဒါပေမယ့် အခု သခင်ကြီးရဲ့ သားကိုတော့ ကျုပ်ဟာ လက်မခံရသေးပါဘူး"

"ဘာဖြစ်လို့ လက်မခံတာလဲ...."

"ကုသငွေ အပြည့်အဝ ပါမလာလို့ လက်ခံပြီး မကုသပေးတာပါ၊ ငွေအပြည့်အဝ ပါမလာတဲ့ သခင်ကြီးတို့မှာသာ အပြစ်ရှိပါတယ်...."

"သမားတော်ကြီး...ခုမှ ဆင်ခွေ့ရန်ရှောင် စကားတွေ ပြောမနေပါနဲ့....ခင်ဗျား ငွေမက်လို့ ကျုပ်သားလေး သေရတာ၊ ခင်ဗျားသာ ငွေမမက်ဘဲ ကျုပ်သား ရောက်ရောက်လာချင်း အချိန်မီ ကုသပေးနိုင်မယ်ဆိုရင် ကျုပ်သားဟာ သေမှာမဟုတ်ဘူး၊ ဒီတော့ ကျုပ်သား သေရတဲ့အတွက် ခင်ဗျားကိုကော ခင်ဗျားအိမ်မှာရှိတဲ့ လူတွေ အားလုံး



ရော ကျုပ် ပြန်သတ်ရမယ်၊ အကုန်သတ်ပစ်မယ်...."

မိုက်ချူးယီက သူ့သက်တော်စောင့် နှစ်ယောက်ဟန်ဆောင်လာသော ထင်လျှန်းကူးနှင့် လင်းရဲ့ကျင်းတို့ကို အမိန့်ပေးလိုက်၏။

"ဟေ့....ဟောဒီ ငွေမက်တဲ့ သမားအိုကြီးကို အရင်သတ်ပစ်စမ်း....ပြီးရင် အိမ်မှာရှိတဲ့ ယောကျ်ား၊ မိန်းမ ကလေးပါမကျန် အကုန်လုံး သတ်၊ အိမ်ကိုပါ ပြာကျသွားအောင် မီးရှို့ပစ်"

ကြည်ချုန်းနှင့် လူယီတို့လည်း ထိတ်လန့်တုန်လှုပ်သွားကြပြီး ငိုယိုတောင်းပန်ကြတော့၏။

"ချမ်းသာပေးပါ သခင်ကြီးရယ်....ကျွန်တော်တို့မှာ အပြစ်မရှိပါဘူး၊ အီး...ဟီး...ဟီး...ဟီး...ကျွန်တော်တို့ အသက်ကို ချမ်းသာပေးပါခင်ဗျာ...."

သမားတော်ကြီး ချူတာန်းကိုယ်တိုင် ကြောက်ရွံ့ထိတ်လန့်သွားသော်လည်း ဣန္ဒြေဆယ်ပြီး ပြောလိုက်၏။

"ခင်ဗျား လုပ်ချင်တိုင်းလုပ်လို့ ရမလား....မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ"

"မလိုချင်ဘူး....ခင်ဗျားတို့ကို သတ်ပြီး အိမ်ကို မီးရှို့လို့ ပေါ်ပေါက်လာတဲ့ ပြဿနာကို ကျုပ်ဘာသာ ရင်ဆိုင်မယ်၊ သူ့ကို ဖမ်းလိုက်ကြစမ်း...."

မိုက်ချူးယီ၏ အမိန့်သံအဆုံးတွင် ထင်လျှန်းကူးနှင့် လင်းရဲ့ကျင်းတို့လည်း သမားတော်ကြီး ချူတာန်းကို သွက်လက်စွာ ဖမ်းချုပ်လိုက်ကြတော့၏။

လည်း မတတ်သူ ဖြစ်လေရာ လွယ်လွယ်ကလေးနှင့် ဖမ်းချုပ်ထားနိုင်ကြသည်။

"ဒီငွေမက်တဲ့ သမားဆိုးကို အရင်ဆုံး နားရွက်တွေကို လှီးဖြတ်ပစ်လိုက်၊ ပြီးရင် ခေါင်းကိုဖြတ်၊ နောက်ခြေတွေ လက်တွေဖြတ်၊ နောက်မှ သူ့ကို အပိုင်းပိုင်းဖြတ်ပြီး ငါကိုယ်တိုင် သတ်မယ်"

မိုက်ချူးယိ စကားအဆုံးတွင် ထင်လျှန်းကူးသည် မျက်လုံးအပြူးသားကြီးဖြင့် သမားတော်ကြီး ချူတာန်း၏ နားရွက်တစ်ဘက်ကို ဆွဲကိုင်လိုက်၏။ ညာလက်မှ ဓားကိုလည်း မြှောက်၏။ ဓားရောင်က ဝင်းလက်သွားသည်။

"အား....အီး....မလုပ်ပါနဲ့"

သမားတော်ကြီး ချူတာန်းမှာ ကြောက်ကြောက်လန့်လန့်နှင့် အော်ဟစ်ရင်း ပျော့ခွေကျသွားသည်။ ကြမ်းပြင်ပေါ် ပုံမကျသွားအောင် လင်းရဲ့ကျင်းက ထိန်းထားရသည်။

"ကျုပ်အသက်ကို ချမ်းသာပေးပါ၊ ကျုပ် အိမ်သားတွေရဲ့ အသက်ကိုလည်း ချမ်းသာပေးပါ၊ အိမ်ကိုလည်း မီးမရှို့ကြပါနဲ့၊ သခင်ကြီးရဲ့သား သေရတဲ့အတွက် ကျွန်တော် လျှော်ငွေတစ်ထောင် လျော်ပေးပါ့မယ်...."

"ဘာဗျ...ကျုပ်သားရဲ့အသက်ကို ခင်ဗျားက လျော်ငွေတစ်ထောင်နဲ့ တန်ဖိုးဖြတ်တာလား...တစ်ထောင် မဟုတ်ဘူး၊ တစ်သောင်း တစ်သိန်းရတောင် ကျုပ် မကျေနပ်နိုင်ဘူး"

"ကျွန်တော် ပြောပါရစေ သခင်ကြီး"



ကြည့်ပြီး....

"မင်း ဘာပြောချင်လို့လဲ...."

"မနေ့ညနေ သခင်လေးကို ဒီမှာ ထားခဲ့တော့ အသက်ရှိပါသေးတယ်၊ မနက်ကျမှ ဆုံးသွားပုံပါပဲ၊ သခင်လေးရဲ့အလောင်းမှာ အညိုအမည်းတွေ ရှိနေတော့ အဆိပ်သင့်ပြီး သေရတဲ့ လက္ခဏာမျိုးပါ၊ ဒါကြောင့် ဒီသမားတော်ကြီးက သခင်လေးကို ဘာဖြစ်လို့ အဆိပ်ခတ်သတ်ရတယ်ဆိုတာ မေးပါဦး သခင်ကြီး"

သမားတော်ကြီး ချူတာန်းက မျက်စိပျက် မျက်နှာပျက်ဖြင့် ဝင်ပြောသည်။

"အို....ကျုပ်က မင်းတို့ သခင်လေးကို ဘာဖြစ်လို့ အဆိပ်ခတ်သတ်ရမှာလဲ....သူနဲ့ ကျုပ်နဲ့ ရန်ငြိုးရန်စလည်း မရှိပါဘူး၊ အရင်က သိဖူး ကျွမ်းဖူးတဲ့လူတွေလည်း မဟုတ်ပါဘူး"

မိုက်ချူးယိက တွေဝေစဉ်းစားဟန် ပြုနေရာမှ ဝင်ပြောသည်။

"အင်....ဒါဆို ကျုပ်ရဲ့သားဟာ အလိုလို အဆိပ်သင့်ပြီး သေရတာပေါ့ ဟုတ်လား...."

"ကျုပ်ရဲ့ထင်ကြေးကို ပြောပြပါရစေ သခင်ကြီး"

"ခင်ဗျား ဘာပြောချင်လို့လဲ...."

"သခင်ကြီးရဲ့သားဟာ ဒဏ်ရာရခဲ့ကတည်းက အဆိပ်သင့်တာ ဖြစ်ပါလိမ့်မယ်၊ ဒီရောက်တော့ အဆိပ်တက်နေပေမယ့် မသေသေးဘူး၊ ကျုပ်ကလည်း ငွေမရသေးလို့ မကုဘဲ ထားလိုက်မိတယ်၊ သူဟာသူ ဒီမနက်မှ အဆိပ်ပြန့်ပြီး သေသွားတာ ဖြစ်ပါလိမ့်မယ်"

"ကျုပ်သားဟာ လူဆိုးတွေနဲ့ တိုက်ခိုက်ရင်း ခေါင်းမှာ လက်နက်ပုန်း ထိသွားတာတော့ မှန်တယ်၊ ဒါပေမယ့် လက်နက်ပုန်း သူ့ခေါင်းထဲမှာ ဝင်နေတယ်၊ ခင်ဗျားပြောသလိုဆို လက်နက်ပုန်းမှာ အဆိပ်ပါနေလို့ ဖြစ်မှာပေါ့...."

"ဟုတ်ကဲ့....ဒီလိုပဲ ဖြစ်ပါလိမ့်မယ်"

မိုက်ချုံးယိက စဉ်းစားလိုက်ပြီးမှ....

"ဒီလိုဆိုရင် သမားတော်ကြီးက ကျုပ်သားရဲ့ ခေါင်းထဲက လက်နက်ပုန်းကို ထုတ်ယူပေးပါ၊ လက်နက်ပုန်းမှာ အဆိပ်ပါ မပါ ကျုပ် ကြည့်မယ်၊ ဒါပေမယ့် လက်နက်ပုန်းကို ထုတ်ယူတဲ့အခါမှာ မခွဲစိတ်ဘဲနဲ့ ထုတ်ယူရမှာနော်...."

သမားတော်ကြီး ချူတန်းက ချက်ချင်းပင် ခေါင်းညိတ်၍...

"ဟုတ်ကဲ့...ခန္ဓာကိုယ်ထဲ ဦးခေါင်းထဲမှာ ဝင်နေတဲ့ လက်နက်ပုန်း အမျိုးမျိုးကို မခွဲစိတ်ဘဲ ဆွဲငင်ထုတ်ယူနိုင်တဲ့ သံလိုက်ကျောက်တုံး ကျုပ်ဆီမှာ ရှိပါတယ်...."

"ကောင်းပြီ...ဒါဆို ကျုပ်သားခေါင်းထဲက လက်နက်ပုန်းကို ထုတ်ယူတော့...လက်နက်ပုန်းမှာ အဆိပ်ရှိနေတယ်ဆိုရင် ကျုပ်သားကို ခင်ဗျားမသတ်ဘူးဆိုတာ မှန်သွားပြီ..."

"အခုပဲ ဆောင်ရွက်ပေးပါ့မယ်"

မိုက်ချုံးယိက လက်ဝှေ့ယမ်းပြလိုက်ရာ ထင်လျှန်ကူးတို့လည်း သမားတော်ကြီး ချူတန်းကို လွှတ်လိုက်ကြသည်။

လို့ရှံ့ရှမ်းကိုလည်း ကြိုးဖြေပေးလိုက်ကြ၏။



"သံလိုက် ကျောက်တုံးကြီးကို ကျုပ်သွားယူပါ့မယ်"

"သွားယူ"

သမားတော်ကြီး ချူတန်း အခန်းပြင်သို့ ထွက်ခွာသွားလေရာ လို့ရှံ့ရှမ်းနှင့် ထင်လျှန်ကူးတို့လည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြ၏။

သမားတော်ကြီး ချူတန်းသည် အဖိုးတန် အစွမ်းထက်လှသော သံလိုက်ကျောက်တုံးကို လုံခြုံသော နေရာတွင် လျှို့ဝှက်၍ ထားလိမ့်မည်ဟု လို့ရှံ့ရှမ်း သေချာပေါက်တွက်ဆထားလေသည်။

◇◇◇◇◇

၆၆။

---

အခန်းပြင်သို့ ရောက်လျှင် သမားတော်ကြီး ချူတန်းက စားပွဲဆီကို လျှောက်သွားလေသည်။ ထိုစားပွဲမှာ လူနာကို စစ်ဆေးလက်ခံသော စားပွဲဖြစ်၏။ လို့ရုံရှမ်း အံဆွဲကို ဖွင့်ပြီး သေချာနှံ့စပ်စွာ ရှာခဲ့သော စားပွဲလည်း ဖြစ်သည်။

သမားတော်ကြီး ချူတန်းသည် ဤစားပွဲမှ လျှို့ဝှက်အံဝှက်ထဲတွင် သံလိုက်ကျောက်တုံးကို ထားလိမ့်မည်ဟု လို့ရုံရှမ်း တွေးလိုက်၏။

သို့သော် သမားတော်ကြီး ချူတန်သည် အံဆွဲကိုလည်း ဆွဲမဖွင့်ချေ။ မည်သည့်လျှို့ဝှက် အံဖုံးကိုမှလည်း မဖွင့်ချေ။ စားပွဲပေါ်မှ မင်သွေးကျောက်ပြားကို အသာယူလိုက်သည်။

မင်သွေးကျောက်ပြားနှင့် မင်တောင့်ကိုသွေးပြီး စုတ်တံနှင့် တို့ရေးရန်သာဖြစ်၏။ မင်သွေးကျောက်ပြားကို အဘယ်ကြောင့် ယူ



ကြောင်း လို့ရုံရှမ်း စဉ်းစားမရပါချေ။

"လာ...အလောင်းထဲက လက်နက်ပုန်းကို သွားထုတ်ကြစို့"

"သံလိုက်ကျောက်တုံးကို သမားတော်ကြီး သွားမယူတော့ဘူးလား...."

"ဟာ...."

သမားတော်ကြီး ချူတန်းက သူ့လက်ထဲမှ မင်သွေးကျောက်ပြားကို ပြသလိုက်သဖြင့် လို့ရုံရှမ်း အံ့အားသင့်သွားသည်။ သူ့စိတ်ထဲတွင် သံလိုက်ကျောက်တုံးမှာ ထူးခြားသော ကျောက်တုံတစ်တုံး ဖြစ်လိမ့်မည်ဟု ထင်ပြီးထားရာ ယခုတော့ မင်သွေးကျောက်ပြား ဖြစ်နေလေသည်။

မနေ့က ဤမင်သွေးကျောက်ပြားကို စားပွဲပေါ်တွင် သူ တွေ့ခဲ့ရသော်လည်း သံလိုက်ကျောက်ပြား ဖြစ်လိမ့်မည်ဟု အနည်းငယ်မျှ မရိပ်စားမိချေ။

"သမားတော်ကြီးရဲ့ သံလိုက်ကျောက်တုံးကလည်း မင်သွေးပြားပါလား...."

လို့ရုံရှမ်း၏အမေးကို သမားတော်ကြီး ချူတန်းက ခေါင်းညိတ်၍ ပြန်ပြော၏။

"ဟုတ်တယ် အားလုံးက ဒါကို သံလိုက်ကျောက်တုံးလို့ မထင်အောင် ကျူပ် သေသေချာချာ လုပ်ထားတာပဲ"

ခွဲစိတ်ခန်းထဲသို့ ပြန်ရောက်လျှင် သမားတော်ကြီး ချူတန်းက အလောင်း၏ခေါင်းမှ ဒဏ်ရာကို ကြည့်ရှုစစ်ဆေးသည်။

အလောင်းငယ်ထိပ်မှ ဒဏ်ရာမှာ ဆန်ချည်မျှင် ကဲ့သို့သော ရှိပြီး အရှည်မှာ သုံးလက်မခန့် ရှိနေသည်။

"အတော် ထူးဆန်းတဲ့ ဒဏ်ရာဖါလား...."

မိုက်ချူးယီက ဝင်မေးသည်။

"ဘယ်လိုထူးခြားတာလဲ...."

"ဦးခေါင်းထဲကို အလွန်ပါးလွှာပြီး ထက်မြက်တဲ့ လက်နက်ပုန်း တစ်ခု ဖောက်ဝင်သွားပုံပဲ၊ ဒီလက်နက်ပုန်းဟာ သိပ်ပြီးလည်း သေး ငယ်တယ်၊ ဘယ်လို လက်နက်ပုန်းမျိုး ဖြစ်လိမ့်မယ်ဆိုတာတော့ စဉ်း စားမရဘူး"

"အပြင်ရောက်အောင်သာ ထုတ်ပါလေ....ကျုပ် ကြည့်ပါ့မယ်"

သမားတော်ကြီး ချူတန်းက သူ့လက်တွင် ကိုင်ထားသော သံလိုက်ကျောက်ကို တုန်တုန်ယင်ယင်ဖြင့် အလောင်း၏ဦးခေါင်းမှ ဒဏ်ရာတွင် ဖိကပ်လိုက်သည်။ အကယ်၍ သူ ထင်မှတ်မထားသကဲ့ သို့ ထွက်လာသော လက်နက်ပုန်းတွင်သာ အဆိပ်မပါပါက အခြေ အနေ ဆိုးရွားပေလိမ့်မည်။

အတွင်းဘက်မှ လက်နက်ပုန်းမှာ တော်တော်နှင့် ထွက်မလာ ချေ။

သမားတော်ကြီး ချူတန်း၏ မျက်နှာပြင်တွင် ချွေးများစို့လာ သည်။ သူသည် သံလိုက်ကျောက်ကို ဟိုမှသည် အနည်းငယ် ရွှေ့ လိုက်၏။

အားလုံးပင် စိတ်ဝင်တစား ကြည့်နေကြသဖြင့် တစ်ခန်းလုံး



အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်နေသည်။

"ထန်း...."

သံလိုက်ကျောက်ဆီမှ တိုးညင်းသော အသံတစ်သံ ပေါ်ထွက် လာသည်။

သမားတော်ကြီး ချူတန်း၏မျက်နှာပြင်မှာလည်း ဝင်းထိန် သွားသည်။

၎င်းအသံမှာ ဦးခေါင်းထဲမှ လက်နက်ပုန်းက သံလိုက်ကျောက် တုံးတွင် ပြေးကပ်လိုက်သောအသံ ဖြစ်လေတော့၏။

သမားတော်ကြီးချူတန်း သက်ပြင်းချလိုက်ပြီး သံလိုက်ကျောက် ကို ဆွဲလှန်ကြည့်သည်။

သံလိုက်ကျောက်တုံးတွင် တစ်လက်မခန့်အရှည်ရှိပြီး ပါးလွှာ သော အစိုကလေးတစ်ခု ကပ်ညိနေသည်။ လွှကဲ့သို့ ချွေးသွားစိပ်များ လည်း ပါသည်။ သို့သော် ညီမနေဘဲ အနိမ့်အမြင့်ဖြစ်နေသည်။ သွေး များကပ်ခြင်းမရှိဘဲ တောက်ပြောင်နေပြန်သည်။

သမားတော်ကြီး ချူတန်းက ညှပ်ကလေး တစ်ချောင်းဖြင့် ထိုပါးလွှာသော လက်နက်ပုန်းကလေးကို သံလိုက်ကျောက်မှ ခွာယူ လိုက်၏။ ပြီးနောက် ပိတ်စဖြူစတစ်စပေါ်တွင် အသာအယာ တင် လိုက်၏။

လို့ရှုံရှမ်းက သေချာစွာ ကပ်ကြည့်ပြီး....

"ဘယ်လို လက်နက်ပုန်းမျိုးပါလိမ့်....ဒီ လက်နက်ပုန်းမှာ အဆိပ်ရှိသလား...."

"အဆိပ်ရှိမရှိတော့ သေချာစစ်ဆေးကြည့်မှ သိရမှာပဲ၊ ဒီလက်နက်ပုန်းမျိုး ကျုပ်တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ထူးခြားတာတော့ အမှန်ပဲ၊ဒီလက်နက်ပုန်းက သေးသေးလေးနဲ့ ပါးလွှာတယ်၊ ဦးခေါင်းက ဒဏ်ရာသုံးလက်မလောက် ရှိပေမယ့် ဒီလက်နက် ပုန်းကလေးရဲ့ အရှည်က တစ်လက်မပဲရှိနေတယ်၊ ကျုပ် စိတ်ထင်ပြောရရင် ဒီလက်နက်ပုန်းမှာ တွဲထားတဲ့ တခြား အစိတ်အပိုင်း တွေလည်း ရှိရလိမ့်မယ်"

မိုက်ချိုးယိ မျက်မှောင်ကြုတ်သွားပြီး....

"သမားတော်ကြီး ဆိုလိုတာက ဒီလက်နက်ပုန်း အစက ဒီထက်မက ကြီးပြီး လူ့ကိုယ်ထဲ ရောက်သွားမှ ဒီဟာလေးပဲ ကျန်တယ်လို့ ဆိုလိုတာလား...."

"မှန်ပါတယ်...."

"ဒါဆို ဒီလက်နက်ပုန်းကလေးနဲ့ ကွဲနေတဲ့ တခြားအစိတ်အပိုင်းတွေဟာ ခေါင်းထဲမှာ ကျန်နေရဦးမှာပေါ့"

"ကျန်တော့ ကျန်မနေပါဘူး၊ ဒီအပိုင်းအစကလေးတောင် ပါလာတာ၊ ခေါင်းထဲမှာ ကျန်ရင် ပါလာရမှာပေါ့"

"ဒါဖြင့် ဒီလက်နက်ပုန်းကလေးနဲ့ တစ်ဆက်တည်း ရှိမယ့် တခြား အစိတ်အပိုင်းတွေ ဘယ်ကို ရောက်သွားပြီလဲ...."

"ပျောက်ပျက်သွားတာနဲ့ တူတယ်"

"ဘယ်လို ပျောက်ပျက်သွားတယ် ဟုတ်လား ....သံထည်ပစ္စည်းဟာ ခန္ဓာကိုယ်ထဲ ရောက်ရုံနဲ့ ဘယ်လိုပျော်သွားနိုင်မှာလဲ.... မဖြစ်နိုင်တာ"



"ကျုပ် အချက်နှစ်ချက် ပြောပြပါ့မယ်၊ ပထမအချက်က ဒီလက်နက်ပုန်း အစကလေးဟာ သွေးတွေ မပေပဲတောင် ပြောင်နေတယ်၊ ဒါကို ထောက်ရှုယင် သံရိုးရိုးနဲ့ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်၊ သံရိုးရိုးနဲ့တောင် ဒီလောက်ပါးလွှာတဲ့ လက်နက်ပုန်းမျိုးလုပ်ဖို့ မလွယ်ပါဘူး၊ အဲ....နောက် အချက်က ဒီလက်နက်ပုန်းကလေးဟာ တစ်လက်မလောက်ပဲ ရှိတော့တယ်၊ ဒဏ်ရာ သုံးလက်မလောက်ရှိတော့ ဒါကို တွက်ဆကြည့်ရရင် လက်နက်ပုန်းဟာ ခေါင်းထဲကို ဝင်သွားတုန်းက အပြည့်အစုံ ဖြစ်ပေမယ့် အတွင်းကိုရောက်သွားမှ သွေးနဲ့ထိပြီး တဖြည်းဖြည်း ပျော်ပျက်သွားတာလို့ တွက်ဆနိုင်ပါတယ်"

"သေချာအောင် စမ်းသပ်ကြည့်ရင် ကောင်းမယ်၊ ကျုပ်တော့ ဘယ်လိုမှ မယုံနိုင်ဘူး၊ ဒီလက်နက်ပုန်းကလေးကို သွေးရည်ထဲမှာ စိမ်ထားကြည့်မယ်....ပျော်မပျော် စောင့်ကြည့်တာပေါ့"

"စမ်းကြည့်ရင်တော့ ကောင်းတာပေါ့.... ဒါပေမယ့် ဘယ်ကသွေးရမလဲ...."

"သမားတော်ကြီးရဲ့ သွေးကိုလည်း ဖောက်ထုတ်ယူပြီး စမ်းကြည့်ရမှာပဲ"

"ဟာ....မ....လုပ်ပါနဲ့"

သမားတော်ကြီးချူတန်း ထိတ်လန့် တုန်လှုပ်သွားပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်သည်။ ထင်လျှန်းကူးက သွက်လက်စွာ သမားတော်ကြီး၏ အင်္ကျီကုပ်ပိုးစကို ဖမ်းဆုပ်ကိုင်လိုက်၏။ ညာလက်ကလည်း ဓားကို အသင့်ကိုင်ထားသည်။

"ခင်ဗျားဆီက သွေးပန်းကန်လုံး တစ်လုံးစာလောက်ပဲ ဖောက်ယူမှာပါ၊ ဒီလောက်လည်း ကြောက်မနေပါနဲ့"

"မဖြစ်ဘူးခင်ဗျာ...မဖြစ်ပါဘူး။ ကျုပ်မှာ သွေးအားနည်းတဲ့ရောဂါရှိပါတယ်၊ ကျုပ်ခန္ဓာကိုယ်ထဲက သွေးနည်းနည်းလျော့သွားတာနဲ့ ကျုပ် သေမှာပါ"

"ခင်ဗျားဟာ အသက်ကြီးနေပါပြီ...လူ့ဘဝမှာတွေ့ဆုံရတဲ့ ဆေးဖိုးဝါးခတွေ မတရားသဖြင့်တောင်း၊ မိန်းမတွေ အများကြီးယူပြီး စည်းစိမ်ခံခဲ့တာ သေပျော်ပါပြီ...."

"မလုပ်ပါနဲ့...မလုပ်ပါနဲ့...သခင်ကြီးရဲ့ ပုလဲငါးလုံးကို ပြန်ပေးပါ့မယ်"

"ဒါတော့ ပြန်မပေးလို့ဖြစ်မလား...ကျုပ်သားကို ခင်ဗျားမကုလို့ သေသွားခဲ့ပြီမဟုတ်လား...."

"ကျုပ်မှာရှိတဲ့ ကျောက်မျက်ရတနာတွေကိုလည်း ပေးပါ့မယ်ဗျာ....သွေးကိုတော့ ဖောက်ထုတ်မယူပါနဲ့"

"ခင်ဗျားရဲ့ ကျောက်မျက်ရတနာတွေကို မလိုချင်ဘူး၊ ကျုပ်မှာလည်း ဥစ္စာပစ္စည်းပြည့်စုံပြီးသား...ခင်ဗျားဆီက ပစ္စည်းတစ်ခုကိုရရင်တော့ ခင်ဗျားက ဘာမှမလုပ်တော့ဘူး၊ ဒီအိမ်သားတွေကိုလည်း ရန်မရှာပါဘူး၊ ကျုပ်သား သေရတဲ့အတွက် ခင်ဗျားကို ခွင့်လွှတ်လိုက်မယ်...."

သမားတော်ကြီးချူတာန်း၏မျက်နှာ ဝင်းထိန်သွားပြီး....

"ဘာပစ္စည်းများ လိုချင်ပါလဲခင်ဗျာ...လိုချင်တာပြော ရရပါ



စေ့မယ်"

"ကျုပ် လိုချင်တာ ဒီသံလိုက်ကျောက်တုံးပဲ"

သမားတော်ကြီးချူတာန်း ကြည့်မကောင်းလောက်အောင် မျက်နှာပျက်သွားပြီး....

"ဟာ...ဒီသံလိုက်ကျောက်ကိုတော့ မလုပ်ပါနဲ့၊ ကျုပ် ဆေးကုသတဲ့ ကိရိယာတစ်ခုပါ၊ ဒီသံလိုက်ကျောက်မရှိရင် လူနာကို ဆေးကုတဲ့အခါ ကျုပ်အတွက် အများကြီး အခက်အခဲဖြစ်ပါလိမ့်မယ်"

"မလိုချင်ဘူး.... ပေးမလား မပေးဘူးလား...မပေးရင် ခင်ဗျားနောက်ကျောကိုဖောက်ပြီး သွေးတွေ ထုတ်ယူရလိမ့်မယ်"

သမားတော်ကြီး ချူတာန်း မျက်လုံးပြူးသွားပြီး လက်နှစ်ဘက်ကို ကာ၍....

"ပေးပါ့မယ်ဗျာ....ပေးပါ့မယ်....ယူပါတော့"

သမားတော်ကြီးချူတာန်း သူ့အိတ်ထဲမှ ပုလဲငါးလုံးနှင့် သံလိုက်ကျောက်ကို ထုတ်ယူကာ လို့ရုံရှမ်းအား ပေးလိုက်ရလေတော့သည်။

လို့ရုံရှမ်းက ယူပြီး သူ့အိတ်ထဲကို ထည့်လိုက်သည်။

"ဒီမယ် သမားတော်ကြီး"

"ဟုတ် ဟုတ်ကဲ့....ပြောပါခင်ဗျာ...."

"ကျုပ်တို့လူစုဟာ ခင်ဗျားနဲ့ ခင်ဗျားရဲ့အိမ်သား အိမ်သားအားလုံးကို သတ်ပြီး လိုချင်တဲ့ ပစ္စည်းတွေကို ယူလို့ရတယ်၊ သံလိုက်ကျောက်ကိုလည်း လွယ်လွယ်နဲ့ ယူလို့ရတယ်၊ ဒါပေမယ့် ကျုပ် လုမယူဘူး၊ ကျုပ်သားအသက်ရဲ့ လျော်ကြေး အဖြစ်သာ တောင်းယူခဲ့တယ်၊

တစ်ခုတော့ ခင်ဗျားကို မှာခဲ့မယ်၊ လူသားအားလုံးရဲ့ ရောဂါဝေဒနာ သက်သာပျောက်ကင်းအောင် လူသားတွေနဲ့ အသက်ကို ကယ်တင်နိုင်အောင် သမားတော်တစ်ယောက် ဖြစ်လာရင် လူနာတွေအပေါ် စေတနာထားရတယ်၊ ကရုဏာထားရတယ်၊ ငွေကြေးကို အဓိက မထားရဘူးဗျ....ခုတော့ ခင်ဗျားက ငွေကြေးကို အဓိက ထားပြီး ခင်ဗျား စိတ်ကြိုက် ငွေပေးနိုင်တဲ့လူနာကိုမှ ကုသပေးတယ်၊ ငွေမပေးနိုင်တဲ့ လူနာဆိုရင် သေချင်သေပေစေဆိုပြီး မျက်နှာလွှဲထားခဲ့တယ်၊ ခု ကျုပ်သား သေရတာ လက်တွေ့၊ ဒီတော့ ဒီနေ့ကစပြီး ခင်ဗျားရဲ့ စိတ်နေစိတ်ထားကို ပြင်ပါ၊ ငွေကို အဓိက မထားဘဲ လူနာတွေကို စေတနာနဲ့ ကုသပါ"

"ကောင်း....ကောင်းပါပြီ"

"ခင်ဗျား ကတိပေးမလား...."

"ပေး....ပေးပါတယ်ခင်ဗျာ"

"ခင်ဗျား ကတိတည်ပါစေ၊ ကတိမတည်ဘဲ ငွေကြေးကို အဓိကထားပြီး လူနာတွေကို ကုနေသေးတယ်လို့ ကျုပ် သတင်းကြားရရင်တော့ ခင်ဗျားကို ကျုပ်ကိုယ်တိုင် လာသတ်မယ်"

"ဟုတ်ကဲ့....ဟုတ်ကဲ့ပါခင်ဗျာ"

ထို့နောက် လို့ရုံရှမ်း၊ မိုက်ချူးယိ၊ လင်းရဲ့ကျင်းနှင့် ထင်လျန်းကူးတို့သည် သမားတော်ကြီး ချူတန်း၏ အိမ်ဂေဟာမှ ထွက်ခွာလာခဲ့ကြ၏။

◈◈◈◈◈



၆ရ။

---

လို့ရုံရှမ်းတို့လေးယောက် တောင်ခြေကို ရောက်လျှင် အို့ယိဝမ်းနှင့်တွေ့ဆုံကြပြီး သူတို့ ဖြစ်ပျက်တွေ့ကြုံခဲ့ပုံများကို ပြောပြလိုက်၏။

အို့ယိဝမ်းက လို့ရုံရှမ်း၏ ရှင်းလင်းပြောပြချက် စကားအဆုံးတွင် ပြန်ပြော၏။

"ညီလေးစန်း....မင်းတို့ အခုလုပ်ခဲ့တဲ့ နည်းလမ်းမှာ အကြမ်းဖက်တဲ့ပုံစံမျိုး ပါသွားတယ်၊ နောက်ကို ဒီလိုမလုပ်စေချင်ဘူး၊ တို့ရဲ့ လေပွေမုန်တိုင်းအဖွဲ့ နာမည်ပျက်ရင် မကောင်းဘူး"

လို့ရုံရှမ်းက....

"အစ်ကိုကြီးရယ်....ကျွန်တော်တို့က လေပွေမုန်တိုင်း အဖွဲ့သားတွေအနေနဲ့ သမားတော်ကြီး ချူဆီကို သွားကြတာမှ မဟုတ်ဘဲ၊ ပြီးတော့ လူနာတွေ ရောဂါပျောက်ကင်းရေးထက် သူ ကြွယ်ဝချမ်းသာ

ဖို့သာ အမိကထားတဲ့ သမားဆိုးကို ငုံ့ညှာနေစရာ မလိုပါဘူး၊ သူ့ဆီက ကျွန်တော်တို့ သံလိုက်ကျောက်က လွဲပြီးတော့ တခြား ဥစ္စာပစ္စည်း တစ်စွန်းတစ်စမှ မယူခဲ့ကြပါဘူး"

"ဒါနဲ့ သံလိုက်ကျောက်ကို ပြစမ်းပါဦး...လက်နက်ပုန်း အပိုင်းအစလေးကော"

လို့ရုံရှမ်းက သံလိုက်ကျောက်နှင့် လက်နက်ပုန်း အပိုင်းအစကလေးကို အိုယိဝမ်း လက်သို့ ပေးအပ်လိုက်၏။

အိုယိဝမ်းသည် လက်နက်ပုန်း အပိုင်းအစလေးကို သေချာစွာ ကြည့်နေ၏။ လို့ရုံရှမ်းက ပြောသည်။

"သမားတော်ကြီး ချူတာန်းရဲ့ တွက်ဆမှုဟာ ဖြစ်နိုင်တယ်လို့ ကျွန်တော်လည်း ထင်မိပါတယ် အစ်ကိုကြီး၊ ဆရာကြီး ချင်အိစန်းဟာ လူသတ်သမားရဲ့ လက်နက်ပုန်းထိပြီး သေဆုံးခဲ့တာ ရက်ကြာခဲ့ပြီဆိုတော့ သူ့ခေါင်းထဲမှာ ဝင်နေတဲ့ လက်နက်ပုန်းဟာ သွေးနဲ့ ပျော်ပျက်သွားပြီး ခုလို အပိုင်းအစပဲ ကျန်ခဲ့နိုင်ပါတယ်...."

အိုယိဝမ်းလည်း လက်နက်ပုန်း အပိုင်းအစကလေးကို အပြန်ပြန် အလှန်လှန် ကြည့်ကာ စဉ်းစားနေရာမှ ခေါင်းတစ်ချက်ညိတ်၍...

"ဟုတ်ပြီ...ဟုတ်ပြီ...ဒီလိုပဲ ဖြစ်ရမယ်"

"အစ်ကိုကြီး ဘာစဉ်းစားမိလို့လဲ...."

"ဒီလက်နက်ပုန်းကလေး အပိုင်းအစသာ ဖြစ်တယ်ဆိုရင် ဘယ်က အပိုင်းအစ ဖြစ်မလဲ ...ဒီအပိုင်းအစကလေးကို မင်းတို့ သေသေချာချာ ကြည့်ကြစမ်း၊ ဘာနဲ့တူသလဲ ....ငါးတစ်ကောင်ရဲ့



ကျောပေါ်က ဆူးတောင်နဲ့ မတူဘူးလား...."

"ဟာ...ဟုတ်ပါရဲ့ အစ်ကိုကြီး၊ ကျွန်တော်လည်း စဉ်းစားမိပြီ...ငါးဆူးတောင်လက်နက်ပုန်းဆိုတော့ ငါးတစ်ရာမြှူးပန်းချီကားနဲ့ ပတ်သက်နေတာ သေချာနေပြီ အစ်ကိုကြီး၊ ပန်းချီကားချပ်ထဲက ငါးရုပ် ထူးထူးခြားခြား ပျောက်နေတယ်၊ အဲဒီ ငါးရုပ်တွေဟာ ထက်မြက်လှတဲ့ လက်နက်ပုန်းတွေ ဖြစ်နိုင်တယ်၊ လူ့ကိုယ်ထဲကို ဝင်သွားတုန်းက ငါးရုပ်တစ်ရုပ်လုံး ဖြစ်ပေမယ့် ငါးကိုယ်ဟာ သွေးနဲ့ ပျော်ပျက်သွားပြီး အခု ဆူးတောင်ကလေးသာ ကျန်နေတာ ဖြစ်ရမယ်၊ မဟုတ်ဘူးလား....အစ်ကိုကြီး"

"ဟုတ်တယ် ....ဒီလိုပဲ ဖြစ်လိမ့်မယ်၊ ကဲ ....တို့ စခန်းကို အရောက် ပြန်ကြစို့၊ စခန်းရောက်မှ ဒီကိစ္စကို ဆက်ပြီး စဉ်းစားကြတာပေါ့"

◈

အိုယိဝမ်းတို့သည် လျှို့ဝှက်စခန်းကို ပြန်ရောက်ကြသောအခါ သယ်ဆောင်လာသော အလောင်းများကို ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်ကြ၏။

အိုယိဝမ်းကမူ အခန်းအပြင်ကို မထွက်တော့ဘဲ အခန်းထဲမှာပင် ငါးတစ်ရာမြှူးပန်းချီကားကို ကြည့်ရင်း အချိန်ကုန်သည်။ ယခုလည်း ပန်းချီကားကို သေချာစွာ ကြည့်၍ စဉ်းစားတွေးတောနေသည်။

ထင်လျှန်ကူးက စွပ်ပြုတ်တစ်ပန်းကန် ကိုင်၍ ဝင်လာပြီး အိုယိဝမ်း သောက်ရန် ပေးသည်။

"အစ်ကိုကြီး....စွပ်ပြုတ်ပူပူလေး သောက်လိုက်ပါဦး"

"စားပွဲပေါ်သာ တင်ထားခဲ့ပါ ညီမလေးကျို"

ထင်လျှန်းကူးက စားပွဲပေါ်တွင် စွပ်ပြုတ်ပန်းကန်ကို တင်လိုက်ကာ"

"စောစောကပဲ လန်ကျိုးမြို့က သတင်းရောက်လာတယ် အစ်ကိုကြီး၊ နဂါးညီနောင်အဖွဲ့နဲ့ မြောင်ဖေးဟူတို့အဖွဲ့ ပူးပေါင်းလိုက်ကြပြီတဲ့....သူတို့နှစ်ဖွဲ့ ပူးပေါင်းပြီး ကျွန်မတို့ လေပွေမုန်တိုင်းအဖွဲ့ကို စုံစမ်းရှာဖွေနေကြပြီ...."

အိုယိဝမ်း မဲ့ပြုံး ပြုံးလိုက်ပြီး....

"အင်း....တစ်နေ့တော့ ဒီလို ဖြစ်လာလိမ့်မယ်လို့ ငါ ထင်သားပဲ"

"နောက်သတင်းတစ်ခုလည်း ပါလာသေးတယ်"

"ဘာသတင်းလဲ...."

"လန်ကျိုးမြို့က သမားတော်ကြီးချောင် နာမကျန်းဖြစ်ပြီး အိပ်ရာထဲမှာ လဲနေလို့ သူ့ရဲ့ ထုံလင်းဆေးခန်းကို ပိတ်ထားလိုက်ပြီ၊ သူ့ရောဂါက သိပ်ပြီး စိုးရိမ်နေရတယ်ဆိုပဲ"

အိုယိဝမ်း အံ့အားသင့်သွားပြီး....

"ဟင်....တခွေမျက်လုံးကျင်းချို့လည်း သေရော သမားတော်ကြီး ချောင်လည်း နာမကျန်းဖြစ်ပြီး အိပ်ရာထဲ လဲရောတဲ့လား....တိုက်ဆိုင်လှချည်လား...."

အိုယိဝမ်းသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ကာ ထင်



လျှန်းကူးကို မေး၏။

"ဒါနဲ့ နဂါးညီနောင်အဖွဲ့နဲ့ မြောင်ဖေးဟူတို့ အဖွဲ့ဟာ သမားတော်ကြီး ချောင်နဲ့ တွေ့ဆုံကြသေးသလား...."

"ဒီလို တွေ့ဆုံကြတယ်လို့တော့ သတင်းမရပါဘူး အစ်ကိုကြီး၊ သူတို့နှစ်ဖွဲ့စလုံး လန်ကျိုးမြို့ကို ထွက်ခွာသွားကြပြီလို့တော့ သတင်းရပါတယ်...."

"ညီလေးစန်းကို အစ်ကိုကြီးဆီ လွှတ်လိုက်စမ်းပါ"

"အစ်ကိုစန်း တောင်ပေါ်ဇရပ်ကို တက်သွားတာ တွေ့ရပါတယ် အစ်ကိုကြီး၊ ကျွန်မ သွားခေါ်လိုက်ပါ့မယ်"

"နေနေ....ဒါဆို အစ်ကိုကြီးပဲ လိုက်သွားတော့မယ်...."

"ညီမပါ လိုက်ခဲ့မယ"

"မလိုက်ခဲ့ပါနဲ့ ဒီအခန်းထဲမှာပဲ နေခဲ့၊ ဒီပန်းချီကားကို စောင့်ကြည့်နေ"

အိုယိဝမ်း အခန်းပြင်ကို ခပ်သွက်သွက် ထွက်ခဲ့သည်။

◈◈◈◈◈

၆။

---

တောင်ထိပ်တွင် ဇရပ်တစ်ဆောင် ရှိလေသည်။

နေရာရွှင်း သာယာလှပသဖြင့် တစ်ခါတစ်ရံ လေပွေမုန်တိုင်းအဖွဲ့သားများ ဤတောင်ထိပ် ဇရပ်တွင် တပျော်တပါး စားသောက်ပွဲ ကျင်းပတတ်ကြလေသည်။

အို့ယိဝမ်း တောင်ပေါ်ကို ခပ်သွက်သွက် တက်ခဲ့၏။

တောင်ထိပ်ဇရပ်ဆီသို့အရောက် ဇရပ်ထဲတွင် လို့ရုံရှမ်း ထိုင်နေသည်ကို တွေ့ရသည်။ သူသည် ငြိမ်သက်စွာဖြင့် စဉ်းစားခန်းဝင်နေသည်။

ဇရပ်ကလေးသည် တောင်ကုန်းအထိ အမြင့်ဆုံးတွင် တည်ဆောက်ထားသဖြင့် တောင်ကုန်းခြေကို ဆီးကြည့်လျှင် မြင်နိုင်သည်။ အဝေးမှ ရေတံခွန်ငယ်ကိုလည်း လှမ်းမြင်ရသည်။

ဟိုအဝေးဆီတွင် မိုးကောင်းကင် ပြာပြာနှင့် မြက်ခင်းလွင်ပြင်



စိမ်းစိမ်းတို့က ရောယှက်နေကြသည်။

"ဘာတွေ စဉ်းစားနေတာလဲ....ညီလေးစန်း"

လို့ရုံရှမ်းနောက်ကို လှည့်ကြည့်ပြီး အို့ယိဝမ်းကို မြင်တော့ ကမန်းကတန်း ထရပ်သည်။

"ဩော်....အစ်ကိုကြီး"

"လန်ကျိုးမြို့က ရောက်လာတဲ့သတင်း ညီလေးစန်း ကြားပြီးပြီလား...."

"ဟုတ်ကဲ့....ကြားပြီးပါပြီ...."

"လန်ကျိုးမြို့မှ ညီလေးစန်း ဘယ်လို အစီအစဉ်တွေ လုပ်ထားသလဲ....ပြောပြပါဦး"

"သမားတော်ကြီး ချောင်ဟာ "တန့်" ဂေဟာ မွေးမြူရေးခြံပိုင်ရှင် သခင်ကြီးဆီကို ရောက်ခဲ့ပြီး တစ္ဆေမျက်လုံးကျင်းချို့နဲ့လည်း ရင်းရင်းနှီးနှီး ရှိခဲ့သူပဲ အစ်ကိုကြီး၊ ငါးတစ်ရာမြှူးပန်းချီကားနဲ့ ပတ်သက်တဲ့ လူတွေအားလုံး အသတ်ခံရလို့ သေကုန်ကြပြီ...သမားတော်ကြီး ချောင် တစ်ယောက်တည်းပဲ ကျန်တော့တယ်၊ ဒီတော့ သမားတော်ကြီးချောင်ကို ကျွန်တော် တွေ့ဆုံမေးမြန်းနိုင်မယ် ဆိုရင်တော့ အကျိုးရှိလိမ့်မယ်၊ သမားတော်ကြီးချောင်ဟာ ငါးတစ်ရာမြှူးပန်းချီကားအကြောင်းကို ကောင်းကောင်းကြီး သိထားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်...."

"အင်း....သမားတော်ကြီးချောင်ဟာ လူသတ်သမားနဲ့ ဘင်ကျိတ်တည်း တစ်ဉာဏ်တည်းများ ဖြစ်မလားမသိဘူး"

"တစ္ဆေမျက်လုံး ကျင်းချုံကို သတ်ဖို့ စေခိုင်းသူဟာ သမားတော်ကြီးချောင်များ ဖြစ်နေမလား အစ်ကိုကြီး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ လူတွေ ပို့လိုက်တဲ့သတင်းအရဆိုရင် ကျင်းချုံကို အဆိပ်ခတ်သတ်တဲ့ လီစွန့်ဟာ သမားတော်ကြီးချောင်ရဲ့ အိမ်ဂေဟာမှ ပုန်းခိုနေတယ်ဆိုတာ သိထားရတယ်...."

အို့ယိဝမ်းက အံ့ဩသွားပြီး....

"ဟင်....ဟုတ်လား....ဒါဆိုရင် သမားတော်ကြီးချောင်ဟာ လူသတ်သမားနဲ့ တစ်ဖွဲ့ထဲဆိုတာ ဖြစ်နိုင်တယ်၊ သူကိုယ်တိုင်တောင် လူသတ်သမား ဖြစ်ချင်ဖြစ်နေလိမ့်မယ်"

"ကျွန်တော်လည်း ဒီလိုပဲ ထင်မြင်ယူဆပါတယ် ဆရာကြီး၊ ကျွန်တော်တို့တတွေရဲ့ ကျောက်စန်းတောင်ကုန်းပေါ်မှာ အစ်ကိုကြီး အယောင်ဆောင်ထားတဲ့လူကို သွားဖမ်းတဲ့အချိန်တုန်းကတော့ သမားတော်ကြီးချောင်ဟာ သူ့အိမ်မှာပဲ ရှိနေတယ်လို့ သတင်းရထားပြန်ပါတယ်၊ ဒီတော့ သူ့ကို လူသတ်သမားမဖြစ်နိုင်ဘူးလို့ စဉ်းစားစရာ ဖြစ်နေပြန်ပါတယ်...."

"အင်း....အခု သမားတော်ကြီးချောင် မမှာမကျွန်းဖြစ်နေတာဟာ တကယ်ပဲ၊ ဟုတ် မဟုတ် တိတိကျကျ သိရဖို့လိုတယ်...."

"ကျွန်တော်ကိုယ်တိုင် လန်ကျိုးမြို့ကို သွားကြည့်မယ်လို့ စိတ်ကူးထားတယ် အစ်ကိုကြီး"

"ကောင်းသားပဲ ငါလည်း လိုက်ခဲ့မယ်"

"အစ်ကိုကြီး ငါးတစ်ရာမြူးပန်းချီကားကို လေ့လာနေတယ် မဟုတ်လား...."



"ဒီပန်းချီကားရဲ့ လျှို့ဝှက်ချက်ကို ရက်တိုတိုနဲ့ ဖော်ထုတ်နိုင်သေးမှာ မဟုတ်ဘူး၊ ဒီတော့ မင်းနဲ့ငါ လန်ကျိုးမြို့ကိုပဲ သွားလေ့လာကြမယ်...."

သူတို့နှစ်ဦးသည် ခရီးထွက်ရန် တိုင်ပင်ကြပြီး တောင်အောက်ကို ဆင်းလာခဲ့ကြလေသည်။

အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့ အခန်းဝကို ရောက်လာခဲ့ကြလျှင် နံရံတွင် ချိတ်ထားသော ငါးတစ်ရာမြူးပန်းချီကားချပ်ကို လှမ်းတွေ့ကြရသည်။

အို့ယိဝမ်း မျက်မှောင်ကြုတ်သွားပြီး လို့ရုံရှမ်း၏လက်ကိုလည်း လှမ်းဆွဲလိုက်ပြီးမှ ပန်းချီကားကို လက်ညှိုးထိုးပြပြီး....

"ကြည့်စမ်း ညီလေးစန်း.... နံရံပန်းချီကားကို ဒီကနေလှမ်းကြည့်စမ်း....ဘယ်လို ထူးခြားချက်တွေ တွေ့ရသလဲ...."

လို့ရုံရှမ်းလည်း ချက်ချင်းပင် လှမ်းကြည့်ပြီး ထူးခြားချက်ကို တွေ့သွား၏။ ပန်းချီကားထဲတွင် အဖြူရောင်စာလုံးများကို တွေ့ရသည်။ ရေးထားသည့်စာမှာ....

"ဂါမဏိငှက် ပျံသန်းနေသည်"

ဟူ၍ ဖြစ်လေသည်။

အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့နှစ်ယောက် ပန်းချီကားချပ်အနီးကို ကပ်ကြည့်လိုက်ကြသောအခါ စာလုံးများကို မတွေ့ရတော့ဘဲ ရေကန်၊ ကျောက်ဆောင်နှင့် မြက်ပင်များကိုသာ တွေ့ရပြန်သည်။ စာလုံးများ ပျောက်ကွယ်သွားသည်။

အခန်း၀အထိ ပြန်ဆုတ်ပြီး ကြည့်ကြပြန်ရာ စာလုံးများကို ပြန်တွေ့ရပြန်သည်။

ငါးရုပ်များ ပျောက်ကွယ်နေသည့် အဖြူကွက်လပ်များမှာ အဝေးမှ လှမ်းကြည့်လျှင် စာလုံးများဖြစ်ပေါ်နေကြောင်း သတိထားမိလာကြ၏။ ပန်းချီဆရာသည် "ဂါမဏိငှက် ပျံသန်းနေသည်" ဟူသော စာလုံးကို ငါးရုပ်အကောင်တစ်ရာနှင့် ဖော်ထားခြင်း ဖြစ်ကြောင်းလည်း တွေးမိကြ၏။

"ဂါမဏိငှက် ပျံသန်းနေသည်ဆိုတဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ အစ်ကိုကြီး"

အို့ယိ၀မ်းက ပန်းချီကားချပ်ကို ကြည့်ပြီး သူ့ဘာသာ ရေရွတ်နေ၏။

"ဂါမဏိငှက် ပျံသန်းသည်၊ ဂါမဏိငှက်ပေါ်လျှင် ငါးတစ်ရာ ပျောက်ကွယ်မည်။ ဘယ်လိုပါလိမ့် ဘယ်လိုဆက်စပ်နေပါလိမ့်"

အို့ယိ၀မ်း တစ်စုံတစ်ရာကို စဉ်းစားမိသဖြင့် မလှမ်းမကမ်းမှ သူတို့၏အရိပ်အကဲကို ကြည့်နေသော ထင်လျှန်းကူးကို လှမ်းပြောသည်။

"ညီမလေးကျို့ လင်းရဲ့ကျင်းကို မြန်မြန်သွားခေါ်စမ်း"

ချက်ချင်းပင် ထင်လျှန်းကူး ခေါင်းညိတ်၍ အခန်းထဲမှ ပြေးထွက်သွားသည်။

မကြာမီ ပြန်ရောက်လာရာ သူ့မနောက်မှ လင်းရဲ့ကျင်းပါလာသည်။ အို့ယိ၀မ်းက လင်းရဲ့ကျင်းကို လှမ်းမေးသည်။



"ညီမမှာရှိတဲ့ ရွှေဂါမဏိ လက်ကောက်ရော"

"ရှိပါတယ် ၀တ်ထားတယ်လေ...."

လင်းရဲ့ကျင်းက လက်နှစ်ဘက်ကို မြှောက်ပြရာ အင်္ကျီလက်စ နှစ်ဘက် ကျသွားပြီး ရွှေဂါမဏိ လက်ကောက်တစ်ရံ ပေါ်လာသည်။

"ခဏ ဖြုတ်ပေးစမ်း ညီမ"

လင်းရဲ့ကျင်းက သူ့လက်နှစ်ဘက်မှ ဂါမဏိ ရွှေလက်ကောက် နှစ်ကွင်းကိုချွတ်၍ အို့ယိ၀မ်းကို ပေးသည်။

အို့ယိ၀မ်းက လက်ကောက်နှစ်ကွင်းကို စေ့စေ့စပ်စပ် သေချာစွာ ကြည့်ရှုစစ်ဆေးလာရာ မျက်လုံးများ၏ ထူးခြားချက်ကို တွေ့သွားသည်။ မျက်လုံးနေရာမှ ဖောင်းကြွနေပြီး နုတ်သီးကလေး နှစ်ခုကဲ့သို့ ဖြစ်နေသည်။

မဟူရာကျောက်နက်ကလေးများကို ဂါမဏိငှက်ရုပ်၏ မျက်လုံးများအဖြစ် ထည့်သွင်းထားခြင်း ဖြစ်လေသည်။

အို့ယိ၀မ်းက မဟူရာ ကျောက်မျက်လုံးတစ်လုံးကို လက်ညှိုးဖြင့် ထိုးနှိပ်ကြည့်လိုက်၏။

"ထပ်...."

အသံခပ်သဲ့သဲ့ပေါ်လာပြီး ဂါမဏိရုပ် ရွှေလက်ကောက်တစ်ပုံစံမှာ ပြောင်းသွား၏။ လက်ကောက်ပုံစံမျိုး မဟုတ်တော့ဘဲ တောင်ပံဖြန့်ထားသော ဂါမဏိငှက်ရုပ်အသွင်ကို ပြောင်းလဲသွားခြင်း ဖြစ်၏။

မြင်ရသူအားလုံး အံ့ဩသွားသည်။

အို့ယိ၀မ်းက ဂါမဏိငှက်ရုပ်မှ ကျန်မျက်လုံးတစ်ဘက်ကို နှိပ်ကြည့်ပြန်သည်။

"ထပ်ဆိုသောအသံ ပေါ်လာပြန်ပြီး ဖြန့်နေသော တောင်ပံမှာ ပြန်ဝင်သွားသော အမြီးနှင့်ခေါင်းလည်း ပြန်ကွေးသွားကာ လက်ကောက်အဖြစ်သို့ ပြန်ပြောင်းသွားပြန်သည်။

လင်းရဲ့ကျင်းက အံ့ဩတကြီး စတင်ပြောဆိုသည်။

"ထူးဆန်းလိုက်တာ... ဒီလက်ကောက်ကို ကျွန်မ ဝတ်ထားတာကြာပြီ...ဒီလက်ကောက်ရဲ့ လျှို့ဝှက်ချက်ကို မသိခဲ့ဘူး"

အို့ယိဝမ်းက လို့ရှုံရှမ်းကို လှမ်းမေးသည်။

"ညီလေးစန်း ဒီလက်ကောက်နဲ့ပတ်သက်လို့ ညီလေးဘယ်လို ထင်မြင်သလဲ...."

"ဒီလက်ကောက်ဟာ ခလုတ်နှိပ်ပြီး ပုံစံပြောင်းလို့ရတယ်ဆိုတော့ ကျွန်တော်စတ်ထင်ကို ပြောရရင် ခလုတ်နှိပ်ဖွင့်ပြီး ပစ်ခတ်နိုင်တဲ့ လက်နက်ပုန်း တစ်မျိုးများ ဖြစ်နေမလားပဲ အစ်ကိုကြီး"

"ဟုတ်တယ် ညီလေးစန်း...ရွှေဂါမဏိငှက် လက်နက်ပုန်းပဲ၊ တို့တတွေ စမ်းကြည့်ရအောင်"

အို့ယိဝမ်း၏ အခန်းမှာ ကျယ်ဝန်းလှသည်။

အို့ယိဝမ်းက လက်ကောက်ကို ရွှေဂါမဏိငှက်ရုပ်အသွင် ဖန်တီး၍ နံရံဆီသို့ လွှဲပစ်လိုက်၏။

"ဝှစ်....ဝှစ်....ဝှစ်....ဝှစ်....ဝှစ်....ဝှစ်...."

ရွှေဂါမဏိငှက်ရုပ်မှာ နံရံဆီသို့ ပျံဝဲသွားပြီးမှ ကွေ့၍ အို့ယိဝမ်းထံ ပျံသန်းလာသည်။ အို့ယိဝမ်းက အသာအယာ ဆီးဖမ်းလိုက်သည်။

လို့ရှုံရှမ်းကလည်း ဂါမဏိငှက်ရုပ်ကို ပစ်လွှတ်ကြည့်ရာ ပျံဝဲသွားပြီး သူ့ဆီသို့ ပြန်လာသဖြင့် ဆီးဖမ်းလိုက်၏။



လင်းရဲ့ကျင်းက လက်ခုပ်လက်ဝါးတီးပြီး ဝမ်းသာအားရ အော်ပြော၏။

"ဟား....ဟား....ကစားလို့ တော်တော်ကောင်းမှာပဲ၊ ဒီငှက်ရုပ်က အသက်ရှိတဲ့ငှက်လို ပျံသန်းနိုင်တယ်နော်၊ ပစ်တဲ့လူဆီကို ပြန်လာတယ်"

အို့ယိဝမ်းက ဂါမဏိငှက်လို လင်းရဲ့ကျင်းထံ ပြန်ပေးပြီး....

"ဒီဂါမဏိငှက်ရုပ်ဟာ ထူးခြားဆန်းပြားတဲ့ လက်နက်ပုန်းပဲ ညီမလင်း၊ ကစားစရာ မဟုတ်ဘူး၊ ညီမလေးလင်းအနေနဲ့ နေ့တိုင်း ဒီလက်နက်ပုန်းကို ပစ်ပြီး လေ့ကျင့်နေရမယ်၊ ပစ်တဲ့သူဆီ ပြန်လာတဲ့ လက်နက်ပုန်းဆိုတော့ ရန်သူဘယ်လောက်များများ တိုက်ခိုက်လို့ရတယ်"

"ကောင်းပါပြီ အစ်ကိုကြီး....ဒါပေမယ့် လက်နက်ပုန်းသာ ဆိုတယ် လူကို ထိခိုက်သေစေနိုင်တဲ့ အချွန်အတက်တွေလည်း မပါဘူးနော်...."

"ဆရာကြီး စီဝူက သတိပေးစာ ရေးပေးသွားခဲ့တယ် မဟုတ်လား...ဂါမဏိငှက်ပေါ်ရင် ငါးတစ်ရာပျောက်ကွယ်လိမ့်မယ် ဆိုတာလေ...ငါ စဉ်းစားကြည့်မိတယ်၊ ဒီလက်ကောက် နှစ်ကွင်းဟာ သေချာပေါက် ငါးတစ်ရာမြူးပန်းချိကားနဲ့ ဆက်စပ်နေရမယ်၊ ငါးဆူးတောင် လက်နက်ပုန်းကို ကာကွယ်ဖို့များ လုပ်ထားလေသလားပဲ...."

လင်းရဲ့ကျင်းက....

"ရွှေဂါမဏိငှက်ရုပ် လက်နက်ပုန်းက နှစ်ခုပဲရှိတာ၊ ငါးရုပ်

လက်နက်ပုန်းတစ်ရာကို ဘယ်လို ကာကွယ်နိုင်မှာလဲ...."

လို့ရုံရှမ်းက....

"ကျွန်တော်တို့ လက်တွေ့ စမ်းသပ်ကြည့်မှ အဖြေမှန်ကို ဖော်ထုတ်နိုင်ကြလိမ့်မယ် အစ်ကိုကြီး၊ ဒါပေမယ့် အတော့်ကို စွန့်စွန့်စားစားလုပ်ကြရမယ်"

"ပြောစမ်းပါဦး... မင်းရဲ့နည်းလမ်းက...."

"ဒီရွှေဂါမဏိငှက်ရုပ် လက်နက်ပုန်း နှစ်ခုဟာ ဘယ်လိုအသုံးမကျသလဲလို့ သိချင်ရင် ငါးရုပ် လက်နက်ပုန်းနဲ့ စမ်းသပ်မှဖြစ်လိမ့်မယ်၊ ငါးရုပ် လက်နက်ပုန်းတွေက လူသတ်သမားဆီမှာ ရှိနေတာဆိုတော့ လူသတ်သမားနဲ့ ရင်ဆိုင်ကြည့်ကြရမှာပဲ"

"မင်းပြောတာတော့ ဟုတ်ပါရဲ့....ဒါပေမယ့် လူသတ်သမားကိုတို့တတွေ ဘယ်လိုရှာကြမလဲ ညီလေးစန်း"

"လူသတ်သမားကို ကျွန်တော်တို့ ရှာဖို့ သိပ်ပြီး ခက်လိမ့်မယ် မဟုတ်ပါဘူး၊ လူသတ်သမားဟာ အစ်ကိုကြီးရဲ့ နာမည်ကို သုံးပြီး လှုပ်ရှားနေတယ် မဟုတ်လား....ဒီတော့ ကျွန်တော်တို့က သိုင်းလောကကို သတင်းလွှင့်ရမယ်၊ သိုင်းလောကမှာ စက္ကူများသမား အို့ယိဝမ်းအတု ပေါ်ပေါက်နေတယ်၊ အဲဒီ အို့ယိဝမ်းအတုဟာ လူဆိုးတစ်ယောက် ဖြစ်ပြီး လူသတ်မှုတွေ၊ ဒုစရိုက်မှုတွေကို ကျူးလွန်နေတယ်၊ ဒါကြောင့် အို့ယိဝမ်းအစစ်က အတုကိုစိန်ခေါ်ပြီး သူသေကိုယ်သေ တိုက်ခိုက် ကြဖို့ ချိန်းဆိုပြီးကြပြီဆိုတဲ့ သတင်းကို လွှင့်ရမယ်၊ ဒီသတင်းဟာ ပြန့်သွားရင် လူသတ်သမားဟာ သိပ်ပြီး အံ့ဩသွားမှာပဲ၊



သူ ယှဉ်ပြိုင်တိုက်ခိုက်ရမယ့်နေရာကို မလွဲမသွေ လာကြည့်မှာပဲ၊ ဒီတော့မှ သူ့ကို ကျွန်တော်တို့ ရင်ဆိုင်ကြတာပေါ့"

လို့ရုံရှမ်းက စကားဖြတ်လိုက်ပြီး သူ့အကြံကို မည်သို့သဘောထားကြောင်း အို့ယိဝမ်းကို အကဲခတ်ကြည့်သည်။

အို့ယိဝမ်းက ဘာမှပြန်မပြောဘဲ ငြိမ်နေမှ လို့ရုံရှမ်း ဆက်ပြောသည်။

"လူသတ်သမားဟာ အစ်ကိုကြီးရဲ့ နာမည်ကို အလွဲသုံးစားလုပ်ပြီး လှုပ်ရှားနေတာဟာ ရည်ရွယ်ချက်နှစ်ခု ရှိလိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ တစ်ခုက သူနဲ့ အစ်ကိုကြီး တနည်းနည်းနဲ့ ရန်ငြိုးရန်စ ရှိခဲ့ဖူးလို့ပဲ၊ နောက်တစ်ချက်က ဒီလို သူက အယောင်ဆောင်ပြီး မဟုတ်တာတွေ လျှောက်လုပ်နေရင် အစ်ကိုကြီး ပေါ်ထွက်လာလိမ့်မယ်ဆိုတာ သူဟာ တွက်ဆမိလို့ပဲ ဖြစ်မယ်၊ အစ်ကိုကြီးကို လူသတ်သမားက မမြင်ဘူး မတွေ့ဘူးတာတော့ အမှန်ပဲ"

အို့ယိဝမ်းက သက်ပြင်းချလိုက်ပြီး....

"အင်း ....ဒီလူဟာ ငါ့နာမည်ကို အလွဲသုံးစား လုပ်ပြီး မကောင်းတဲ့ လုပ်ရပ်တွေ ဘာဖြစ်လို့ လုပ်နေတယ်ဆိုတာ သူ့ကို ဖမ်းမိတော့မှပဲ သိရတော့မှာပဲ"

လို့ရုံရှမ်းက....

"သိုင်းလောကမှာ အို့ယိဝမ်း အတုနဲ့အစစ် ယှဉ်ပြိုင်တိုက်ကြလိမ့်မယ်ဆိုတဲ့ သတင်းလွှင့်လိုက်ရင် အစ်ကိုကြီးအယောင်ဆောင်နေတဲ့ အို့ယိဝမ်းအတုကတော့ အစ်ကိုကြီးကို မြင်လိုစိတ်နဲ့ လာမှာပဲ အစ်ကို

ကြီး၊ ဒါပေမယ့် ဒီသတင်းကို နဂါးညီနောင် အဖွဲ့နဲ့ မြောင်ဖေးဟူတို့ လည်း ကြားသွားပြီး ရောက်လာမှာပဲ စိုးရတယ်၊ ဒီတော့ သူတို့နှစ်ဖွဲ့ ကို ချောင်ပိတ်မိအောင် ထောင်ချောက် ဆင်ထားဖို့တော့ လိုတယ်...."

"ဘယ်လိုလုပ်မလဲ....ညီလေးစန်း"

"သူတို့တတွေကို"တန့်"ဂေဟာ မွေးမြူရေးခြံက မြေအောက် ခန်းထဲရောက်အောင် ကြံစည်မယ် အစ်ကိုကြီး၊ မြေအောက်ခန်းထဲ သူတို့ ရောက်သွားတာနဲ့ ဥမင်လမ်းပေါက်တွေကို ပိတ်ထားလိုက်ရ မယ်၊ ဒါဆိုရင် သူတို့ကို ကျွန်တော်တို့ စိတ်ကြိုက် ထိန်းချုပ်ထားနိုင် ပြီပေါ့"

ထို့နောက် လို့ရုံရှမ်းသည် သူ၏ အစီအစဉ်များကို အသေးစိပ် ရှင်းလင်းပြောပြနေတော့သည်။ လူသတ်သမားသည် ငါးတစ်ရာမြူး ပန်းချီကားချပ်မှာ ငါးရုပ် တစ်ရာကို ခွာယူခဲ့သည်။ ထိုငါးတစ်ရာမှာ ထူးခြားထက်မြက်သော လက်နက်ပုန်းများ ဖြစ်နေသည်။

လူသတ်သမားသည် ၎င်းလက်နက်ပုန်းများကို အသုံးပြု၍ အစွမ်းထက်မြက် နေလေသည်။

ဤအချက်တို့ကို လို့ရုံရှမ်းက ပြောပြပြီး ငါးရုပ်လက်နက်ပုန်း ကို ကာကွယ်နိုင်မည့် နည်းလမ်းများကိုပါ အကြံပေးလေရာ သူ၏ အစီအစဉ်များ အကွက်စေ့လှသဖြင့် အိုယီဝမ်းလည်း သဘောတူလိုက် လေတော့၏။

◇◇◇◇◇



၆၉။

---

သမားတော်ကြီး ချောင်၏ အမည်မှာ ချောင်လို့ဝမ်း ဖြစ်လေ သည်။

ချောင်လို့ဝမ်း အသက်သည် ခုနစ်ဆယ့်နှစ်နှစ် ရှိလေပြီ၊ ဇနီး မယားက ကွယ်လွန်သွားသည်မှာ နှစ်များစွာကြာခဲ့ပြီဖြစ်၍ သားသမီး လည်း မထွန်းကားခဲ့သော သူ့မှာ တစ်ကိုယ်တည်း နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရလေသည်။

ယခု သူနာမကျန်းဖြစ်၍ အိပ်ရာထက် လဲနေပြီး ဆေးခန်းကို လည်း ပိတ်လိုက်ရပြီ ဖြစ်၏။

တစ်ကိုယ်တည်းသမား ဆိုသော်လည်း ဆွေမျိုးညာတိ မိတ် ဆွေတွေတော့ ရှိသည်။ ထို့ကြောင့် သားတော်ကြီး ချောင်လို့ဝမ်း၏ အိမ်ဂေဟာတွင် ဆွေမျိုးညာတိမိတ်ဆွေတွေ ဝင်ရောက်လျက် လူမပြတ် ရှိနေကြသည်။ အချို့ ပြုစုရန် နေထိုင်ကြသည်။

သမားတော်ကြီး ချောင်လို့ဝမ်းဟာ သူ့ရောဂါကို သူပျောက်ကင်း သက်သာအောင် ပြန်ကုနိုင်စွမ်း မရှိပါချေ။

သမားတော်ကြီး ချောင်လို့ဝမ်း၏ အိမ်ဂေဟာသည် မြို့ပြင်တွင်ရှိသည်။

ချောင်လို့ဝမ်းကို အစေအပါးမိန်းကလေး ငါးယောက်က ပြုစုပေးကြရသည်။ သူ့တွင် လူယုံတော်ပည့် ခုနစ်ဦးလည်း ရှိပေသည်။

ခြံဝင်းထဲတွင် ခွေးကြီးများလည်း လွှတ်ထား၏။ ခွေးကြီးများက ဆယ်ကောင်မျှ ရှိသည်။

ချောင်ဂေဟာသည် ဝင်းတံခါးကို ပိတ်ထားသည်မှာ ကြာပြီ။ ချောင်ဂေဟာမှ အစေအပါးသည် အိမ်ဂေဟာအနောက်ဘက် ဥယျာဉ်တံခါးမှသာ ဝင်ထွက်ကြရသည်။

ဥယျာဉ်ဝင်းအပြင်တွင် ချောင်းငယ်ရှိသည်။ ထိုချောင်းသည် အားကန်မြစ်နှင့် ဆက်နေသည်သာ ဖြစ်သည်။

နေ့စဉ်နံနက်နှင့် ညနေပိုင်းတွင် ထိုချောင်းတွင်းသို့ စားသောက်ကုန် ဟင်းရံ၊ သားငါးရောင်းသော ဈေးသည်လှေများ ဝင်လာတတ်သည်။ ချောင်းရိုးတစ်လျှောက်ရှိ အိမ်ဂေဟာများသည် ထိုဈေးသည်လှေသမ္ဗန်များထဲမှ လိုအပ်သော သားငါး ဟင်းသီးဟင်းရွက်များကို ထွက်ဝယ်ကြသည်။

ချောင်ဂေဟာ၏ အနောက်ဥယျာဉ် ခြံဝင်းတံခါးကို စောင့်သော အဘိုးအိုတစ်ယောက် ရှိလေသည်။ နာမည်က လီချိုရဲ့ ဖြစ်သည်။ အမျိုးအနွယ်က လီဖြစ်၍ လီချိုရဲ့ဟု ခေါ်ကြလေသည်။



လီချိုရဲ့သည် အသက်ငါးဆယ်ခန့် ရှိပြီး ခါးကုန်းကြီးတစ်ယောက် ဖြစ်လေသည်။

ခါးကုန်းနေသည့် အပြင် နားကလည်း လေးသေးသည်။ စကားလည်း မပြောနိုင်သည့် အ,အကြီး တစ်ယောက်လည်း ဖြစ်ပြန်သည်။

ချောင်ဂေဟာမှ ခွေးကြီးဆယ်ကောင်ကို လီချိုရဲ့က ထိန်းသိမ်းကျွေးမွေးရသည်။

ချောင်ဂေဟာ၏ အိမ်ရှေ့ဝန်းတံခါး ပိတ်ထား၍ မည်သည့်ဆွေမျိုးမိတ်ဆွေမှ မဝင်ရတော့ပါ။

ချောင်လို့ဝမ်းက နေထိုင်မကောင်း၍ စိတ်ရှုတ်နေသဖြင့် မတွေ့မခံတော့ခြင်း ဖြစ်သည်။

လီချိုရဲ့သည် ချောင်ဂေဟာ အနောက်ဘက် တံခါးကို အပြင်လူမည်သူမှ မဝင်ရအောင် စောင့်ရလေသည်။

ထို့ကြောင့် ချောင်ဂေဟာ အတွင်းသို့ အိမ်နောက်ပေါက်မှလည်း ခွင့်ပြုချက် မရဘဲ ဝင်ရန် မလွယ်ကူပါချေ။

ခွင့်ပြုချက် မရှိလျှင် လီချိုရဲ့သည် ယင်ကောင်တစ်ကောင်ကိုပင် ပျံစောင့်သည့် တံခါးပေါက်မှ အဝင်မခံပါချေ။

ဤနေ့ ညနေဆည်းဆာ အချိန်တွင် ချောင်းကလေးအတိုင်း လှေသမ္ဗန်တစ်စင်း လှော်ခတ်လာသည်။ ထိုလှေသမ္ဗန်သည် ချောင်ဂေဟာ အနောက်ဘက်သို့ ဥယျာဉ်ဝင်းတံခါးပေါက်ရှေ့ ချောင်းကမ်းစပ်တွင် ဆိုက်ကပ်သည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ထိုလှေသမ္ဗန်ဦးတွင် ဝါးလုံးဖြင့် အလံဝါကလေး လွှင့်ထူထား

ကြောင်း တွေ့ရလေသည်။

လှေသမ္ဗန် ပဲ့ပိုင်းတွင် မြက်ခမောက်ကို ဆောင်းထားသော လူတစ်ယောက် ထိုင်နေသည်။ ထိုလူသည် ခမောက်ကို မျက်နှာတစ်ဝက်ဖုံးနေအောင် စိုက်ချဆောင်းထားသည်။

ထိုလူသည် ဆေးတံရှည် တစ်ချောင်းကို စိမ်ပြေနပြေ ဖွာရှိုက်နေလေ၏။

ထိုလှေသမ္ဗန်၏ နောက်တွင် လှေငယ်ကလေး တစ်စင်း တွဲ၍ချည်ထားသည်။

ယနေ့ ညနေ၊ နေဝင်ရီတရောတွင် ချောင်ဂေဟာအနောက်ဘက် ဝင်းတံခါးရှေ့ ချောင်းကမ်းပါးသို့ ပစ္စည်းရောင်းဝယ်သော လှေသမ္ဗန် ဆိုက်ကပ်လာပြီ ဖြစ်သည်။

လှေဦးတွင်ရှိသည့် အလံဝါကိုမြင်လျှင် အထည်ဟောင်း ရောင်းဝယ်သော ပစ္စည်းဟောင်း ဝယ်သော် လှေသမ္ဗန်ဟု လူတိုင်း သိကြသည်။

ယခု အရောင်းအဝယ် လုပ်သော လှေသမ္ဗန်သည် ကမ်းစပ်တွင် အတန်ကြာ ဆိုက်ကပ်ထားသော်လည်း ရောင်းဝယ်သူ ထွက်လာသည်ကို မတွေ့မြင်ရသေးချေ။

ချောင်ဂေဟာ၏ အနောက်ပေါက် ဝင်းတံခါးက ပွင့်ဟမလာသေးဘဲရှိ၏။

လှေသမ္ဗန်ပေါ်တွင် ထိုင်နေသူသည် ဆေးတံတစ်အိုးကိုပင် ဖွာပြီးလေပြီ။

သူသည် ထိုင်ရာမှ ထလိုက်ပြီး လှေပေါင်းမိုးရှေ့ တိုင်တစ်တိုင်



တွင် ချိန်ဆွဲထားသော မီးပုံးကို မီးထွန်းညှိလိုက်လေသည်။

နေဝင်သွားခဲ့ပြီဖြစ်၍ မီးထွန်းချိန် ရောက်ပြီ။

ဤနေ့ ညနေခင်းတွင် တိုမြေပြဗလှေသည် အရောင်းအဝယ် အ.နေဟန်တူသည်။ အခြားအိမ်ဂေဟာ နောက်ဖေးဝင်းတံခါးများမှ လူတွေလည်း ထွက်လာသည်ကို မတွေ့ရပါချေ။

ထိုအိမ်ဂေဟာများသည် ချောင်ဂေဟာနှင့် ဆိုလျှင် ဝေကွာလှမ်းနေ၍ နေလေရာ ရောင်းဝယ်လို၍လည်း လာကြမည် မဟုတ်ပေ။

လှေသမ္ဗန်သမားသည် မီးထွန်းပြီးလျှင် ပြန်ထိုင်လိုက်သည်။

ထိုစဉ်၊ လှေသမ္ဗန်တွင်းမှ အသံကိုနှိမ့်ပြီး လူတစ်ယောက် အမေးသံ ပေါ်ထွက်လာသည်။

"အချိန် ရောက်ပြီးလား...."

လှေသမ္ဗန်သမားသည် ဖြည်းညင်းစွာ ပြန်ဖြေသည်။

"ရောက်ခါနီးပြီ အစ်ကိုကြီး၊ အလူးသတိရှိပါစေ၊ ဝင်းတံခါးမှူး လို၍ဆိုတဲ့လူဟာ ပေါ့သေးသေးလူမဟုတ်ဘူး"

"ကျုပ် သူ့ကို သတိထားပါတယ်၊ တော်ကြာ ပစ္စည်းပါလာတဲ့အခါမှာသာ မင်းက လူမမှားဖို့ အရေးကြီးတယ်"

ထိုလှေသမ္ဗန်သမားက ပြန်ဖြေသည်။

"မမှားစေရပါဘူး၊ တစ်ခုတော့ရှိတယ်၊ ညီမလေး လင်းအနေနဲ့ အမှုမှတ်ထားရမှာက ဟို အစေအပါးမလေး ယင်ချွန်းဟာ လမ်းလျှောက်တဲ့အခါ ခြေထောက်နည်းနည်း ထော့နဲ့ထော့နဲ့ ဖြစ်နေပြီး ချောင်လို့စမ်း စိတ်ချယုံကြည်ရဆုံး အပါးတော်မြဲမလေးတစ်ယောက်ပဲ"

လှေသမ္ဗန်အတွင်းမှ အမျိုးသမီး အသံတစ်သံ ပေါ်ထွက်လာ

သည်။

"အစ်ကိုစန်း၊ စိတ်ချပါ၊ ကျွန်မ မှတ်ထားပါတယ်...."

လှေသမ္ဗန်ကြီးက မကြီးလှသော်လည်း လူ နှစ်ယောက် သုံးယောက်မျှ ပုန်းခိုလို့ရနိုင်သည်။ အစ်ကိုကြီး ဆိုသည်မှာ အို့ယီဝမ်းဖြစ်ပြီး ညီမလေးဆိုသူမှာ လင်းရဲ့ကျင်းပင် ဖြစ်သည်။ အပြင်မှ မြက်ခမောက် ဆောင်းထားသော လူကြီးအသွင် ရုပ်ဖျက်ထားသူကတော့ လို့ရုံရှမ်း ဖြစ်လေသည်။

သုံးယောက်သား တီးတိုး စကားပြောနေကြစဉ်မှာပင် ချောင်ဂေဟာအနောက် ဝင်းတံခါးပွင့်လာပြီး လူတစ်ယောက် ထွက်ပေါ်လာလေသည်။ လို့ရုံရှမ်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး သတိပေးလေသည်။

"ဟော့....လာပြီ....ထွက်လာပြီ....အသင့်သာ ပြင်ထားကြပေတော့"

ချောင်ဂေဟာ အနောက်ဘက်တံခါးမှ ထွက်လာသူသည် ခါးကုန်းကြီး လီချိုရဲ့ပင် ဖြစ်တော့သည်။ ဝင်းတံခါးစောင့်ကြီး လီချိုရဲ့သည် ခါးကုန်းနေသည့်အပြင် အလည်းအ နားလည်းလေးသူ ဖြစ်လေသည်။

ခါးကုန်းကြီးလီချိုရဲ့သည် လှေသမ္ဗန်အနီးသို့ ရောက်လျှင် လို့ရုံရှမ်းက ခါးကိုကိုင်းရင်း ဦးညွှတ်ကာ လှမ်းပြီး အရိုအသေပေးကာ နှုတ်ဆက်လိုက်လေသည်။

"ဆရာကြီးလီ....နေကောင်းပါရဲ့လား ခင်ဗျာ"

လီချိုရဲ့က အရေးမစိုက်သလို ဘာမှ ပြန်မပြောဘဲ လှေသမ္ဗန်



ကို အကဲခတ်ကြည့်ရှုလိုက်ပြီး လို့ရုံရှမ်းကိုလည်း စူးစိုက်ကြည့်လိုက်သည်။

ပြီးလျှင် ပြန်လှည့်ထွက်သွား၏။ ဝင်းတံခါးရှေ့သို့ ရောက်လျှင် မီးပုံးကိုင်ထားသည့် လူတစ်ယောက် ထွက်လာသည်။ ထိုလူက နောက်သို့ လှည့်ရင်း တစ်စုံတစ်ရာ ပြောလိုက်လျှင် လူတစ်ယောက် ထွက်လာပြီး ထိုင်ခုံတစ်လုံး လီချိုရဲ့အနားသို့ ချပေးလိုက်လေသည်။

လီချိုရဲ့က ဟန်ပန်အပြည့်နှင့် ဝင်ထိုင်သည်။

မီးပုံးကိုင်လူက ခုံချပေးသော လူကို မီးပုံးပေးလိုက်ပြီး တံခါးရှေ့တွင် ရပ်နေစေသည်။

"ဆရာကြီး လီ...သူတို့ကို ထွက်ခွင့်ပေးလိုက်တော့မလား...."

ထိုလူက လီချိုရဲ့ကို အရိုအသေပေး၍ မေးလိုက်လေသည်။ လီချိုရဲ့က ခေါင်းကို ညိတ်လိုက်ပြီး လက်ညှိုးတစ်ချောင်းကို ထောင်ပြလိုက်၏။

ထိုလူလည်း ဝင်းအတွင်းသို့ လှမ်းပြီး ခပ်ကျယ်ကျယ်လေး အော်ပြောလိုက်လေသည်။

"ကဲ...ဆရာကြီး လီက ထွက်ခွင့်ပြုလိုက်ပြီ၊ ဒါပေမယ့် မြန်မြန်လျှောက်ကြ ဝယ်ကြ လဲကြ၊ အမွေးတိုင် အတိုတစ်တိုင် ထွန်းချိန်ပဲ ရမယ်တဲ့"

ထိုလူအော်ပြောလိုက်ပြီးသည်နှင့် အမျိုးသား၊ အမျိုးသမီး ငါးယောက်ခန့် ဝင်းတံခါးပေါက် အတွင်းမှ ထွက်လာကြသည်။

သူတို့အားလုံးသည် သမားတော်ကြီး ချောင်လီစမ်း၏ အိမ်တော်မှ အစေအပါးများပင် ဖြစ်လေသည်။

ထိုအစေအပါး ဆယ်ယောက်သည် အချို့က သေတ္တာဟောင်းများကို ကိုင်ဆောင်လာကြ၏။ အချို့က အကျီဝတ်စုံ၊အမဟောင်းများ ယူလာကြလေသည်။ အချို့ကမူ အိမ်ဂေဟာမှ စွန့်ပစ်ခွင့်ရသော ကြေ ထည်ပစ္စည်း ခွက်ယောက်ပန်းကန်များကို ယူလာကြသည်။

ထိုအစေအပါးများ ယူဆောင်လာသည့် ပစ္စည်းဟောင်းများကို ဝင်းတံခါးမှူး လီရှိရဲ့က စစ်ဆေးပြီးပြီ ဖြစ်သည်။ အိမ်ဂေဟာမှ ပစ္စည်းများကို ခိုးယူပြီး ထွက်ရောင်းမှာစိုး၍ ဖြစ်၏။

ပစ္စည်းအဟောင်းများ ရောင်းမည့် လဲမည့် အစေအပါးများသည် ဝင်းတံခါးအပြင်မှ အချင်းချင်း ဆူညံစွာ စကားပြော၍ လှေသမ္ဗန်ရှိရာသို့ လာကြသည်။

လို့ရုံရှမ်းက လှေသမ္ဗန်နှင့် ကမ်းစပ်ကို တံတားထိုးထားသဖြင့် အစေအပါးများ လှေသမ္ဗန်ပေါ်သို့ ရောက်လာကြ၏။ သို့ဖြင့်....

လို့ရုံရှမ်းမှာ ပစ္စည်းအဟောင်းများကို ဈေးဖြတ်၍ ဝယ်ခြင်း၊ အချို့ကို လှေပေါ်တွင် ပါလာသည့် နံ့သာဖူးခြေအိတ်၊ ပန်းဆံထိုးစသည်တို့ဖြင့် တန်းဖိုးဖြတ် လဲလှယ်လေသည်။

ရောင်းကြ ဝယ်ကြ လဲလှယ်ကြဖြင့် လို့ရုံရှမ်းမှာ မအားမလပ်အောင် ဖြစ်သွားရလေသည်။

◇◇◇◇◇



၇၀။

---

အစေအပါးများသည် လှေသမ္ဗန်ပေါ်တွင် ခင်းကျင်းထားသော အလှကုန်ပစ္စည်းများကို ကြည့်ကြသည်။ အချို့အသုံးအဆောင် ပစ္စည်းများမှာ ပစ္စည်းဟောင်းများသာ ဖြစ်သည်။ တန်းများ ပြုလုပ်၍ ဆွဲချိတ်ထား၏။ ကလေးကစားစရာများလည်း ရှိသည်။

အစေအပါး အမျိုးသားများတွင် ပါလာသော ပစ္စည်းဟောင်းများမှာ အများအားဖြင့် အရက်အိုးလွတ်သမား၊ နခမ်းပုံသော်လည်း သုံး၍ရနိုင်သော ဖန်ထည်၊ ကြွေထည် ခွက်ယောက်ပန်းကန်များ ဖြစ်လေသည်။

လို့ရုံရှမ်းမှာ အစေအပါးများ ဝိုင်းဝိုင်းလည်မျှရှိအောင် အလုပ်မှုပ်သွားရ၏။ ဈေးများ ပြန်လာသည်အထိ ဖြစ်သွားရသည်။

လှေသမ္ဗန်ဝမ်းထဲတွင်မူ အို့ယီဝမ်းနှင့် လင်းရဲ့ကျင်းတို့ နှစ်ယောက်မှာ ငြိမ်သက်စွာရှိ၏။

အတန်ကြာအောင် ရောင်းဝယ်မှု၊ လဲလှယ်မှုများ ပြုလုပ်ကြပြီးနောက် အစေအပါးများ တစ်ယောက်ပြီး တစ်ယောက် ဆင်းသွားကြတော့သည်။

လို့ရုံရှမ်းမှာ ခြေထောက်ဆာနေသည်ဆိုသော သမားတော်ကြီးချောင်လို့ဝမ်း၏ အပါးတော်အမြဲ အစေအပါးမလေး ယင်ချွန်းကို အရိပ်အယောင်မျှပင် မတွေ့ရသေးချေ။

ဝင်းတံခါးပေါက်အတွင်းမှ အစေအပါး အချို့ ထပ်မံထွက်လာကြသည်။ သူတို့လည်း ပစ္စည်းဟောင်း ရောင်းဝယ်ရန် ဖြစ်လေသည်။

ဝင်းတံခါးပေါက်ရှေ့တွင် အမွှေးတိုင်ထွန်းသည့် အိုးငယ်တစ်လုံးက လီချိုရဲ့ ရှေ့၌ ခုံတစ်လုံးနှင့် ချထားသည်။ အမွှေးတိုင်အိုးလေးထဲတွင် အမွှေးတိုင်တစ်တိုင် ထွန်းထားလေသည်။

ယခုဆိုလျှင် အမွှေးတိုင်က တစ်ဆစ်ကျိုးလောက် လောင်မြိုက်ခဲ့ပြီ ဖြစ်သည်။ အစေအပါးမလေး ယင်ချွန်းကား ထွက်မလာသေးပါချေ။

လို့ရုံရှမ်းမှာ မျက်စိဂဏှာမငြိမ်ဘဲ ဖြစ်နေပါတော့သည်။ မကြာမကြာ ဝင်းတံခါးသို့ လှမ်းလှမ်းကြည့်သည်။

နောက်ဆုံးမှတက်လာသော အစေအပါးများပင် ပစ္စည်းလဲလှယ် ရောင်းဝယ်ပြီး၍ လှေပေါ်မှ ဆင်းသွားလေပြီ။ အစေအပါးမလေး ယင်ချွန်းကား ပေါ်မလာပါချေ။

လှေပေါ်တွင် အစေအပါးများ တစ်ယောက်မျှ မရှိတော့ပေ။ အမွှေးတိုင်တစ်တိုင် ထွန်းထားသည်မှာ ကုန်လုပေပြီး လီချိုရဲ့၏ ရှေ့



တွင် ထွန်းထားသော အမွှေးတိုင်မှာ လေးချိုသုံးချိုလောက် ကျွမ်းသွားပြီ ဖြစ်၏။

လို့ရုံရှမ်းသည် ဝင်းတံခါးပိတ်သွားမည်ကို စိုးရိမ်သဖြင့် လှေသမ္ဗန်ပေါ်မှ ဆင်းသက်ခဲ့သည်။

လီချိုရဲ့က ဆေးတံရှည်ကို ဖွာရှိုက်နေသည်။ လို့ရုံရှမ်းလာနေသည်ကို လှမ်းကြည့်ပြီး မမြင်သလို ထိုင်မြဲထိုင်နေ၏။

လီချိုရဲ့၏အနီးတွင် ရပ်နေသော လူကမူ လို့ရုံရှမ်းကို ခပ်စူးစူးစိုက်ကြည့်နေလေသည်။

လို့ရုံရှမ်းက ထိုလူရှေ့သို့ ရောက်လျှင် ရယ်ပြုံးလိုက်ပြီး သူ့လက်ထဲမှ အထုပ်ငယ်တစ်ထုပ်ကို လှမ်းပေးလိုက်၏။

"အဲဒီပစ္စည်းကို ကျုပ် သမီးက အစ်ကိုလေးအတွက် လက်ဆောင်ပေးခိုင်းလိုက်တယ်၊ အစ်ကိုလေး သိမ်းယူထားလိုက်ပါ၊ အစ်ကိုလေး သိမ်းယူထားလိုက်ပါ၊ နောက်ပြီး ဟောဒီ ပစ္စည်းကတော့..."

လို့ရုံရှမ်းက သူ့ရင်ဖုံးအိတ်ထဲမှ အထုပ်ငယ်တစ်ထုပ်ကို ထပ်မံနှိုက်ယူလိုက်သည်။

စိုက်ကြည့်နေသော လီချိုရဲ့ လက်ထဲသို့ တရိုတသေ လှမ်းပေးလိုက်လေ၏။ လို့ရုံရှမ်းက လက်ဆောင်ပေးလိုက်ခြင်း ဖြစ်လေသည်။

လီချိုရဲ့သည် သူ့ကိုပေးသော အထုပ်အား ဖြေကြည့်လေသည်။ လှပစွာ ပန်းထိုးထားသည့် ဆေးတံဆေးထည့်သော အိတ်လုံးကလေး ဖြစ်လေသည်။

လှပပြီး အဖိုးတန် ပိုးစဖြင့် ပြုလုပ်ထားသဖြင့် လီချိုရဲ့မှာ

သဘောကျသွားပုံရသည်။ သို့သော် လို့ရှုံရှမ်းကို ကျေးဇူးတင်သည့် အမူအရာမျိုး မပြသပါချေ။ ခပ်တည်တည်ပင် သူ့ခေါင်းတွင် ထိုးချိတ်လိုက်သည်။

လီရှိုရဲ့၏လက်ထောက် ဝင်းတံခါးမှူးဖြစ်သူကမူ လို့ရှုံရှမ်းကို ဖော်ရွှေ့စွာ ပြုံးရယ်၍ စကားပြောလေသည်။ သူ့အထုပ်ကို ဖြေကြည့်ရာ ခေါင်းလိမ်းဆီမွှေး တစ်ပုလင်းဖြစ်သည်ကို တွေ့ရ၏။

လို့ရှုံရှမ်းကလည်း မီးပုံးကိုင်သမားကို အထုပ်ငယ်တစ်ထုပ် သွားပေးသည်။ ထိုလူက ရယ်ပြုံး၍ လက်ခံယူသည်။

လို့ရှုံရှမ်းက လက်ဆောင်များပေး၍ စကားပြောကာ အချိန်ဆွဲထားရန် ကြံစည်ခြင်း ဖြစ်လေသည်။

"ဒါနဲ့ ဦးလေး သမီး ဒီတစ်ခေါက် ဘာလို့ပါမလာတာလဲ.... ခါတိုင်းဆိုရင် သူနဲ့ သူ့ဘကြီးပဲ လာတယ်၊ ဦးလေးကို ကျွန်တော် ဒီတစ်ခါပဲ မြင်ဖူးတယ်"

လက်ထောက် ဝင်းတံခါးမှူး လူရွယ်က ပြောလေသည်။ လို့ရှုံရှမ်းက ရယ်မောပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်...ကျုပ်က လှေသမ္ဗန်နဲ့ လိုက်ခဲ့ပါတယ်၊ ဒါပေမယ့် တူမောင်ကိုတော့ ကျုပ်က သိပါတယ်၊ တူမောင်ကသာ ကျုပ်ပါလာတဲ့အခေါက် သတိမထားမိလို့ပါ၊ ဒီနေ့တော့ ကျုပ်သမီး ဖျားနေတယ်၊ ကျုပ်ညီကလည်း ဈေးမှာဝယ်ထားတဲ့ ပစ္စည်းတွေ သွားရောင်းနေတယ်၊ ဒါကြောင့် ကျုပ် တစ်ယောက်တည်းပဲ ထွက်လာရတော့တယ်"



ထိုသို့ ပြောနေစဉ် လီချိုရဲ့သည် ထိုင်ရာမှ ထလိုက်သည်၊ သူက အမွှေးတိုင်ကို ကြည့်ရာ ကုန်လုနီးပြီ ဖြစ်ကြောင်း တွေ့ရ၏။ နှင့်သိမ်း၊ တံခါးပိတ်ပြီးလျှင် အမွှေးတိုင်ကုန်မည် ဖြစ်သည်။

ဝင်းတံခါးပိတ်တော့မည်။ လီချိုရဲ့ ထိုင်ခုံကို သိမ်းရန် လျှောက်လာပြီ....

လို့ရှုံရှမ်းကား ဝင်းတံခါးအတွင်းသို့ လှမ်းကြည့်နေမိတော့သည်။

ဤအကိုင်းဆိုလျှင် ယနေ့အဖို့တော့ စီစဉ်ထားသမျှ ပျက်ပြားတော့မည်ဖြစ်၏။

"ကဲ....ကျွန်တော်တို့ ဂေဟာက ပစ္စည်းရောင်းမယ့် လဲမယ့် လူတွေ မရှိတော့ဘူး ကုန်ပြီ...ဦးလေး နောက်က အိမ်တွေကို သွားပြီး ရောင်းအဝယ်လုပ်ပါတော့၊ ကျွန်တော်တို့ ဝင်းတံခါးပိတ်တော့မယ်"

လက်ထောက် ဝင်းတံခါးမှူး လူရွယ်က ပြောလိုက်လေသည်။

လီရှိုရဲ့မှာလည်း ဝင်းတံခါးသို့ ဂင်ရန် ခြေလှမ်းပြင်လေပြီ။

"နေကြပါဦးရှင်....ကျွန်မ ပစ္စည်းဝယ်ချင်လို့ပါ"

စူးစူးလွင်လွင် အသံလေးနှင့်အတူ အမျိုးသမီးတစ်ဦး ခပ်သွက်သွက် လှမ်းထွက်လာသည်ကို မြင်ရ၏။

ထိုအမျိုးသမီးသည် ဝတ်စုံစိမ်းနှင့် ဂါဝန်ဖြူကို ဝတ်ဆင်ထားပြီ....အပြင်အဆင်မှာ အစေအပါးမလေး တစ်ယောက်လို ပုံစံမျိုးဖြစ်၏။ ခြေတစ်ဘက်ကလည်း ဆာနေသဖြင့် ထော့နင်း ထော့နင်းဖြင့် လမ်းလျှောက်လာတော့၏။

ထိုအစေအပါးမလေးသည် ယင်ချွန်းကို မြင်လျှင် မျက်နှာထား မတင်းဘဲ ကြည်ကြည်သာသာပင် ထွက်ခွင့်ပြုလေသည်။ လက်ထောက် ဝင်းတံခါးမှူး လူရွယ်လည်း ထိုအတူပင် ဖြစ်၏။

ယင်ချွန်းကား သူတို့ သခင်ကြီး ချောင်လီစမ်း၏ အပါးတော် အမြဲမလေးပင် မဟုတ်ပါလော။

လို့ရုံရှမ်းက ယင်ချွန်း ထွက်လာသည်ကို မြင်လျှင် ကမန်းကတန်း လှမ်းပြောလိုက်၏။

"မိန်းကလေး ခုမှပဲ ထွက်လာတော့တယ်၊ ကျုပ်က မိန်းကလေး ထွက်မလာလို့ မျှော်နေတာ၊ မိန်းကလေးမှာထားတဲ့ အထည်စလေးတွေ ပါလာသကွယ့်...."

ယင်ချွန်းက လို့ရုံရှမ်း မျက်နှာကိုကြည့်ပြီး မသိသဖြင့် အံ့အားသင့်သွားသည်။ သူမက လှေသမ္ဗန်ဆီသို့ လှမ်းကြည့်လိုက်ပြီး လို့ရုံရှမ်းကို မေးလိုက်၏။

"ဒီကနေ့ ဆွေဟွား ပါမလာဘူးလားဟင်"

ဤတွင် လက်ဆောင်ရထားသော လက်ထောက် ဝင်းတံခါးမှူး လူရွယ်က ပြုံးလိုက်ပြီး ဝင်ပြောသည်။

"ဒီဦးလေးက ဆွေဟွားရဲ့အဖေလေ၊ အစ်မလေး ဘာမှာထားသလဲ...ဝယ်လိုက်ပေါ့၊ သူ့ကို သူ့သမီး ဆွေဟွားက သေချာမှာထားပြီး လွှတ်လိုက်တာပဲ၊ အစ်မလေး မှာထားတာဟာ အကုန်ပါလာမှာပေါ့"

"အ....အ....အား....အား...."



ထိုအသံနှင့်အတူ ခါးကုန်း အအ,ကြီး လီရှိုရဲ့က ဝင်စကားပြောလိုက်သည်။ သူက ခုံပေါ်မှ ကုန်နေပြီဖြစ်သော အမွေးတိုင်ကိုလည်း လက်ညှိုးထိုးပြလေသည်။

"ကဲ....အစ်မလေး ယင်ချွန်း၊ ဝယ်စရာရှိတာ အမြန်ဝယ်လိုက်၊ ဝင်းတံခါးမှူးကြီးက အချိန်စေ့လို့ ဝင်းတံခါးပိတ်တော့မယ်တဲ့"

လက်ထောက်ဝင်းတံခါးမှူး လူရွယ်က ပြုံးရယ်လိုက်ပြီး ပြောလိုက်၏။

"လာပါ....လာပါ....လှေသမ္ဗန်ပေါ် လိုက်ပြီး အဆင်ရွေးပါ မိန်းကလေး၊ မိန်းကလေး မှာထားတဲ့အတိုင်း အစိမ်းရောင်ခံနဲ့ ပန်းအဆင်တွေ သုံးလေးစလောက် ပါပါတယ်၊ ဒါနဲ့ မိန်းကလေးမှာ ပန္နည်းအဟောင်းရောင်းဖို့၊ ဖလှယ်ဖို့လည်း ယူမလာပါလား"

လို့ရုံရှမ်းက မေးလိုက်သည်။ ယင်ချွန်းက....

"အိုး ....စိတ်မရှိပါနဲ့ မိန်းကလေး၊ လာပါ....လာပါ ....ဝင်းတံခါးမှူးကြီးကလည်း တံခါးပိတ်တော့မလို့ ပြောနေပြီ...."

လို့ရုံရှမ်းက ခပ်လောလော ပြောလိုက်ပြီး ရှေ့မှ ထွက်လာခဲ့လေ၏။ ယင်ချွန်းကလည်း နောက်မှ ထော့နင်းထော့နင်းဖြင့် လိုက်လာလေသည်။ သို့ဖြင့် လှေသမ္ဗန်ပေါ်သို့ ရောက်လာသည်။

"ဟောဟိုမှာ မိန်းကလေး စိတ်ကြိုက် ရွေးပေတော့....တန်းမှာ လွှားထားတဲ့ အဆင်သုံးမျိုး ကြိုက်ရာယူ၊ ဈေးကတော့ မိန်းကလေး ကျုပ်သမီးကို မှာထားတဲ့အတိုင်း အသက်သာဆုံး ဈေးနှုန်းထဲကပဲ"

လို့ရုံရှမ်းက လှေခေါင်းမိုးအတွင်းသို့ လက်ညှိုးညွှန်ပြပြီး ပြောလိုက်လေသည်။ သူကမူ ဝင်းတံခါးဝမှ လှမ်းရပ်ကြည့်နေသော လီရှိုရဲ့

တို့ မြင်သာသည့် လှေခေါင်းမိုးရှေ့တွင် ရပ်နေလိုက်သည်။ လှေခေါင်းမိုးအတွင်းတွင် တန်းတစ်တန်းရှိသည်။

ထိုတန်းပေါ်တွင် အစိမ်းရောင်အောက်ခံ ပန်းပွင့်ဖြူနှင့် အထည်စ အဆင်သုံးမျိုး လွှားတင်ထားလေသည်။

"ဟယ်....လှလိုက်တာ၊ ကျွန်မက ဒီလိုလှမှ ကြိုက်တာ"

ယင်ချွန်း ပြောပြောဆိုဆို လှေပေါင်းမိုး အတွင်းသို့ ဝင်သွားလေသည်။

လှေပေါင်းမိုးအတွင်းသို့ ရောက်လျှင် အဝတ်စတစ်စကို ကိုင်ကြည့်လိုက်၏။ ထိုအခါ သူ့နောက်မှ လှုပ်ရှားမှုကို ခံစားသိရှိလိုက်သဖြင့်....

ယင်ချွန်း လှည့်ကြည့်လိုက်သည်။ သူမပါးစပ် ဟသွားသည်။ အော်ဟစ်ရန် ဖြစ်၏။

ယင်ချွန်းမှာ မအော်နိုင်တော့ဘဲ လင်းရဲ့ကျင်း၏ရင်ခွင်ထဲသို့ လဲကျသွားလေသည်။

"ကျွန်မတော့ ဒီအဆင်ကိုပဲ ယူတော့မယ်၊ ဒီအဆင် အကြိုက်ဆုံးပဲ ဦးလေးရဲ့"

လင်းရဲ့ကျင်းက ယင်ချွန်းကို ပွေ့ယူထားရင်း ယင်ချွန်းအသံနှင့်တူအောင် အသံစူးစူးကလေးဖြင့် အော်ပြောလိုက်သည်။ သူမက ယင်ချွန်းအဝတ်အစားများကို ချွတ်နေတော့သည်။

အို့ယိဝမ်းက တစ်ဘက်သို့ မျက်နှာကိုလှည့်ထား၏။ လင်းရဲ့ကျင်းသည် ယင်ချွန်းနှင့် လူချင်းလဲကာ ချောင်ဂေဟာသို့ ဝင်ရမည်ဖြစ်သည်။



"အေး မိန်းကလေး ကြိုက်ရာယူပါကွယ် ....အဲဒီအဆင်ဆို မိန်းကလေးနဲ့ လိုက်ပါတယ်"

လို့ရှုံရှမ်းကလည်း ရယ်ပြုံးရင်း လှမ်းပြောလေသည်။

လင်းရဲ့ကျင်းက ယင်ချွန်း၏ကိုယ်ပေါ်မှ အဝတ်အစားများကို အမြန်ဆုံး ဝတ်ဆင်လိုက်ပြီး ယင်ချွန်းကို စောင်ကြီးတစ်ထည်ဖြင့် လှမ်းခြုံလိုက်သည်။

"ပြီးပြီ **အစ်ကိုကြီး**"

လင်းရဲ့ကျင်းက တိုးတိုး ပြောလိုက်လေသည်။

အို့ယိဝမ်း ဤတွင်မှပြန်လှည့်ပြီး လင်းရဲ့ကျင်းရဲ့မျက်နှာကို ယင်ချွန်းနှင့်တူအောင် အတတ်နိုင်ဆုံး ပြုပြင်ပေးလေသည်။ ဆံပင်ကိုလည်း ယင်ချွန်းကဲ့သို့ ထုံးတင်ပေးထားသည်။

သူတို့နှစ်ယောက်သား အမြန်ဆုံး လုပ်ဆောင်နေစဉ် လို့ရှုံရှမ်းကလည်း လှေပေါင်းမိုးရှေ့မှရပ်ကာ အတွင်းသို့ စကားပြောတော့၏။

"အဲဒီ အမွှေးနံ့သာပုလင်း ဝယ်ပါလား မိန်းကလေး၊ ရာပန်းဆီ ခေါ်တယ်၊ ပန်းနံ့ပေါင်းစုံဆိုတော့ သိပ်ကိုမွှေးတာ"

"အား....ဟုတ်သားရှင့်၊ မွှေးလိုက်တာ၊ ယူမယ်....ယူမယ်....ကျွန်မတစ်ပုလင်းယူမယ်၊ ကဲ....ဘယ်လောက်ကျလဲ....သင့်ငွေ တွက်လိုက်ပါတော့၊ အထည်ကတစ်စ၊ နံ့သာဆီမွှေး တစ်ပုလင်း"

လင်းရဲ့ကျင်းက အို့ယိဝမ်း သူ့မျက်နှာကို ပြုပြင်ပေးနေသည်ကို မယှက်က ပြန်ပြောနေသည်။ ယင်ချွန်း၏ မျက်နှာနှင့်တူအောင် အို့ယိဝမ်းက ပြုပြင်ချယ်မှုန်းပေးနေခြင်း ဖြစ်၏။

လင်းရဲ့ကျင်း ပြုပြင်ပြီး အထည်စတစ်စနှင့် ဆီမွှေးတစ်ပုလင်း

ယူကာ လေှပေါင်းမိုးအတွင်းမှ ထွက်ခဲ့လေ၏။

"ရော့ ကျသင့်ငွေယူ"

လင်းရဲ့ကျောင်းက ငွေလှမ်းပေးသည်။ လို့ရုံရှမ်းက လှမ်းယူပြီး အကြွေစအချို့ကို ပြန်အမ်းလိုက်သေးသည်။

ပြီးလျှင် လင်းရဲ့ကျောင်းသည် ထော့နင်းထော့နင်းဖြင့် လှေသမ္ဗန် ပေါ်မှ ဆင်းသက်ခဲ့သေးသည်။

လင်းရဲ့ကျောင်း ပြန်လာပြီကို တွေ့လျှင် လီချိုရဲ့သည် လက် ထောက် ဝင်းတံခါးမှူး လူရွယ်ကို လက်ဟန်ခြေဟန်ဖြင့် အချက်ပြ လိုက်သည်။

လူရွယ်က ခေါင်းညိတ်လိုက်၏။ လီချိုရဲ့က ဝင်းအတွင်းသို့ လှမ်းဝင်သွားလေသည်။

မီးပုံးကိုင်လူလည်း လီချိုရဲ့နှင့် လိုက်ပါဝင်သွား၏။ လက် ထောက် ဝင်းတံခါးမှူးကတော့ ယင်ချွန်းဝင်လာလျှင် ဝင်းတံခါးကိုပိတ် ရန် စောင့်နေ၏။ မကြာပါ လင်းရဲ့ကျောင်း ဝင်းတံခါးရှေ့သို့ ထော့နင်း ထော့နင်းဖြင့် ရောက်လာကြသည်။

လင်းရဲ့ကျောင်းက ခေါင်းကလေးညိတ်ကာ ဝင်ခဲ့၏။ လက် ထောက် ဝင်းတံခါးမှူး လူရွယ်ကလည်း အမွေးတိုင်အိုးကို သွားယူ သဖြင့် အမှတ်မဲ့သာ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

လင်းရဲ့ကျောင်းလည်း ဝင်းအတွင်းသို့ ဝင်သွားလေသည်။

လို့ရုံရှမ်းသည် လှေသမ္ဗန်ကို ကြိုးဖြုတ်ကာ မသိမသာ လှမ်း ကြည့်လိုက်သည်။

ဝင်းတံခါးပိတ်သွားသည်ကို မြင်မှ သက်ပြင်းကို အသာချကာ



လှေကို ကမ်းစပ်မှ ခွာလာခဲ့သည်။

လှေပေါင်းမိုး အတွင်းထဲတွင် ယင်ချွန်းကာ အကြောပိတ်ခံ ထားရသဖြင့် မလှုပ်နိုင်၊ မအော်နိုင် ဖြစ်နေလေသည်။ သူ့မှာ စောင် ကြီးတစ်ထည်ဖြင့် ပတ်ထားခံရသည်။

အို့ယီဝမ်းက လို့ရုံရှမ်းအား လှမ်းပြုံးပြလိုက်သည်။ လို့ရုံရှမ်း ကလည်း ခေါင်းကို အသာဆတ်ပြကာ လှေသမ္ဗန်ပဲ့ပိုင်းသို့ လျှောက် လှမ်းလာခဲ့တော့သည်။

လှေသမ္ဗန်သည် ထွက်ခွာလာသည်။

ချောင်းရိုးအတွင်း လှော်ခတ်လာပြီး ချောင်း ကမ်းပါးတစ်နေ ရာသို့ ရောက်လျှင် ကမ်းကပ်ပေးသည်။ ထိုကမ်းစပ်တွင် မြင်းလှည်း တစ်စီး ရပ်တန့်ကာ စောင့်ဆိုင်းနေလေသည်။

လှေသမ္ဗန်မှ အို့ယီဝမ်းက စောင်ဖြင့် ပတ်ထားသော ယင်ချွန်းကို ထမ်းကာ ကမ်းပေါ်တက်ခဲ့ပြီး မြင်းလှည်းပေါ်သို့ ရောက်သွားလေ သည်။

မြင်းလှည်း မောင်းလာသူကား ထင်လျန်ကူး ဖြစ်ပေသည်။ ထင်လျန်းကူးသည် အဘွားအိုဟစ်ဉီးကဲ့သို့ ရုပ်ဖျက်ထားသည်။

မကြာပါ....လှေသမ္ဗန်လည်း ကမ်းမှ ပြန်ခွာသွားသည်။

ညသည် မှောင်မိုက်တိတ်ဆိတ် ငြိမ်သက်၍ နေသည်။

◈◈◈◈◈

၅၁။

အခန်းထဲတွင် စားပွဲခုံသုံးလုံး ချထားသည်။

စားပွဲခုံပေါ်တွင် မှန်အိမ်တစ်လုံးစီ တင်ထားပြီး မှန်အိမ်များကို ပုံးဖြင့်ထည့်ထားကာ ပုံးမျက်နှာဝက တစ်နေရာတည်းသို့ လှည့်ထား၏။ ထို့ကြောင့် မှုံးများထဲမှ မီးရောင်မှာ တစ်နေရာတည်းသို့ စုပြုံပြီး လင်းနေသည်။ မီးရောင်တွေက သမံတလင်းပေါ်ကို စူးရှစွာ ကျရောက်နေသည်။

မီးရောင်အောက် သမံတလင်းပေါ်တွင် ယင်ချွန်း ဒူးထောက်၍ ထိုင်နေသည်။ သူမသည် ကြောက်ရွံ့လွန်းလှသဖြင့် တဆတ်ဆတ် တုန်ယင်နေသည်။ သူမကို အကျဉ်းသားများ ဝတ်ဆင်သည့် ဖျင်ကြမ်း အင်္ကျီရှည် တစ်ထည် ဝတ်ပေးထားသည်။

သူမ မျက်လုံးအစုံကို မီးရောင် စုပြုံထိုးထားသဖြင့် သူမ မျက်လုံးများ ပြာဝေကာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရချေ။



သို့သော် သူမ၏ ဘေးပတ်လည်တွင် လူတွေ ငါးမယောက် ထက်မနည်း ရှိလိမ့်မည်ဟုတော့ ခန့်မှန်းမိသည်။

စားပွဲခုံတစ်လုံးစီပေါ်တွင် အို့ယိဝမ်း၊ ထင်လျန်းကွေးနှင့် လို့ရုံ ရှမ်းတို့ ထိုင်နေကြသည်။

ယင်ချွန်း၏ နောက်ဘက်တွင် ခန္ဓာကိုယ် သန်မာထွားကျိုင်း သော လူနှစ်ယောက် ရပ်နေကြ၏။

"ဝုန်း....."

လို့ရုံရှမ်းက စားပွဲကို လက်ဝါးဖြင့် ခပ်ကြမ်းကြမ်း ပုတ်လိုက်ရာ အစကတည်းက ကြောက်ရွံ့နေသော ယင်ချွန်းမှာ တစ်ကိုယ်လုံး သိမ့်ခနဲ တုန်သွားသည်။

လို့ရုံရှမ်းထံမှ ခက်ထန်တင်းမာသော စကားသံလည်း ပေါ် ထွက်လာသည်။

"မင်းတို့ကို ဘယ်သူတွေများ အောက်မေ့လို့လဲ...တို့ဟာ လေ ပွေမုန်တိုင်း အဖွဲ့သားတွေပဲ၊ မင်းကိုမေးတာ မှန်မှန်မဖြေရင် မင်းကို အပိုင်းပိုင်းပြီး သတ်မယ်"

"ကျွန်မ.....ကျွန်မ....ဘာ....ဘာကို မှန်မှန်ပြောရမှာလဲ"

"အေး.....မင်းကို စမေးမယ်၊ စုရဲ့စန်းရွာမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို မင်း သိတယ်မဟုတ်လား....."

ယင်ချွန်း အတန်ငယ် စဉ်းစားလိုက်ပြီး....

"ဘယ်ကိစ္စကို ပြောနေတာလဲ...စုရဲ့စန်းရွာမှာ သခင်ကြီးကျင်း ရဲ့ ကွယ်လွန်သွားတဲ့ အကြောင်းကိုလား....."

"အေး...ဟုတ်တယ်"

"ဒီကိစ္စကတော့ လန်ကျိုး တစ်မြို့လုံး သိနေကြတာပဲ၊ ပြီးတော့ သခင်ကြီး ကျင်းချုံ ရောဂါဖြစ်တော့ ကျွန်မတို့ရဲ့သခင်ကြီး ချောင်ပဲ သွားကုခဲ့သေးတာပဲ"

"ငါ သိချင်တာက တစ္ဆေမျက်လုံး ကျင်းချုံ သေချင်ဟန်ဆောင်တဲ့ ကိစ္စကို မဟုတ်ဘူး၊ ကျင်းချုံကို အဆိပ်ခတ်သတ်လိုက်တဲ့ အကြောင်းကို သိချင်တာ"

"အို...သခင်ကြီးချုံဟာ ကူးစက်ရောဂါကြောင့် ကွယ်လွန်သွားရတာပါ၊ အဆိပ်ခတ်သတ်ခံရတာ မဟုတ်ပါဘူး"

"မင်း လိမ်မပြောနဲ့ မှန်မှန်ပြော"

"ကျွန်မ....ကျွန်မ အမှန်ကို ပြောနေတာပါ"

"ဟေ့...သူ့ကို အမှန်အတိုင်း ဖွင့်ပြောလာအောင် လုပ်ကြစမ်း"

လို့ရုံရှမ်းက အမိန့်ပေးလိုက်သည်နှင့် ယင်ချွန်းနောက်တွင် ရပ်နေသော လူသန်ကြီး နှစ်ယောက်စလုံး လှုပ်ရှားလာသည်။ တစ်ယောက်က နံရံဒေါင့်တွင်ထားသော မီးသွေးမီးဖိုကြီးကို မယူလာပြီး ယင်ချွန်း မြင်သာအောင် ရှေ့တွင်ချ၏။ မီးဖိုထဲတွင် မီးကျီးခဲများ တောက်လောင်နေသည်။

မီးဖိုထဲတွင် သံချောင်းကြီးတစ်ချောင်းကို ထည့်ထားသဖြင့် သံချောင်းမှာလည်း ရဲရဲနီနေသည်။

တစ်ယောက်က မီးရဲနေသော သံချွန်ကို ကောက်ယူလိုက်ပြီး ယင်ချွန်းအနီးကို ချဉ်းကပ်လာသည်။



ယင်ချွန်းမှာ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် နောက်ကို ဖင်တရွတ်ရွတ် ဆုတ်သွားသည်။ သို့သော် တစ်ယောက်က ဖမ်းချုပ်လိုက်သဖြင့် မလှုပ်နိုင်တော့ချေ။

"မ...မလုပ်ပါနဲ့၊ ကြောက်ပါတယ်၊ ကြောက်ပါတယ် ရှင်...."

ယင်ချွန်းက သနားစဖွယ် အော်တောင်ပန်းနေသည်။

"ကြောက်ရင် မှန်တာ ထုတ်ပြောပါ၊ မင်းလိမ်ပြောနေဦးမယ် ဆိုရင်တော့ တို့က မညှာနိုင်ဘူး၊ မင်းမျက်လုံးနှစ်ဘက်ကို ဦးဆုံး သံပူချွန်နဲ့ ထိုးဖောက်ပစ်ရလိမ့်မယ်"

"ပြော....ပြောပါ့မယ်ရှင်"

"ကဲ....ပြောစမ်း"

"မှန် မှန်ပါတယ်...သခင်ကြီး ကျင်းချုံဟာ အဆိပ်ခတ်ခံရလို့ သေသွားရတာပါ၊ ဒါပေမယ့် သူ့ သူ့ကို အဆိပ်ခတ်သတ်တာတော့ ကျွန်မတို့ရဲ့ သခင်ကြီးချောင် မဟုတ်ပါဘူး"

"ဒါကို ငါတို့သိတယ် ....အဆိပ်ခတ်သတ်သွားတဲ့ လူဟာ ကျင်းဂေဟာက စီမံရေးမှူး လီစွန့်ပဲ"

"ဟုတ်....ဟုတ်ပါတယ်"

"လီစွန့်ဟာ အခု မင်းတို့သခင်ကြီး ချောင်ရဲ့ဂေဟာမှာ ပုန်းခိုနေတယ် မဟုတ်လား...."

ယင်ချွန်းပါးစပ် အဟောင်းသား ဖြစ်သွားပြီး ဘာမှမပြောဘဲ ငြိမ်နေသည်။

"ပြောလေ....ငါ မိပြောဖို့လည်း စိတ်မကူးနဲ့"

လို့ရုံရှမ်းက အော်လိုက်တော့မှ ယင်ချွန်း ထိတ်လန့်သွားပြီး....

"ပြော....ပြောပါ့မယ်ရှင်၊ ဟုတ်....ဟုတ်ပါတယ်၊ လီစွန့်ဟာ ကျွန်မတို့ ချောင်ဂေဟာကို ပြေးလာပါတယ်"

"တစ္ဆေမျက်လုံး ကျင်းချုံကို အဆိပ်ခတ်သတ်ဖို့ ခိုင်းတာ မင်းတို့ သခင်ကြီးချောင်ပဲ မဟုတ်လား...."

"မဟုတ်ပါဘူးရှင် ....မဟုတ်ပါဘူး၊ ဒီကိစ္စမှာ ကျွန်မတို့ သခင်ကြီးချောင်နဲ့ မပတ်သက်ပါဘူး၊ လီစွန့်ကိုလည်း မခိုင်းရပါဘူး"

"လီစွန့်က မင်းတို့သခင်ကြီးနဲ့ မပတ်သက်ဘဲနဲ့ ဘာဖြစ်လို့ ချောင်ဂေဟာကို ပြေးလာပြီး ပုန်းနေရတာလဲ...."

"ကျွန်မ ရှင်းပြပါ့မယ်၊ လီစွန့်ဟာ ကျွန်မတို့ တံခါးမှူးကြီး လီချိုရဲ့ရဲ့....တူပါ....လီချိုရဲ့ဟာ သခင်ကြီး မသိအောင် လီစွန့်ကို လက်ခံထားပြီး သူ့အခန်းမှာ ဝှက်ထားပါတယ်၊ နောက်တော့ သခင်ကြီး သိသွားပြီး ပြဿနာရှုပ်လာမှာ စိုးလို့ လီစွန့်ကိုရော လီချိုရဲ့ကိုရော အိမ်ဂေဟာက နှင်ထုတ်ပါတယ်၊ ဒါပေမယ့် လီချိုရဲ့ဟာ သခင်ကြီးကို ဘယ်လိုလုပ်လိုက်တယ် မသိဘူး၊ သခင်ကြီး ရောဂါဝေဒနာရပြီး အိပ်ရာထဲ လဲတော့တာပါပဲ"

အို့ယီဝမ်းက ဝင်မေးသည်။

"ဒါဆို ဆေးခန်းပိတ်လိုက်ရတာကကော သမားတော်ကြီး နာမကျန်း ဖြစ်နေလို့ပဲလား...."

"လီချိုရဲ့က ပိတ်ခိုင်းလို့ပါ၊ အခုဆိုရင် ကျွန်မတို့အားလုံးဟာ လီချိုရဲ့ရဲ့ ညွှန်ကြားမှုကို ခံယူနေကြရပါတယ်၊ သူက သခင်ကြီးကို



ချုပ်ကိုင်ထားတာကိုး"

"လီချိုရဲ့ဆိုတဲ့ အဘိုးကြီးဟာ ဘယ်သူလဲ....ချောင်ဂေဟာကို ဘယ်လိုရောက်လာတာလဲ...."

"လီချိုရဲ့ဟာ အစကတော့ အိမ်ဂေဟာ သန့်ရှင်းရေးအလုပ်သမားပါ၊ သူက အလည်းအနေ၊ နားလည်း ပင်းနေ၊ ခါလည်း ကုန်းနေတော့ သခင်ကြီးက သူ့ကို သနားပြီး တံခါးမှူး ခန့်လိုက်တာပါ၊ အခုတော့ သခင်ကြီးကို ပြန်ပြီး ဒုက္ခပေးနေပြီ၊ သခင်ကြီးရဲ့ စည်းစိမ်ဥစ္စာတွေကို အားလုံးအပိုင်စီးတော့မလို့လား မသိပါဘူးရှင်"

"လီစွန့်ဟာ တို့ လေပွေမုန်တိုင်း အဖွဲ့ကို ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့လူပဲ၊ တို့က သူ့ကိုဖမ်းပြီး ဆုံးမရမှာပဲ၊ တို့အပေါ် အကူအညီပေးတဲ့လူဆိုရင် တို့က ဘယ်တော့မှ အန္တရာယ်မပြုဘူး"

"ဟုတ်ကဲ့....ကျွန်မသိသလောက် အမှန်တွေ ပြောခဲ့ပြီးပါပြီ"

"မင်းပြောတာ မှန်မမှန် တို့ကလည်း စုံစမ်းဦးမှာပါ၊ တို့ စုံစမ်းပြီးလို့ မင်းပြောတာတွေ အမှန်ပဲဆိုရင် မင်းတို့ကို ကောင်းကောင်းမွန်မွန်ပြန်လွှတ်ပေးပါ့မယ်၊ တို့ စုံစမ်းနေတဲ့ ရက်အတွင်းမှာတော့ မင်းကို ဒီမှာပဲ ထိန်းသိမ်းထားရလိမ့်မယ်"

"ရှင်....ဘယ်နှစ်ရက်တောင် ကြာမှာလဲ"

"အလွန်ဆုံး ဆယ်ရက်လောက်ပါပဲ၊ မင်း သည်းခံပြီး စောင့်ပါ"

လို့ရုံရှမ်းက ပြောပြီး လက်မှောက်ပြလိုက်သဖြင့် လူသန်ကြီးနှစ်ယောက်က ယင်ချွန်းကို အခန်းထဲမှ ခေါ်ထုတ်သွားကြတော့၏။

ထိုအခါမှ လို့ရှုံရှမ်းက အို့ယိဝမ်းကို လှည့်ပြောသည်။

အစ်ကိုကြီး အယောင်ဆောင်ပြီး လူသတ်နေတဲ့ လူဟာ ဒီလ ၂၉ရက်၊ ည သန်းခေါင်အချိန်မှာ စီးချင်စန်း တောင်ကုန်းကို ရောက် လာလိမ့်မယ်လို့ ကျွန်တော်တော့ ထင်တယ် အစ်ကိုကြီး၊ ဒီနေ့ ၂၀ ရက်ဆိုတော့ ယင်ချွန်းကို ကျွန်တော်တို့ ဆယ်ရက်လောက် ချုပ်ထား ရမှာပဲ"

အို့ယိဝမ်း မျက်မှောင်ကြုတ်သွားပြီး....

"အစ်ကိုကြီး စိုးရိမ်နေတာကတော့ နဂါးညီနောင်အဖွဲ့ကို ညီလေးစန်း"

"သိပ်လည်း စိုးရိမ်စရာမလိုပါဘူး အစ်ကိုကြီး၊ ကျွန်တော်တို့ တွေ စီစဉ်ထားတာက ပထမဆုံး "တန့်" ဂေဟာမွေးမြူရေးခြံမှာ ဆုံကြ မယ်၊ ၂၉ ရက်နေ့ကျမှ စီးချင်စန်းတောင်ကုန်းက လားမားဘုန်းကြီး ကျောင်းမှာ ဟိုအတုအကောင်နဲ့ ဆုံကြမယ်မဟုတ်လား....တန့်ဂေဟာ မွေးမြူရေးခြံနဲ့ စီးချင်စန်းတောင်ကုန်းဟာ အရှာရခက်တဲ့ နေရာတွေ နဂါးညီနောင်အဖွဲ့ဟာ ဒီလောက် အချိန်တိုတိုနဲ့ ရောက်လာနိုင်ကြ မလွယ်ပါဘူး"

အို့ယိဝမ်းက ထင်လျှန်ကူးကို လှည့်ပြောသည်။

"အစ်ကိုကြီး ပြောတဲ့အတိုင်း ညီမလေးကျိုက ယင်ချွန်းဆီ သွားပြီး သူယုံကြည်မှုရအောင်လုပ်ပါ၊ ချောင်းစပ်မှာလည်း လေ့တ စင်း အသင့်ထားခိုင်းလိုက်မယ်၊ ဒါပေမယ့် သူ့ကိုတော့ စောစော ထွက်မပြေးစေနဲ့ဦးနော်၊ သူ စောစောထွက်ပြေးသွားလို့ ချောင်ဂေဟာ



ရောက်သွားရင် ညီမလေး လင်းရဲ့ကျင်းအတွက် အန္တရာယ်ဖြစ်နိုင် တယ်"

ထင်လျှန်းကူးက ခေါင်းညိတ်၍....

"ဟုတ်ကဲ့ စိတ်ချပါ အစ်ကိုကြီး၊ ယင်ချွန်းကို ကျွန်မ ဒါစား ကောင်း အသောက်ကောင်းတွေ ကျွေးပြီး ကျွန်မကို ခင်မင်အားကိုး အောင် လုပ်ထားလိုက်ပါ့မယ်"

"ဒါဆို တို့တစ်တွေ သွားကြစို့ ညီလေးစန်း"

အို့ယိဝမ်းနှင့် လို့ရှုံရှမ်းတို့လည်း တစ်ဘက်ခန်းကို ကူးခဲ့ကြပြီး အဝတ်များကို လဲလှယ်ဝတ်ဆင်ကြ၏။ သူတို့၏ မလှမ်းမကမ်းရှိ ပွဲပေါ်တွင် ယုန်နှစ်ကောင် ထည့်ထားသော ကြိမ်ခြင်းတစ်လုံး ရှိနေလေသည်။

◇◇◇◇◇

## ၁၂။

အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့နှစ်ယောက် ချောင်ဂေဟာ အနောက်ဘက်တံခါးဆီသို့ ရောက်ရှိလာကြသောအခါ ဝါးလေးချက် ခေါက်နေပြီ ဖြစ်၏။

မိုးကောင်းကင်တွင် အမှောင်ထုက စိုးမိုးနေသော်လည်း ကြယ်ပွင့်ကလေးများက များပြားလှစွာ ဝင်းလက်နေကြသည်။

လို့ရုံရှမ်း လက်ထဲတွင် ယုန်နှစ်ကောင်ပါသော ကြိမ်ခြင်းကလေးကို ဆွဲကိုင်ထားသည်။ သူသည် တံခါးမှ ကျော်၍ အမှောင်ဖုံးနေသော ခြံဝင်းကြီးထဲသို့ ဦးစွာ ဝင်လိုက်သည်။

တစ်ခြံလုံး လူသူကင်းမဲ့ပြီး တိတ်ဆိတ် ငြိမ်သက်နေသည်။

ခြံလယ်တွင် နှစ်ထပ်ရှိသော အဆောင်တစ်ဆောင်ရှိပြီး ပြတင်းပေါက်တစ်ပေါက်ကို လှမ်းမြင်ရသည်။ ပြတင်းပေါက်မှ မီးရောင်ကိုမမြင်ရသော်လည်း ပန်းအိုးဖြင့် ခိုက်ထောင်၍ ထွန်းညှိထားသော အမွှေးတိုင်သုံးတိုင်ကို မြင်ရ၏။



အို့ယိဝမ်လည်း လို့ရုံရှမ်းဘေးကို ရောက်လာပြီး အမွှေးတိုင်သုံးတိုင်ကို ကြည့်၍ တီးတိုးလေသံဖြင့် ပြောသည်။

"အမွှေးတိုင်သုံးတိုင်ကို ထွန်းထားခြင်းအားဖြင့် လင်းရဲ့ကျင်းအန္တရာယ်ကင်းရှိနေတယ်ဆိုတာ သိနိုင်ပြီ ညီလေး"

"ဟုတ်တယ် အစ်ကိုကြီး"

"ရှူး နားထောင်စမ်း....ဘာသံလဲ"

အမှောင်တွင်းမှာ ခွေးများ မာန်ဖီသံကို ကြားကြရသည်။ တစ်ခဏ်တည်းပင် ခွေးကြီးသုံးကောင် ပြေးထွက်လာသည်ကို တွေ့ကြရ၏။

"ဟာ....ခွေးတွေ"

သို့သော် သူတို့သည် လွန်စွာ ထိတ်လန့်စိုးရိမ်ခြင်းတော့ မရှိကြပါ။ ကြိုတင်ပြင်ဆင်လာကြသည့်အတိုင်း လို့ရုံရှမ်းက ယုန်နှစ်ကောင်ထည့်လာသော ခြင်းအဖုံးကို ဖွင့်လိုက်သည်။

ခြင်းထဲမှ ယုန်နှစ်ကောင် ခုန်၍ ထွက်သွားသည်။

တစ်ပြိုင်တည်းပင် အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့လည်း တစ်ဘက်ကို ခုန်လိုက်ကြ၏။

ခွေးသုံးကောင်မှာ ယုန်နှစ်ကောင်ကို မြင်ပြီး အို့ယိဝမ်းတို့ကိုအရေးမထားဘဲ ယုန်နှစ်ကောင် ပြေးသွားရာနောက်သို့ ပြေးလိုက်သွားကြသည်။

ဤတွင်မှ အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့နှစ်ဦး အမှောင်ထဲမှ ပြေးထွက်လာကြကာ နှစ်ထပ်ပေါ်သို့ ခုန်လွှားတင်လိုက်ကြပါတော့သည်။

သူတို့နှစ်ဦး ဝရန်တာပေါ်သို့ ကျသွားကြသည်။ ခြေကျသံက လုံးဝပေါ်ထွက်လာခြင်း မရှိပါ။

သူတို့နှစ်ဦး ဝရန်တာသို့ ရောက်သည်နှင့် သတိထားပြီး စောင့်ကြည့်နေဟန်တူသည်။ လင်းရဲ့ကျင်းသည် တံခါးကို ဖွင့်ဟပေးလိုက်လေသည်။

တံခါးရှေ့သို့ နှစ်ဦးသားရောက်လျှင် လင်းရဲ့ကျင်း၏ အသံက တံခါးကြားမှ တိုးတိုးညင်းညင်း ပေါ်ထွက်လာတော့၏။

"အမြန်ဝင်ခဲ့ကြပါ"

နှစ်ဦးသား ကိုယ်တစောင်းပြုပြီး အခန်းတွင်းသို့ ဝင်ခဲ့ကြ၏။

အခန်းတွင်းဝယ် မှောင်နေသည်။ သို့သော် ပြတင်းပေါက်မှ ဝင်နေသည့် အပြင်မှ အလင်းရောင် ဖျော့ဖျော့ကြောင့် တစ်ယောက်နှင့် တစ်ယောက် ရေးရေးမြင်နိုင်လေသည်။

လင်းရဲ့ကျင်း နေထိုင်သော အဆောင်မှာ နှစ်ထပ်ဖြစ်ပြီး အောက်ထပ်တွင်မူ အိပ်ခန်းများ ထားလေသည်။

အခန်းတစ်ခန်းထဲတွင် သမားတော်ကြီး ချောင်လို့ဝမ်း ရှိလေသည်။

အို့ယိဝမ်းက တီးတိုးလေသံဖြင့် လင်းရဲ့ကျင်းကို မေးလိုက်၏။

"ချောင်လို့ဝမ်း ဘယ်မှာလဲ....ရှိသလား...."

လင်းရဲ့ကျင်းက ခေါင်းညိတ်လိုက်သည်။

"ရှိပါတယ် ....ချောင်လို့ဝမ်းဟာ အသက်မြော့မြော့လေးပဲ ရှိပါတော့တယ်၊ မထနိုင်ဘူး"



အို့ယိဝမ်းနှင့် လို့ရုံရှမ်းမှာ အံ့အားသင့်သွားရသည်။

"ဘယ်လိုဖြစ်တာလဲ....သူ ဒဏ်ရာ ရထားလို့လား....ဒါမှမဟုတ် ရောဂါဝေဒနာ ခံစားရလို့ ဖြစ်သွားတာလား...."

လို့ရုံရှမ်းက မေးလိုက်လေသည်။

"ကြည့်ရတာ ရောဂါကြောင့်လို့ ထင်ရတာပဲ၊ ပိန်လိုက်တာလည်း အရိုးပေါ် အရေတင် ဖြစ်နေတာပဲ၊ ရေတောင်မှ အနိုင်နိုင်မသောက်ရရှာတယ်"

"ဒီလိုဆိုရင် ယင်ချွန်းပြောတဲ့ စကားတွေဟာ အမှန်တွေပဲဖြစ်နေပြီ"

လို့ရုံရှမ်းက လင်းရဲ့ကျင်းကို လှမ်းကြည့်ပြီး တီးတိုးပြောလိုက်၏။

"ကဲ....ညီမလေး လင်း၊ တို့ကို ခေါ်သွားပါ၊ ချောင်လို့ဝမ်းကို သွားကြည့်မယ်"

"ဟုတ်ကဲ့....ကျွန်မနောက်ကသာ လိုက်ခဲ့ပါ"

လင်းရဲ့ကျင်းလည်း အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့ နှစ်ယောက်ကို ခေါ်ထွက်ခဲ့လေသည်။ သူမက အပြင်သို့ ဦးစွာထွက်ပြီး အရိပ်အခြည်ကြည့်ကာ စိတ်ချမှ ဆက်သွားလေသည်။

သို့ဖြင့် ချောင်လို့ဝမ်း၏ အခန်းတွင်းသို့ ရောက်ရှိလာခဲ့၏။

လင်းရဲ့ကျင်းက အို့ယိဝမ်းနှင့် လို့ရုံရှမ်းကို ချောင်လို့ဝမ်း ခုတင်ရှေ့သို့ ခေါ်လာခဲ့လေ၏။

စားပွဲပေါ်တွင် မီးအိမ်မှ အလင်းရောင်က မှိန်မှိန်လင်းနေသည်။

လင်းရဲ့ကျင်းက အခန်းတံခါးကို အသာသွားပိတ်လိုက်ပြီး မှန်အိမ်မှ မီးစာကို အနည်းငယ်မြှင့်တင်လိုက်သည်။

ထိုအခါ အခန်းတွင်းဝယ် အလင်းရောင် ပိုလာသည်။

မီးရောင်အောက် ခုတင်ပေါ်တွင် ဆန့်ဆန့်ကြီး ပက်လက်လှဲလျောင်းနေသော လူတစ်ယောက်ကို တွေ့မြင်ရသည်။

အရိုးပေါ် အရေတင်မျှ ပိန်လှီလှသော အဘိုးအိုတစ်ဦးပင် ဖြစ်၏။ တကယ့်ကို နှစ်ရှည်လများ မမာမကျန်း ဖြစ်နေသည့် လူမမာ ရုပ်မျိုးအသွင် ဖြစ်သည်။

ချောင်လို့ဝမ်းပင် ဖြစ်လိမ့်မည်ဟု အို့ယိဝမ်းတို့ သိလိုက်ကြ၏။

ချောင်လို့ဝမ်း၏ အသားအရေမှာ ညိုမြည်းမှည်း ဖြစ်နေပြီး မျက်လုံးကြီး ဟောက်ပက်နှင့် မျက်နှာကြီးမှာ အရိုးခေါင်းခွံကြီးနှင့်ပင် တူနေပါတော့သည်။

မျက်လုံးအစုံမှ ပြူးကျယ်စွာ ဖွင့်ဟထားလေသည်။ အသက်ကို ပြင်းပြင်းရှူနေသောကြောင့်ပင် အသက်ရှင်လျက် ရှိနေသေးကြောင်း သိရှိနိုင်လေသည်။

လို့ရုံရှမ်းက ချောင်လို့ဝမ်း၏ လက်ကောက်ဝတ်သွေးကြောကို စမ်းသပ်ကြည့်လိုက်သည်။ ချောင်လို့ဝမ်း၏လက်မှာ အေးစက်စက် ဖြစ်နေပြီး သွေးခုန်နှုန်းက လွန်စွာ အားနည်းနေသည်။

အို့ယိဝမ်းက လို့ရုံရှမ်းကို တီးတိုးမေးလိုက်၏။

"ညီမလေးဝမ်း....သူဟာ တကယ်ပဲ ရောဂါဖြစ်နေလို့ ဒီအခြေ အနေမျိုး ရောက်နေတာလား....မင်း ထင်မြင်ချက် ပြောပါဦး"



လို့ရုံရှမ်းက ခေါင်းခါပြလိုက်ပြီး ဘာမှ ပြန်မပြောဘဲ သမားတော်ကြီး ချောင်လို့ဝမ်းကိုသာ သေသေချာချာ စူးစိုက်၍ ကြည့်နေလေသည်။

အို့ယိဝမ်းက ထပ်မံ၍ ပြောလေသည်။

"သူ့ အဆိပ်များ မိထားလို့လား...."

လို့ရုံရှမ်းက စဉ်းစားနေသည်။ အတန်ကြာမှ....

"ကျွန်တော့်အမြင်ကို ပြောရရင် သူဟာ အဆိပ်မိတာလည်း မဟုတ်ဘူး၊ ရောဂါကြောင့်လည်း မဟုတ်ဘူး၊ ဒီအဘိုးကြီးဟာ သမားတော်ကြီး ချောင်လို့ဝမ်း မဖြစ်နိုင်ဘူး"

အို့ယိဝမ်းပါမက လင်းရဲ့ကျင်းပါ အံ့အားသင့်သွားကြလေသည်။

လို့ရုံရှမ်းက အဘိုးအို၏ရင်ဘတ်ကို ရုတ်တရက် ညာလက်ဖါးဖြင့် ရိုက်ပုတ်ထည့်လိုက်၏။ ဘုတ်ဟူသော ခပ်အုပ်အုပ်ထိရိုက်သံ ပေါ်ထွက်လာလေသည်။

အို့ယိဝမ်းကပင် မတားလိုက်နိုင်၊ လို့ရုံရှမ်းသည် အသက်ငင်နေသည့် လူမမာကို မည်သို့ လုပ်လိုက်လေသနည်းဟု တွေးလိုက်၏။

"ဟာ...."

"ဟင်...."

အို့ယိဝမ်းနှင့် လင်းရဲ့ကျင်းတို့ နှစ်ဦးစလုံး ထိတ်လန့်အံ့သြသွားကြကုန်သည်။ အဘယ်ကြောင့်ဆိုသော် လူမမာ အဘိုးအိုသည် ပေါက်ခနဲ ထထိုင်လိုက်သောကြောင့်ပင် ဖြစ်သည်။

လျှင်မြန်သောလက်ဖြင့် အဘိုးအို၏ညာလက်က လို့ရုံရှမ်း၏ ဘယ်လက်ကောက်ဝတ်ကို ဖမ်းဆုပ်ဆွဲထားမိတော့သည်။

အဘိုးအို၏ မျက်လုံးအစုံ အတွင်းမှ အလင်းရောင်တွေ တောက်ပလာတော့သည်။

"ဟေး....ဟေး....ဟေး.... လို့ရုံရှမ်း မင်း သိပ်တော်တဲ့လူပဲ၊ ဒါပေမယ့် မင်း အခု နောက်ကျသွားပြီ မဟုတ်လား...."

လို့ရုံရှမ်းမှာ သူ့ ဘယ်လက်ကောက်ဝတ်ကို အဘိုးအိုက ဆုပ်ကိုင်ဖမ်းညှစ်ထားခြင်း ခံရသဖြင့် လွန်မင်းစွာ ထိတ်လန့်သွားသည်။ ရုန်း၍လည်း မလွယ်ကူမှန်း သိသည်။ အဘိုးအိုသာ အတွင်းအားသုံး၍ ညှစ်လိုက်လျှင် မိမိမှာ အကြောပိတ်ပြီးသား ဖြစ်သွားရပေတော့မည်။

"အစ်ကိုကြီးတို့ အမြန် ထွက်ကြပါ"

လို့ရုံရှမ်းက အို့ယိဝမ်းနှင့် လင်းရဲ့ကျင်းကို သတိပေး ပြောကြားလိုက်လေသည်။

"ဟား...ဟား...ဟား...ထွက်လို့ရတော့မှာလား...ဘယ်သူမှ ထွက်ဖို့ ပြန်ဖို့ မစဉ်းစားကြပါနဲ့တော့"

အခန်းအပြင်မှ ရယ်မောပြောဆိုသံကြီး ပေါ်လာပါတော့သည်။

"ဝုန်း...."

အခန်းတံခါးကို အပြင်မှ ကန်ဖွင့်လိုက်ခြင်း ဖြစ်သည်။

လူတစ်ယောက် ခုန်ဝင်လာတော့သည်။ "ဟူး"ခနဲ လေခတ်သံ ပေါ်ထွက်လာပြီး စားပွဲပေါ်မှ မှေးမှိန်စွာ လင်းနေသော မီးအိမ်မှာ



ငြိမ်းသေသွားလေသည်။

ဝင်လာသောလူကို သေချာ မမြင်ရမီမှာပင် အမှောင်ကျသွားသည်။ သို့သော် ပြတင်းပေါက်မှ ဝင်နေသော အလင်းရောင် မှုန့်မွှားမွှားဖြင့် လူရိပ်ကို တွေ့ရသည်။

ထိုစဉ်မှာပင် အဆောင်ပတ်လည်မှ လှုပ်ရှားပြေးလွှားသံများ ပေါ်ထွက်လာသည်။

အဆောင်ကို လူတွေ ဝိုင်းရံနေကြပြီ ဖြစ်၏။

အဆောင်ကို ဝိုင်းရံလာကြသော လူတွေမှာ မီးပုံးတွေ၊ ဓားလှံ လက်နက်တွေ ကိုင်ဆောင်ထားကြလေသည်။

အို့ယိဝမ်းက ခုန်လွှားဝင်လာသော လူရိပ်ကို ဓားဆွဲထုတ်လိုက်ပြီး ထိုးခုတ်လိုက်လေသည်။ ထိုလူရိပ်သည် အို့ယိဝမ်း၏ ဓားချက်ကို ထိုးမခံဘဲ ပြန်ခုန်ဆုတ်သွားလေ၏။

လင်းရဲ့ကျင်းမှာ မည်သည့် လက်နက်မှ မပါခဲ့ပါချေ။

လို့ရုံရှမ်းလည်း သူ့လက်ကို ဖမ်းဆုပ်ထားသော အဘိုးအို၏ ညာလက်ကို သူ့ ညာလက်ဖြင့် ဖမ်းညှစ်ထားလေသည်။ တစ်ဦးနှင့် တစ်ဦး မလွှတ်ဘဲ ဆုပ်ကိုင်ထားကြသဖြင့် မခွဲနိုင်ဘဲ ဖြစ်နေလေသည်။

လို့ရုံရှမ်း၏ နောက်ကျောတွင် ဓားကိုလွယ်ထားကြောင်း တွေ့ရသဖြင့် လင်းရဲ့ကျင်းက ပြေးဆွဲယူလိုက်၏။

"ညီမလေး လင်း...အခန်းပေါက်ကို စောင့်ကြည့်နေပါ၊ အဘိုးကြီးကို ငါရှင်းမယ်"

အို့ယိဝမ်းက လင်းရဲ့ကျင်းကို လှမ်းပြောလိုက်လေသည်။

လင်းရဲ့ကျောင်းလည်း အခန်းတံခါးပေါက်ကို ဆွဲပိတ်လိုက်ပြီး လျှင် ပြတင်းပေါက်ရှိရာသို့ ပြေးသွားပြီး ဖွင့်ကြည့်လိုက်၏။

"အား ...."

လင်းရဲ့ကျောင်း အထိတ်တလန့် အော်ဟစ်ပြီး နောက်သို့ ခုန်ဆုတ်မိတော့၏။ လက်ထဲမှ ဓားကိုလည်း လွှတ်ချလိုက်မိသည်။

"ဘာဖြစ်လို့လဲ ညီမလေး လင်း"

အို့ယိဝမ်းက အထိတ်တလန့် မေးလိုက်သည်။

လင်းရဲ့ကျောင်းက အောက်မှ လွှတ်ကျသွားသော ဓားကို ပြန်ကောက်လိုက်သဖြင့် ပခုံးပြင်ကို ထိသွားသည်။

ထိုသို့ ပြောနေစဉ် အခန်းတံခါးကို ကန်လိုက်သံ ပေါ်ထွက်လာသည်။

ဝုန်း.... ဟူသော အသံနှင့်အတူ အခန်းတံခါးက ပွင့်သွားရပြန်သည်။ လူနှစ်ယောက် ပြေးဝင်လာ၏။

အို့ယိဝမ်းက လို့ရှုံရှမ်းကို မကူနိုင်သေးဘဲ အော်ဟစ်မာန်သွင်းကာ တံခါးပေါက်မှ ဝင်လာသော လူနှစ်ယောက်ကို ဆီးတိုက်လေ၏။

ဓားချင်း ထိခတ်သံများ ပြင်းထန်စွာ ပေါ်ထွက်လာသည်၊ ဝင်တိုက်သည့် လူနှစ်ယောက်မှာ အို့ယိဝမ်း၏ ဓားချက်ကို မခံနိုင်ကြဘဲ ခုန်ဆုတ်သွားပြန်သည်။

အို့ယိဝမ်းမှာ လွန်မင်းစွာ ထိတ်လန့်သွားရသည်။ အဘယ်ကြောင့်ဆိုသော် သူ ထိုးခုတ်လိုက်သော လူနှစ်ယောက်၏ မျက်နှာပြင်များကို မှုန်ဝါးဝါးသော အလင်းရောင်ဖြင့် မြင်တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။



ထိုလူနှစ်ယောက်ကား နဂါးညီနောင်အဖွဲ့မှ ခေါင်းဆောင်နှစ်ဦးဖြစ်သော လုံပိုက်ထောင်နှင့် လုံပိုက်ချန်းတို့ ဖြစ်လေသည်။

"နဂါးညီနောင် အာမခံဌာနမှလူများ အဘယ်ကြောင့် ဤချောင်ကဟာသို့ ရောက်နေကြပါသနည်း။

အို့ယိဝမ်းက လို့ရှုံရှမ်းကို ဖမ်းချုပ်ထားသော အဘိုးအိုကို လှမ်းမေးလိုက်တော့၏။

"အဘိုးကြီး ခင်ဗျား ဘယ်သူလဲ...."

ထို ပိန်လိုလှသော အဘိုးအိုက တဟားဟား ရယ်သွမ်းလိုက်ပြီ....

"ကျုပ်လား ကျုပ်နာမည် တုံ့ကျိုလို့ ခေါ်တယ်၊ ဘွဲ့နာမည်က ဂါးကောင်ရေး ဘိုးဘိုးပဲ၊ မြေးအဘိုးသိုင်းသမားလို့လည်း ခေါ်တယ်၊ အာမဌာနက အပြင်ကနေ လောက်စာလုံးလေးနဲ့ ပစ်လိုက်သူက ကျုပ်မြေးလေး တုံ့ရှန်းအော်ပေါ့ ....ဟား....ဟား....ဟား...."

◇◇◇◇◇

## ၁၃။

"မြေးအဘိုး သိုင်းသမား ဝါးတောင်ရေးဘိုးဘိုးတဲ့ကျို့လား...
ဘယ်လိုဖြစ်လို့ ဒီကိုရောက်နေကြတာလဲ...."

အဘိုးအို တဲ့ကျို့က ရယ်မောလိုက်သည်။

"ကျုပ်တို့အမြေးအဘိုး နှစ်ယောက်ဟာ နာမည်ကျော် လေပ
မုန်တိုင်းအဖွဲ့နဲ့ တွေ့ချင်တာကြာပြီ...ခုမှပဲ အဓိကခေါင်းဆောင်တွေ
တွေ့ရတော့တယ်"

"ကျွန်တော်တို့ လေပွေမုန်တိုင်းနဲ့ ဆရာကြီးတို့မြေးအဘိ
ဘာပြဿနာမှ မဖြစ်ခဲ့ဘဲနဲ့ ဆရာကြီး ဘာကြောင့် ကျွန်တော်တို့
ရန်မူချင်ရတာလည်း ခင်ဗျာ...."

အဘိုးအို တဲ့ကျို့ ရယ်မောလိုက်ပြီး....

"ကျုပ်တို့ မြေးအဘိုးဟာ နဂါးညီနောင်အဖွဲ့ကို ဝင်ပြီး အက
အညီပေးတာပေါ့၊ မင်းတို့ကို မေးပါရစေဦး....နဂါးညီနောင်အဖွဲ့



မင်းတို့ ဘာရန်စမှ မရှိဘဲ ဘာကြောင့် သူတို့ရဲ့လုပ်ငန်းကို ဖျက်ပြား
အောင် ပစ္စည်းလုယူကြရတာလဲ...."

ဤတွင် လင်းရဲ့ကျင်းက ဝင်ပြောလိုက်သည်။

"နဂါးညီနောင် အာမခံဌာနကို လေပွေမုန်တိုင်းအဖွဲ့က ပစ္စည်း
တွေကို လုယူခဲ့ပေမယ့် ပစ္စည်းပိုင်ရှင်က ပြန်အလျော်မတောင်းခဲ့ဘူး
မဟုတ်လားရှင်"

အဘိုးအိုတဲ့ကျို့က ခေါင်းခါပြလိုက်ပြီး....

"မဟုတ်သေးပါဘူးလေ...အာမခံဌာနဆိုတာ ပစ္စည်းလုယက်
ခံရရင် ပစ္စည်းကို ပြန်ရအောင် မလုပ်ပေးနိုင်ရင် နာမည်ပျက်သွား
တာပေါ့၊ ပစ္စည်းရှင် ပြန်အလျော်မတောင်းပေမယ့်လည်း ပစ္စည်းက
တော့ ရှိရှိ မရှိရှိ ပြန်ရအောင် လိုက်ရမှာပဲ၊ ဒါဟာ တာဝန်ပဲ၊ ကိုယ့်
တာဝန် ကိုယ်ထမ်းနေတာ ပစ္စည်းရှင်နဲ့လည်း မဆိုင်ဘူး၊ ပစ္စည်းတန်
ဖိုးနဲ့လည်း မဆိုင်ဘူး"

လင်းရဲ့ကျင်းက မေးခွန်းတစ်ခုကို မေးလိုက်လေသည်။

"တကယ်လို့ ပစ္စည်းသေတ္တာကို လုယက်တဲ့သူဟာ ပစ္စည်း
ပိုင်ရှင်ကိုယ်တိုင်ဖြစ်နေရင်ကော ဘယ့်နှယ်ဆောင်ရွက်မလဲရှင့်...."

အဘိုးအိုတဲ့ကျို့ အံ့အားသင့်သွားရတော့သည်။

"မင်း ဘယ်လို ပြောလိုက်တယ်၊ ကျုပ် သဘောမပေါက်ဘူး"

"ဒီလိုပါ ကျွန်မ ရှင်းပြပါ့မယ်"

"ညီမလေးလင်း သူ့ကို ရှည်ရှည်ဝေးဝေး ရှင်းပြ ပြောပြမနေပါ
နဲ့တော့...သူပြောနေတာ ရှင်းနေပါပြီ...ပစ္စည်းလုယက်ခံရရင် ပြန်

နအောင် လိုက်ဖို့ဟာ သူတို့တာဝန်ပဲတဲ့....ဒီတော့ ပြောပြနေလို့လည်း အပိုပါပဲ၊ သူ လက်ခံမှာ မဟုတ်ဘူး၊ သူ လက်ခံရမယ် ဟိုနဂါးညို နောင်က လက်ခံချင်မှ ခံမှာ"

အို့ယိဝမ်းက ဝင်ပြောလိုက်လေသည်။ အဘိုးအိုတဲ့ကျို့က အို့ယိဝမ်းစကားကို ကြားလျှင် တဟားဟား ရယ်သံပြုလိုက်ပြီးမှ....

"အို့ယိဝမ်း မင်းတို့ သုံးယောက်စလုံး ဟောဒီ အဆောင်ထဲကနေ အပြင်ကို ထွက်ပြေးလို့ ရလိမ့်မယ် ထင်နေသလား...."

"ကျုပ်တို့ ကြိုးစားရမှာပေါ့ဗျာ...."

"ကြိုးစားကြည့်မယ် ....ဟား ....ဟာ ....ဟား ....အို့ယိဝမ်းအပြောကတော့ တကယ့်လူပဲဟေ့....သိုင်းပညာတော့ မယှဉ်ဘူးသေးလို့ မသိသေးဘူး"

"ရပါတယ်....ကျုပ်စားကွက်လေးတွေကို အကဲခတ်ကြည့်ပါဦး...."

အို့ယိဝမ်းက ပြောပြောဆိုဆိုနှင့် ခုတင်ရှိရာသို့ ခုန်လွှားသွားလေ၏။

အဘိုးအိုတဲ့ကျို့သည် ညာလက်မှ လို့ရုံရှမ်း၏ လက်ကောက်ဝတ်ကို မလွှတ်ဘဲ ဆုပ်ကိုင်ထားသည်။ သူ့ ဘယ်လက်ကမူ လွတ်နေသည်။ လို့ရုံရှမ်းက အဘိုးအိုတဲ့ကျို့၏ ညာလက်ကို လက်ကောက်ဝတ်မှ ပြန်ဆုပ်ဖမ်းထားလေသဖြင့် နှစ်ဦးစလုံး လှုပ်ရှား၍ မလွယ်ဘဲ ဖြစ်နေသည်။

အို့ယိဝမ်းက ဓားဖြင့် အဘိုးအို တဲ့ကျို့ကို ပြေးခုတ်လိုက်လျှင်



အဘိုးအိုတဲ့ကျို့သည် လို့ရုံရှမ်းကို ဆွဲလိုက်ကာ ရှေ့တွင် ဆီးကာလိုက်လေ၏။

အို့ယိဝမ်းမှာ လို့ရုံရှမ်းကို ထိသွားမည်စိုးသဖြင့် အဘိုးအိုတဲ့ကျို့သည် လို့ရုံရှမ်းတို့ ရှေ့တွင် အကာအကွယ်ပြု၍သာ ရှောင်ရှားနေလေသည်။ အို့ယိဝမ်းမှာ အဘိုးအိုကို ထိုးခုတ်၍ မလွယ်အောင် ဖြစ်ရလေ၏။

ထိုသို့ဖြစ်နေစဉ် လူတစ်ယောက် ပြတင်းပေါက်မှ ခုန်ဝင်လာ၏။

ထိုလူကား ရေလှိုင်းသမား လောင်ဆွေဖုန်း ဖြစ်တော့သည်။ လောင်ဆွေဖုန်းသည် လင်းရဲ့ကျင်းနှင့် ရင်ဆိုင်ပြီး တိုက်ခိုက်မှတ်ပါတော့သည်။

အို့ယိဝမ်းမှာ လင်းရဲ့ကျင်းအတွက် စိုးရိမ်ပိုကာ အဘိုးအိုတဲ့ကျို့ကို မတိုက်တော့ဘဲ လောင်ဆွေဖုန်းကို တိုက်ခိုက်လေ၏။

လောင်ဆွေဖုန်းမှာ အို့ယိဝမ်းနှင့် လင်းရဲ့ကျင်းတို့နှစ်ယောက် တိုက်သည်ကို မခံနိုင်တော့ဘဲ တံခါးပေါက်မှ ခုန်ဆုတ်သွားတော့၏။ ထို၌တွင် နဂါးညီနောင် လုံပိုက်ထောင်နှင့် လုံပိုက်ချုန်းတို့ ဝင်ရောက်လာကြပြန်၏။

အို့ယိဝမ်းမှာ ဒေါသ လွန်မင်းစွာထွက်လာခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် ဓားကွက်များမှာ သွက်လက်သလို ပြင်းထန်ခဲ့တော့၏။

လို့ရုံရှမ်းမှာ အဘိုးအိုတဲ့ကျို့၏ ဖမ်းဆွဲထားမှုကို လွတ်အောင် ရုန်းမရလျက် ရှိသည်။ သူက အံကိုကြိတ်၍ ရုန်းဖယ်လိုက်ရာ အဘိုး

အိုတဲ့ကျိုမှာ ယိမ်းယိုင်သွားတော့သည်။

"ဟိုင်း...."

လို့ရုံရှမ်း အော်ဟစ်မာန်သွင်းပြီး ခုတင်ပေါ် တက်လိုက်၏

အဘိုးအိုတဲ့ကျိုလည်း လက်ကို မလွှတ်ဘဲ ရှိသဖြင့် မြောက်ပါလာ

တော့သည်။

"ဝုန်း...."

ခုတင်ပေါ်သို့ နှစ်ယောက်စလုံး ထိုးကျပြီး ခုတင်ကြီး ကျိုးကျ

သွားတော့သည်။ အဘိုးအို တဲ့ကျိုပေါ်သို့ ခုတင်တိုင် တစ်ချောင်းက

ပြုတ်ကျလေသည်။

"အား...."

အရှိန်က ပြင်းသဖြင့် အဘိုးအိုတဲ့ကျိုမှာ နာကျင်သွားပြီး အော်

ဟစ်မိလေသည်။

လို့ရုံရှမ်းက အဘိုးအို တဲ့ကျိုကို လက်ဝါးသိုင်းကွက်တစ်ကွက်

ဖြင့် ခုတ်ရိုက်လေသည်။ ယင်းကဲ့သို့ တိုက်ခိုက်လိုက်ခြင်းမှာ စွန့်စား

လိုက်ခြင်းလည်း ဖြစ်ပေသည်။

အဘိုးအိုတဲ့ကျိုကို တစ်ချီတည်း အလဲ တိုက်ခိုက်လိုက်ခြင်း

ဖြစ်၏။

"ဖြန်း...."ဟူသော လက်ဝါးချင်း ထိနိုက်သံ ပေါ်ထွက်လာ

သည်။

အဘိုးအိုတဲ့ကျိုသည် ဘယ်လက်ဝါးကို ဆန့်ထုတ်ကာ လို့ရုံ

ရှမ်း၏ ရိုက်နှက်ချက်ကို ဆီးတွန်းလိုက်သဖြင့် မြည်သွားခြင်း ဖြစ်၏။



"ဟိုင်း...."

"ဖုန်း...."

လို့ရုံရှမ်း နောက်သို့ ယိမ်းယိုင်အသွားတွင် ဘယ်ခြေဖြင့် လှမ်း

ပေါက်လိုက်ရာ ကောင်းစွာ ထိမိသွားတော့သည်။

အဘိုးအိုတဲ့ကျို၏ ဝမ်းဗိုက်ကို ထိသွားခြင်း ဖြစ်သည်။

လို့ရုံရှမ်းက ကိုယ်ကို တစ်ပတ်လှည့်ကာ ဘယ်ခြေဖြင့်ပင်

ထပ်မံ ပေါက်လိုက်ပြန်သည်။

အဘိုးအိုတဲ့ကျိုသည် ကိုယ်ကြီး ကိုင်းညွှတ်သွားသော်လည်း

နောက်ထပ် ဝင်လာသည့် လို့ရုံရှမ်း၏ ခြေထောက်ကို ညာလက်ဝါး

ဖြင့် ရိုက်ခုတ်လိုက်သည်။ ဒုတ် ဟူသော အသံနှင့်အတူ လို့ရုံရှမ်းမှာ

ခြေထောက် တစ်ချောင်းလုံး ကျဉ်တက်သွားကာ ခြေမွဲရိုးပင် ကျိုး

သွားပြီလောဟု ထင်မှတ်မိတော့သည်။

"အား...."

"အီး...."

နှစ်ဦးစလုံး ပြိုင်တူလိုလို လဲကျသွားတော့၏။

လင်းရဲ့ကျင်းမှာ ညာလက်ပခုံးပြင်ကို လောက်စလုံးထိထား

သဖြင့် ညာလက်တစ်ချောင်းလုံး လှုပ်ရှားတိုင်း နာကျင်နေလေသည်။

အဘိုးအိုတဲ့ကျိုနှင့် လို့ရုံရှမ်း လဲကျသွားသည်ကို မြင်လျှင်

ပါလက်မှ ဓားကို ကိုင်ကာ ပြေးလွှားချဉ်းကပ်သွားလေ၏။ လင်းရဲ့

ကျင်းမှာ ကြမ်းပြင်ကိုသာလျှင် ခုတ်မိ၏။

အဘိုးအိုတဲ့ကျိုကား လျင်မြန်စွာပင် ခုန်လွှားထလိုက်ပြီး

ပြတင်းပေါက်ဆီသို့ ပြေးလွှားသွားလေသည်။

ပြတင်းပေါက်မှ ခုန်ဆင်းသွားတော့၏။

လို့ရှုံရှမ်းလည်း လဲနေရာမှ ခုန်ထလိုက်၏။ သူ့ ရင်ဖုံးအိတ်ထဲမှ သံမဏိယပ်တောင်ကို ကမန်းကတန်း ထုတ်ယူလိုက်လေတော့၏။

ထိုအချိန်တွင် အို့ယိဝမ်းမှာ နဂါးညီနောင် လုံပိုက်ထောင်နှင့် လုံပိုင်ချန်းတို့ကို တိုက်ခိုက်နေသည်။

လို့ရှုံရှမ်းနှင့် လင်းရဲ့ကျင်းတို့လည်း အို့ယိဝမ်းကို ပြေးကူလိုက်တော့သည်။

နဂါးညီနောင် လုံပိုက်ထောင်နှင့် လုံပိုက်ချန်းတို့ညီအစ်ကိုနှစ်ယောက်လည်း ဆုတ်သွားကြကာ လှေကားမှ ပြေးဆင်းသွားကြလေသည်။

"အစ်ကိုကြီး ကျွန်တော်တို့ ဒီပေါ်မှာ ဆက်နေလို့ မဖြစ်ဘူး၊ ကြာရင် ပိတ်မိနေလိမ့်မယ်၊ ဆင်းကြစို့"

လို့ရှုံရှမ်းက ပြောလိုက်၏။ အို့ယိဝမ်းက ခေါင်းညိတ်ကာ...

"အေး...တို့က ပြတင်းပေါက်ကပဲ ခုန်ဆင်းကြမယ်၊ အောက်ရောက်မှ တိုက်ခိုက်ပြီး ထိုးဖောက်ရတော့မှာပဲ"

သုံးယောက်သား ပြတင်းပေါက်ဆီသို့ ချဉ်းကပ်သွားကြ၏။

အံ့သြဖွယ်ကောင်းလှသည်။ ပြတင်းမှ ငုံ့ကြည့်လိုက်ကြရာ အိမ်ကို ဝိုင်းရံထားသောလူများကို တစ်ယောက်မျှမတွေ့မြင်ရတော့ စောစောက ဆူညံစွာ ဟစ်အော်နေသော အသံများလည်း မကြားရ



တော့ချေ။

"သူတို့ ကျွန်တော်တို့ကို ထောင်ချောက်ဗျူဟာ ဆင်ထားပြီနဲ့ တူတယ် အစ်ကိုကြီး"

"ဘာပဲဖြစ်ဖြစ် ဆင်းရမှာပဲ"

"အစ်ကိုကြီး မျက်နှာကို ပဝါစည်းလိုက်ပါဦး.... ကျွန်တော်တို့ဆင်းကြမယ်"

အို့ယိဝမ်းခါးတွင် ထိုးထားသော ပဝါမှာ မရှိတော့၊ ဘယ်ဆီသို့ ကျကျန်ရစ်ခဲ့မှန်း မသိပါချေ။

"ဟာ....ငါ့ပဝါ ဘယ်ကျလဲ မသိဘူး၊ မရှိတော့ဘူး"

အို့ယိဝမ်းက ရေရွတ်လိုက်၏။ ဤတွင် လင်းရဲ့ကျင်းက သူမ၏ ရင်ဖုံးအိတ်ထဲမှ ပန်းရောင်ပဝါ တစ်ထည်ကို ဆွဲထုတ်ပေးလိုက်သည်။

"ရော့....အစ်ကိုကြီး၊ ကျွန်မရဲ့ပဝါကိုပဲ အမြန်စည်းထားပါတော့"

အို့ယိဝမ်းလည်း ငြင်းပယ်မနေတော့ဘဲ လင်းရဲ့ကျင်းပေးသော ပဝါဖြင့် မျက်နှာကို စည်းလိုက်တော့သည်။

လင်းရဲ့ကျင်း၏ ပဝါလေးမှာ မွှေးကြိုင်နေသည်။ ကိုယ်သင်းနံ့လော၊ ရေမွှေးနံ့လော ဟူ၍ မပြောတတ်ပါပေ။

အို့ယိဝမ်းမှာ မိန်းမပျိုလေး လင်းရဲ့ကျင်း၏ ပဝါဖြင့် မျက်နှာကို စည်းပြီးနောက် ဦးဆုံး ပြတင်းပေါက်မှ ကိုယ်ဖော့ပညာသုံးကာ ခုန်ချလိုက်၏။ အို့ယိဝမ်း နောက်မှ လို့ရှုံရှမ်းနှင့် လင်းရဲ့ကျင်းတို့ ခုန်ဆင်း

လိုက်ပါလေတော့သည်။

သုံးဦးသား မြေပေါ်သို့ ခြေချမိလျှင် သောဘီဝန်းကျင်ကိုလည်း လှည့်ပတ်ကြည့်ရာ တိတ်ဆိတ် ငြိမ်သက်နေပြီ လူရိပ်လူရောင် မမြင် ရဘဲရှိ၏။

"သတိထားကြနော်....ဒီလူတွေ ဘယ်နေရာမှာ ပုန်းနေလဲ မသိဘူး"

အိုယိဝမ်းက ပြောလိုက်၏။ သူတို့သည် ခြေလှမ်း ခပ်သွက် သွက်ဖြင့် ထွက်ခဲ့တော့သည်။

ဝင်းတံတိုင်းဆီသို့ ရှေ့ရှုပြေးခဲ့ကြသည်။ ဤတွင် သူတို့ ခြေလှမ်းများ ရပ်တန့်လိုက်ရတော့သည်။ အဘယ်ကြောင့်ဆိုသော် ဝင်းနံရံပေါ်သို့ အပြင်ဘက်မှလူများ ခုန်လွှားတက်ရပ်လိုက်သော ကြောင့် ဖြစ်ပေတော့သည်။ မီးရောင်တွေက ထိန်လင်းလာခဲ့သည်။

ထိုလူတွေအားလုံးမှာ နဂါးညိုနောင်ပစ္စည်း အာမခံပို့ဆော ရေး၌ာနမှ အဖွဲ့သားတွေချည်း ဖြစ်ကြတော့သည်။ အချို့က မီးပုံးတွေ ကို ကိုင်ထားကြ၏။ ဝင်းနံရံပေါ်မှ လူတစ်ယောက် မြေပြင်ပေါ်သို့ ခုန်ဆင်းလာကြသည်။ ထိုလူသည် ညာလက်တွင် ဓားရှည်ကို ကိုင်ထား လေသည်။

"လျှုယင်"

လို့ရုံရှမ်းက တိုးတိုး ရေရွတ်လိုက်မိတော့သည်။

ဟုတ်ပေသည်။ ထိုလူကား လျှုယင်ပင် ဖြစ်သည်။

လျှုယင်သည် ခြေလှမ်း မှန်မှန်ဖြင့် လျှောက်လာပြီး အိုယိဝမ်း



တို့ရှေ့တွင် ရပ်တန့်လိုက်ကာ ဓားကိုကိုင်ထားလျက်က ကိုယ်ကိုရှေ့သို့ အနည်းငယ် ကိုင်းညွတ်၍ ဦးညွှတ်အရိုအသေပေးလိုက်၏။ သူက တလေးတစား နှုတ်ဆက်ခြင်းသာ ဖြစ်လေသည်။

"နာမည်ကျော် လေပွေမုန်တိုင်း အဖွဲ့ခေါင်းဆောင်ကြီး အိုယိ ဝမ်းကိုယ်တိုင်လာပြီး ထောင်ချောက် အမိခံရပြီ... ဟင်း....ဟင်း.... ကျုပ်ရဲ့ ကြံစည်စီစဉ်မှုတွေကို လုံးဝ မရိပ်မိဘူး ထင်ပါရဲ့"

လျှုယင်က ရယ်သွမ်းသွေးလျက် ပြောလိုက်လေသည်။

အိုယိဝမ်းက တုန်လှုပ်ခြင်း အလျဉ်းမရှိသည့် အမူအရာနှင့် ပြန်ပြောသည်။

"ခင်ဗျားရဲ့အကြံအစည် လှည့်စားချက်တွေက ပိရိပါပေတယ်၊ မှုစပ်မှုလည်း ရှိပါတယ်၊ ကျွန်တော် လုံးဝ မရိပ်စားမိခဲ့ဘူးဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ ကျုပ်ကိုတော့ ဖမ်းမိလိမ့်မယ်လို့ လုံးဝ ထည့်မတွက်ကြပါနဲ့"

"ဩော်...ဟုတ်လား....ဒါကတော့ ခင်ဗျားရဲ့ယုံကြည်မှု ကိုယ့် ကိုယ်ကို အထင်ကြီးမှုတွေပဲလေ၊ ခင်ဗျားကို ကျုပ်တို့ ဖမ်းမိမမိဆိုတာ မကြာခင် သိကြရတော့မှာပဲ၊ ဒါနဲ့ ခင်ဗျားမျက်နှာမှာ စည်းထားတဲ့ ပဝါလေး ချွတ်မပြနိုင်ဘူးလား....နာမည်ကျော် စက္ကူဓားသမားကြီး အိုယိဝမ်းရဲ့ မျက်နှာကို ကျုပ်တို့ မြင်ချင်ပါတယ်"

အိုယိဝမ်းက နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။ ကိုင် ထားသော ဓားကို တိုက်ခိုက်ရန် အသင့်ဟန်ပြင်လိုက်သည်။

"ကျုပ် မျက်နှာကို ကြည့်ဖို့ မလိုပါဘူး၊ ကျုပ်ဓားကွက်တွေ

ဘယ်လိုရှိတယ်ဆိုတာကိုပဲ မြင်ချင်ရင် ခင်ဗျား အသင့်ပြင်လိုက်ပါတော့"

ထိုစဉ် လူတစ်ယောက် ခုန်ဆင်းလာသည်။ ထိုလူကား လုံပိုက်ထောင်ပင် ဖြစ်လေသည်။

"ဟိတ်...အို့ယိဝမ်း၊ ခင်ဗျားကို ကျုပ်တို့က ကြောက်လိမ့်မယ်လို့များ မှတ်နေလို့လား...ခင်ဗျား သိုင်းပညာ ဘယ်လောက်ပဲ အဆင့်မြင့်မြင့် ကျုပ်တို့က မမှုပါဘူး"

လုံပိုက်ထောင်က ဓားကို အသင့် တိုက်ခိုက်ရန် ပြင်တော့သည်။

"ဟား...ဟား...ဟား...နဂါးညီနောင်အဖွဲ့ ခေါင်းဆောင်ကြီးနဲ့ ကျုပ် တစ်ယောက်ချင်း ကြာကြာလေး ယှဉ်ပြိုင်စမ်းချင်ပါတယ်၊ ရှေ့တိုးခဲ့ပါ"

◈◈◈◈◈



၁၄။

---

အို့ယိဝမ်းက ရယ်မောလိုက်လျှင် လုံပိုက်ထောင်လည်း ဒေါသနှင့် ရှေ့သို့ တိုးခဲ့တော့သည်။

ဓားကို ဝှေ့ယမ်းကာ နဂါးကောင်းကင် မြူးဓားကွက်ဖြင့် ထိုးမှတ်လိုက်လေသည်။

လုံပိုက်ထောင်၏ဓားချက်တွေက သွက်လက်လျင်မြန်ပြီး အပြောင်းအလဲ များလှပေသည်။

အို့ယိဝမ်းမှာ လုံပိုက်ထောင်၏ ဓားချက်တိုင်းကို မလွတ်တမ်း ဆီးခံသည်။

တထန်းထန်း ဓားသံများ ဆူညံနေပါတော့သည်။ ဓားအံရိပ်များ လင်းလက်နေသည်မှာ လျှပ်ပြက်သကဲ့သို့ ရှိ၏။

လုံပိုက်ထောင် နောက်သို့ ယိမ်းယိုင်သွားသည်။

မြင်ကြသူများမှာ သူတို့ ဆရာသမားအတွက် စိုးရိမ်သွားကြကုန်သည်။

သို့သော် အို့ယိဝမ်းက လိုက်မတိုက်ပါချေ။ လုံပိုက်ထောင်နောက်ဆုတ်သွားလျှင် ရပ်ကြည့်နေလိုက်၏။

ဤတွင် လူတစ်ယောက် ခုန်လွှားဆင်းလာပြန်သည်။ ထိုလူကား လုံပိုက်ချန်းပင် ဖြစ်သည်။

"အို့ယိဝမ်း ကျုပ်နဲ့ သိုင်းကွက်သုံးကွက်လောက် ယှဉ်စမ်းကြည့်ရအောင်လား...."

လုံပိုက်ချန်းက အို့ယိဝမ်းကို ဓားရိပ်ပုံ့ဝဲသိုင်းကွက်များ သုံး၍ တိုက်ခိုက်ထိုးခုတ်လေသည်။

ဓားရိပ်များက လင်းလက်ဝင်းပြက်၍ နေသည်။ ဘယ်ဟာဓား ဘယ်ဟာဓားရိပ်ဟူ၍ပင် ခွဲခြား၍ မရပါတော့ချေ။

အို့ယိဝမ်းမှာ နောက်သို့ ဆုတ်ကာ ခုခံရတော့သည်။ လုံပိုက်ချန်း၏ ဓားကွက်များကို အတင်းဝင်ခုတ်ခုခံ၍ မဖြစ်ပါ၊ ဓားရိပ်စက်ဝန်းအတွင်း ဝင်မိလျှင် ထိခိုက်ဖို့သာ များသည်။

လုံပိုက်ထောင်နှင့် လုံပိုက်ချန်းတို့ ညီအစ်ကိုမှာ လုံပိုက်ချန်းကသူ့အစ်ကိုထက်ပင် ဓားရေးအဆင့် မြင့်မားသူ ဖြစ်၏။ လုံပိုက်ထောင်က အို့ယိဝမ်း၏ ဓားချက်များ မခံနိုင်သော်လည်း လုံပိုက်ချန်းမှာမူ အို့ယိဝမ်းကို နောက်ဆုတ်သွားအောင် တိုက်ခိုက်နိုင်လေသည်။

လုံပိုက်ထောင်လည်း အထွေအထူး မစဉ်းစားမနေတော့ဘဲ ညီဖြစ်သူဘက်မှ ဝင်ရောက်တိုက်ပါတော့သည်။



ထိုစဉ်မှာပင် ထောင်းခနဲ လေးညှို့သံတစ်ချက် ပေါ်ထွက်လာလေသည်။ လောက်စလုံးတစ်လုံးက အို့ယိဝမ်းထံ ဝင်ရောက်လာ၏။ ပစ်ခတ်လိုက်သူက တုံ့ကျို၏ မြေးလေး တုံ့ရှန်းအော်ပင် ဖြစ်၏။

အို့ယိဝမ်းမှာ နဂါးညီနောင် ညီအစ်ကို နှစ်ယောက်၏ တိုက်ခိုက်မှုကိုရော၊ ဝင်ရောက်လာသော လောက်စာလုံးကိုပါ ရှောင်လိုက်ရလေသည်။

လောက်စာလုံးဖြင့် သိမ်းပစ်သည်ကို လင်းရဲ့ကျင်း မြင်သဖြင့် တုံ့ရှန်းအော်ကို လှမ်းအော်ပြောလိုက်သည်။

"ဟိတ်....အရှက်မရှိတဲ့ကောင်လေး၊ ဘာလို့ လောက်လေးနဲ့ ပစ်ရတာလဲ...."

လို့ရှုံရှမ်းကမူ သည်းမခံနိုင်တော့ဘဲ လက်ထဲမှ သံမဏိယပ်တောင်ကို ဖြန်းခနဲ ဖွင့်လိုက်ပြီး တုံ့ရှန်းအော်ကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"နောက်ဆုတ်ကြ ညီလေးစန်း ဝင်မပါကြနဲ့"

လို့ရှုံရှမ်းလည်း အသာရပ်နေလိုက်သည်။

"ဟိုင်း...."

"ထန်း....ထန်း....ထန်း....ထန်း...."

"အီး...."

လုံပိုက်ချန်း၏ အော်ညည်းသံ ပေါ်ထွက်လာသည်။ ကြည့်လိုက်ရာ လုံပိုက်ချန်း နောက်သို့ ယိုင်ဆုတ်သွားပြီး ဖင်ထိုင်လျက်လဲသွားသည်ကို မြင်ကြရလေသည်။

လုံ့ပိုက်ချန်း၏လက်ထဲမှ ဓားမှာ ကျိုးထွက်သွားပြီ ဖြစ်ကြောင်း တွေ့မြင်ရ၏။ ဓားကျိုင်းကို ကိုင်ကာ လဲသွားခြင်း ဖြစ်တော့သည်။

လုံ့ပိုက်ချန်း၏ ပခုံးတွင်လည်း အင်္ကျီဆုတ်ပြဲနေပြီး သွေးများ ထွက်လာသည်။ သူ့ မျက်နှာပြင်က ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

လုံ့ပိုက်ချန်း တိတ်လန့်သွားခဲ့ရပြီ ဖြစ်သည်။ အသက်ကို ပြင်းစွာ ရှူနေရလေသည်။ လုံ့ပိုက်ထောင်က စိုးရိမ်ကြီးစွာနှင့် သူ့ညီကို မေး၏။

"ညီလေး....မင်း ဒဏ်ရာပြင်းပြင်း ရသွားသေးလား...."

လုံ့ပိုက်ချန်းက ခေါင်းခါယမ်းလိုက်ပြီး....

"ဒဏ်ရာပြင်းပြင်း မရဘူး၊ သူက ကျွန်တော့်ကို သက်သက် ညှာညှာ တိုက်ခိုက်လိုက်တာ ကျွန်တော် သိတယ်၊ သူက ကျောဘက် ဓားနောက်နဲ့ပဲ ခုတ်တယ်"

လုံ့ပိုက်ထောင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။ သူက အိုယိဝမ်းဘက်သို့ လှည့်လိုက်ပြီး လက်ဖမိုးလှမ်းယှက်လိုက်လေသည်။

"ခုလို သက်သက်ညှာညှာနဲ့ ယှဉ်တာကို ကျုပ် လေးစားပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

အိုယိဝမ်းက ရယ်ပြုံးပြီး....

"ကျုပ်ဟာ ဘယ်တော့မှ လူတစ်ယောက်ကို အသက်အန္တရာယ် ဖြစ်အောင် မတိုက်ဘူး"

"ကျုပ်တို့ ညီအစ်ကို ခင်ဗျားကို မယှဉ်နိုင်ဘူးဆိုတာ သိပါပြီ....



ဒီတော့ ခင်ဗျားတို့သုံးယောက် သွားလိုရာ သွားပါတော့"

အိုယိဝမ်းမှာ အံ့အားသင့်သွားသည်။ ဤမျှလောက် လွယ်လွယ် ပြန်လွှတ်သည်ကို အံ့ဩမိခြင်း ဖြစ်သည်။

အိုယိဝမ်းက လှည့်ပတ်ကြည့်လိုက်ပြီးမှ လုံ့ပိုက်ထောင်ကို ပြောသည်။

"ခင်ဗျားတို့ အဆင့်မြင့် သိုင်းသမားတွေ ဒီလောက်အများကြီး ပါလာတာ၊ ဘယ်နှယ်ကြောင့် ကျုပ်တို့ကို ဝိုင်းမတိုက်တာလဲ...ဒီလိုပဲ ပြန်လွှတ်လိုက်တော့မလို့လား...."

လုံ့ပိုက်ထောင်ဟာ လျူယင်နှင့် မိတ်ဆွေသိုင်းသမားများဘက်သို့ လှမ်းလက်ဖမိုးယှက်လိုက်ပြီး အသံကို မြှင့်ကာ ပြောလေသည်။

"မိတ်ဆွေများခင်ဗျာ....ကျုပ်တို့ ညီအစ်ကိုအတွက် အခုလို အကူအညီ လိုက်ပေးကြတာကို ကျေးဇူးတင်ပါတယ်၊ အခု ကျုပ် ဆုံးဖြတ်ချက် ချလိုက်ပါပြီ၊ လုယက်ခံရတဲ့ပစ္စည်းကို ပြန်ရဖို့ မကြိုးစား တော့ပါဘူး၊ ပိုင်ရှင်ကို အလျော်ပေးပြီး ကျုပ်ရဲ့ အာမခံဌာနကို ပိတ် ပစ်လိုက်ပါတော့မယ်၊ ပစ္စည်းရှင်ကို အလျော်ပေးရလို့ ကျုပ်ရဲ့ စည်းစိမ် ပြုတ်ချင်ပြုတ်ပါစေတော့၊ လျော်မလောက်ရင်လည်း ဥပဒေအရ ပစ္စည်းရှင်က အရေးယူကာ ခံလိုက်ပါတော့မယ်၊ ကျုပ်တို့ ပြန်ကြပါ ရို"

နဂါးညီနောင် အဖွဲ့ဝင်များနှင့် အကူအညီ လိုက်ပေးကြသည့် မိတ်ဆွေသိုင်းသမားများမှာ အံ့အားသင့်ကုန်ကြလေသည်။ သို့သော် လည်း ကာယံကံရှင်ကိုယ်တိုင်၏ ဆုံးဖြတ်ချက်ကို သူတို့က ဘာမှ

ဝင်မပြောကြပါချေ။

လျှုယင်မှာမှာ စိတ်မကောင်းဟန်ဖြင့် ရှိနေသည်။ မချင့်မရဲ ဖြစ်နေဟန်လည်း ရှိ၏။ သူက အို့ယိဝမ်းကို စေ့စေ့ကြည့်၍သာ နေ၏။

အို့ယိဝမ်း ရယ်လိုက်ပြီး လုံပိုက်ထောင်ကို လက်ဖမိုးယှက်ပြီးတော့ ပြော၏။

"အစ်ကိုကြီးလုံ၊ ကျုပ် ရိုးရိုးသားသား စကားတစ်ခွန်း ပြောပြပါ့မယ်၊ ခင်ဗျား ယုံမလား မဆိုနိုင်ဘူး"

လုံပိုက်ထောင်က လက်ဖမိုး ပြန်ယှက်ပြီး....

"ပြောပါ ညီမောင်၊ ဘာပြောချင်လို့ပါလဲ...."

"ကျုပ်တို့ ခင်ဗျားဆီက လှုယူခဲ့တဲ့ ပစ္စည်းသေတ္တာကို နောက်သုံးလေးလကြာတဲ့ တစ်နေ့ပြန်ပို့ပေးပါ့မယ်၊ ခင်ဗျား စောင့်ဆိုင်းပါ၊ ခင်ဗျား အာမခံဌာနကို ပိတ်မထားပါနဲ့၊ ပိုင်ရှင်ကိုလည်း အလျော်ပေးမယ်ဆိုတဲ့စကား သွားမပြောပါနဲ့ဦး"

လုံပိုက်ထောင် အံ့အားသင့်သွားသည်။

"ညီမောင် တကယ်ပြောနေတာလား...."

"တကယ်ပြောတာ ဟုတ်မဟုတ်ဆိုတာ အစ်ကိုကြီးတို့ စောင့်သာကြည့်ပါ၊ သုံးလဆိုတဲ့ အချိန်ဟာ သိပ်မကြာလှပါဘူး"

"ကောင်းပါပြီ ညီမောင်....ကျုပ် စောင့်ပါ့မယ်"

လုံပိုက်ထောင်က သူ့လူများကို လက်တစ်ဘက် မြှောက်ပြလိုက်လေသည်။ နဂါးညီနောင် အဖွဲ့သားများ ဓားများကို ပြန်သိမ်းလိုက်ပြီး ဝင်းနံရံပေါ်မှ ခုန်ဆင်းလိုက်ကြပါတော့သည်။



အို့ယိဝမ်းလည်း ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ပြီး လျှုယင်ရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့လေသည်။ လျှုယင်၏ ရှေ့သို့ရောက်လျှင် ရပ်တန့်ပြီး ပြုံးရယ်၍ ပြောသည်။

"ကျွန်တော်တို့ကို ထောင်ချောက်ဆင်နိုင်တာဟာ အစ်ကိုလျှု ရဲ့ အကြံဉာဏ်ဆိုတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်တို့ ချောင်ဂေဟာကို လာကြမယ်ဆိုတာ အစ်ကိုလျှုတို့ ဘယ်လိုသိကြတာလဲ...."

လျှုယင်က ခပ်ယဲ့ယဲ့ပြုံးပြီး....

"ကျုပ်တို့က လီစွန့်နောက်ကို နောက်ယောင်ခံ လိုက်ခဲ့တယ်လေ....ကျုပ်တို့ရဲ့ လူတစ်ယောက်ကိုလည်း ချောင်ဂေဟာ အနီးတစ်ဝိုက်မှာ လွှတ်ထားခဲ့တယ်၊ ခင်ဗျားတို့တတွေ ပစ္စည်းဟောင်းဝယ်တဲ့ လှေသမားယောင်ဆောင်လာတာလည်း ကျုပ်တို့သိတာပဲ၊ ဒီက ညီမောင် လို့ရုံရှမ်းဆိုတာ ရိပ်စားမိပါတယ်၊ ဒါကြောင့် ချောင်ဂေဟာမှာ ဂုကွခံပြီး ကျုပ်တို့ လာစောင့်နေကြတာပေါ့"

"ဒါနဲ့ သမားတော်ကြီး ချောင်နဲ့ လီစွန့်တို့ကော အခု ဘယ်မှာလဲ အစ်ကိုလျှု"

"လီစွန့်က ချောင်ဂေဟာမှာ တစ်ညပဲ ပုန်းခိုပြီး လန်ကျိုးမြို့က ထွက်ပြေးသွားပြီလေ...ဘယ်ကို ထွက်ပြေးသွားတယ်ဆိုတာတော့ မသိဘူး၊ သမားတော်ကြီး ချောင်လိစိမ်းကတော့ သူ့ ဆေးခန်းနောက်ဘက် အဆောင်မှာ နေထိုင်ပါတယ်၊ သမားတော်ကြီး ချောင် နေထိုင်မကောင်းဘူးဆိုပြီး သတင်းလွှင့်ခဲ့တာ ကျုပ်တို့ပဲ"

ထိုအခါမှ အို့ယိဝမ်းက သဘောပေါက်သွားပြီး....

"ဒါဆို ယင်ချွန်းဟာ ခင်ဗျားတို့ သင်ကြားပေးပြီး စေလွှ
ထားတဲ့ လူလား...."

လျှုယင်က ခေါင်းညိတ်၍....

"ဟုတ်ပါတယ်....ဒါပေမယ့် ယင်ချွန်းဟာ သမားတော်ကြ
ချောင်ရဲ့ အပါးတော်မလေး အစစ်ပါ"

"အင်း....အစ်ကိုလျှုရဲ့ အစီအစဉ်ကတော့ ပီရိပါပေတယ်"

"ခင်ဗျားတို့နဲ့ ကျုပ်တို့ ဒီနေရာမှာပဲ ပြတ်သွားကြပါပြီ...သွ
လိုရာ သွားနိုင်ကြပါပြီ။ နောက်ကိုဆုံဖို့အကြောင်း သိပ်မရှိတော့ဘ
လို့ ထင်တယ်"

အိုယိဝမ်းလည်း လုံပိုက်ထောင်တို့ ညီအစ်ကိုနှင့် လျှုယ
တို့ကို လက်ဖမိုးယှက် နှုတ်ဆက်လိုက်ကြပြီး ထွက်ခွာခဲ့ပါတော့သည
နောက်မှ လို့ရှုံရှမ်းနှင့် လင်းရဲ့ကျင်းတို့ လိုက်ပါလာကြသည်။

⟐

အိုယိဝမ်းတို့သုံးယောက် ချောင်းကမ်းပါးဘေးရှိ အိမ်ဝင်းဆီ
ပြန်ရောက်ကြသောအခါ စိုးရိမ် ပူပန်စွာဖြင့် စောင့်နေသော ထင်လျှ
ကူးကို တွေ့ကြရလေသည်။

အိုယိဝမ်းတို့ကို မြင်လျှင် ထင်လျှန်ကူးက ဝမ်းသာအားရဖြ
ဆီးမေး၏။

"ဘယ်လိုလဲ အစ်ကိုကြီး၊ အားလုံး အဆင်ပြေခဲ့ရဲ့လား...."

လင်းရဲ့ကျင်းက ပြန်ပြောသည်။



"ဟင်း....ပြောပဲ မပြောချင်တော့ပါဘူး၊မမရယ်၊ ဟိုမှာ နဂါး
ညီနောင်အဖွဲ့ရဲ့ လောင်ချောက်ထဲ ဆင်းမိနေကြလို့ အစ်ကိုကြီးအိုသာ
သူတို့ထက် ပိုပြီး သိုင်းပညာ မထက်မြက်ရင် ကျွန်မတို့တွေ ဒီည
ပြန်လာနိုင်ကြမှာ မဟုတ်ဘူး"

ထင်လျှန်းကူး အထိတ်တလန့် ဖြစ်သွားပြီး....

"ဟင်....ဘယ်လိုလုပ်ပြီး ချောင်ဂေဟာမှာ နဂါးညီနောင်အဖွဲ့
ရောက်နေရတာလဲ....သူတို့က ဘယ်လို သတင်းရလို့လဲ...."

လင်းရဲ့ကျင်း၏ ရှင်းလင်းပြောပြချက် ဆုံးမှ အိုယိဝမ်းက ထင်
လျှန်းကူးကို ဖြတ်မေးသည်။

"ယင်ချွန်းကော ညီမလေးကျို့ ဘယ်မှာလဲ...."

"ယင်ချွန်းကို အစီအစဉ်အတိုင်း ထွက်ပြေးနိုင်ဖို့ လွှတ်လိုက်
ပါပြီ...ယင်ချွန်း ထွက်ပြေးသွားတာ သိပ်မကြာသေးပါဘူး၊ ချောင်း
ကလှေနဲ့ ထွက်ပြေးနိုင်အောင် စီစဉ်ထားပေမယ့် ချောင်းကမ်းနဖူး
အတိုင်းပဲ ထွက်ပြေးသွားပါတယ်...."

"အင်း....ယင်ချွန်းကတော့ သူ့ရဲ့သခင် သမားတော်ကြီးကို
အကျိုးအကြောင်းတွေ သွားပြောနေမှာပဲ၊ တို့လည်း စီးချင်စန်းတောင်
မှာ နဂါးညီနောင်အဖွဲ့လာရှုပ်မှာ မပူရတော့ဘူး...."

"ဒါပေမယ့် မြောင်ဖေးဟူတို့အဖွဲ့ လာရှုပ်နိုင်သေးတယ် အစ်
ကိုကြီး၊ ဒါတော့ ကျွန်တော်တို့ သတိထားရမယ်"

"မြောင်ဖေးဟူဟာ ဉာဏ်ကြီးရှင် လျှုယင်လောက် ပါးရည်
နပ်ရည် မရှိပါဘူး၊ ညီလေးစန်း၊ သူတို့ကိုတော့ သိပ်စိုးရိမ်စရာ မလို

ပါဘူး တို့ရဲ့ အစီအစဉ်အတိုင်းပဲ ဆက်လုပ်ကြတာပေါ့"

ထို့နောက် လို့ရုံရှမ်းသည် အဖွဲ့သား လေးဦးကို သမားတေ
ကြီး ချောင်လီစမ်း၏ အိမ်ဂေဟာအား စောင့်ကြည့်ရန် စေလွှတ်လို
ပြီး သူတို့လူစုကမူ မြင်းကိုယ်စီဖြင့် စီးချင်းစန်းတောင်ဆီသို့ ခ
ထွက်ခွာခဲ့ကြလေသည်။

ဒုတိယနေ့ ညဘက်တွင် သူတို့သည် တန့်ဂေဟာ မွေးမြူ
ခြံသို့ ရောက်လာခဲ့ကြသည်။

လေမွှေမုန်တိုင်း အဖွဲ့ဝင် နံပါတ်နှစ် ဖြစ်သော ဝူးဝေနှင့် မိုက
ယိတို့သည် အဖွဲ့သားများ အားလုံးနှင့် အတူ တန့်ဂေဟာ မွေးမြူ
ခြံသို့ ရောက်နေကြပြီ ဖြစ်၏။

အို့ယိဝမ်းမှာ မွေးမြူရေးခြံအတွင်း လှည့်လည် ကြည့်ရှ
မြေအောက်ခန်းနှင့် ကြီးကျယ်လှသော ဥမင်လမ်းများကို တွေ့ရ
အခါ အံ့ဩတကြီး ဖြစ်မိလေသည်။

"တန်းတိန်နဲ့ မိသားစုတွေဟာ ဒီမြေဥမင်လမ်းမကြီး
အတော်ကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ လုပ်သွားကြရမှာပဲ၊ အင်
ခုတော့ လူဆိုးတွေရဲ့ လက်ချက်ကြောင့် တစ်ယောက်မကျန် သေ
သွားကြရပြီ...ဒီနေရာမျိုးမှာ တို့အဖွဲ့အစည်းတောင် စခန်းချဖို့ ကော
တယ်..."

အို့ယိဝမ်း စကားကြောင့် လို့ရုံရှမ်း ဝမ်းသာသွားပြီး....
"ဟာ....သိပ်ကောင်းတာပေါ့ အစ်ကိုကြီး"
ထင်လျှန်းကူးက....



"ဒီနေရာကို ကျွန်မတို့အဖွဲ့ရဲ့ ဒုတိယစခန်းအဖြစ် အသုံးပြုရင်
ကောင်းမယ် အစ်ကိုကြီး၊ အစ်ကိုကြီး သဘောတူမယ်ဆိုရင် အဖွဲ့သား
တွေကို ဒီနေရာမှာ ချက်ချင်း ပြုပြင်နိုင်းပြီး စခန်းချဖို့ ကျွန်မ စီစဉ်
လိုက်မယ်"

အမှတ်နှစ်ခေါင်းဆောင် ဝူးဝေကလည်း ခေါင်းညိတ်၍....

"ဒီနေရာဟာ လုံခြုံတယ်၊ လူသူနဲ့လည်း အလှမ်းဝေးတယ်၊
စခန်းချဖို့ သိပ်ကောင်းတဲ့ နေရာပဲ၊ ဒီနေရာမှာသာဆို ကျွန်တော်တို့
ဟာ မိဘမဲ့ ကလေးတွေ၊ လေလွင့်နေတဲ့ ကလေးတွေကို ပိုပြီး ခေါ်ယူ
စောင့်ရှောက်ထားနိုင်ကြတာပေါ့"

သူတို့အားလုံး စကားတပြောပြောနှင့် မြေအောက်ခန်းမှ ပြန်
ထွက်ခဲ့ကြ၏။

လုံခြုံရေးအတွက်လည်း သေချာစွာ တိုင်ပင်စီစဉ်ကြလေသည်။

⊙

စီးချင်စန်းတောင်ပေါ်တွင် တာ့အူးရာ တောင်ကုန်းရှိလေသည်။
တာ့အူးရာ ဟူသည်မှာ ကျိုးကန်းဟု အဓိပ္ပာယ်ရသည်။ ဤ
တောင်ကုန်းကို အဝေးမှကြည့်လျှင် ကျိုးကန်းကြီးတစ်ကောင် နားနေ
သည်နှင့်လည်း တူသည်။

ထိုတောင်ကုန်း၏ အရှေ့ဘက်တွင် ချောက်နက်ကြီးရှိပြီး ထိုချောက်ကြီးမှ တောင်ကုန်းပေါ်သို့ အဆင်းအတက် လုံးဝပြုလုပ်၍ မရပါချေ။ အနောက်ဘက်တွင်သာ နိမ့်လျောလျော ဖြစ်နေသဖြင့် တောင်ကုန်းကို ဆင်းနိုင် တက်နိုင်သည်။

ကျီးကန်း ဦးခေါင်းနှင့်တူသည့် တောင်ကုန်းအရှေ့ဘက် ချောက်ကမ်းပါးထိပ်တွင် လားမား ဘုန်းကြီးကျောင်းပျက်ကြီး တစ်ကျောင်းရှိနေသည်။ ယခုအခါ ဘုန်းကြီးကျောင်းပျက်ကြီးတွင် လားမားဘုန်းကြီး တစ်ပါးမှ မနေတော့ချေ။

ဘုန်းကြီးကျောင်းပျက်ကြီးမှာ ပျက်စီး ယိုယွင်းလျက်ရှိနေလေပြီ။ ကျောင်းပျက်ကြီး ဝင်းထဲတွင်လည်း အမြဲလိုလို မြက်ရိုင်းပင်များ၊ ချုံပင်နွယ်ကြီးများ ထူထပ်စွာ ပေါက်ရောက်လျက် ရှိနေသည်။

ယခုမူ ခုတ်ထွင်ရှင်းလင်းထားသဖြင့် ကျောင်းဝင်းသန့်ရှင်းနေသည်။ ရန်သူများ ပုန်းကွယ်မနေနိုင်စေရန်အတွက် ယခုလို ရှင်းလင်းထားခြင်း ဖြစ်၏။ ထောင်ချောက်အမျိုးမျိုးလည်း ဆင်ထားသည်။ ရောက်လာသော ရန်သူကို အဆိပ်အပ်များ စူးဝင်စေရန်လည်း စီစဉ်ထား၏။ ရန်သူထွက်မပြေးရန် လို့ရုံရှမ်းက စီစဉ်ထားခြင်း ဖြစ်၏။

အို့ယိဝမ်းက ကျောင်းဝင်းထဲတွင် သေချာစွာလှည့်ပတ်ကြည့်ပြီး လို့ရုံရှမ်းကို ပြောသည်။

"မင်းရဲ့ အစီအစဉ်တွေကတော့ ကောင်းပါတယ် ညီလေးစန်းနဲ့ ဒါပေမယ့် အဆိပ်အပ်တွေမှာ လူကို သေစေနိုင်တဲ့ အဆိပ်ပြင်းတွေ



ကိုတော့ မသုံးပါနဲ့၊ ဟို့အနေနဲ့ သူ့ကို အရှင်ဖမ်းရမယ် မဟုတ်လား"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ အပ်တွေမှာ လူးထားတဲ့ အဆိပ်ဟာ လူကို မသေစေနိုင်ပါဘူး၊ ထိတဲ့လူကို ထုံကျဉ်စေပြီး ကိုယ်လက်တွေ မလှုပ်ရှားနိုင်အောင် ဖြစ်သွားစေမယ့် အဆိပ်မျိုးပါ"

လင်းရဲ့ကျွင်းကလည်း ဝင်ပြောသည်။

"ကျောင်းဝင်းအဝက သစ်ပင်ကြီးတွေပေါ်မှာလည်း ပိုက်ကွန်တွေ စီစဉ်ထားပါတယ် အစ်ကိုကြီး၊ ပိုက်ကွန်တွေမှာ ဆူးရိုတ်တွေရှိပြီး အဆိပ်ရည် ဆွတ်ထားပါတယ်၊ ဒီလူသာ ရောက်လာလို့ကတော့ ပြေးလွတ်ပါဘူး"

"တစ်ခုတော့ ရှိတယ်၊ ငါ့ရဲ့နာမည်ကိုသုံးပြီး ငါ့အယောင်ဆောင်တဲ့လူဟာ တို့နောက်ကို နောက်ယောင်ခံလိုက်ကြည့်ပြီး တို့အစီအစဉ်တွေကို သိသွားမှာပဲ ငါ စိုးရိမ်တယ်၊ ဒါဆိုရင်တော့ တို့အစီအစဉ်တွေအားလုံး သဲထဲရေသွန်သလို ဖြစ်ကုန်မှာပဲ"

"စိတ်ချပါ အစ်ကိုကြီး၊ ဒီလူဟာ ကျွန်တော်တို့ရဲ့ အစီအစဉ်တွေကို သိပေမယ့်လည်း လာပါလိမ့်မယ်၊ သူ့ရဲ့ စွမ်းရည်ကိုတော့ ယုံကြည်မှာ သေချာတယ်...."

ထိုသို့ ပြောဆိုနေကြစဉ် လူတစ်ယောက် လာနေသည်ကို တွေ့ကြရ၏။

ထိုသူမှာ နံပါတ်ခုနစ်အဖွဲ့ဝင် ချင်မိန်းပင် ဖြစ်လေသည်။ ချင်မိန်းမှာ လေပွေမုန်တိုင်းအဖွဲ့တွင် ကိုယ်ဖော့ပညာအကောင်းဆုံး ဖြစ်ပြီး

မျှလွှားဘွဲ့ကို ရထားသူ ဖြစ်၏။ ထို့ကြောင့် ချင်မိန်းကို ခရီးဝေး
သတင်းများကို စုံစမ်းခိုင်းရလေသည်။

အနီးသို့ ရောက်လာလျှင် အို့ယိဝမ်းက ဦးစွာ လှမ်းမေးသည်

"ချင်မိန်း....ဘာများ ထူးလို့လဲ...."

"ချင်မိန်းက ဝမ်းသာအားရ ပြန်ပြောသည်။

"အစ်ကိုကြီး အို့၊ ကျွန်တော်တို့ စီစဉ်ထားတဲ့အတိုင်း အားလုံး
အောင်မြင်တယ်၊ ရန်သူတွေ ကျွန်တော်တို့ ထောင်ချောက်ထဲ ဝင်လာ
ကုန်ကြပြီ...."

"ဟင်....ဟုတ်လား....ပြောစမ်း မြန်မြန်"

"ဒီနေ့မနက် မြောင်ဖေးဟူတို့လူစု တောင်ပေါ်ရောက်လာကြ
ပါတယ်၊ လူငါးဆယ်လောက် ရှိမယ်၊ ကျွန်တော်တို့က အဝေးက
လှမ်းမြင်နေရတယ်၊ အားလုံး မြင်းကိုယ်စီနဲ့ လာကြတာပဲ"

"မြောင်ဖေးဟူ ကိုယ်တိုင် ဦးစီးလာတာလား...."

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ခေါင်းကိုးလုံးနဂါး နဂါးယန်းဖေ
နဲ့၊ ရတနာ့အရိုးခေါင်း အိုးအိဖိန်းတို့လည်း ပါလာကြပါတယ်"

လို့ရုံရှမ်းက အားတက်သရောဖြင့် ဝင်ပြောသည်။

"ဒါဆို မွေးမြူရေးခြံကို ကျွန်တော်တို့ တစ်ခေါက်ပြန်ကြဦး
အစ်ကိုကြီး၊ ဒီညမှာ သူတို့အားလုံးကို တိုက်ခိုက်ရမှာပဲ"

အို့ယိဝမ်းက ခေါင်းညိတ်၍....

"ဒါဆို စူးဝေနဲ့ ဝေဘွန်စိမ်းတို့ကတော့ ဒီမှာပဲ နေခဲ့ကြ၊ ချင်



မိန်းက အရင်သွားနှင့်၊ နောက်က တို့လိုက်ခဲ့မယ်"

ချင်မိန်းလည်း ဦးစွာ ပြေးထွက်သွားသည်။

အို့ယိဝမ်း၊ လို့ရုံရှမ်း၊ လင်းရဲ့ကျင်းနှင့် မိုက်ချုံးယိတို့လည်း
မွေးမြူရေးခြံကို တစ်ခေါက်ပြန်ခဲ့ကြသည်။

တနံ့ဇာဟာ မွေးမြူရေးခြံ အနီးသို့ရောက်လျှင် အဖွဲ့သားတစ်
ယောက် ထွက်လာပြီး သတင်းပေးသည်။

"မြောင်ဖေးဟူးတို့တတွေ မွေးမြူရေး ခြံဘက်ကို မလာကြ
ပါဘူး၊ လေးလီလောက် ဝေးတဲ့နေရာမှာ စခန်းချနေကြပါတယ်"

အို့ယိဝမ်းက အံ့အားသင့်သွားပြီး....

"ဟင်....ဘယ်လိုဖြစ်တာလဲ....တို့တွေ ထောင်ချောက် ဆင်
ထားတာကို သူတို့ ရိပ်စားမိသွားကြလို့လား...."

လို့ရုံရှမ်းက သူ့ ထင်မြင်ချက်ကို ပြောသည်။

"သူတို့ဟာ ညသန်းခေါင်ယံအချိန်လောက်မှာပဲ လှုပ်ရှားကြ
လိမ့်မယ်လို့ ကျွန်တော်ထင်တယ် အစ်ကိုကြီး၊ သူတို့ကို လမ်းမှား
အောင် အယောင်ပြ ခေါ်သွားနိုင်ဖို့ အဖွဲ့သားအချို့ကိုလည်း ကျွန်တော်
လွှတ်ထားပါတယ် စိတ်ချပါ၊ သူတို့တတွေ ကျွန်တော်တို့ရဲ့ ထောင်
ချောက်ထဲကို ဝင်ကြမှာပဲ"

ထိုအခါမှ အို့ယိဝမ်းလည်း စိတ်သက်သာရာ ရသွားသည်။

◈

မြောင်ဖေးဟူတို့အဖွဲ့သည် တန့်ဂေဟာ မွေးမြူရေးခြံဆီသို့ မရောက်မီ တောင်ပေါ်တစ်နေရာတွင် စခန်းချလျက် ရှိနေကြသည်။

သူတို့သည် တန့်ဂေဟာ မွေးမြူရေးခြံမှ အိုယိဝမ်းတို့ အဖွဲ့ကို တိတ်တဆိတ် ဝင်ရောက်တိုက်ခိုက်ကြရန် အကြံဖြင့် လျှို့ဝှက်စွာ လှုပ်ရှားချဉ်းကပ်လာခဲ့ကြခြင်း ဖြစ်လေသည်၊

ယခုညတွင် မြောင်ဖေးဟူသည် သူ့အဖွဲ့သားများအားလုံးကို မီးမဖိုရ၊ စကားမပြောရ ဟူ၍ အမိန့်ထုတ်ထားသည်။ လှုပ်လှုပ်ရှားရှားလည်း မလုပ်နိုင်ချေ။

မြောင်ဖေးဟူသည် တိုက်ပွဲဝင်ရန် သိုင်းဝတ်စုံကို အသင့်ဝတ်ထားပြီး ကျောတွင် ဓားနှစ်လက်ကို လွယ်ထားသည်။ သူသည် မတ်တတ်ရပ်ပြီး အဝေးကို လှမ်းမျှော်ကြည့်နေသည်။

သူ့အနီးတွင် ရတနာ အရိုးခေါင်း အိုးအိဖိန်းသည် စိတ်လှုပ်ရှားစွာဖြင့် ရပ်နေ၏။ အိုးအိဖိန်းက ငြိမ်မနေနိုင်တော့ဘဲ....

"ဘာကို စောင့်နေတာလဲ ဂိုဏ်းချုပ်ကြီး၊ ရှေ့ကို ဆက်သွား....

"ရှူး....တိတ်တိတ်နေစမ်းပါ"

မြောင်ဖေးဟူက ဟန့်တားလိုက်စဉ် လှရိပ်နှစ်ရိပ် ပြေးလာသည်။ အနီးကိုရောက်သောအခါ ဝတ်စုံနက်ကို ဝတ်ဆင်ထားသော အဖွဲ့သားနှစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။



နှစ်ဦးစလုံး မြောင်ဖေးဟူကို လက်ဖမိုးယှက် ဦးညွှတ်လိုက်ပြီး တစ်ဦးက တိုးတိုးစကားဆိုသည်။

"ဂိုဏ်းချုပ်ကြီး ခင်ဗျာ....တောင်ရဲ့အနောက်ဘက်မှာ ကျွန်တော်တို့ မီးရောင်ကို မြင်ရပါတယ်၊ ဒီကနေ လေးလီလောက် ဝေးပါလိမ့်မယ်"

"ဟော....ဟုတ်လား"

မြောင်ဖေးဟူ ဝမ်းသာအားရ ဖြစ်သွားသည်။

ကျန်တစ်ဦးကလည်း ဝင်ပြောသည်။

"ရှေ့က တောအုပ်ထဲမှာလည်း လှည်းလမ်းကြောင်း တစ်ကြောင်းကို တွေ့ရပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျား၊ မြင်းခွာရာတွေကိုလည်း တွေ့ရပါတယ်၊ ကျွန်တော်တို့တတွေ ဒီလှည်းလမ်းကြောင်းအတိုင်း လိုက်သွားကြမယ်ဆိုရင် တန့်ဂေဟာမွေးမြူရေးခြံကို ရောက်လိမ့်မယ်လို့ ထင်ပါတယ်"

အမှန်တော့ သူတို့သည် မွေးမြူရေးခြံဝင်းအနီးသို့ ရောက်နေကြပြီဖြစ်ကြောင်း မသိကြပါချေ။

"ဒီ အနီးအနားတစ်ဝိုက်မှာ လူနေအိမ်ခြေမရှိဘူးလား....လူရိပ်လူယောင်ကော မမြင်ဘူးလား...."

"ဒါတော့ မမြင်မိပါဘူး ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့လည်း ရှေ့ဆက်မသွားဘဲ လှည်းလမ်းကြောင်းတွေ့တာနဲ့ ပြန်လှည့်လာခဲ့ကြတာပါ"

"ကောင်းပါပြီ ဒါဆိုရင် မင်းတို့နှစ်ယောက် ရှေ့ကလမ်းပြတို့တွေ ရှေ့ဆက်ပြီး သွားကြမယ်"

တစ်ဆက်တည်းပင် မြောင်ဖေးဟူက ရတနာအရိုးခေါင်း အိုးအိဖိန်းကို လှည့်ပြောလိုက်သည်။

"ခင်ဗျားကလည်း အဖွဲ့သားတွေကို ညွှန်ကြားချက်သွားပေးပါ၊ ဘယ်သူမှ မြင်းမစီးရဘူး၊ ခြေလျင်ပဲ သွားကြရမယ်၊ အားလုံး ခရီးထွက်ဖို့ အသင့်ပြင်ထားကြပါစေ"

အိုးအိဖိန်းလည်း အမိန့်အတိုင်း ဆောင်ရွက်ရန် ထွက်ခွာသွားတော့၏။

◇◇◇◇◇



## ၁၄။

မြောင်ဖေးဟူတို့အားလုံး ဝတ်ရုံနက်နှစ်ဦး၏ လမ်းပြချက်အတိုင်း လိုက်ခဲ့ကြရာ အကြာမီ တောအုပ်ထဲတွင် လမ်းလုပ်ထားသော လှည်းလမ်းကြောင်းကို တွေ့ရသည်။ သို့သော် လမ်းကြောင်းကို သစ်ပင်များ ချုံပင်များကို ခုတလှဲ၍ ဖျက်ထားပေသည်။ ကျောက်တုံး ကျောက်ခဲများလည်း ချထားသည်။

အကယ်၍ အမှတ်မဲ့သာ ကြည့်မည် ဆိုပါက ဤလမ်းကြောင်း ရှိကြောင်းကို သိနိုင်လိမ့်မည် မဟုတ်ပါချေ။

အိုးအိဖိန်းက ရယ်မောလိုက်ပြီး....

"လေပွေမုန်တိုင်း အဖွဲ့ဟာ အတော့်ကို အကြံညဏ် တုံးနေကြပြီနဲ့တူပါရဲ့၊ လှည်းလမ်းကြောင်းတစ်ခုကို ဒီလိုနည်းနဲ့ဖုံးကွယ်လို့ ဘယ်ရပါ့မလဲ...ကျုပ်တို့အားလုံး ဒီလမ်းကြောင်းအတိုင်းပဲ လိုက်ကြ

မယ်၊ ကျောက်တုံးတွေ သစ်ပင်တွေကို ကျော်လွှားပြီး သွားကြမယ်၊ အရေးကြီးတာက ဘယ်လိုနည်းနဲ့မှ အသံဗလံတွေ မထွက်စေနဲ့"

"ဘယ်သူတွေလဲ....အချိန်မတော်ကြီး တောအုပ်ထဲ ဝင်လာကြတာ"

ထိုစဉ် ကျယ်လောင်စွာ အော်ဟစ် မေးမြန်းလိုက်သံ ပေါ်ထွက်လာသည်။

မြောင်ဖေးဟူးတို့အားလုံး ထိတ်လန့်သွားကြသည်။ လက်နက်များကို အသီးသီး ဆွဲထုတ်ကိုင်လိုက်ကြပြီး တိုက်ခိုက်ရန်လည်း အသင့်ပြင်လိုက်ကြသည်။

မြောင်ဖေးဟူက သူ့လူများကို တိတ်တိတ်နေရန် လက်ကာပြလိုက်ပြီး အသံကျယ်နှင့် ပြန်အော်လိုက်၏။

"ငါပါကွ"

တစ်ဘက်မှအသံက....

"အော်....လောင်စုံ ပြန်လာပြီလား...."

မြောင်ဖေးဟူက အသံကိုမြင့်၍....

"အေး...."

ထိုစဉ် ခေါင်းကိုးလုံးနဂါး ယန်းဖန်က သူ့ရင်ဖုံးအိတ်ထဲမှ ဓားပျံလက်နက်ပုန်းကို နှိုက်ထုတ်ယူလိုက်၏။ အသံထွက်ပေါ်လာရာ အမှောင်တွင်းဆီသို့လည်း စူးစိုက်ကြည့်နေသည်။

တစ်ဘက်မှအသံ ပေါ်လာပြန်သည်။



"မင်း လောင်စုံမှဟုတ်ရဲ့လား...မင်းအသံက တစ်မျိုးကြီးပါလား...."

အိုးအိဖိန်းက ရယ်မောလိုက်ပြီး....

"ဟား....ဟား....ဟား....မင်းမယုံရင် လာကြည့်လေကွာ"

"ဒါဆို ဒီည စကားဝှက်ကို ပြောစမ်း"

မြောင်ဖေးဟူ ချာခြောရမှန်းမသိ ဖြစ်သွားသော်လည်း ချက်ချင်းပင် ခပ်တည်တည်ဖြင့် ပြန်ပြောသည်။

"ကိုယ့်လူ အချင်းချင်းပဲ၊ ဒီလောက်တောင် စစ်နေဖို့ မလိုပါဘူး"

မြောင်ဖေးဟူက စကားအဆုံးတွင် လက်ပြလိုက်ရာ ဓားပျံလက်နက်ပုန်းကို ကိုင်ထားသော ယန်းဖန်လည်း ညာဘက်လမ်းအတိုင်း ဝင်ရောက်လာသည်။

တစ်ဘက်တွင် ဆင်ခြေလျှောကလေးဖြစ်နေပြီး လူရိပ်တစ်ရိပ် တက်လာသည်ကိုလည်း မြင်ရသည်။ မြောင်ဖေးဟူလည်း နောက်ဘက်မှ ရောက်လာသည်။

ဆင်ခြေလျှောမှ တက်လာသူသည် သူတို့လူ မဟုတ်ကြောင်း သိသွားဟန်ဖြင့် ချာခနဲလှည့်ကာ ပြန်ဆင်းပြေးသည်။

"ပစ်"

မြောင်ဖေးဟူက အမိန့်ပေးရာ ယန်းဖန်လည်း သူ့လက်ထဲမှ ဓားပျံသုံးစင်းနှင့် ပစ်ပေါက်လိုက်၏။ မြောင်ဖေးဟူကလည်း လက်

နက်ပုန်းနှင့် ပစ်သည်။

သို့သော် ထွက်ပြေးသွားသော လူရိပ်မှာ ကိုယ်ဖော့ပညာ ကောင်းသူဖြစ်လေရာ သစ်ပင်ကြီး သစ်ပင်ပေါ်သို့ ခုန်တက်ပြီး ပျောက်ကွယ်သွားတော့၏။

မြောင်ဖေးဟူတို့လည်း ပြေးဆင်းသွားကြပြီး လူရိပ်ပျောက်ကွယ်သွားသော သစ်ပင်ပေါ်သို့ ရှာကြည့်ကြရာ သစ်ပင်ပေါ်မှ လူရိပ်တစ်ရိပ် ခုန်ဆင်းပြီး ပြေးသွားသည်ကို တွေ့ရတော့၏။

"လိုက်ကြ"

မြောင်ဖေးဟူက သူ့လူများကို အော်ဟစ် အမိန့်ပေးလိုက်ပြီး လူရိပ်နောက်သို့ ပြေးလိုက်လေရာ ကျန်လူများလည်း ပြေးလိုက်ကြလေ၏။

ရှေ့မှပြေးနေသူကို မျက်ချည်မပြတ်သော်လည်း မီအောင် မလိုက်နိုင်ကြဘဲ ဖြစ်နေကြသည်။

မြောင်ဖေးဟူတို့အားလုံး ချိုင့်ဝှမ်းထိပ်ကို ရောက်လာကြသည်။ သူတို့ရှေ့မှ လူရိပ်လည်း ပျောက်ကွယ်သွားသည်။

ထိုအခါမှ သူတို့သည် ဘယ်လမ်းကို လိုက်ကြရမှန်းမသိ ဖြစ်ကြရသည်။

"ဒီလူက ကိုယ်ဖော့ပညာ အတော် အဆင့်မြင့်တဲ့လူပဲ"

"ကျုပ်တို့ကို တမင်သက်သက်များ ခေါ်လာတာများလား ကိုဏ်းချုပ်ကြီး"



"မဖြစ်နိုင်ဘူး ထင်တယ်၊ ကျုပ်တို့ကို သူတို့လူတွေ မဟုတ်မှန်း သိလို့ ထွက်ပြေးသွားတာပါ၊ ကျုပ်တို့တွေ ရှေ့ကိုဆက်သွားကြရင်တော့ လေပွေမုန်တိုင်း စခန်းချတဲ့ဆီကို ရောက်သွားလိမ့်မယ်"

ထိုစဉ် ခပ်လှမ်းလှမ်းရှိ သစ်ပင်အုပ်အတွင်းမှ အလင်းတန်းတစ်တန်း ကောင်းကင်ကို ထိုးတက်သွားသည်ကို မြင်ကြရ၏။ အချက်ပေး မီးကျည်လွှတ်တင်လိုက်ခြင်း ဖြစ်လေသည်။

"ထွက်ပြေးသွားတဲ့ လူက သူ့အဖွဲ့ကို အချက်ပေးလိုက်တာပဲ၊ ဒါဆို ဒီအနီးအနားမှာ လေပွေမုန်တိုင်းအဖွဲ့စခန်း ရှိနေတယ်ဆိုတာ သေချာပြီ.... လာလာ ရှေ့ဆက်သွားစို့"

မြောင်ဖေးဟူက အားပါးတရ ပြောပြီး မီးကျည်လွှတ်တင်ရာ မှန်းဆ၍ ခပ်သွက်သွက်လာခဲ့ရာ နောက်မှ ကျန်လူအားလုံး လိုက်ပါလာကြသည်။

မြောင်ဖေးဟူသည် လေပွေမုန်တိုင်း အဖွဲ့ခေါင်းဆောင် စခန်းတွင် မရှိကြောင်းလည်း အတိအကျ သတင်းရထားပြီး ဖြစ်၏။ အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့သည် အို့ယိဝမ်းအတုနှင့် သွားရောက်တိုက်ခိုက် ယှဉ်ပြိုင်မည်ဟု ကြားသိထားခြင်းဖြစ်လေသည်။

မြောင်ဖေးဟူသည် လေပွေမုန်တိုင်းအဖွဲ့ လက်ထဲတွင် ရောက်နေသော ရတနာပစ္စည်းများကို မရလျှင် မပြန်ဟုလည်း ယတိပြတ် ဆုံးဖြတ်ချက် ချထားသည်။

သူသည် မီးကျည်လွှတ်ရာ နေရာသို့ ရောက်လုလုတွင် နောက်

ထပ်မီးကျည်တစ်တန်း ကောင်းကင်ကို ထိုးတက်သွားသည်ကို တွေ့ရပြန်သည်။ ရှေ့မှ ပြေးနေသူသည် ပြေးလွှားရင်းမှ မီးကျည်များ တစ်ခုပြီးတစ်ခု လွှတ်တင်သွားခြင်း ဖြစ်လိမ့်မည်ဟု မြောင်ဖေးဟူ တွေးမိသည်။

မြောင်ဖေးဟူတို့လူစုသည် ဆက်၍လာခဲ့ကြရာ ဝင်းခြံတံခါးဝဆီသို့ ရောက်လာခဲ့ကြ၏။

"တန့်ဂေဟာ မွေးမြူရေးခြံဝကိုတော့ ရောက်လာပြီ....တို့အားလုံး သတိနဲ့ဝင်ကြမယ်၊ အို့ယိဝမ်းနဲ့ လို့ရှံ့ရှမ်းတို့လို အစွမ်းအစရှိတဲ့ လူတွေ စခန်းမှာရှိမှာ မဟုတ်ဘူး၊ သူတို့အဖွဲ့မှာ အင်အားနည်းနေလိမ့်မယ်၊ သူတို့မှာသာ အင်အားများနေရင် တို့တွေတောင် ဒီရောက်လာမှ ထွက်တိုက်ရမှာပေါ့"

မြောင်ဖေးဟူက သစ်သားဖြင့် ပြုလုပ်ထားသော ဝင်းတံခါးကြီးကို ဓားနှင့် ခုတ်ပိုင်းဖြတ်ပြီးနောက် ရှေ့မှဦးဆောင်ကာ ဝင်းထဲသို့ ဝင်သွားသည်။ အားလုံး လက်နက်များကို အသီးသီးကိုင်ထားကြ၏။

တစ်နေရာအရောက်တွင် သူတို့အားလုံး ခြေလှမ်းတန့်ရပ်သွားကြသည်။

သူတို့ မြင်ရသည်မှာ အမျိုးသမီးတစ်ယောက်က ဓားတစ်လက်ကို ကိုင်ပြီး မလှမ်းမကမ်းတွင် လူနှစ်ယောက်က သေတ္တာကြီးတစ်လုံးကို ရှေ့နောက် သစ်သားတန်းတစ်တန်းဖြင့် မနိုင်မနင်း ထမ်းသွားနေခြင်း ဖြစ်လေသည်။



ခပ်လှမ်းလှမ်းတွင်မူ အိမ်ကြီးတစ်လုံးကို တွေ့ရသည်။

လူနှစ်ယောက်ထမ်းသွားသော သေတ္တာကြီးမှာ ရတနာသေတ္တာ ဖြစ်လိမ့်မည်ဟူသော အတွေးဖြင့် မြောင်ဖေးဟူ စိတ်လှုပ်ရှားသွားတော့၏။

"ဟေ့ကောင်တွေ သေတ္တာကြီးကို ချထားခဲ့၊ ဒါဆို မင်းတို့ အသက်ကို ချမ်းသာပေးမယ်"

"သေတ္တာကြီးကို ချမထားရင်တော့ မင်းတို့အသက်ကို သတ်မယ်"

မြောင်ဖေးဟူနှင့် ယန်းဖန်တို့က အော်ပြောလိုက်ကြ၏။

ထိုစဉ် သူတို့ရှေ့တွင် ရပ်နေသော အမျိုးသမီးက သေတ္တာကြီးဆီ ချာခနဲ လှည့်၍ ပြေးသွားသည်။ သူမကား ထင်လျန်ကူးပင် ဖြစ်၏။ သေတ္တာကြီးကို ထမ်းထားသော လူနှစ်ယောက်ကလည်း ပြေးသွားကြ၏။

မြောင်ဖေးဟူတို့ အားလုံး ပြေးလိုက်ကြ၏။ သူတို့တတွေ တဲအိမ်ကြီးဆီသို့ ရောက်လာသောအခါ သေတ္တာကြီးနှင့် လူသုံးယောက်မှာ ပျောက်ချင်းမလှ ပျောက်သွားတော့၏။

သူတို့အားလုံး တဲအိမ်ကြီးဝန်းကျင်ကို ရှာဖွေကြ၏။

တဲအိမ်ကြီး နောက်ဘက်ကို အရောက်တွင် ဝက်ခြံကြီးကိုလည်း တွေ့ရသည်။

မြောင်ဖေးဟူတို့အဖွဲ့သည် ပါလာသော မီးတုတ်များကို ထွန်း

ညှိလိုက်ကြတော့၏။

ထိုအခါမှ မီးရောင်ဖြင့် ဝက်မြံအတွင်း မြေပေါ်တွင် အပေါက်ကြီးတစ်ပေါက်ကို တွေ့ရသည်။ အပေါက်ကြီးအောက်တွင် ကျောက်ပြားကြီး တစ်ပြားလည်း ရှိနေသည်။

မြောင်ဖေးဟူက အပေါက်ကို ငုံ့ကြည့်ရာ အောက်ဘက်သို့ ဆင်းသွားသော လှေကားထစ်များကို တွေ့ရသည်။

"ဒါ မြေအောက်ခန်းကို သွားတဲ့ ဥမင်လမ်းပေါက်ဝပဲဟေ့.... ရတနာသေတ္တာကို သူတို့တွေ ဒီမြေအောက်ခန်းကိုပဲ သယ်ယူသွားကြမှာပဲ၊ တစ်ဘက်မှာလည်း ထွက်ပေါက်ရှိလိမ့်မယ်၊ ကဲ တစ်ယောက်အမြန်ဆင်းစမ်း"

အဖွဲ့သားတစ်ယောက် မီးတုတ်ကိုကိုင်ကာ လှေကားထစ်များအတိုင်း ပြေးဆင်းသွားသည်။ ခဏအကြာတွင် ပြန်တက်လာသည်။

"မြေအောက်ခန်းထဲမှာ သံတံခါးပေါက်ကြီး တစ်ခုရှိပြီး ပွင့်နေတာ တွေ့ရပါတယ်"

"ဒါဆို အမြန်ဆင်းလိုက်ကြမယ်၊ ရတနာသေတ္တာကို ဒီအထဲ ထမ်းပြေးသွားတာ သေချာပြီ...မြေအောက်တစ်ဘက်မှာလည်း ထွက်ပေါက် ရှိကိုရှိရမယ်"

ယန်းဖန်က စဉ်းစားလိုက်ပြီး....

"တစ်စုတစ်ဝေးတည်း ဆင်းသွားကြလို့တော့ မဖြစ်ဘူးထင်တယ် ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့နှစ်စုခွဲပြီး ဆင်းကြရင် ကောင်း



မယ်၊ ကျွန်တော်နဲ့ အဖွဲ့သားအချို့က ရှေ့ကဆင်းမယ်၊ ဂိုဏ်းချုပ်ကြီးနဲ့ ကျန်အဖွဲ့သားတွေက နောက်ကနေ လိုက်ခဲ့ကြပေါ့"

မြောင်ဖေးဟူက သဘောတူသဖြင့် ယန်းဖန်သည် အဖွဲ့သားတချို့ကို ခေါ်၍ ဦးစွာ ဆင်းသွားလေသည်။

ခဏနေမှ မြောင်ဖေးဟူနှင့် ကျန်လူများလည်း ဆင်းလိုက်ခဲ့ကြသည်။

သို့ဖြင့် မြောင်ဖေးဟူတို့ အားလုံးသည် မြေအောက်ဥမင်လမ်းအတွင်းသို့ ရောက်လာခဲ့ကြတော့၏။ မြေအောက်ခန်းကို ရောက်မှ သူတို့လူစု နှစ်စု ပူးပေါင်းလိုက်ကြ၏။

မြောင်ဖေးဟူးက ရှေ့မှ ဦးဆောင်ခဲ့သည်။ ယန်းဖန်မှာ စိုးရိမ်နေသော်လည်း နေခဲ့ရန် မဖြစ်သဖြင့် နောက်မှ လိုက်ခဲ့ရ၏။ မြောင်ဖေးဟူ၏ အမိန့်ကြောင့် အားလုံး စကားမပြောကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာပင် လာခဲ့ကြ၏။

မကြာမီ သူတို့ရှေ့မှ ခြေသံများကို ကြားရတော့သည်။

အိုးအိဖိန်းက ရှေ့မှ လူစွမ်းကောင်းလုပ်ပြီး သွားသည်။

ဥမင်လမ်းမှာ ကွေ့ကောက်နေသဖြင့် ရှေ့မှ ခြေသံရှင်များကို မမြင်ကြရသေးချေ။

မြောင်ဖေးဟူနှင့် အိုးအိဖိန်းတို့မှာ လူစွမ်းကောင်းပုံစံဖြင့် ရှေ့မှ သွားကြရာ ယန်းဖန်လည်း စိုးရိမ်စိတ် ပျောက်သွားပြီး ရှေ့ကို ကျော်တက်သည်။

လမ်းခွဲ နှစ်ခွဆီသို့ ရောက်လာကြသည်။ နံရံတွင် မီးတိုင်ကြီး တစ်တိုင် ထွန်းထားသည်ကိုလည်း တွေ့ကြရ၏။

ရှေ့ဆုံးမှ ရောက်လာသော ယန်းဖန်က ဆိတ်အုပ်ကို တွေ့ရပြီး ရယ်မောလိုက်၏။ ဆိတ်များက တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့နေသဖြင့် ခြေသံများစွာ ပေါ်ထွက်နေခြင်း ဖြစ်၏။

"ဟား....ဟား....ဟား....ဆိတ်အုပ်က ခြေသံတွေ ကြားနေရတာကိုး"

"ဟာ....ဆိတ်အုပ်ထဲမှာ ရတနာသေတ္တာကြီး"

ဆိတ်အုပ်ထဲမှ သေတ္တာကြီးကိုမြင်လျှင် အားလုံး ဝမ်းသာအားရ ဖြစ်သွားကြသည်။ သူတို့ အားလုံး၏ မျက်လုံးထဲတွင်လည်း လောဘရောင်များ သမ်းလာကြသည်။

ဆိတ်အုပ်ကြီးကို ဤအထဲသို့ အဘယ်ကြောင့် မောင်းသွင်းထားသည်ကိုမူ သူတို့အားလုံး မစဉ်းစားကြချေ။

အိုးအိဖိန်းက ဆိတ်အုပ်ကြီးကို မောင်းထုတ်လိုက်ပြီး သေတ္တာကြီးအနီးသို့ ကပ်၍ သေတ္တာဖုံးကို ဖွင့်ရန် ဟန်ပြင်လိုက်၏။

"နေပါဦး...."

မြောင်ဖေးဟူထံမှ အော်ဟစ် ဟန့်တားသံ ပေါ်ထွက်လာသည်။

အိုးအိဖိန်းသည် သေတ္တာဖုံးကို မဖွင့်ဖြစ်သေးဘဲ မြောင်ဖေးဟူကို လှည့်ကြည့်လိုက်၏။ မြောင်ဖေးဟူ၏ မျက်နှာက တည်ကြည်နေသည်။



"သေတ္တာကို အရမ်းမဖွင့်နဲ့ အိုးအိဖိန်း၊ တကယ်လို့များ သေတ္တာထဲမှာ ယမ်းဗုံးတွေ ထည့်ထားရင် ဘယ်လိုလုပ်မလဲ....ပေါက်ကွဲကုန်ရင် ကျုပ်တို့အားလုံး သေကုန်ကြလိမ့်မယ်၊ ဥမင်လိုဏ်ခေါင်းကြီးက ပြိုကျလာရင် ကျုပ်တို့တတွေ တစ်ယောက်မှ ပြေးလွတ်ကြမှာ မဟုတ်ဘူး"

အိုးအိဖိန်းက မျက်မှောင်ကြုတ်သွားပြီး....

"ဂိုဏ်းချုပ်ကြီးကလည်းဗျာ....အစိုးရိမ် လွန်နေပြန်ပါပြီ.... ဒီသေတ္တာကို ကျွန်တော်တို့ကို မပေးချင်လို့ သူတို့ ထမ်းပြေးကြတာ ဂိုဏ်းချုပ်ကြီးလည်း မြင်သားပဲ၊ အခု ကျွန်တော်တို့တတွေ နောက်က အတင်းလိုက်ခဲ့ကြလို့ သူတို့ မနိုင်တာနဲ့ ချထားခဲ့ပြီး ကိုယ်လွတ်ရုန်း ပြေးသွားကြတာ ဖြစ်မှာပေါ့၊ တကယ်လို့သာ ဒီသေတ္တာကြီးထဲမှာ ပေါက်ကွဲစေတတ်တဲ့ ယမ်းပုံးတွေ ရှိနေရင် သူတို့ ထမ်းပြေးရဲ့ကြပါ့မလား...."

မြောင်ဖေးဟူက ခေါင်းကို ခါယမ်းလိုက်ပြီး....

"မဟုတ်သေးဘူးလေ....ဒီသေတ္တာကို ကျုပ်တို့ ရကြပြီပဲ ဖွင့်ကြည့်ဖို့ ဘာလောစရာ လိုတော့လဲ....ဖြည်းဖြည်းဖွင့်လည်း ရပါတယ်ဗျာ....ဒီတော့ သေတ္တာကြီးကို မြေပေါ်သယ်သွားကြမယ်၊ အပေါ်ကိုရောက်မှ ဖွင့်ကြည့်တာ မကောင်းဘူးလား...."

ယန်းဖန်ကလည်း ဝင်ပြောသည်။

"ဟုတ်တယ် အိုးအိဖိန်း၊ ဂိုဏ်းချုပ်ကြီး ပြောတာမှန်တယ်၊ ဒီမြေအောက်ခန်းထဲမှာ သေတ္တာကို မဖွင့်တာတော့ အကောင်းဆုံးပဲ"

အိုးအိဖိန်းက ပခုံးနှစ်ဘက်ကို တွန့်၍ ပြုံးလိုက်ပြီး....

"ကျွန်တော်က သေတ္တာထဲမှာရှိတဲ့ ရတနာတွေကို သိပ်ပြီး မြင်ချင်တွေ့ချင်လို့ နေမှာပါ၊ ဘယ်လောက်များတယ်ဆိုတာ အားလုံး သိချင် မြင်ချင်ကြတာပဲ မဟုတ်လား...."

မြောင်ဖေးဟူက အဖွဲ့သားနှစ်ယောက်ကို လက်ညှိုးထိုးပြီး အမိန့်ပေးသည်။

"မင်းတို့နှစ်ယောက် သေတ္တာကြီးကို သယ်သွားကြ၊ ဂရုစိုက်ပြီး ကောင်းကောင်းလည်း သယ်သွားကြဦးနော်"

တစ်ဆက်တည်းပင် ကျန်အဖွဲ့သားများကို အမိန့်ပေးလိုက်ပြန်သည်။

"မင်းတို့တွေက ကိုယ့်အုပ်စုနဲ့ကိုယ် အုပ်စုနှစ်စုခွဲပြီး ရှေ့က ရန်သူနောက်ကို တို့နဲ့အတူ လိုက်ကြမယ်၊ ထွက်ပေါက်တွေထဲအထိ ဝင်ရှာကြမယ်"

အဖွဲ့သားနှစ်ယောက်က နောက်ထပ် အဖော်နှစ်ယောက်ကို ခေါ်ကာ သေတ္တာကြီးကို သယ်ယူသွားရန် ဖြစ်ကြ၏။ ကျန်အဖွဲ့သားများကလည်း အုပ်စုနှစ်စုခွဲကာ ဥမင်လမ်း နှစ်လမ်းကို ခွဲလိုက်ရန် ပြင်ဆင်ကြ၏။

အိုးအိဖိန်းက မကျေမနပ်နှင့် ဝင်ပြောသည်။



"ဂိုဏ်းချုပ်ကြီး....ဟောဒီ သေတ္တာကြီးထဲမှာ တန်ဖိုးများပြားလှတဲ့ ရတနာပစ္စည်းတွေ ပါပါတယ်၊ အားလုံးနဲ့လည်း ဆိုင်ပါတယ်၊ ဒီအဖွဲ့သားလေးယောက်ကို ထမ်းယူသွားခိုင်းလို့ ဖြစ်ပါ့မလား.... ကျွန်တော် စိတ်မချဘူး"

မြောင်ဖေးဟူမျက်နှာ တင်းမာသွားသည်။

"ခင်ဗျားက ကျုပ်အဖွဲ့သားတွေကို မယုံကြည်ဘူးလား...ကျုပ် စီစဉ်မှုကို မယုံတာဟာ ကျုပ်ကို မယုံကြည်တဲ့သဘောပဲ...."

ထိုအခါမှ အိုးအိဖိန်း မျက်နှာချိုသွေးလိုက်ပြီး....

"ယုံပါတယ် ဂိုဏ်းချုပ်ကြီး၊ ယုံပါတယ်၊ ယုံလို့လည်း ဂိုဏ်းချုပ်ကြီးကို ကျွန်တော်တို့ ခေါင်းဆောင်အဖြစ် သဘောတူထားတာပဲ၊ ကျွန်တော် စိုးရိမ်လွန်သွားလို့ပါ"

ယန်းဖန်က ဝင်ပြောသည်။

"အိုးအိဖိန်းကလည်းဗျာ...အပိုတွေ ပြောမနေပါနဲ့၊ ဂိုဏ်းချုပ်ကြီးက သူ့လူတွေအကြောင်း သူသိလို့ စိတ်ချလက်ချ ခိုင်းတာပေါ့၊ သယ်သွားပါစေ"

မြောင်ဖေးဟူက မကျေမနပ် ဖြစ်နေတုန်းပင်....

"ကျုပ် ရှင်းရှင်းပဲ ပြောမယ်၊ တကယ်လို့ ကျုပ်က ဒီရတနာတွေကို တစ်ယောက်တည်း လိုချင်ရင် ခင်ဗျားတို့ နှစ်ယောက်ကိုတောင် မဖိတ်ခေါ်ဘူး သိလား...ကျုပ်နဲ့ ကျုပ်ရဲ့ ရဲ့ရွှန်းတောင်ဂိုဏ်းမှာ အင်အားရှိတယ်"

ယန်းဖန်က....

"ကျွန်တော် တောင်ပန်းပါတယ် ဂိုဏ်းချုပ်ကြီးရယ်...ရှေ့ကရန်သူတွေကိုမမီဘဲနေဦးမယ်၊ သေတ္တာကြီးကို သယ်သွားနိုင်းပါတော့"

မြောင်ဖေးဟူလည်း အနည်းငယ် စိတ်ပြေသွားပြီး သူ့လူလေးယောက်ကို သေတ္တာကြီး သယ်သွားရန် အမိန့်ပေးလိုက်၏။

သေတ္တာကြီးကို ရဲ့စန်းတောင်ဂိုဏ်းသား လေးယောက်က မယူလိုက်ကြ၏။

"ဂလုန်း....ဂလုန်း...."

"ဝုန်း....ဝုန်း...."

သေတ္တာကြီး၏ အောက်ခံပျဉ်ပြားများ ပြုတ်ထွက်သွားကာအတွင်းမှ ပစ္စည်းများ ထွက်ကျလာသည်။ အားလုံးပင် ထွက်ကျလာသော ပစ္စည်းများကို မျက်လုံးအပြူးသား ကြည့်ပြီး ကြက်သေ သေနေကြ၏။

မြောင်ဖေးဟူလည်း မျက်နှာကြီး ရှုံ့မဲ့သွားသည်။

သေတ္တာကြီးအတွင်းမှ ထွက်ကျလာသော ပစ္စည်းများမှာ ကျောက်တုံးကျောက်ခဲများ ဖြစ်နေသောကြောင့်ပင်တည်း။

ကျောက်တုံးကျောက်ခဲများကြားတွင် အနီရောင်စာအိတ်တစ်လုံးတည်း ပါလာသည်။

မြောင်ဖေးဟူက မျက်နှာကြီး သုန်သုန်မှုန်မှုန်နှင့် စာအိတ်ကိုယူပြီး ဖွင့်ကြည့်ရာ အထဲတွင် စာတစ်စောင်နှင့် စက္ကူပြားတစ်လက်ကို



တွေ့ရ၏။ စက္ကူပြားမှာ လေပွေမုန်တိုင်းအဖွဲ့ခေါင်းဆောင် အိုယိဝမ်း၏ အထိမ်းအမှတ်ပစ္စည်း ဖြစ်ကြောင်း အားလုံး သိကြ၏။

မိတ်ဆွေကြီး မြောင်ဖေးဟူ ခင်ဗျာ....

ကျွန်တော်နဲ့အဖွဲ့သားတွေ ခရီးထွက်နေရတဲ့ အခိုက်မို့ မိတ်ဆွေကြီးတို့ကို ဖွယ်ဖွယ်ရာရာ ဧည့်ခံမကျွေးမွေးနိုင်တာ တောင်းပန်ပါတယ်၊ မိတ်ဆွေကြီးတို့ စားရအောင် ဆိတ်အကောင်နှစ်ဆယ်ကိုတော့ ထားပေးပါတယ်၊ လေးငါးဆယ်ရက် အတွင်းမှာတော့ မိတ်ဆွေ ကြီးတို့တတွေ အစာရေစာတော်ကြဦးမှာ မဟုတ်ပါဘူး၊ အပြင်ကို ထွက်ဖို့တော့ မကြိုးစားကြပါနဲ့တော့။

အခုဆိုရင် ဥမင်လမ်းပေါက်တွေကို ပိတ်ထားလိုက်ပါပြီ။ အသက်ဘေးအန္တရာယ် ဖြစ်မှာလည်း မစိုးရိမ်ကြပါနဲ့။ ကျွန်တော်တို့ရဲ့ကိစ္စ ပြီးဆုံးသွားတဲ့အခါ မိတ်ဆွေကြီးတို့ မပြင်ထွက်နိုင်အောင် လာဖွင့်ပေးပါ့မယ်။

တစ်ခုပဲ သတိပေးပါရစေ....

အစားတော့ မကြီးကြပါနဲ့။ အစားကြီးရင်တော့ မိတ်ဆွေကြီး တို့ ရိက္ခာပြတ်ပြီး သေကုန်ကြပါလိမ့်မယ်။

စာ၏အောက်တွင် လက်မှတ်ရေးထိုးမထားဘဲ စက္ကူပြားတစ်

လက်ပုံကို ရေးထားလေသည်။ စာဖတ်ပြီးသည်နှင့် မြောင်ဖေးဟူက ခြေကို ဆောင့်ကာ ဒေါသဖြင့် အော်လိုက်၏။

"တောက်....တို့တော့ ရန်သူထောင်ချောက်ထဲမှာ မိပြီ"

အိုးအိဖိန်းနှင့် ယန်းဖန်တို့လည်း စာကို အလှအယက်ဖတ်ကြ၏။

"ဒုက္ခပါပဲဗျာ....ဒုက္ခပါပဲ"

"ဒီထဲမှာ တစ်သက်လုံး လှောင်ထားရင်တော့ သေကုန်ကြမှာပဲ"

မြောင်ဖေးဟူက စိတ်အားတင်းလိုက်ပြီး....

"အိုဗျာ...ကျုပ်တို့မှာ လူအင်အား ငါးဆယ်လောက်ရှိနေတာပဲဟာ....ဒီသုံးလေးငါးရက်အတွင်း ဥမင်ပေါက်ကို ကြိုးစားဖောက်ရင် ဘာလို့ မပေါက်နိုင်ရမှာလဲ....တောက်...အပြင်ကိုရောက်မှ အဲ့ယိဝမ်းကို လက်စားချေရမယ်၊ ထွက်ပေါက်ကို သွားကြည့်ကြမယ်"

မြောင်ဖေးဟူက လာလမ်းအတိုင်း ထွက်ခဲ့ရာ ကျန်လူများလည်း နောက်မှ လိုက်ခဲ့ကြသည်။ ဥမင်ပေါက်ဝကို စရောက်ခင် သံတံခါးပိတ်ထားသည်ကို တွေ့ကြရ၏။ သံတံခါးကြီးမှာ ထုထဲနိုင်ခဲ့လှသဖြင့် ဖွင့်၍ လွယ်ကူမည်မဟုတ်ကြောင်းသိကြပြီ၊ စိတ်ဓာတ်ကျကုန်ကြ၏။

ဥမင်လမ်းတွင် သူတို့လူစုမှာ မှားနေကြသဖြင့် အသက်ရှူမဝသလိုလည်း ဖြစ်နေကြ၏။



"ဟိတ်....မီးတုတ်ကို တစ်ခုပဲထွန်းပြီး ကျန်တဲ့မီးတုတ်တွေအားလုံး ငြိမ်းလိုက်ကြ"

မြောင်ဖေးဟူ၏အမိန့်အတိုင်း လုပ်ဆောင်ပြီး လူအားလုံး စိတ်ပျက်လက်ပျက် ထိုင်နေလိုက်ကြတော့၏။

◇◇◇◇◇

၇၅။

---

၂၆ရက်နေ့ည ဖြစ်ပြီး တောင်ကုန်းပေါ်တွင် လေထန်နေသည်။

ကြယ်ရောင်ကလေးတွေက မှည်းမှောင်သော ကောင်းကင်အပြည့် ဝင်းလက်နေသည်။

တိုက်ခတ်နေသော လေကြောင့် သစ်ကိုင်းသစ်ရွက်တို့မှာ တရှဲရှဲမြည်ကာ သစ်ကိုင်းများ ယိမ်းထိုးနေသည်။

တောင်ကုန်းပေါ်တွင် မီးရောင်မရှိသော်လည်း လုံးလုံးပိန်းမှောင်နေခြင်း မရှိပါချေ။ ကြယ်ရောင်ကြောင့် အလင်းရောင် ပိုးတဝါး ရှိနေသည်။

လားမားဘုန်းကြီးကျောင်းပျက်ကြီး၏ ရှေ့တွင် လူတစ်ယောက် ရပ်နေသည်။

အိုယိဝမ်းပင် ဖြစ်လေသည်။



အိုယိဝမ်း၏ကိုယ်ပေါ်တွင် ကိုယ်ကြပ်သိုင်းဝတ်စုံကို ဝတ်ဆင်ထားပြီး ကျောတွင် ဓားကို လွယ်ပိုးထား၏။ သူ့မျက်နှာတွင် ဓာပဝါနက်ကို ဖုံးအုပ်ထားသဖြင့် မျက်နှာပြင်ကို မတွေ့ပါချေ။

သူသည် ငြိမ်သက်စွာ ရပ်နေသဖြင့် အဝေးမှ ကြည့်လျှင် ကျောက်ရုပ်တစ်ရုပ်ဟု ထင်မှတ်မှားနိုင်လေသည်။ သူ့မျက်လုံးအစုံက တောင်ကုန်းပေါ်သို့ တက်လာနိုင်သည့် လမ်းကိုသာ စူးစိုက်ကြည့်နေသည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးလာပြီး သန်းခေါင်ကျော်သွားလေပြီ။

တောင်တက်လမ်းမှ လူရိပ်တစ်ရိပ် လှမ်းတက်လာသည်။

ထိုသူသည် ခေါင်းပေါ်တွင် ခမောက်ဆောင်းထားပြီး ကိုယ်ပေါ်တွင်လည်း မြို့ထည်ကြီးကို လွှမ်းခြုံထားသည်။

ဆောင်းထားသော ခမောက်ကြီးမှာ မျက်နှာတစ်ဝက်ဖုံးနေလေရာ နှုတ်ခမ်းအစုံသာ ခမောက်ကြီးအောက်မှ ပေါ်ထွက်နေသည်။

ခမောက်ဆောင်းထားသော ထိုလူသည် တောင်ကုန်းပေါ်သို့ရောက်လျှင် ရပ်တန့်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။ သူသည် ဝန်းကျင်တဝိုက်တွင် ပုန်းခိုနေသူများ ရှိမရှိ အကဲခတ်လိုက်ခြင်း ဖြစ်၏။

မည်သို့သော မသင်္ကာဖွယ်ရာကိုမှ မမြင်ရတော့မှ သူသည် ဆက်လက်ပြီး လျှောက်လှမ်းခဲ့သည်။ သူသည် လားမားဘုန်းကြီး

ကျောင်းပျက်ကြီးဆီသို့ ဦးတည်လာနေခြင်း ဖြစ်လေသည်။

လားမားကျောင်းပျက်ကြီးရှေ့ရှိ မြေကွက်လပ်သို့ ရောက်လာလျှင် ကြိုတင်၍ ရပ်နေသော အိုယိဝမ်းကို လှမ်းမြင်ရတော့၏။

ဝါးခမောက်နှင့်လူသည် မြေကွက်လပ်အတွင်းသို့ ဆက်လက်လျှောက်လာပြီး အိုယိဝမ်းနှင့် ပေနှစ်ဆယ်ခန့် အကွာတွင် ရပ်တန့်လိုက်၏။ သူသည် ဝါးခမောက်ကြီး အနားကို ညာလက်ဖြင့် ကိုင်၍ မျက်နှာပေါ်သို့ အနည်းငယ် ဆွဲချလိုက်ပြန်သည်။

ဤသည်မှာ လို့ရုံရှမ်းနှင့် အိုယိဝမ်းတို့နှစ်ယောက် ကြိုတင်ပြောဆိုထားကြသော အချက်ပြမှုပင် ဖြစ်လေသည်။ ကိုယ့်အချင်းချင်းမှန်း သိနိုင်အောင် ရင်ဆိုင်မိမိချင်း ညာလက်ဖြင့် ဝါးခမောက်ကို ဆွဲနှိမ့်လျက် အချက်ပြလိုက်ခြင်း ဖြစ်၏။

အိုယိဝမ်းအတု ဟန်ဆောင်လာသူကား လို့ရုံရှမ်းပင် ဖြစ်လေသည်။

အိုယိဝမ်းကလည်း လို့ရုံရှမ်းမှန်း သိသည်။ သို့သော် ဟန်ပန်ကောင်းကောင်းနှင့် ရပ်နေသော လို့ရုံရှမ်းကို အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

"ဟင်း....ဟင်း....ခင်ဗျားက အချိန်မှန်သားပဲ"

အိုယိဝမ်းအတု ဟန်ဆောင်လာသော လို့ရုံရှမ်းကလည်း အေးစက်စက်လေသံဖြင့်ပင် ပြန်ပြောသည်။

"ခင်ဗျားလည်း အချိန်တိကျပါတယ်လေ...."



"ကျုပ်ကတော့ ကြိုပြီးတော့တောင် လာစောင့်နေပါသေးတယ်"

လို့ရုံရှမ်းက ဘေးပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

"ဒါဆို ခင်ဗျားက ဒီနေရာမှာ ကြိုတင် ပြင်ဆင်မှုတွေ လုပ်ထားနိုင်မှာပေါ့နော်"

"ဟား....ဟား....ဟား.... ရယ်စရာစကားတွေ ပြောမနေစမ်းပါနဲ့....စက္ကူဓားသမား အိုယိဝမ်းအစစ်ဟာ ဘယ်တော့မှ မိန်းမဉာဏ် မသုံးပါဘူး၊ ခင်ဗျားကို အတုသာ သုံးချင်သုံးမှာပါ"

"ဟင်း....ဟင်း .... ခင်ဗျား ထောင်ချောက်ဆင်ထားလည်း ကျုပ်က မမှုပါဘူးလေ...စိုးလည်း မစိုးရိမ်ပါဘူး၊ ဒါကြောင့် ခင်ဗျား ချိန်ခေါ်ချိန်းဆိုတာကို ကျုပ် လာခဲ့တာပါ"

"ဒီမှာ မိတ်ဆွေ....ကျုပ် တစ်ခုတော့ မေးပါရစေ"

"မေးပါ"

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ရဲ့နာမည်ကို အလွဲသုံးစားလုပ်ပြီး သိုင်းလောကမှာ လှုပ်ရှားနေရတာလဲ...ပြီးတော့ ကျုပ်နာမည်ကို သုံးပြီး မကောင်းတဲ့လုပ်ရပ်တွေကိုသာ လုပ်ခဲ့တယ်..."

လို့ရုံရှမ်းကလည်း ဟန်ကောင်းကောင်းနှင့် ပြန်ဖြေသည်။

"ဟား....ဟား....ဟား.... ခင်ဗျားကလည်း အတော်လာတဲ့လူပဲ၊ မေးခွန်းကို ကျုပ်က မေးရမှာပါ၊ ဘာဖြစ်လို့ ခင်ဗျားက ကျုပ်နာမည်ကို သုံးပြီး သိုင်းလောကမှာ လှုပ်ရှားနေရတာလဲ...."

အိုယိဝမ်းက တင်းမာစွာ ပြန်ပြောသည်။

"ဘာဗျ....သူခိုးက လူလို့ ဟစ်နေပြန်ပါပြီ၊ ဒီမှာ ကျုပ်ဟာ စုံထောက်သမား အိုယိဝမ်း အစစ်ပဲ ခင်ဗျား ဘယ်သူလဲ...ဘာဖြစ်လို့ ကျုပ်နာမည်ကို သုံးပြီး လှုပ်ရှားနေရတာလဲ....ဒါကို ကျုပ် သိချင်တယ်"

လိုရှုံရှမ်းက အသံထွက်အောင် ရယ်လိုက်ပြီး....

"ဟား....ဟား....ဟား....ဟား.... ကျုပ်သာ စုံထောက်သမား အိုယိဝမ်း အစစ်ပါ၊ ခင်ဗျားရဲ့ မျက်နှာကို ဘာဖြစ်လို့ ပဝါနဲ့ ဖုံးထားရတာလဲ....ခင်ဗျားဟာ လျှို့ဝှက်မှု အပြည့်နဲ့လူပဲ၊ ခင်ဗျားဘယ်သူလဲ.... ကျုပ် နာမည်ကို အလွဲသုံးစား လုပ်နေတာဟာ ကျုပ်ကို မကောင်းကြံစည်နေတာနဲ့ အတူတူပဲ...."

အိုယိဝမ်း ဒေါသထွက်လာဟန်ဖြင့် တင်းမာစွာ ပြန်ပြောသည်၊

"ခင်ဗျား အတုလား....ကျုပ်က အတုလားဆိုတာ ဒီညမှာပဲ ဆုံးဖြတ်ကြရမှာပဲ"

"ဟား....ဟား....ဟား....ဟား....ဟုတ်တယ်....ဟုတ်တယ်.... ပါးစပ်နဲ့ငြင်းနေကြလို့တော့ ဒီကိစ္စ ပြီးမှာ မဟုတ်တော့ဘူး၊ ယှဉ်ပြိုင်ကြည့်မှပဲ အတုနဲ့အစစ် ကွဲပြားသွားလိမ့်မယ်၊ အိုယိဝမ်းအစစ်ဟာ သိုင်းပညာ ပိုပြီး ထက်မြက်ရမှာပေါ့၊ မဟုတ်ဘူးလား...."

အိုယိဝမ်းက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်....ဒါတော့ ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ်တို့



တတွေ ယှဉ်ပြိုင်တိုက်ခိုက်ကြမယ်၊ ဒါပေမယ့် တစ်ခုတော့ ပြောပါရစေ"

"ဘာများလဲ....ဆိုပါဦး"

"ခင်ဗျားရော ကျုပ်ပါ မျက်နှာကို ဖွင့်လိုက်ကြမယ်၊ ကျုပ်လည်း ကျုပ်မျက်နှာပေါ်က ပဝါကိုဖြုတ်လိုက်မယ်၊ ခင်ဗျားလည်း ခေါင်းပေါ်က ခမောက်ကို ချွတ်လိုက်ပါ"

လိုရှုံရှမ်းက စဉ်းစားဟန်ဖြင့် ငြိမ်နေပြီးမှ....

"ဒီလိုလုပ်လို့ ဘာများ အကြောင်းထူးလာမှာမို့လို့လဲ...."

"ဒီလိုလေ...တစ်ယောက်ရဲ့မျက်နှာအမှန်ကို တစ်ယောက်က မြင်ကြရတာပေါ့၊ ခင်ဗျားလည်း ကျုပ်မျက်နှာအမှန်ကို မမြင်ချင်ဘူးလား...."

လိုရှုံရှမ်းက စဉ်းစားဟန်ဖြင့် ငြိမ်နေရာမှ ဘေးပတ်ဝန်းကျင်ကို မသင်္ကာသလို တစ်ချက် ကြည့်လိုက်ပြန်သည်။

အိုယိဝမ်းက လှောင်ရယ် ရယ်၍ ပြောသည်။

"စိတ်ချပါ မိတ်ဆွေ၊ ဒီနေရာမှာ ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက်တည်းပဲ ရှိပါတယ်၊ ဘာမှ သံသယဖြစ်စရာ မလိုပါဘူး"

"ကောင်းပြီလေ....ခင်ဗျား မျက်နှာက ပဝါကို အရင်ဖြုတ်မှာလား....ကျုပ်ကပဲ ခမောက်ကို အရင် ချွတ်ရမှာလား...."

"အကောင်းဆုံးကတော့ ခင်ဗျားနဲ့ ကျုပ်နဲ့ တပြိုင်တည်း ချွတ်ကြမယ်၊ မျက်နှာကို အရင်ဆုံး ဖော်နိုင်တဲ့လူက အရင်စတိုက်မယ်၊

ဒီလိုဆိုရင် မကောင်းဘူးလား...,"

လို့ရုံရှမ်းက ကျောင်းပျက်ကြီးဆီသို့ တစ်ချက် လှမ်းကြည့်လိုက်ပြန်ပြီး စိတ်မချဟန်ဖြင့် ပြောပြန်သည်။

"ရှင်းရှင်းပြောရရင် ကျုပ်တော့ ဒီနေရာမှာ ယှဉ်ပြိုင်ရမှာ စိတ်မရှိဘူး၊ ဒီတော့ ကျုပ်တို့နှစ်ယောက် ဟိုဘက်ကို ရွှေ့ပြီး ယှဉ်ပြိုင်ကြရအောင်"

အိုယိဝမ်းကလည်း စဉ်းစားသလို ခဏမျှ ငြိမ်နေပြီးမှ ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။

"ကောင်းပြီလေ ....ခင်ဗျားက သက်ဘမကင်း ဖြစ်နေတော့ ခင်ဗျား စိတ်ကြိုက်ပဲ ရွေးပါ၊ ဘယ်နေရာကို ခင်ဗျား ရွေးမလဲ....သွားကြမယ်"

ထိုအချိန်တွင် ကျောင်းပျက်ကြီး၏ ပြိုကျနေသော အဆောင်တွင်းဝယ် လူတစ်ယောက် ပုန်းခိုလျက် ရှိနေလေသည်။

ထိုသူသည် လေပွေမုန်တိုင်း အဖွဲ့ဝင် နံပါတ်ဆယ့်ငါး ဖြစ်ပြီး....သူ့နာမည်မှာ ဝူချိုလန်းပင် ဖြစ်၏။

ဝူချိုလန်းသည် သိုင်းပညာကို ထက်မြက်စွာ တတ်မြောက်ထားသည့်အပြင် အသံတုဝိဇ္ဇာ တစ်ယောက်တည်း ဖြစ်လေသည်။ သူသည် အသံမျိုးစုံကို တုပ၍ ပြောဆိုနိုင်သူဖြစ်၏။

ဝူချိုလန်းက ကျောင်းပတ်ဝန်းကျင် အခြေအနေကို မျက်ခြည်မပြတ် ကြည့်နေရသူ ဖြစ်၏။



ထိုစဉ် လူရိပ်တစ်ရိပ် ဝင်းနံရံကို ခုန်ကျော်ပြီး ဝင်လာသည်ကို ဝူချိုလန်း လှမ်းမြင်လိုက်ရသည်။ လူရိပ်က ခဏနှင့် ကျောင်းအနီးမှောင်ရိပ်တွင်းသို့ လှစ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။

"ဂျီး....ဂျီး....ဂျီး....ဂျီး"

ပိုးကောင်တစ်ကောင်၏ အော်မြည်သံလည်း ပေါ်ထွက်လာသည်။ ညအချိန်ဖြစ်သောကြောင့် ပိုးကောင်များ အော်ဟစ်တတ်လေရာ ပိုးကောင်တစ်ကောင်၏ အော်မြည်သံ ပေါ်ထွက်လာခြင်းမှာ မထူးခြားပါချေ။

အိုယိဝမ်းနှင့် လို့ရုံရှမ်းတို့သည် ထိုအသံကို ကြားလျှင် ဝူချိုလန်းထံမှ အချက်ပေး အော်မြည်လိုက်ခြင်း ဖြစ်ကြောင်း သိကြ၏။

အိုယိဝမ်း အယောင်ဆောင်ထားသူ ရောက်လာပြီ ဖြစ်ကြောင်းလည်း သိလိုက်ကြသဖြင့် နှစ်ယောက်စလုံး စိတ်လှုပ်ရှားသွားမိကြ၏။

ရောက်လာသော အတုအယောင်သမားသည် သိုင်းပညာအဆင့်မြင့်သူဖြစ်ကြောင်း အိုယိဝမ်းတို့ သိကြသော်လည်း ထိုလူသည် မည်သို့သော အကြံနှင့် ရောက်လာပြီး၊ မည်ကဲ့သို့ စတင် တိုက်ခိုက်မည်ကိုမူ မသိပါချေ။

အိုယိဝမ်းနှင့် လို့ရုံရှမ်းတို့သည် ကျောင်းဝင်းနံရံသို့ ခပ်ဖြည်းဖြည်း လျှောက်ခဲ့ကြသည်။

ကျောင်းထဲမှ ပုရစ်အော်သံ ပေါ်လာသည်။ ကျောင်းပျက်ကြီးတွင် ရှိသော ဝူချိုလန်းက ထပ်မံ အချက်ပေးလိုက်ခြင်းသာ ဖြစ်၏။

လို့ရှံ့ရှမ်းက ခြေလှမ်းရပ်တန့်လိုက်ပြီး ကျောင်းကို မျက်နှာမူလိုက်၏။

အို့ယိဝမ်းကမူ လို့ရှံ့ရှမ်းနှင့် မျက်နှာချင်းဆိုင် ရပ်နေပြီး ကျောင်းပျက်ကြီးကို ကျောပေးထားသည်။

လို့ရှံ့ရှမ်းက အသံ ခပ်ကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်၊

"ဒီနေရာမှာပဲ ယှဉ်ပြိုင်တော့မယ်ပေါ့၊ ခင်ဗျား သဘောတူရဲ့လား...."

အို့ယိဝမ်းကလည်း ခေါင်းညိတ်၍....

"သဘောတူပါတယ်....ကဲ....ကျုပ်တို့တွေ ပြိုင်တူ မျက်နှာဖော်ကြရအောင်"

"ကောင်းပြီ...."

သူတို့ နှစ်ဦးစလုံး၏ ဘယ်ဘက်လက်များက မျက်နှာဆီသို့ တဖြည်းဖြည်း မြောက်တက်သွားကြ၏။ လို့ရှံ့ရှမ်းက ခမောက်ကို ချွတ်ရန် ပြင်သလို အို့ယိဝမ်းကလည်း မျက်နှာမှ ပဝါကို ဖြုတ်ရန် ဟန်ပြင်ကြသည်။

ထိုအချိန်....

ပြိုကျနေသည့် အဆောင်တွင်းမှ ခပ်အုပ်အုပ် အော်ဟစ်သံတစ်သံ ပေါ်ထွက်လာပြီး လူရိပ်တစ်ရိပ် ခုန်လွှား ထွက်လာသည်၊

"ဟိုလူ ထောင်ချောက်ထဲ ဝင်လာပြီ...."

လို့ရှံ့ရှမ်းက အားရပါးရ ပြောလိုက်တော့၏။ ချက်ချင်းပင် လို့ရှံ့ရှမ်းက မီးကျည်တစ်ခုကို ရှို့ကာ ပစ်လွှတ်လိုက်သည်။



လူရိပ်ကား ခြံဝင်းပေါက်သို့ ရောက်သွားလေပြီ....

ရှူးဟူသော အသံနှင့်အတူ မီးကျည်တစ်ခု ကောင်းကင်ပေါ်သို့ ထိုးတက်သွားလေ၏။

ကောင်းကင်ဝယ် အလင်းရောင် ဖြာထွက်သွားသည်။

"ဟေး....ဟေး...."

"ဗိုင်းဟ....ဖမ်းဟ...."

ကျောင်းဝင်း အပြင်ဘက် လေးဘက်လေးတန်မှ ညာသံပေး အော်ဟစ်သံများ ဆူညံစွာ ပေါ်ထွက်တော့သည်။

ကျောင်းဝင်း အပြင်ဘက်မှ ဦးစီးဦးဆောင်သူမှာ ဂူးဝေပင် ဖြစ်ပြီး....ညာလက်တွင် နှစ်ဘက်သွားဓားကို ကိုင်ထားလေသည်။

## ၇၆။

ထိုလူရှိမှသည် ခြံဝင်းနံရံပေါ် ရပ်နေကာ ထိတ်လန့်၍နေလေသည်။ သူက ဝင်းအတွင်းသို့ ခုန်လွှားဆင်းလိုက်ပြန်သည်။ ထိုအချိန်တွင် အိုယိဝမ်း ခုန်လွှား ရောက်ရှိလာလေသည်။

ထိုလူမှာ မြေသို့ ခြေချမိလျှင်မိချင်း အိုယိဝမ်းနှင့် ရင်ဆိုင်လိုက်လေသည်။

လို့ရှုံရှမ်းကလည်း သံမဏိပြား ယပ်တောင်ကို ဖွင့်ဖြန့်ကာ ရောက်ရှိသည်။ လို့ရှုံရှမ်းကပင် အော်ငေါက် ပြောလိုက်၏။

"မိတ်ဆွေ....ခင်ဗျား ပြေးလို့ မလွတ်ဘူး၊ အသာတကြည် အဖမ်းခံပါ"

သို့သော် ထိုလူက ဘာမှ ပြန်မပြောဘဲ အိုယိဝမ်း၏ဘေးချက်ကို နောက်လှန်ကာ ခုန်ရှောင်လိုက်လေ၏။



ထိုလူက ကိုယ်ဖော့ပညာ ကောင်းမွန်လှသည်ကို တွေ့မြင်ရတော့သည်။

ထိုလူသည် ကျောင်းပျက်ရှိရာသို့ ထွက်ပြေးသွားလေသည်။

"ဘယ်ပြေးမလဲ....မင်းပြေးလို့မလွတ်ဘူး"

လို့ရှုံရှမ်းက ဒေါသသံနှင့် အော်ဟစ်ပြီး ပြေးလိုက်သည်။ အိုယိဝမ်းလည်း လို့ရှုံရှမ်းနှင့်ယှဉ်၍ ပြေးလိုက်ရာ ရှေ့မှလူသည် ကျောင်းဝင်းတံခါးဝသို့ ရောက်ရှိသွားလေသည်။

ထိုအချိန်တွင် ကျောင်းဝင်းအတွင်းသို့ မီးတုတ်ကိုင်ထားသော လူဆယ်ယောက်ခန့် ပြေးဝင်လာကြသည်ကို တွေ့ရသည်။

ထိုလူများကား မို့က်ချုံးယိ၊ လင်းရဲ့ကျုံင်းနှင့် လေပွေမုန်တိုင်း အဖွဲ့သားများပင် ဖြစ်သည်။

ဆက်လက်၍လည်း လေးဘက်လေးတန်မှ အဖွဲ့သားများ ဝင်ရောက်ခဲ့ကြပြီး ကျောင်းကိုဝိုင်းရံထားလိုက်ကြသည်။

ထိုလူလည်း ကျောင်းအတွင်းသို့ ဝင်ပြေးသွားတော့သည်။

လင်းရဲ့ကျုံင်းက လှမ်းကြည့်ပြီး အံကို ကြိတ်ကာ လှမ်းအော်ပြောလိုက်သည်။

"လူလိမ်လူညာ....ရှင် ပြေးလို့မလွတ်ဘူး"

လင်းရဲ့ကျုံင်း အော်ပြော၍ ဓားကိုကိုင်ကာ ပြေးလိုက်သည်။

လို့ရှုံရှမ်းက လှမ်းတားလိုက်သည်။

"လင်းရဲ့ကျုံင်း....ကျောင်းတံခါးဝကနေပဲ စောင့်ပါ၊ အဖွဲ့သား

တွေကို မီးတုတ်တွေ မှိုထွန်းနိုင်းလိုက်ပါ၊ ကျောင်းပတ်လည် ဝိုင်းထားရင် ဒီလူ အတောင်ပံပေါက်မှပဲ ပျံပြေးနိုင်မှာပါ"

ဝူးဝေနှင့် အဖွဲ့သားများလည်း ကျောင်းသို့ ရောက်ရှိလာကြသည်။ လေပွေမုန်တိုင်း အဖွဲ့သားများသည် ကျောင်းကြီးတစ်ခုလုံးကို ဝိုင်းရံထားလိုက်ကြလေသည်။

လို့ရှုံရှမ်းက....

"ဒီလူ အထဲကနေ လက်နက်ပုန်းနဲ့ လှမ်းပစ်နိုင်တယ်နော်၊ အားလုံး သတိထားကြပါ၊ တကယ်လို့ ဒီလူ ပြေးထွက်လာရင် လေးသမားတွေ လှမ်းပစ်ကြပါ၊ အနီးကပ်ဖြစ်နေတဲ့ လူတွေကတော့ အဆိပ်အပ် လက်နက်ပုန်းတွေနဲ့ ပစ်ကြ"

အို့ယိဝမ်းက ကျောင်းပေါက်ဝမှ အတွင်းသို့ လှမ်းကြည့်လိုက်ပြီးနောက် အဖွဲ့သားနှစ်ယောက်ကို လက်ယပ်ခေါ်လိုက်၏။ အဖွဲ့သားနှစ်ယောက်လည်း ဂုန်နီအိတ်ကြီးနှစ်လုံးကို ပိုက်ယူလာလေသည်။

ဂုန်နီအိတ်ကြီး နှစ်လုံးထဲတွင် စက္ကူစများ၊ အဝတ်စုတ်များနှင့် မီးလောင်လွယ်သော ထင်းရှူးစများ၊ ရေဘော်စများပါရှိပြီး ပေါက်ကွဲလောင်မြိုက်နိုင်ရန် ယမ်းမှုန့်များလည်း ရောစွတ်ထည့်သွင်းထားသည်။

အို့ယိဝမ်းက အမိန့်ပေးလိုက်လျှင် ဂုန်နီအိတ်ကြီးနှစ်လုံးတွင် စီစဉ်ထားသည့် ယမ်းကြိုးစကို မီးရှို့ပြီး ကျောင်းခန်းမှ အတွင်းသို့ ပစ်သွင်းလိုက်ပါတော့သည်။



"ဝုန်း....ဝုန်း...."

"ဒိုင်း....ဒိုင်း...."

ဂုန်နီအိတ်ကြီးနှစ်လုံး ပေါက်ကွဲကာ မီးပန်းမီးပွားများ ထွက်လာလေသည်။ မီးခိုးလုံးကြီးများလည်း အလိပ်လိုက် တက်လာ၏။

မီးရှိန်မြင့်လာကာ ထုတ်တန်းများကို မီးစွဲပါတော့သည်။ ကျောင်းကို ဝိုင်းရံထားသော အဖွဲ့သားများလည်း ဓား၊ လှံ၊ လေးမြားကိုယ်စီနှင့် အသင့်ကိုင်ထားကြကာ ထိုလူထွက်အလာကို စောင့်ဆိုင်းလျက် ရှိ၏။

မျက်လုံးများစွာသည် မီးလောင်နေသော ကျောင်းကို မမှိတ်မသုန် စူးစိုက်၍ ကြည့်နေကြလေ၏။

သို့သော် မီးတောက်ကြီးသာ ကျောင်းခန်းမကြီး တစ်ခုလုံးကို ခွဲလောင်နေသည်။ အတွင်းမှလူက လုံးဝ ထွက်လာသည်ကို မတွေ့ရပါချေ။

သည်လူ အထဲမှာ ရှိသေးရဲ့လား....ထွက်များပြေးပြီးလား....

အို့ယိဝမ်းက ပြောလိုက်၏။ လို့ရှုံရှမ်းက ခေါင်းခါယမ်းလိုက်ပြီး....

"ဒီလူ ထွက်မလာသေးပါဘူး၊ ကျွန်တော်တို့ ဝိုင်းထားတာပဲ၊ ဒီညတော့ ဒီလူကို အမိအရ ဖမ်းရမယ်"

"ဟာ ကြည့်ကြပါဦး....ဟောဟိုမှာ ပြေးလာတာ ထင်းလျှန်ကူးတို့ မဟုတ်လား...."

လင်းရဲ့ကျင်းက ကျောင်းဝင်းပေါက်သို့ လက်ညှိုးညွှန်ပြကာ အသံစူးစူးနှင့် အော်ပြောလိုက်၏။

အိုးယိဝမ်းက လှည့်ကြည့်လိုက်သည်။ လူအားလုံးတို့ကလည်း လှည့်ကြည့်မိကြသည်။

ဟုတ်ပေသည်။

လူနှစ်ယောက် ကျောင်းဝင်းအတွင်းသို့ ပြေးနှင်လာကြလေသည်။ ရှေ့မှလူက ပျံလွှားချင်ဖိန်းဖြစ်ပြီး နောက် ထင်လျှန်းကူး လိုက်လာ၏။

တန့်ဂေဟာ မွေးမြူရေးခြံကို စောင့်ကြည့်နေရန် တာဝန်ပေးထားသော သူတို့သည် အဘယ်ကြောင့် ပြေးလာနေကြသနည်းဟု တွေးကာ အိုးယိဝမ်း ရင်ထိတ်သွားရသည်။

အိုးယိဝမ်းကဲ့သို့ပင် အဖွဲ့သားများလည်း ထင်လျှန်ကူးတို့နှစ်ယောက် ပြေးလာသည်ကို စိတ်ပူပင်စွာ လှမ်းကြည့်နေလေသည်။

"အားလုံး ကိုယ့်နေရာကိုယ် နေမြဲရှိကြပါ၊ ကျောင်းထဲကလူကို ဂရုစိုက်ကြ၊ ညီလေးဇွေနဲ့ ညီလေးမော့တို့ သွားပြီး အကျိုးအကြောင်း မေးလိုက်ပါ"

လို့ရုံရှမ်းက လှမ်းပြောလိုက်၏။ အဖွဲ့သားများလည်း နေမြဲနေရန် ပြောလိုက်၏။

ဝေဘွန်စိမ်းနှင့် ယင့်တာ့လူတို့ နှစ်ယောက်လည်း ပြေးထွက်သွားလေသည်။



ပြေးလာနေသော ချင်ဖိန်း၏ ဘယ်ဘက်ပခုံးတွင် မြားဒဏ်ရာရထားသည်ကို တွေ့ရ၏။ ထင်လျှန်ကူးမှာလည်း ညာဘက်လက်ပြင်၌ ဒဏ်ရာရထားပြီး သွေးတွေ ထွက်နေ၏။ သူတို့နှစ်ယောက်စလုံး ဒဏ်ရာများ ရထားသည်ကို မြင်လျှင် ဝေဘွန်စိမ်းနှင့် ယင့်တာ့လူတို့ နှစ်ယောက်မှာ အထိတ်တလန့် ဖြစ်သွားကြတော့၏။

ဝေဘွန်စိမ်းနှင့် ယင်တာ့လူတို့နှစ်ယောက်မှာ ချင်ဖိန်းနှင့် ထင်လျှန်ကူးတို့ နှစ်ယောက်ကို ကြိုလာကြသည်။

"ဘယ်လိုဖြစ်တာလဲ ညီလေး"

အိုးယိဝမ်းက ဆီးကြို၍ မေးလိုက်၏။

ချင်ဖိန်းမှာ မောဟိုက်စွာ အသက်ရှူရင်း ပြန်ပြော၏။

"အစ်ကိုကြီး....အမြန်ရန်သူကို တိုက်ခိုက်ဖို့ပြင်ပါ၊ မြောင်ဖေးဟူတို့ ဥမင်ထဲက ဖောက်ထွက်လာနိုင်တယ်၊ နောက်က လိုက်....လိုက်....လာကြပြီ"

လို့ရုံရှမ်းမှာ အထိတ်တလန့်ကြီး ဖြစ်သွားတော့၏။

"ဟင်....သူတို့ ဘယ်လိုလုပ်ပြီး ထွက်လာနိုင်ကြတာလဲ...."

ချင်ဖိန်းက သက်ပြင်းရှူလိုက်ပြီး....

"သူတို့ကို ထွက်နိုင်ဖို့ သံတံခါးဖွင့်ပေးတဲ့လူ ရှိလို့ပါ"

"ဟင်....ဘယ်သူ တံခါးဖွင့်ပေးလိုက်တာလဲ...."

လို့ရုံရှမ်းက မေးလိုက်၏။ သူ၏မျက်လုံးအစုံမှာ ပြူးကျယ်၍ သွား၏။

ချင်ဖိန်းသည် သူ့နောက်ဘက်ဆီသို့ လက်ညှိုးလှမ်းညွှန်လိုက်လေသည်။ အထက်လမ်းဝဆီသို့ လူရိပ်များ ပြေးလွှားလာနေကြသည်ကို တွေ့ကြရပါတော့သည်။

"ဟင်း....သွေးထွက်သံယို တိုက်ပွဲကြီး တစ်ပွဲတော့ တိုက်ရတော့မယ်"

အို့ယိဝမ်းက သက်ပြင်းချပြီး ညည်းညူပြောလိုက်သည်။

"ကျွန်တော်တို့ အကြံအစည်တော့ ပျက်ပါပြီဗျာ...."

လို့ရုံရှမ်းက ညည်းလိုက်၏။

"ကဲ....ဟိတ် ဒီလူတွေ သေချင်လို့ လိုက်လာတာ၊ တိုက်မယ်၊ အားလုံးအသင့်ပြင်ကြ"

အို့ယိဝမ်းက ဒေါသထွက်ကာ မာန်နှင့်အော်ပြောလိုက်လေသည်။

လို့ရုံရှမ်းက....

"ကျွန်တော်နဲ့ အဖွဲ့သားအချို့ ဆီးကြိုတိုက်ခိုက်ပါ့မယ်၊ အစ်ကိုကြီးက ကျန်တဲ့အဖွဲ့သားတွေနဲ့ ဒီမှာပဲ ကျောင်းထဲက လူကို စောင့်ပါ၊ ဒီလူမကြာခင် ထွက်လာမှာပါ၊ မီးရှိန်က ပိုကောင်းလာပြီ...."

ထိုသို့ ပြောဆိုနေစဉ် ရဲ့စန်းတောင် ဓားပြဂိုဏ်းသားများသည် တောင်ပေါ်လမ်းမပေါ်သို့ အားလုံးရောက်ရှိလာကြကာ ကျောင်းဘက်ဆီသို့ ပြေးလွှား လာကြတော့၏။

လို့ရုံရှမ်းနှင့် အဖွဲ့သားများကလည်း ဓားများ ဝင့်ကာ ဆီးတိုက်တော့၏။



တိုက်ပွဲမှာ အော်ဟစ်သံများ ဆူညံစွာနှင့် ဓားသံ တချွမ်းချွမ်း ထိုးခုတ်ကြတော့၏။

ရဲ့စန်းတောင်စခန်း၊ ဓားပြဂိုဏ်းသားများသည် လူအင်အားများပေရာ ဒီရေလှိုင်းအလား ဖိလိုက်လေ၏။

ထို့ကြောင့်....

ကျောင်းကို ဝိုင်းရံထားသော လေးပွင့်မှန်တိုင်း အဖွဲ့သားများမှာ ရပ်ကြည့်နေ၍ မရတော့ဘဲ ဝင်ကူတိုက်ရပါတော့သည်။

သို့ဖြင့် ဝိုင်းရံထားသော အနေအထားမှာ ပျက်ပြယ်သွားရတော့သည်။

ရဲ့စန်းတောင်စခန်း ဂိုဏ်းသားများသည် မြောင်ဖေးဟူ အော်ဟစ်အားပေးမှုကြောင့် အင်အားဖြင့် ဖိတိုက်သဖြင့် လေးပွင့်မှန်တိုင်း အဖွဲ့သားများမှာ ဒုက္ခရာရသူရ ဆုတ်သူဆုတ် ဖြစ်ကြကုန်၏။

အို့ယိဝမ်းမှာလည်း ကြည့်မနေတော့ဘဲ အော်ဟစ်မာန်သွင်းကာ ပြေးထွက်လာတော့၏။

အို့ယိဝမ်း၏ဓားသည် ငွေ့ယမ်းလေ ဝင်းလက်လေဖြစ်၏။ လူအုပ်ထဲတွင် ငွေ့ယမ်း ထိုးခုတ်သလိုနှယ် ရဲ့စန်းတောင်အဖွဲ့သားများကို တစ်ယောက်ပြီးတစ်ယောက် လဲကျစေကုန်လေသည်။

မြောင်ဖေးဟူမှာ သူ့ အဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်ကို မြင်လျှင် လွန်စွာ ထိတ်လန့်သွားသည်။ သူ ခေါ်လာသည့် အဖွဲ့သားများမှာ အားလုံး လက်ရွေးစင်တွေချည်း

ဖြစ်ကြ၏။ အဖွဲ့ခေါင်းဆောင် အဆင့်မြင့် သိုင်းသမားချည်း ဖြစ်ကြ၏။

မြောင်ဖေးဟူ ရှေ့သို့ တက်ရတော့၏။

မြောင်ဖေးဟူ ကိုင်သည့်လက်နက်မှာ လုံတိုနှစ်ချောင်းဖြစ်သည်။ လုံတိုနှစ်ချောင်းမှာ သံမဏိဖြစ်ပြီး လုံးသွားများက အပြားကြီးကြီး ချွန်မြလှသလို ဓားလိုလည်း ထက်မြက်လှပေသည်။

အို့ယိဝမ်းက မြောင်ဖေးဟူကို ရင်ဆိုင်လိုက်လေသည်။

နှစ်ဦးသား တိုက်ခိုက်ကြရာ သိုင်းကွက် ဆယ်ကွက်ကျော် အရောက်တွင် မြောင်ဖေးဟူမှာ မခုခံနိုင်တော့ဘဲ ဆုတ်နေရတော့သည်။

ဤတွင် ယန်းဖန်က တွေ့မြင်ရသဖြင့် ပြေးကူလေ၏။

ယန်းဖန်ကိုင်သော လက်နက်မှာ သံချွန်နှစ်လက် ဖြစ်သည်။

အို့ယိဖိန်းသည်လည်း အို့ယိဝမ်းကို နိုင်အောင် တိုက်ခိုက်လေ၏။ သို့ဖြင့် အို့ယိဝမ်းမှာ ရန်သူသုံးယောက် တိုက်ခိုက်ခံရသော အခြေအနေမျိုးသို့ ရောက်ခဲ့ရတော့သည်။

အို့ယိဝမ်းသည် ဂဲရင့်စွာပင် နောက်သို့ မဆုတ်ဘဲ လှည့်ပတ်တိုက်ခိုက်၏။ မြောင်ဖေးဟူ၊ ယန်းဖန်နှင့် အို့ယိဖိန်းတို့ သုံးယောက်မှာ အို့ယိဝမ်းကို ဝိုင်းတိုက်ခိုက်သော်လည်း အသာစီးမရဘဲ ဖြစ်နေသည်။

ထိုသို့ အဖွဲ့နှစ်ဖွဲ့ ပြင်းထန်စွာ တိုက်ခိုက်နေကြစဉ် လူတစ်ယောက် မီးတောက်ကြီး အတွင်းမှ ထိုးဖောက်ခုန်ထွက်လာတော့၏။



လို့ရုံရှမ်းကား ရန်သူများကို တိုက်ခိုက်ရင်းမှ ထိုသူ ခုန်ထွက်လာသည်ကို သတိထားကြည့်၍ မြင်သည်။

"ဟိတ်...အဖွဲ့သားတွေ၊ ဟိုလူထွက်လာပြီး ဖမ်းကြ၊ ဆီးတိုက်ကြ"

လို့ရုံရှမ်းမှာ ရန်သူဝိုင်းနေသည့် ကြားမှပင် အို့ယိဝမ်းအတု လွတ်မြောက်သွားမည်ကို စိုး၍ သူ့ လူများကို အော်ပြောလေ၏။

ကျောင်းအတွင်းမှ ခုန်ထွက်လာသူ ရှုပ်ထွေးနေသော လူများအကြားမှ ရှောင်ပြေးရန် ကြံလေခြင်းဖြစ်သည်။ ထိုလူသည် ဝင်းပြင်သို့ တစ်ဟုန်ထိုး ပြေးနှင်သွားသည်။

လင်းရဲ့ကျင်းကလည်း မြင်သည်။ လို့ရုံရှမ်းက အော်ဟစ်ပြီး ပြောလိုက်သဖြင့် ထိုလူပြေးရာ နောက်ကို ခုန်လွှားလိုက်တော့၏။

သုံးကြိမ်မျှ ခုန်လွှားလိုက်သည်နှင့် ထိုလူရှေ့သို့ ရောက်သွားလေရာ နှစ်ဦးသား ရင်ဆိုင်မိတော့သည်။

လင်းရဲ့ကျင်းက ဓားကိုပင့်ကာ တရှိန်ထိုး လှမ်းထိုးလိုက်၏။

◈◈◈◈◈

## ၇၇။

လင်းရဲ့ကျင်းမှာ အတင့်ရဲလှစွာပင် ခုန်ဝင်ပြီး ထိုးနက်လိုက်ခြင်း ဖြစ်ရာ ထိုလူမှာ ထိတ်လန့်ပြီး နောက်သို့ ကျွမ်းပစ်၍ ရှောင်ထွက်သွားလေ၏။

မြေပြင်သို့ သူ့ခြေအစုံ ပြန်ရပ်မိလျှင် သူ့နောက်ဘက်မှ ဓား ခုတ်သံကြောင့် ထိတ်လန့်တကြား ရှေ့သို့ ခုန်ရှောင်လိုက်ရပြန်သည်။

သူ့နောက်မှ ဝင်ခုတ်သူမှာ မိုက်ချုံးယိပင်ဖြစ်သည်။

ထိုလူမှာ ရှေ့ကလည်း လင်းရဲ့ကျင်းနှင်း တိုး၍ နောက်မှလည်း မိုက်ချုံးယိကို ရှောင်ရပြန်တော့သည်။

မိုက်ချုံးယိက ဝင်ခုတ်ရာ ဓားချက်များ ဆင့်ကဲ ဆင့်ကဲ ကျ ရောက်သွား၏။ ထိုလူမှာ တိမ်းရှောင်မှု လွန်စွာကောင်းလှသူဖြစ် ကြောင်း တွေ့ရ၏။



လင်းရဲ့ကျင်းကို လှည့်၍ ခြေဖျားဖြင့် ခုန်ခတ်ကာ မိုက်ချုံးယိ ၏ ဓားချက်များကိုလည်း ဆီးခံသွားနိုင်သည်။

မိုက်ချုံးယိ စိတ်စောစွာဖြင့် အတင်းဝင်ခုတ်ရာ တစ်ကွက်ဟာ သွားပြီး ထိုလူမှ ခုန်ခတ်လိုက်သော ခြေကန်ချက် တစ်ချက် ရင်ဝသို့ ထိသွားတော့၏။ မိုက်ချုံးယိမှာ အင့်ခနဲ အသံထွက်လိုက်မိပြီး နောက် သို့ လန်သွား၏။

မိုက်ချုံးယိမှာ နောက်သို့ ယိမ်းယိုင်တိုးဆုတ်သွားရာ နောက် သို့ လန်ထွက်မသွားအောင် မနည်းချည်း ထိန်းထားရလေသည်။

"ထန်း....ထန်း....ဟူသော ဓားချင်းထိသံ ပေါ်ထွက်လာပြီး လင်းရဲ့ကျင်းက အတင်း ဝင်တိုက်လေသည်။

"ယား ...."

ထိုလူ အော်ဟစ်မာန်သွင်းသံ ပေးလိုက်ပြီး ဓားချက်ပြင်းပြင်း တိုးကာ လင်းရဲ့ကျင်းကို နောက်ဆုတ်သွားစေ၏။ တစ်ဆက်တည်း ရှိလိုပင် ခုန်လွှားသွား၏။

"ပြေးပြီး လိုက် လိုက်"

မိုက်ချုံးယိက ရင်ဘတ်အောင့်နေသည့် ကြားက အော်ပြော လိုက်၏။

ထိုလူကား ဝင်းအပြင်သို့ ခုန်လွှားထွက်သွားလေ၏။

လင်းရဲ့ကျင်းက လိုက်ရာ ရဲ့စန်းတောင်စခန်း အဖွဲ့သားနှစ် ယောက်နှင့် တိုးမိပြီး စီးတိုက်သဖြင့် ဆက်မလိုက်နိုင်ဘဲ ဖြစ်သွား၏။

မိုက်ချူးယိလည်း လင်းရဲ့ကျင်းကို မကူနိုင်ဘဲ ဖြစ်သွားလေ
သည်။

မိုက်ချူးယိသည် လင်းရဲ့ကျင်းကို မကူနိုင်တော့ဘဲ ပြေးလို ခဲ့ရာ ဝင်းအပြင် ရောက်သွားလျှင် ထိုလူ အတော်ဝေးဝေးသို့ ရော သွားပြီဖြစ်ကြောင်း တွေ့ရတော့၏။ လက်နက်ပုန်းဖြင့် လှမ်းပစ်လျှ တောင်မှ မရောက်နိုင်တော့၍ လက်လျှော့လိုက်ရတော့သည်။

မိုက်ချူးယိ ရုတ်တရက် အကြံတစ်ခု ပေါ်လာပြီး တအ ကျူးအော်လိုက်လေ၏။

"ဟိတ်....ရှေ့က အဲ့ဒီသားတွေ အဲဒီလူကို ဆီးဖမ်းထား အသေပဲ ဖမ်းလိုက်ကြတော့"

မိုက်ချူးယိက ထိုလူ စိတ်ဇဝေဇဝါ ဖြစ်သွားစေရန် အကွ ဆင်၍ အော်ဟစ်လိုက်ခြင်းပင် ဖြစ်တော့သည်။

ပြေးနှင်နေသော ထိုလူသည် တကယ်ပင် သံသယစိတ် ဝင်သွ လေ၏။ ထိုသူသည် တောင်တက်လမ်းဝဘက်သို့ တက်မပြေးတေ ဘဲ ပြန်လှည့်ကာ တစ်ဘက် တောအုပ်အတွင်းသို့ ပြေးဝင်သွားလေ ၏။

လို့ရုံရှမ်းနှင့် လင်းရဲ့ကျင်းတို့နှစ်ယောက်လည်း မိုက်ချူး အပါးသို့ ရောက်ခဲ့လေ၏။

"ခင်ဗျားတို့နှစ်ယောက် တောင်ပေါ်လမ်းဝဘက်မှာ စောင့် လိုက်ကြပါ၊ ကျုပ် တောအုပ်ထဲ လိုက်သွားမယ်"



လို့ရုံရှမ်း ပြောပြောဆိုဆို ထိုလူပြေးသွားသည့် ဘက်သို့ လိုက် သွားလေ၏။

အို့ယိဝမ်းသည် သူ အမိကထားသောလူ ထွက်ပြေးသွားသည် ကို မြင်၍ မြောင်ဖေးဟူတို့ကို ပို၍ ဒေါသထွက်သွားလေသည်။ သို့ သော် သူ့ကို မြောင်ဖေးဟူတို့ သုံးယောက်က ဝိုင်းတိုက်နေသဖြင့် ထွက်မရဘဲ ဖြစ်နေ၏။

သို့ဖြင့် အကြံတစ်ခုပေါ်ကာ ဓားချက်ပြင်းများကို သုံးလိုက်ပြီး နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်လိုက်၏။

"နေကြပါဦး....ခဏရပ်ကြပါ"

မြောင်ဖေးဟူမှာ အို့ယိဝမ်း ထိုသို့ ပြောလိုက်ပြီး ရပ်လိုက်သဖြင့် အားသင့်သွားတော့၏။

သူက သူ့လူ နှစ်ယောက်ကို လက်မြှောက်ပြလိုက်၏။ ဖန်း နှင့် အိုးအိဖိန်းတို့လည်း ရပ်လိုက်ကြလေသည်။

"ဆိုစမ်းပါဦး....ခင်ဗျား ဘာဆွေးနွေးချင်လို့လဲ...."

မြောင်ဖေးဟူက မေးလိုက်၏။ အို့ယိဝမ်းက....

"ကျုပ် လူတွေကို အသေအပျောက် မဖြစ်စေချင်ဘူး၊ ခင်ဗျား တို့အားလုံး ဆုတ်ချင်ရင် အခုပြောပါ၊ ဒီတိုက်ပွဲကို ရပ်လိုက်ပါ့မယ်၊ မဟုတ်ရင် ကျုပ်လူတွေကို ကြမ်းကြမ်းတမ်းတမ်း သတ်ဖြတ်ဖို့ အမိန့်ပေးရလိမ့်မယ်"

မြောင်ဖေးဟူသည် အို့ယိဝမ်းနှင့်အဖွဲ့ကို ကြာရှည်တိုက်နိုင်

လိမ့်မည် မဟုတ်ကြောင်း သိသည်။ သို့သော် အိုယိဝမ်း၏ စကား တစ်ခွန်းနှင့် နောက်ဆုတ်ရမည်ကိုလည်း ရှက်သည်။

သို့ဖြင့် ရယ်သွမ်းလိုက်ပြီး ပြန်ပြောသည်။

"ကျုပ်တို့ကို အတိုက်ရပ်ဖို့ ပြောတာလား...ဒါဆိုရင် ခင်ဗျား တို့ လုယူထားတဲ့ ရတနာသေတ္တာကို ထုတ်ပေးပါ၊ ကျုပ်တို့က မတရား မယူပါဘူး၊ ကိုယ့်ရသင့်တဲ့ ဝေစုပဲ ယူမှာပါ၊ ရတနာပစ္စည်းတွေကို လေးပုံပုံပြီး ကျုပ်တို့က သုံးပုံပဲ ယူမယ်၊ ဒီလိုမှ မရရင်တော့ ဒီည ခင်ဗျားတို့ပဲ သေသေ၊ ကျုပ်တို့ပဲသေသေ တိုက်ရမှာပဲ"

အိုယိဝမ်းက ခေါင်းခါလိုက်ပြီး....

"ဒီကိစ္စကို ခင်ဗျားတို့နဲ့ မပြောချင်ဘူး၊ တစ်ခွန်းပဲ ပြောချင် တယ်၊ ခင်ဗျားတို့ အခု ဆုတ်ပြီး ပြန်ကြပါ"

မြောင်ဖေးဟူက အေးစက်စက် ရယ်သွမ်းလိုက်သည်။

"ဟင်း ....ကျုပ်တို့ဟာ ဒီရတနာတွေအတွက် အသက်စွန့်ဖို့ စိတ်ဆုံးဖြတ်ထားပြီးပြီ"

"ဩော်...ဒီလိုလား...ဒါဆိုရင် ခင်ဗျားတို့ကို ကျုပ်က အသေ အကြေတိုက်ဖို့ပဲ ရှိတော့တာပေါ့"

ပြောပြောဆိုဆို အိုယိဝမ်း နောက်သို့ ခြေသုံးလေးလှမ်းမျှ ဆုတ် သွားသည်။

သူ့နောက်တွင် ဝူးဝေက ရောက်လာသည်။ အိုယိဝမ်းက ဝူး ဝေကို လှည့်ပြောလိုက်သည်။



"ခင်ဗျားက အဖွဲ့သားအချို့ ခေါ်ပြီး ညီလေးစန်း နောက်ကို လိုက်သွားကြပါ၊ ကျွန်တော် သူတို့ကို ကြည့်ရှင်းထားလိုက်ပါ့မယ်"

အိုယိဝမ်းက ဝူးဝေကို လို့ရုံရှမ်း နောက်သို့ လိုက်ကြရန် ညွှန်ကြားလိုက်၏။

ဝူးဝေလည်း၊ အဖွဲ့သားအချို့ကို အော်ဟစ်အမိန့်ပေးကာ ကျောင်းဝင်းအပေါက်ဆီသို့ ပြေးထွက်ခဲ့ကြလေသည်။

မြောင်ဖေးဟူသည် သူ့အဖွဲ့သားများကို အော်ဟစ် အမိန့်ပေး လိုက်လေတော့သည်။

"ထွက်သွားတဲ့ လူတွေနောက်ကို လိုက်တိုက်ကြ"

ရဲ့စန်းတောင် အဖွဲ့သားများလည်း မြောင်ဖေးဟူ၏ အမိန့်ကို မလွန်ဆန်ဝံ့သဖြင့် ညာသံပေး အော်ဟစ်ကာ တိုက်တော့သည်။

အိုယိဝမ်းက မြောင်ဖေးဟူကို တင်းမာစွာ ဆိုလိုက်သည်။

"မြောင်ဖေးဟူ....ခင်ဗျား....အဖွဲ့သားတွေကို အခု တားမြစ် ပေးပါ၊ နို့မဟုတ်ရင် ကျုပ် ခင်ဗျားတို့ကို မသက်ညှာတော့ဘူးနော်"

မြောင်ဖေးဟူက အေးစက်စက် ရယ်သွမ်းလိုက်သည်။

"ကျုပ် ဒီအသက်အရွယ်ထိ ဘယ်သူခြောက်လို့မှ မကြောက် တတ်ပါဘူး၊ ဒီကနေ့ည ခင်ဗျား ရတနာတွေကို ခွဲဝေမပေးဘူးဆိုရင် ကျုပ်တို့က အသေအကြေတိုက်မှာပဲ"

အိုယိဝမ်း ဒေါသထွက်လာကာ အံကိုကြိတ်၍ ပြောလိုက် သည်။

"ကောင်းပြီ မြောင်ဖေးဟူ၊ ခင်ဗျား ဆန္ဒအတိုင်း ဖြစ်စေရမယ်"

ပြောပြောဆိုဆို ဓားကို ဝှေ့ယမ်းကာ သူ့နောက်မှ အဖွဲ့သားများကိုလည်း အော်ဟစ် အမိန့်ပေးလိုက်ပါတော့သည်။

"အဖွဲ့သားတွေ အသေအကြေတိုက်ကြ၊ တစ်ယောက်မှ မလွတ်ကြစေနဲ့"

အိုဃိဝမ်း ပြေးတိုက်တော့ရာ သူ့နောက်မှ အဖွဲ့သားများကလည်း တရကြမ်း တိုက်ခိုက်တော့၏။

ဓားသံများ ဆူညံစွာ ပေါ်ထွက်လာသလို အော်ဟစ်သံများလည်း ထိတ်လန့်ဖွယ် ပေါ်ထွက်လာ၏။

ဓားသံများအား ရှဲ့စန်းတောင်စခန်း အဆင့်မြင့် သိုင်းသမားနှစ်ဦးက ဓားဖြင့် ဝင်ခုတ်လေသည်။

အိုဃိဝမ်းက သူ၏ "ငါးကြေးခွံ ဓားရတနာ"ဖြင့် ဝှေ့ယမ်းခုတ်လိုက်ရာ အဖွဲ့သားများ၏ ဓားများ ကျိုးထွက်သွားတော့၏။

ညာလက်မှ လူသည် လျင်မြန်စွာ ဆုတ်သွားနိုင်လေသည်။ ဘယ်ဘက်မှ လူကား အဆုတ်နှေးသွားသဖြင့် ပခုံးပြင်ကို ရှပ်ထိသွားသည်။ အိုဃိဝမ်းက ရှပ်ခုတ်လိုက်ခြင်းသာ ဖြစ်လေသည်။ ထိုလူမှာ ထိတ်လန့်စွာ အော်ဟစ်လိုက်မိရင်း နောက်သို့ ခုတ်လိုက်ရာ ပက်လက်လန် လဲကျသွားလေသည်။

မြောင်ဖေးဟူသည် အိုဃိဝမ်းကို ဝင်မတိုက်ပဲသေးဘဲ သူ့အဖွဲ့သား ဆယ်ယောက်ကို တိုက်ရန် အော်ပြီး အမိန့်ပေးလိုက်သည်။

ထိုအဖွဲ့သား ဆယ်ယောက်မှာ အားလုံး လူထွားကြီးများ ဖြစ်ကြပြီး မြောင်ဖေးဟူ၏ လက်ရွေးစင် သိုင်းသမားကြီးများ ဖြစ်ကြသည်။



မြောင်ဖေးဟူ၏လက်ရွေးစင် သိုင်းသမားဆယ်ဦးတို့သည် အိုဃိဝမ်းကို ပတ်ပတ်လည် ဝိုင်းထားလေသည်။

လက်ရွေးစင် သိုင်းသမားဆယ်ဦးအနက် ငါးဦးသည် ရဲတင်းကြီး တစ်လက်စီကို ကိုင်ကာ တိုက်ခိုက်လေသည်။ ကျန်ငါးယောက်မှာ တုတ်တပ်သံလုံးကြီး တစ်လုံးစီကို ကိုင်ကာ တိုက်ခိုက်လေ၏။

မြောင်ဖေးဟူသည် သူ့လက်ရွေးစင် သိုင်းသမားကြီး ဆယ်ဦးကို အိုဃိဝမ်းအား တိုက်စေသည်မှာ အပိုင်တွက်ဆထားခြင်း ဖြစ်တော့၏။

အိုဃိဝမ်း ကမ်းထားသော လက်နက်မှာ ပေါ့ပါးသော လက်နက်ဖြစ်ပြီး... သူ့အဖွဲ့သားဆယ်ယောက် ကိုင်ထားသော လက်နက်များမှာ လေးပင်သော လက်နက်များပင် ဖြစ်လေသည်။

လေးပင်သော လက်နက်ကိုင်သည့် လူဆယ်ယောက်၏ အင်အားကို အိုဃိဝမ်းခံနိုင်မည် မဟုတ်ဟု သူ ယူဆ၏။

သို့သော်လည်း အိုဃိဝမ်းသည် ရှဲ့စန်းတောင်သိုင်းသမားဆယ်ဦးကို မမှုပါချေ။ ဓားကို ဝှေ့ယမ်းကာ တောင်ပြိုသိုင်းကွက်ကို သုံးပြီး တိုက်လေ၏။

သိုင်းသမားတစ်ယောက်သည် အိုဃိဝမ်းကို ရဲတင်းကြီးဖြင့် တအား လွှဲခုတ်လိုက်ခြင်း ဖြစ်သည်။ သို့သော် သူ့ ရဲတင်းချက်သည် လေကိုသာလျှင် ခုတ်မိလေသည်။

အိုဃိဝမ်းက ကိုယ်ကို တစ်ပတ်လှည့်ပြီး ရုတ်တရက်ထိုးနက်ချက်ကို သုံးလိုက်သည်။ ပြီးလျှင် လွှဲပစ်လိုက်ရာ ဓားသည် ရဲတင်း

အိုးယိဝမ်း လျှင်မြန်စွာ ဓားကို တစ်ပတ် လှည့်လိုက်ပြီး လွှဲခုတ်လိုက်ရာ "အား"ခနဲ အော်သံ ပေါ်လာပြီး ထိုသိုင်းသမား ဓားချက်ထိသွားသည်။

ရှပ်ထိသွားခြင်းပင် ဖြစ်သည်။ ထိုသူလည်း ထိတ်လန့်စွာ ခုန်ထွက်သွားတော့၏။

ဤတွင် ဘယ်ဘက်နှင့် ညာဘက်မှသိုင်းသမားနှစ်ယောက် သံလုံးလက်နက်များဖြင့် ဝင်တိုက်လေသည်။ တစ်ယောက်က ခေါင်းကို ထုနက်ပြီး တစ်ယောက်က အိုးယိဝမ်း၏ကျောကို လွှဲထုလေ၏။

အိုးယိဝမ်းက ကိုယ်ကိုရှောခနဲလှည့်ကာ ခြေဖြင့် ခတ်ထုတ်လိုက်သည်။ သူ့ကို ဝင်တိုက်သော လူနှစ်ယောက်စလုံး လွင့်သွားကြသည်။ ရဲတင်းနှင့်ခုတ်ရန် ပြေးလာသော လူနှင့် အိုးယိဝမ်းထံမှ လွင့်သွားသော သံလိုက်ကိုင်ထားသူ တိုက်မိပြီး မြေတွင် ပြုံလဲကျသွားကြ၏။

အိုးယိဝမ်း၏သိုင်းပညာစွမ်းကို သိသွားကြသဖြင့် ရဲတင်းကိုင်နှစ်ယောက်တို့သည် ရှေ့ကို မတက်ရဲကြတော့ချေ။

ထိုစဉ် ဝူးဝေလည်း ပြေးလွှားရောက်ရှိလာပြီး မြောင်ဖေးဟူတို့ အဖွဲ့ကို တရကြမ်း တိုက်ခိုက်လေတော့သည်။

◊◊◊◊◊



## ၇၈။

ရဲ့စန်းတောင် ဂိုဏ်းသားအချို့မှာ နောက်ကို ဆုတ်ခွာသွားကြသော်လည်း အချို့က ရှေ့သို့ တက်လာပြီး ဆီးတိုက်ကြ၏။

ဝူးဝေကလည်း အဆိပ်အပ်များဖြင့် ပစ်ခတ်တိုက်ခိုက်၏။ ရဲ့စန်းတောင် ဂိုဏ်းသားများမှာ အဆိပ်အပ်များ စူးစိုက်ကုန်ပြီး အော်ဟစ် ပြေးကြတော့၏။

မြောင်ဖေးဟူသည် အိုးယိဝမ်းတို့ကို တားဆီး၍ မရနိုင်မှန်းသိသဖြင့် သူကိုယ်တိုင် ရှေ့ဆက် မတိုက်ဝံ့တော့ဘဲ မျက်လုံးအပြူးသားနှင့် ရပ်ကြည့်နေလေသည်။

ထိုစဉ် အိုးအိဖိန်းလည်း မြောင်ဖေးဟူအနီးသို့ ချဉ်းကပ်လာသည်။

အိုးအိဖိန်း လည်ပင်းတွင် ဆွဲထားသော အရိုးခေါင်းပုံစံ ပုတီး

ချောင်းကြီးများကို မြောင်ဖေးဟူ မြင်သွားပြီး အကြံရသည်။ တကယ်တော့ အရိုးခေါင်း ပုတီးချောင်းကြီးများမှာ ပေါက်ကွဲစေတတ်သော ယမ်းဗုံးလက်နက်များပင် ဖြစ်၏။

လေပွေမုန်တိုင်း အဖွဲ့သားများကို ၎င်းယမ်းဗုံးလက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ရန် မြောင်ဖေးဟူ စဉ်းစားမိခြင်း ဖြစ်၏။ ချက်ချင်းပင် သူသည် အိုးအိဖိန်းကို ပြောလိုက်၏။

"သူတို့နောက်ကို ကျုပ်တို့လိုက်သွားပြီး ထပ်ဝိုင်းကြရအောင်၊ ဒီတစ်ခါ တားဆီးလို့မရရင် ခင်ဗျားရဲ့အရိုးခေါင်း ယမ်းဗုံးတွေကို သုံးမယ်"

"ကောင်းတယ် ကျွန်တော်တို့လိုက်ကြမယ်"

သို့ဖြင့် သူတို့သည် အိုးအိဖိန်း၏ အရိုးခေါင်း ယမ်းဗုံးအစ ကိုးဖြင့် ပြေးလိုက်ခဲ့ကြပြန်သည်။

ရှေ့မှပြေးထွက်လာသည့် အို့ယိဝမ်းတို့လူစုသည် မြောင်ဖေးဟူတို့ အဖွဲ့သားများ ပြေးလိုက်လာကြသည်ကို မြင်ကြ၏။

ရှေ့ဆုံးမှ ပြေးလာသော မြောင်ဖေးဟူက အော်ဟစ်လိုက်၏။

"အို့ယိဝမ်း ဒီညတော့ ခင်ဗျားတို့နဲ့ ကျုပ်တို့ သူသေကိုယ်သေ တိုက်ကြမယ်၊ ရပ်လိုက်ပါ"

အို့ယိဝမ်းတို့မှာ ဆက်ပြေးရန် မဖြစ်တော့သဖြင့် ရပ်လိုက်ကြကာ မြောင်ဖေးဟူတို့အား လှည့်တိုက်ခိုက်ရန် ပြင်ကြရတော့၏။



မြောင်ဖေးဟူတို့တတွေ ရောက်လာကြသောအခါ တိုက်ခိုက်ကြပြန်သည်။

ရဲ့စန်းတောင် ဓားပြဂိုဏ်းနှင့် လေပွေမုန်တိုင်းအဖွဲ့၏ ပြင်းထန်သော တိုက်ပွဲမှ အော်ဟစ်ကာ ထိုးခုတ်သံများမှာ ညံစီလျက်ရှိနေသည်။

အို့ယိဝမ်းမှာ မြောင်ဖေးဟူနှင့် ရင်ဆိုင်တွေ့ပြီး တိုက်ခိုက်သည်။

"ဂိုဏ်းချုပ်ကြီး နောက်ဆုတ်လိုက်ပါ၊ သူ့ကို ကျွန်တော် တိုက်မယ်"

ယန်းဖန်က အော်ဟစ်ရောက်လာသည်။ မြောင်ဖေးဟူက လည်း နောက်ကို ဆုတ်ပေးလိုက်၏။

မြောင်ဖေးဟူသည် နောက်ကိုဆုတ်ပြီးပြီးချင်း သူ၏ငွေဒဂါး လက်နက်ပုန်း သုံးခုကို လျှပ်တစ်ပြက်ထုတ်ယူကာ အို့ယိဝမ်းကို ပစ်ခတ်ရန် အခြေအနေကောင်းကို စောင့်ဆိုင်းနေတော့၏။

ယန်းဖန်သည် အို့ယိဝမ်းနှင့် သိုင်းကွက်ခုနစ်ကွက်ခန့်သာ ရောက်အောင် တိုက်ခိုက်နိုင်ပြီး မဟန်နိုင်တော့ဘဲ နောက်ကို ဆုတ်ခွာရတော့သည်။

ထိုအချိန်တွင် အိုးအိဖိန်း ခုန်ဝင်လာပြီး အို့ယိဝမ်းကို ဝင်တိုက်ပြန်သည်။

မြောင်ဖေးဟူ၊ ယန်းဖန်နှင့် အိုးအိဖိန်းတို့သည် အို့ယိဝမ်းအား လှည့်ဘီးနည်းဗျူဟာတိုက်ကွက်ကို သုံး၍ လှည့်ပတ်ကာ တိုက်ခိုက်

နေကြခြင်း ဖြစ်၏။ အို့ယိဝမ်းကလည်း ရိပ်စားမိသည်။

အို့ယိဝမ်းသည် အမြန်ဆုံး ဓားချက်များကို သုံးကာ ပြန်လည်တိုက်ခိုက်ရာ အိုးအိဖိန်းမှာ အို့ယိဝမ်း၏ ဓားရိပ်များအတွင်းသို့ ကျရောက်နေတော့၏။ တကယ်တော့ အိုးအိဖိန်းလည်း အို့ယိဝမ်းကို မယှဉ်နိုင်ပါချေ။

သိုင်းကွက်ဆယ်ကွက်ခန့်သို့ အရောက်တွင် အိုးအိဖိန်းလည်း အိုးယိဝမ်း၏ ဓားချက်များကို မခံနိုင်တော့ဘဲ ကစဉ့်ကလျား ဖြစ်လာသည်။ သူက အားမှကူပြီး ဝင်တိုက်လေမလားဟု မြောင်ဖေးဟူကို လှည့်ကြည့်ရာ မြောင်ဖေးဟူမှာ မလှုပ်မယှက် ရပ်နေသည်ကို တွေ့ရ၏။

ယန်းဖန်က အိုးအိဖိန်း ရှုံးနိမ့်တော့မည့် အခြေအနေကို မြင်သဖြင့် လှမ်းအော်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး ဒီအတိုင်းရပ်ကြည့်နေရင် အိုးအိဖိန်း သေသွားလိမ့်မယ်"

"အား ...."

ထိုစဉ် အိုးအိဖိန်း၏ ညာလက်ပခုံးတွင် အို့ယိဝမ်း ဓားချက်တစ်ချက် ထိသွားသည်။ မြောင်ဖေးဟူက ထိတ်လန့်တကြီး အော်လိုက်၏။

"နောက်ကို ဆုတ်လိုက် အိုးအိဖိန်း ကျွပ် လာပြီ"

မြောင်ဖေးဟူ စကားစသည်နှင့် အခြေအနေ မဟန်တော့သဖြင့်



အိုးအိဖိန်းမှာ နောက်ကို ခုန်ဆုတ်ပြီးဖြစ်၏။

မြောင်ဖေးဟူက ရှေ့ကို ခုန်လိုက်ပြီး ဘယ်လက်မှဓားကို တိုက်ခိုက်မည့်ဟန်ဖြင့် ဝှေ့ယမ်းလိုက်သော်လည်း ထိုဓားဖြင့် မတိုက်ခိုက်ဘဲ ညာလက်ဖြင့် ကိုင်ထားသော လက်နက်ပုန်းများဖြင့်သာ အို့ယိဝမ်းကို ပစ်ပေါက်လိုက်၏။

သို့သော် သူ၏လက်နက်ပုန်းသုံးခုမှာ အို့ယိဝမ်းအား မထိပါချေ။

အို့ယိဝမ်း ဒေါသတကြီး ဖြစ်သွားပြီး မြောင်ဖေးဟူထံ ခုန်တိုက်၏။ မြောင်ဖေးဟူ ထိတ်လန့်တကြား ဖြစ်သွားပြီး နောက်ကို ခုန်ဆုတ်လိုက်၏။

အိုးအိဖိန်းမှာ ဒဏ်ရာရထားသော်လည်း မြောင်ဖေးဟူအတွက် စိုးရိမ်စိတ်ဖြင့် အို့ယိဝမ်းကို ဝင်တိုက်ပြန်သည်။

အို့ယိဝမ်းမှာ မထင်မှတ်ဘဲ အိုးအိဖိန်း၏ ရုတ်ချည်းဝင်ရောက်တိုက်ခိုက်မှုကြောင့် နောက်ကို ပြန်ဆုတ်ရှောင်လိုက်ရ၏။

နောက်ကို ခုန်လိုက်သော မြောင်ဖေးဟူသည် ငွေဒင်္ဂါးလက်နက်ပုန်းသုံးခုကို လျှပ်တစ်ပြက် ထုတ်ယူပြီး ပစ်ခတ်လိုက်ပြန်သည်။ ဤတစ်ခါ ပစ်ခတ်လိုက်သည်မှာ အို့ယိဝမ်းကို မဟုတ်ဘဲ အိုးအိဖိန်း၏ လည်ပင်းတွင် ချိတ်ဆွဲထားသော အရိုးခေါင်း ယမ်းဗုံးများဆီသို့ ပစ်ခတ်လိုက်ခြင်းသာ ဖြစ်၏။

အရိုးခေါင်းပုံစံ ယမ်းဗုံးမှာ တစ်လုံးကိုထိ၍ ပေါက်ကွဲလျှင်

ကျွန်သော ယမ်းဖုံးများလည်း ကူးစက်ပေါက်ကွဲနိုင်လေသည်။

မြောင်ဖေးဟူသည် အိုးအိဖိန်း၏အသက်ကို ဂရုမထားဘဲ အိုယိဝမ်းအား ထိခိုက်သေဆုံးရန်သာ ရည်ရွယ်၍ ဤကဲ့သို့ ပြုမူလိုက်ခြင်းဖြစ်၏။ အကယ်၍ အိုးအိမိန်း၏လည်ပင်းမှ ယမ်းဖုံးများ ပေါက်ကွဲသွားလျှင် အိုးအိဖိန်း မလွဲမသွေ သေဆုံးပေမည်။ အိုးအိဖိန်းနှင့် အနီးဆုံးတွင် ရှိနေသော အိုယိဝမ်းလည်း ထိခိုက်သေဆုံးနိုင်လေသည်။

အိုးအိဖိန်းမှာ ညာလက်ပစ်တွင် ဒဏ်ရာရထားသူ ဖြစ်သောကြောင့် မြောင်ဖေးဟူ လျှပ်တစ်ပြက် ပစ်ခတ်လိုက်သည့် လက်နက်ပုန်းများကို ရှောင်ရှားနိုင်စွမ်း မရှိပါချေ။

အိုယိဝမ်းလည်း မြောင်ဖေးဟူ၏အကြံကို ရိပ်စားမိလိုက်၏။ အထိတ်တလန့်လည်း ဖြစ်သွားမိ၏။

ရှောင်၍ မလွယ်တော့မှန်းလည်း သိသည်။ ထို့ကြောင့် သူသည် နောက်ကို ခုန်မရှောင်တော့ဘဲ အိုးအိဖိန်းကို ခုန်၍ ကန်ထည့်လိုက်တော့သည်။

မြောင်ဖေးဟူ ပစ်ခတ်လိုက်သော လက်နက်ပုန်းများ အိုးအိဖိန်း၏အရိုးခေါင်း ယမ်းဖုံးများကို မထိစေရန် ဤသို့ ပြုမူလိုက်ခြင်း ဖြစ်သော်လည်း လွတ်လွတ်ကင်းကင်းတော့ မဖြစ်ပါချေ။

ငွေဒင်္ဂါးလက်နက်ပုန်း တစ်ပြားက အိုးအိဖိန်း၏ အရိုးခေါင်းပုတီးကြိုးကို ပြတ်ကျသွားစေပြီး နောက်တစ်ပြားက အရိုးခေါင်း ယမ်းဖုံးတစ်လုံးကို ထိမှန်သွားတော့သည်။



အိုယိဝမ်း ကန်ထည့်လိုက်သော အရှိန်ဖြင့် အိုးအိဖိန်းမှာမူ နောက်ကို လိမ့်ပြီး လဲကျသွား၏။

"ဝုန်း....ဝုန်း...."

"ဒိုင်း....ဝုန်း....ဝုန်း....ဝုန်း...."

အိုးအိဖိန်း လည်ပင်းမှ ပြတ်ကျသွားသော အရိုးခေါင်း၊ ယမ်းဖုံးများမှာလည်း တစ်လုံးပြီးတစ်လုံး ဆက်တိုက်ပေါက်ကွဲလေတော့၏။

အိုယိဝမ်းက အိုးအိဖိန်းကို ကန်ပြီး နောက်ကို လိမ့်၍ ဆုတ်လိုက်သည်။

"အား....အင့်...."

"အီး....အွန့်...."

ယမ်းဖုံးများ လွင့်စဉ်၍ မြောင်ဖေးဟူ၏လူအချို့ ထကုန်ကာ လဲကျသွားကြ၏။

အိုယိဝမ်း၏ ညာလက်ခြေထောက်ကိုလည်း အနည်းငယ် ထိမှန်သွားသည်။ သို့သော် ဒဏ်ရာမှာ မကြီးကျယ်ပါချေ။ လေပွေမှန်တိုင်း အဖွဲ့သားငါးယောက်ခန့်လည်း ဖုံးစများ ထိမှန်သွားကြ၏။

အိုယိဝမ်းမှာ ပို၍ ဒေါသထွက်သွားသည်။ သူသည် နောက်ကို ဆုတ်သွားသည်။ မြောင်ဖေးဟူကို အော်ပြောလိုက်၏။

"ခင်ဗျား သိပ်ယုတ်မာတဲ့လူ၊ ခင်ဗျားကို ကျုပ် မညှာနိုင်တော့ဘူး"

မြောင်ဖေးဟူမှာ အိုယိဝမ်းကို သေစေရန် သူ့လူများကိုပင် မညှာနိုင်ဘဲ ဤသို့ပြုမူလိုက်ခြင်း ဖြစ်၏။ သို့သော် အိုယိဝမ်းမှာ အသက်သေဖို့ ဝေးစွ၊ ဒဏ်ရာပြင်းပြင်းထန်ထန်မရဘဲ ထရပ်လိုက်သည်ကို တွေ့ရသောအခါ မျက်စိမျက်နှာ ပျက်သွားမိတော့၏။

"ဆုတ်ကြ....ဆုတ်ကြ"

မြောင်ဖေးဟူက သူ့လူများကို ဆုတ်ခွာရန် အမိန့်ပေးလိုက်ပြီး သူကိုယ်တိုင်လည်း နောက်ကိုလှည့်၍ ချာခနဲထွက်ပြေးတော့သည်။

အိုယိဝမ်းမှာ ဒေါသထွက်နေပြီ ဖြစ်လေရာ နောက်မှ ခုန်လွှား၍ လိုက်ပြီး မြောင်ဖေးဟူကိုခုန်ကျော်ကာ ရှေ့မှပိတ်ရပ်လိုက်သည်။

"ခင်ဗျား ပြေးလို့မလွတ်ဘူး"

မြောင်ဖေးဟူးသည် ပြေး၍ မလွတ်တော့ကြောင်း သိသဖြင့် သူ၏လှံတိုနှစ်ချောင်းကို ဝှေ့ယမ်းကာ အိုယိဝမ်းကို ထိုးနှက်တိုက်ခိုက်သည်။ အိုယိဝမ်းကလည်း တရကြမ်း ပြန်တိုက်သည်။

"ထန်း...."

ပြင်းထန်သော သံကိုသံချင်းထိသံ ပေါ်ထွက်လာပြီး မြောင်ဖေးဟူ၏ လှံတစ်ချောင်း လွတ်ကျ လွင့်စဉ်သွားသည်။ မြောင်ဖေးဟူ ထိတ်လန့်တကြားဖြင့် နောက်ကို ခုန်ဆုတ်လိုက်သည်။

သူ၏ ဘယ်လက်မောင်းတွင်လည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားသည်။

အိုယိဝမ်းက အံကို တင်းတင်းကြိတ်ပြီး ပြောလိုက်သည်။



"ဘယ့်နှယ်လဲ ....ကျုပ်တားချက်ကို ခင်ဗျား ခုခံနိုင်သေးရဲ့လား...."

မြောင်ဖေးဟူက ဘာမှပြန်မပြောနိုင်ဘဲ တုန်တုန်ယင်ယင် ရပ်နေသည်။ သူသည် အိုယိဝမ်းကို ဆက်ပြီး မယှဉ်ရဲတော့ပါချေ။

"ကျုပ် မတရား အနိုင်မယူချင်ပါဘူး၊ ခင်ဗျား ဒဏ်ရာကို ဆေးထည့်လိုက်ပါဦး...ပြီးမှ ခင်ဗျားနဲ့ကျုပ် ဆက်ပြီး တိုက်ကြမယ်"

မြောင်ဖေးဟူက ကျန်နေသေးသည့် သူ့အဖွဲ့မှ လက်ရွေးစင် အဆင့်မြင့် သိုင်းသမား ခြောက်ယောက်ကို အိုယိဝမ်းအား တိုက်ခိုက်ရန် အချက်ပြလိုက်ကြသည်။

အဆင့်မြင့် သိုင်းသမား ခြောက်ယောက်လည်း အိုယိဝမ်းကို ဝိုင်းတိုက်ကြသည်။

ထိုစဉ်မှာပင် မြောင်ဖေးဟူလည်း ချာခနဲလှည့်ကာ ထွက်သွားတော့၏။

"ရပ်လိုက်"

မြောင်ဖေးဟူကို နှုတ်နှင့်သာ ဟန့်တားနိုင်တော့သည်။ မြောင်ဖေးဟူက မရပ်ဘဲ ပြေးမြဲ ဆက်ပြေးသွားသည်။

"မြောင်ဖေးဟူ....ခင်ဗျားမရှက်ဘူးလား....ဂိုဏ်းချုပ်ကြီးတစ်ယောက်လုပ်နေပြီး ဘာဖြစ်လို့ ထွက်ပြေးရတာလဲ...."

အတော်ဝေးဝေး ရောက်နေသော မြောင်ဖေးဟူက ရပ်ပြီး ပြန်ပြောသည်။

"ငါ့မှာ ဒဏ်ရာရထားတာပဲ၊ မင်းနဲ့ယှဉ်ရင် ငါပဲနစ်နာမှာပေါ့၊ မင်းလည်း သိုင်းသမားတစ်ယောက်ပဲ၊ ဒဏ်ရာရထားတဲ့ ငါ့လို လူတစ်ယောက်နဲ့ ယှဉ်ပြိုင်သင့်မသင့် စဉ်းစားကြည့်စမ်းပါ"

စကားအဆုံးတွင် မြောင်ဖေးဟူသည် ဆက်လက် ပြေးသွားတော့၏။

ယွဲ့စန်းတောင် ဂိုဏ်းသားများ အားလုံးလည်း မြောင်ဖေးဟူနှင့်အတူ ထွက်ပြေးသွားကြသည်။

အို့ယိဝမ်းမှာ မြောင်ဖေးဟူကိုသာ မဲနေလေရာ သူ့ကို ဟန့်တားတိုက်ခိုက်နေကြသော အဆင့်မြင့် သိုင်းသမားခြောက်ယောက်လည်း နောက်ကိုဆုတ်ပြီး ပြေးထွက်သွားကြသည်။

လေပွေမုန်တိုင်း အဖွဲ့သားများလည်း ဒေါသတကြီးနှင့် ပြေးထွက်သွားသော မြောင်ဖေးဟူတို့အဖွဲ့ကို လိုက်တိုက်ကြမည်ပြုရာ ဝူးဝေက ဟန့်တားလိုက်သည်။

"မလိုက်ကြနဲ့တော့"

ပြီးမှ ဝူးဝေက အို့ယိဝမ်းကို ပြောသည်။

"မြောင်ဖေးဟူမှာ ဒဏ်ရာကြီးရသွားတော့ ကျွန်တော်တို့ လိုက်တိုက်ရင် မတရားရာ ကျလိမ့်မယ်၊ သွားကြပါစေတော့....သင်းတို့ ပြန်ဆုံကြဦးမှာပါ၊ ခုတော့ ညီလေးစန်း နောက်ကို လိုက်လာကြမှ ပိုပြီး ကောင်းလိမ့်မယ်"

အို့ယိဝမ်းလည်း ခေါင်းညိတ်သဘောတူလိုက်ရတော့၏။ ပြီး



သူ့အဖွဲ့သားကို လှည့်ပြီး အမိန့်ပေး၏။

"မင်းတို့ထဲက ငါးယောက် ဒီမှာ နေခဲ့ကြပြီး ဒဏ်ရာရထားတဲ့ လူတွေကို ပြုစုကြ၊ ညီလေးစန်းနောက် တို့လိုက်သွားမယ်"

ထို့နောက် အို့ယိဝမ်းလည်း ကျောင်းဝင်းကြီး အပြင်ဘက်ကို ပြေးထွက်လာခဲ့ရာ ကျန်လူများလည်း ပြေးလိုက်လာကြလေသည်။

လို့ရုံ့ရှမ်း ပြေးဝင်သွားသော တောအုပ်ဆီကို ရောက်လာကြသောအခါ မည်သည့် လူရိပ်လူရောင်မှ မမြင်ရဘဲ ဖြစ်နေကြသည်။ တောအုပ်ကို ဖြတ်ကျော်ခဲ့ကြသောအခါ တစ်ဘက်တွင် ချောက်ကမ်းပါးကြီးကို မြင်ကြရတော့၏။

"ညီလေးစန်း....ညီလေးစန်း...."

"လို့ရုံ့ရှမ်း"

သူတို့သည် လို့ရုံ့ရှမ်းကကို အသံပေး၍ ခေါ်ကြ၏။

တောဘက်မြောက်အရပ်မှ ပြန်ထူးသံလိုလို ကြားရပြီး ခဏအကြာတွင် မိုက်ချုံးယိနှင့် လင်းရဲ့ကျင်းတို့ ပြေးလွှားရောက်ရှိလာကြလေသည်။

အို့ယိဝမ်းက ဆီးမေးသည်။

"ညီလေးစန်းကို မင်းတို့ မတွေ့ကြဘူးလား...."

"မတွေ့လိုက်ပါဘူး အစ်ကိုကြီး၊ ကျွန်မတို့လည်း ရှာနေကြပါတယ်၊ ဟိုအယောင်ဆောင်ကောင်ကိုလည်း ရှာလို့မတွေ့တော့ပါဘူး"

"ညီလေးစန်း တစ်ခုခုတော့ ဖြစ်ပြီနဲ့တူတယ်၊ အားလုံး လူစုခွဲပြီး ရှာကြရအောင်"

အို့ယိဝမ်းသည် လို့ရုံရှမ်းအတွက် စိုးရိမ်သွားပြီး သူ့လူများကို လူစုခွဲရှာစေသည်။ မီးတုတ်များကို ထွန်းညှိလိုက်ကြပြီး လူစုခွဲရှာကြ၏။

အို့ယိဝမ်းက ချောက်ကမ်းပါးဘက်သို့သွားသော လူများနှင့် လိုက်လာသည်။

အဖွဲ့သားတစ်ယောက် တစ်စုံတစ်ခုကို ကောက်၍ အို့ယိဝမ်းကို ပြသည်။ ယပ်တောင်ကလေးတစ်ချောင်း ဖြစ်၏။ ၎င်းယပ်တောင်ကို မြင်သည်နှင့် လို့ရုံရှမ်း၏ သံမဏိယပ်တောင် ဖြစ်ကြောင်း အို့ယိဝမ်း သိသည်။ သူသည် ပိုမို၍ စိုးရိမ်တကြီး ဖြစ်သွားမိသည်။

"ဟာ ဒုက္ခပဲ၊ ညီလေးစန်းတော့ အန္တရာယ်နဲ့ တွေ့နေပြီ"

ဝူးဝေက နှစ်သိမ့်စကား ပြောသည်။

"သိပ်လည်း စိုးရိမ်မနေပါနဲ့ အစ်ကိုကြီး၊ ညီလေးစန်းက သူ့လက်နက်ကို လွှတ်ပစ်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

အို့ယိဝမ်းက ခေါင်းကို ခါယမ်းလိုက်ပြီး....

"သိုင်းသမားတစ်ယောက်အနေနဲ့ ကိုယ်အမြဲတမ်း ကိုင်ဆောင်တဲ့ လက်နက်ကို ဒီလို ဘယ်လွှင့်ပစ်ခဲ့ပါ့မလဲ....ဒီအနီးအနားမှာ ရှာကြပါဦး"

လူအားလုံးပင် ထိုနေရာအနီးတစ်ဝိုက်ကို ဇွဲဇွဲစပ်စပ် ရှာဖွေ



ကြရာ တစ်နေရာတွင် အဆိပ်အပ်များ မြေတွင် ကျနေသည်ကို တွေ့မြင်ကြရပြန်သည်။ ဤသည်ကို ထောက်ချင့်၍ ဤနေရာတွင် လို့ရုံရှမ်းနှင့် တစ်ဘက်ရန်သူတို့ တိုက်ခိုက်ကြကြောင်း သိနိုင်လေသည်။

အို့ယိဝမ်းက လို့ရုံရှမ်းအတွက် ပိုမိုစိုးရိမ်သွားပြီး အချို့ကို ချောက်ကမ်းပါးအောက်ခြေသို့ ဆင်းပြီး ရှာစေသည်။ သူနှင့် ကျန်အဖွဲ့သားများက တောအုပ်ထဲပြန်ပြီး ရှာဖွေကြမည်။

ထိုစဉ် ဝူးဝေက ချောက်ကမ်းပါးအစပ်ကို သွားပြီး အောက်ကို ငုံ့ကြည့်ကာ ပြောလိုက်သည်။

"ဟာ ....ချောက်ကြီးအောက်က ချောင်းရေတွေ ပြည့်နေပါလား...."

အို့ယိဝမ်းလည်း အံ့သြသွားပြီး ဝူးဝေအနီးကို လာကာ အောက်ကို ငုံ့ကြည့်၏။

"ဟာ...ဒီချောင်းက ဘယ်လို ပြောင်းလဲသွားတာလဲ...မနေ့ကမှာ လာကြည့်ပါသေးတယ်၊ ချောင်းရေက နည်းနည်းလေးပါ၊ အခုတော့ အများကြီးဖြစ်နေပြီ"

"ကျွန်တော့်စိတ်ထင်ကို ပြောရရင် ရန်သူဟာ ချောင်းအောက်က ရေကာတာကို ဆွဲဖွင့်လိုက်တာ ဖြစ်လိမ့်မယ်၊ ဒါကြောင့် ရေတွေ ပျံတက်လာပြီး သူလည်း လှေတစ်စီးနဲ့ ပြေးလိမ့်မယ်...."

"အင်း ....ဒါဆို ညီလေးစန်းလည်း ချောင်းအတိုင်း ရန်သူ့နောက်ကို လိုက်သွားတာ ဖြစ်ရမယ်၊ ကိုင်း သူတို့အားလုံး ချောက်

ကမ်းပါးအောက်ကို ဆင်းကြည့်ကြမယ်"

အို့ယိဝမ်းတို့အားလုံး ခပ်ပြေပြေရှိသည့်လမ်းကို ရွေး၍ ချောက်ကြီးအောက်ကို ဆင်းခဲ့ကြသည်။ ချောက်အောက်နားကို ရောက်လျှင် မီးရောင်ဖြင့် မြေပေါ်တွင် ဖန်ကွဲစများကို တွေ့ရသည်။

"ဟာ...ဒါမိုက်ချုံးယိတို့ သုံးတဲ့ ဖန်ကွဲစ လမ်းပြနည်းပဲ မဟုတ်လား....ညီလေးစန်း လမ်းပြသွားတာပဲ ဖြစ်လိမ့်မယ်"

ဝူးဝေက အားတက်သရော ပြောလိုက်ရာ အို့ယိဝမ်းကလည်း ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်....အားလုံး ကျောင်းပျက်ကြီးကို ပြန်နေကြပါ၊ ဒဏ်ရာရထားတဲ့လူတွေကို ပြုစုစောင့်ရှောက်ထားကြပါ၊ ကျုပ်ကတော့ ဖန်ကွဲစတွေ လမ်းညွှန်တဲ့ နောက်ကိုလိုက်ပြီး ညီလေးစန်းနောက်ကို လိုက်သွားမယ်"

ဝူးဝေက....

"အစ်ကိုကြီးနဲ့အတူ လေးငါးယောက်လောက် အဖော်ခေါ်သွားပါလား...."

"မခေါ်တော့ပါဘူး၊ တစ်ယောက်တည်းပဲ သွားမယ်"

အို့ယိဝမ်းက မျက်နှာတွင် ဖုံးထားသော ပဝါကို ဆွဲဖြုတ်ပြီး ထွက်သွားတော့၏။ ဝူးဝေက လှမ်းမှာသည်။

"အစ်ကိုကြီးလည်း လမ်းမှာ အမှတ်အသားတွေ ချခဲ့ပါဦးနော်...."



အို့ယိဝမ်းက နောက်ကို လှည့်မကြည့်ဘဲ ခေါင်းညိတ်၍ ဆက်လျှောက်ခဲ့သည်။ ချောင်းကလေးမှာ ကွေ့ကောက်၍ အနောက်မြောက်ဘက်ဆီသို့ စီးဆင်းနေသည်။

ချောင်းဘေးတစ်လျှောက် ဆယ်ပေဆယ်ငါးပေခန့်အကွာတွင် ဖန်ကွဲစကလေးများကို အို့ယိဝမ်း တွေ့ရသည်။

◈◈◈◈◈

## ၁၉။

နောက်နေ့ တစ်နေ့လုံး အို့ယိဝမ်းသည် ချောင်းဘေးအတိုင်း ဖန်ကွဲစများကို ခြေရာခံ၍ လိုက်နေရတုန်း ဖြစ်၏။ သူသည် ပင်ပန်း နွမ်းနယ်လှပြီး ဗိုက်လည်း ဆာနေပြီဖြစ်၏။

သူသည် ခြေရာခံ၍ ဆက်လိုက်ခဲ့ရာ မကြာမီ သူ့ရှေ့ မလှမ်း မကမ်းတွင် ကောင်းကင်ကို လွင့်တက်နေသော မီးခိုးများကို လှမ်းမြင် ရသည်။ တောင်ကုန်းကလေး နောက်ဘက်မှ မီးခိုးငွေ့များ ထွက်နေ ခြင်း ဖြစ်၏။ စမ်းချောင်းက တောင်ကုန်းကလေးကို ကွေ့ပတ်၍ သွားသည်။

တောင်ကုန်းအခြေ ချောင်းကမ်းပါးဆီသို့ အရောက်တွင် လှေကလေးတစ်စီး ဆိုက်ကပ်ထားသည်ကို မြင်ရသဖြင့် အို့ယိဝမ်း စိတ်လှုပ်ရှားသွားသည်။ ရန်သူစီးသွားသော လှေဖြစ်ရမည်ဟုလည်း တွေးမိသည်။



မလှမ်းမကမ်းတွင် တဲအိမ်ကလေး တစ်လုံးကိုလည်း မြင်ရ၏။ မီးဖိုဘက်ဆီမှ မီးခိုးငွေ့များ ထွက်နေခြင်း ဖြစ်လေသည်။

အို့ယိဝမ်းသည် ပင်ပန်းနွမ်းနယ်စိတ်၊ ဆာလောင် မွတ်သိပ် စိတ်ပင် ပျောက်သွားပြီး တဲအိမ်ကလေးဆီ သတိဖြင့် လျှောက်လှမ်း လာခဲ့သည်။

တဲအိမ်အနီးသို့ ရောက်လာသည့်တိုင်အောင် လူရိပ်လူခြည် မတွေ့ရဘဲ လူသံသူသံကိုလည်း မကြားရချေ။ တဲအိမ်ရှေ့တံခါးကို လည်း ပိတ်ထားသည်။

တဲအိမ်နောက်ဘက် မီးဖိုဆောင်တွင်မှ မီးခိုးများ ထွက်နေလေ ရာ တစ်ဦးဦးက ချက်ပြုတ်နေလိမ့်မည်ဟု အို့ယိဝမ်း တွေးမိသည်။ ထိုအတွေးဖြင့် သူသည် တဲအိမ်ကို လှည့်ပတ်ကာ မီးဖိုဆောင်ဆီသို့ လာခဲ့သည်။

မီးဖိုဆောင် တံခါးဝမှာ ပွင့်နေသဖြင့် အထဲကို လှမ်းကြည့်လိုက် ရာ လူတစ်ယောက်ကိုမှ မတွေ့ရချေ။ မီးဖိုပေါ်တွင် ပွက်ပွက်ဆူနေ သော ဆန်ပြုတ်အိုးတစ်အိုး တည်ထားသည်ကိုသာ တွေ့ရသည်။

ဆန်ပြုတ်အိုးကိုမြင်သော အို့ယိဝမ်းသည် ဆာလောင်မွတ်သိပ် လာပြန်သည်။

မီးဖိုထဲတွင် အခြားစားစရာ တွေ့လိုတွေ့ငြား ဝင်ရှာမည်အပြု လူတစ်ယောက် ထွက်ပြေးသွားသည်ကို ရိပ်ခနဲ တွေ့လိုက်ရသည်။

အို့ယိဝမ်းလည်း ခုန်လွှား၍ လိုက်၏။ ခဏနှင့် မိပြီး ထိုသူ့

ပခုံးကို ဆွဲကိုင်ကာ ခေါင်းကိုလည်း ဆွဲထုတ်လိုက်သည်။

"ကြောက်ပါတယ်....ကြောက်ပါတယ်....ကျွန်မကို မသတ်ပါနဲ့၊ ကျွန်မအသက်ကို ချမ်းသာပေးပါ"

ထိုအခါမှ သူ ဖမ်းချုပ်ထားသူမှာ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း အိုယိဝမ်း မြင်ရတော့သည်။ မိန်းကလေးမှာ ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ သူမက သနားစဖွယ် မျက်နှာနှင့် အိုယိဝမ်းကို ရှိုန်းတောင်ပန်းနေသည်။

သူမကိုယ်ပေါ်တွင် တောသူမဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမသည် အသက်ဆယ့်နှစ်နှစ်ခန့် ရှိသော မိန်းကလေးတစ်ယောက်သာ ဖြစ်၏။

အိုယိဝမ်းလည်း မိန်းကလေး၏ပခုံးကို လွှတ်လိုက်ပြီး မေးမိသည်။

"ဒီအိမ်မှာ မင်းတစ်ယောက်တည်း နေတာလား...."

အိုယိဝမ်းက ဓားကို ပြန်သိမ်းလိုက်ပြီး ပြုံးရွှင်အေးဆေးစွာ ပြန်ပြောလိုက်ရသည်။

"ဦးဦးကို မကြောက်ပါနဲ့ တူမလေး.... ဦးဦးဟာ လူဆိုးမဟုတ်ပါဘူး.... မင်းကိုလည်း အန္တရာယ်မပေးပါဘူး"

"ဒါ....ဒါဖြင့် ဒီကို ဘာ....ဘာဖြစ်လို့ လာတာလဲ"

"ဦးဦးရဲ့ နာမည်က အိုယိဝမ်းလို့ ခေါ်တယ်... လူဆိုးကြီးတစ်ယောက်နောက်ကို ဦးဦးက လိုက်ဖမ်းရင် ဒီကို ရောက်လာတာပါကွယ်၊



ဒီနေ့ တစ်နေ့လုံးလည်း ဘာမှ မစားရသေးဘူး၊ ဗိုက်ဆာလွန်းလို့ စားစရာများ ရမလားဆိုပြီး ဒီကို ဝင်လာခဲ့တာပါ"

"ကျွန်....ကျွန်မကို မသတ်ရဘူးနော်"

"အို....ဘာဖြစ်လို့ သတ်ရမှာလဲ...."

"ပြီးတော့ ဦးဦးက လူဆိုးမဟုတ်ဘူးနော်"

"မဟုတ်ပါဘူးကွယ်....လူကောင်းတစ်ယောက်ပါ၊ ဒါနဲ့ ဒီအိမ်မှာ တူမလေးက ဘယ်သူနဲ့နေတာလဲ.... တခြား ဘယ်သူ့ကိုမှလည်း မတွေ့ပါလား...."

"ကျွန်မ....ကျွန်မ....ဖေဖေ မေမေတို့နဲ့ အတူတူနေတာပါ၊ ပြီးတော့ ဘွားဘွားလည်း အတူနေတယ်"

"သြော်...ဟုတ်လား...အခု မင်းရဲ့ဖေဖေ မေမေက ဘယ်ကို သွားကြတာလဲ....ဘွားဘွားကော ဘယ်မှာလဲ...."

မိန်းကလေး၏မျက်နှာမှာ ညှိုးနွမ်းသွားပြီး ကြေကွဲဆို့နင့်သော အသွင်ကို ပြောင်းသွားသည်။ သူမ၏မျက်လုံးအိမ်ထဲမှလည်း မျက်ရည်များ စီးကျလာ၏။ သူမက နှုတ်မှပြန်မဖြေဘဲ အိမ်အတွင်းဘက်ဆီသို့သာ လက်ညှိုးညွှန်ပြသည်။

အိုယိဝမ်းကမူ သဘောမပေါက် နားမလည်ချေ။

"ဟင်....ဘာဖြစ်လို့လဲ တူမလေး၊ မင်း ဖေဖေနဲ့ မေမေနဲ့ ဘွားဘွားတို့အားလုံး နေထိုင်မကောင်းကြလို့လား....ဒါမှမဟုတ် မင်းရဲ့ ဖေဖေ မေမေက မင်းကို ရိုက်လို့လား...."

မိန်းကလေးက ဘာမှပြန်မပြောဘဲ ဝမ်းပန်းတနည်း ငိုရှိုက်ရှိုက်သာ နေသည်။ အို့ယိဝမ်းက သူမ၏လက်ကလေးကို အသာအယာ ဖမ်းဆွဲလိုက်ပြီး....

"တူမလေး....ဘာမှ မကြောက်နဲ့နော်... ငိုလဲမငိုနဲ့ကွယ်...ဘာဖြစ်သလဲဆိုတာသာ ဦးဦးကို ပြောပြ၊ မင်းကို ဦးဦးကူညီမယ်"

သို့သော် မိန်းကလေးမှာ ငိုမြဲငိုနေပြီး အိမ်အတွင်းဘက်ကိုသာ လက်ညှိုးထိုးပြနေသည်။

အို့ယိဝမ်းလည်း ဆက်မမေးတော့ဘဲ မိန်းကလေးညွှန်ပြသော အိမ်အတွင်းဘက်ဆီသို့ ဝင်လာခဲ့သည်။ ရန်သူ့ထောင်ချောက်ထဲကို မရောက်ရန်တော့ အထူးသတိထားရသည်။

ဧည့်ခန်းဆီသို့ ရောက်လာသောအခါ မြင်ရသော မြင်ကွင်းမှာ အို့ယိဝမ်း မျက်လုံးအပြူးသား ဖြစ်သွားမိ၏။

ဒဏ်ရာတွေနှင့်သွေးအိုင် ထဲတွင် လဲကျသေဆုံးနေသော အလောင်းသုံးလောင်းကို တွေ့ရသော ကြောင့်ပင် ဖြစ်လေသည်။

ဧည့်ခန်းတွင်းရှိ အိမ်ထောင် ပရိဘောဂများ၊ အသုံးအဆောင် ပစ္စည်းများလည်း ဖရိုဖရဲ အလဲလဲအပြိုပြို ဖြစ်နေကြသည်။ မြေပေါ်တွင်လည်း သွေးတွေမြင်မကောင်းအောင် အိုင်ထွန်းနေသည်။

အလောင်းများမှာ အသက်လေးဆယ် ပတ်ဝန်းကျင်ခန့်ရှိ အမျိုးသားအမျိုးသမီးနှင့် အသက်ခြောက်ဆယ်အရွယ်ခန့်ရှိ အဘွား အိုကြီး၏ အလောင်းများ ဖြစ်ကြ၏။



အခန်းပေါက်ဝနားတွင် သေဆုံးနေသော အမျိုးသားကြီး၏ လက်တွင် ကြီးမားသော ရဲတင်းကြီး တစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတုန်းဖြစ်၏။ အလောင်းသုံးလောင်းစလုံး ဓားဒဏ်ရာများ ကိုယ်စီရှိနေကြ၏။

ဒဏ်ရာများကို မြင်ရုံဖြင့် ရက်ရက်စက်စက် အသတ်ခံရခြင်း ဖြစ်ကြောင်း အို့ယိဝမ်း ခန့်မှန်းနိုင်လေသည်။

အို့ယိဝမ်း မျက်လုံးထဲတွင်လည်း ချောင်းကမ်းပါးတွင် ဆိုက်ကပ်ထားသော လှေကလေးကို မြင်ယောင်လိုက်မိ၏။

နောက်ဘက်မှ တသိမ့်သိမ့် ငိုကြွေးသံကို ကြားရသဖြင့် နောက်ကိုလှည့်ကြည့်မိရာ သူ့ထံ မိန်းကလေး ငိုကြွေးရင်းလာနေကြောင်း မြင်ရသည်။ သူမသည် အို့ယိဝမ်းကို ကြောက်ရွံ့စိတ် မရှိတော့ဘဲ အို့ယိဝမ်း၏ရင်ခွင်ထဲသို့ ပြေးဝင်ကာ ငိုကြွေးနေပြန်သည်။

"ကျွန်မ ကြောက်တယ်ဦးဦး....ကြောက်တယ်...သူတို့တတွေ ထပ်လာပြီး ကျွန်မကို သတ်ကြလိမ့်မယ်"

အို့ယိဝမ်းက မိန်းကလေး၏ပခုံးကို အသာအယာ ပြန်ဖက်ကာ နှစ်သိမ့်စကား ဆိုလိုက်သည်။

"မကြောက်ပါနဲ့ တူမလေးရယ်... ဦးဦးရှိပါတယ်...ဘယ်သူမှ တူမလေးကို ရန်မရှာစေရပါဘူး"

"သူတို့တွေ....သူတို့တွေ ဖေဖေမေမေနဲ့ ဘွားဘွားကိုသတ်သွားကြတယ်.... သိပ်ရက်စက်တဲ့ လူတွေပဲ"

"သူတို့က ဘယ်သူတွေလဲ....အားလုံးဘယ်နှစ်ယောက်လဲ"

အိုယိဝမ်း၏အမေးကို မိန်းကလေးက ငိုရှိုက်ရင်း ပြန်ဖြေသည်။

"သူတို့ ဘယ်သူတွေမှန်းတော့ ကျွန်မလည်း မသိပါဘူး ဦးဦးရယ်...သူတို့အားလုံးငါးယောက်ပါ၊ ကျွန်မတို့အိမ်မှာ နှစ်ရက်တောင် နေသွားကြပါသေးတယ်၊ ကျွန်မတို့ မွေးထားတဲ့ ကြက်တွေလည်း အကုန် သတ်စားသွားကြတယ်၊ ကျွန်မရဲ့ဖေဖေကိုလည်း လှေနဲ့လူတစ်ယောက်ကို ခေါ်ခိုင်းတယ်"

"မင်းရဲ့ဖေဖေ လှေနဲ့သွားခေါ်တဲ့လူကို မင်း တွေ့လိုက်ရသလား...."

"တွေ့ရပါတယ်...."

"အဲဒီလူမှာ ဒဏ်ရာရထားသလား...."

"ရထားပါတယ်...ပြီးတော့ လှေနဲ့ ရောက်လာတဲ့လူက ပိုပြီး ရက်စက်ရိုင်းစိုင်းပါတယ်...အဲဒီလူက အမိန့်ပေးလို့ ကျန်တဲ့လူတွေက ကျွန်မ ဖေဖေမေမေနဲ့ ဘွားဘွားကို သတ်သွားကြပါတယ်၊ အိမ်ကို တောင် မီးရှို့မလို့ သူတို့ကြံကြပါသေးတယ်၊ လူတစ်ယောက် နောက်က လိုက်လာတယ်ဆိုလို့ သူတို့ ထွက်ပြေးသွားကြတာ"

နောက်မှ လိုက်လာသူမှာ လို့ရုံရှမ်းပင် ဖြစ်လိမ့်မည်ဟု အိုယိဝမ်း တွေးလိုက်မိသည်။

"သူတို့ ဘယ်ကို သွားကြသလဲ....ဘာနဲ့ သွားကြတာလဲ"



"ဒီအိမ်မှာ ရောက်နေတဲ့ လူငါးယောက်မှာ မြင်းပါလာကြပါ တယ်....အဲဒီမြင်းတွေနဲ့ သူတို့ ထွက်သွားကြတာပါ"

"သူတို့သွားတာ ဘယ်လောက်ကြာပြီလဲ...."

"ညနေစောင်းကမှ သွားကြတာပါ ဦးဦး"

"သူတို့က အိမ်ကိုတောင် မီးရှို့ဖို့ကြံကြတယ် ဆိုတော့ အိမ်ရှိ လူကုန် နှုတ်ပိတ်ပြီး သတ်တဲ့သဘောပဲ၊ မင်းကိုတော့ ဘာဖြစ်လို့ ရန်ရှာမသွားကြတာလဲ...."

"ကျွန်မမေမေက ကျွန်မကို တောင်ပေါ်မှာ ထင်းသွားကောက် င်းပါတယ်....ကျွန်မလည်း ထင်းကောက်ပြီး ပြန်လာတော့ သူတို့နဲ့ ကျွန်မဖေဖေ တိုက်ခိုက်နေတာကို လှမ်းတွေ့ရပါတယ်ဦးဦး....ကျွန်မ လည်း ကြောက်ကြောက်နဲ့ ပုန်းနေရပါတယ်....ဒါကြောင့် သူတို့တွေ ကျွန်မကို မတွေ့ဘဲ ရန်ရှာမသွားကြတာပါ၊ သူတို့ထွက်သွားပြီးမှ ကျွန်မလည်း ပုန်းနေတဲ့နေရာက ထွက်လာခဲ့တာပါ"

"မီးဖိုထဲက ဆန်ပြုတ်အိုးက ဘယ်သူ တည်ထားတာလဲ...."

"စောစောကမှ ကျွန်မတည်ထားတာပါ ဦးဦး"

"အဲဒီလူစု ထွက်သွားပြီး နောက်ထပ် လူတစ်ယောက် ရောက် တာကို မင်းမတွေ့ဘူးလား...."

"အပြာရောင်ဝတ်စုံ ဝတ်ထားတဲ့ လူတစ်ယောက်က သူတို့ က်သွားပြီးမှ ရောက်လာပါတယ်....သူ့အင်္ကျီမှာလည်း သွေးတွေ ယနေပါတယ်"

"အေး....ဟုတ်တယ်"

ထိုသူမှာ လို့ရုံရှမ်းဖြစ်ကြောင်း သေချာသွားသဖြင့် အို့ယိဝမ်၏ အနည်းငယ် စိတ်အေးသွားသည်။

မိန်းကလေးက အနည်းငယ် အငိုတိတ်လာပြီး ပြောပြန်သည်၊

"အဲဒီလူလည်း မကောင်းပါဘူး၊ နောက်ဖေးမှာ ကျွန်မတို့စားဖို့ ထားတဲ့ ဆန့်မုန့်ပေါင်းတွေကို အကုန်လုံး စားသွားတယ်....သူ့ကို ကြောက်လို့ ကျွန်မက ပုန်းနေရတာ"

"အဲဒီလူက လူကောင်းတစ်ယောက်ပါ တူမလေး...ဒီလူသာ ရောက်မလာရင် လူဆိုးတွေက ထွက်ပြေးသွားဦးမှာ မဟုတ်သေးဘူး၊ အဲဒီလူဟာ တူမလေးရဲ့ ဖေဖေ မေမေတို့ကို သတ်သွားတဲ့ လူဆိုးတွေကို ဖမ်းရအောင် လိုက်လာခဲ့တဲ့ လူပါ"

"ဒီလိုဆိုရင် ကျွန်မတို့အိမ်က မုန့်ပေါင်းတွေကို ဘာဖြစ်လို့ အကုန် စားသွားရတာလဲ...."

"သူလည်း ဦးဦးလိုပဲ သိပ်ပြီး ဗိုက်ဆာနေလို့ပါကွယ်၊ တူမလေးကိုလည်း မတွေ့တော့ အိမ်ရှင်တွေအားလုံး သေကုန်ပြီ ထင်ပြီး ခွင့်မတောင်းဘဲ ယူစားသွားတာ ဖြစ်မှာပေါ့၊ ဦးဦးလည်း တူမလေးကိုသာ မတွေ့ရရင် ခွင့်မပန်ဘဲ ယူစားမိမှာပဲ"

ထိုအခါမှ မိန်းကလေးက သူ တည်ထားသည့် ဆန်ပြုတ်အိုးကို သတိရမိသွားသည်။

"ဟုတ်သားပဲ....ဦးဦးလည်း သိပ်ဆာနေမှာပဲ"



"ဆာတာပေါ့ကွယ်"

"ကျွန်မ ပြုတ်ထားတဲ့ ဆန်ပြုတ်ကို သွားထည့်ပြီး ဦးဦးနဲ့ ကျွန်မနဲ့ အတူတူစားကြမယ်"

အို့ယိဝမ်းလှည်း ခေါင်းညိတ်ပြလိုက်တော့၏။

◇◇◇◇◇

၁၀။

ဆာလောင်လွန်းနေသဖြင့် အိုယိဓမ်းအဖို့ ဆန်ပြုတ်ပင်ဖြစ်သော်လည်း အရသာရှိလွန်းလှသည်။ ဆန်ပြုတ်ပူပူကြီးကို အငမ်းမရ မှုတ်သောက်သည်။ စားသောက်နေစဉ် မိန်းကလေးနှင့် စကားတစ်လုံးမှ မပြောဖြစ်ချေ။

မိန်းကလေးကမူ မသောက်ချင် သောက်ချင်နှင့် ခပ်ဖြည်းဖြည်းသာ သောက်နေသည်။ သူမ မိဘနှင့်အဘွား သေဆုံးသွားရသည့်အတွက် အလွန် ကြေကွဲဝမ်းနည်းနေလိမ့်မည်ဟု အိုယိဝမ်း တွေးမိသည်။

စားသောက်ပြီးမှ အိုယိဝမ်းက မိန်းကလေးကို ပြောသည်။

"ဖြည်းဖြည်းစားနော် တူမလေး...ဘာမှလည်း အားမငယ်နဲ့ မင်း ဖေဖေ မေမေနဲ့ ဘွားဘွားကို မြေမြှုပ်ဖို့ နောက်ဖေးမှာ ဦးဦး



တွင်းသွားတူးလိုက်ဦးမယ်"

မိန်းကလေးက ညှိုးငယ်စွာ ခေါင်းကိုသာ ပြန်ညိတ်ပြသည်။

"ဒါနဲ့ တူမလေးနာမည်က ဘယ်လိုခေါ်သလဲ...."

"ကျွန်မနာမည် ထန်ဟိုဟွားလို့ ခေါ်ပါတယ် ဦးဦး"

"မင်းမှာ တခြား ဆွေမျိုးသားချင်းတွေ ရှိသေးလား...."

ထန်ဟိုဟွားဆိုသော မိန်းကလေး၏ မျက်နှာက ပိုမိုညှိုးငယ်သွားပြီး ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"မရှိတော့ပါဘူး ဦးဦးရယ်....ကျွန်မမှာ ဖေဖေ မေမေနဲ့ ဘွားဘွားက လွဲပြီး ဆွေမျိုးသားချင်းဆိုလို့ တစ်ယောက်မှ မရှိတော့ပါဘူး၊ အားကိုးအားထား ဆိုလို့လည်း မရှိတော့ပါဘူး"

အိုယိဝမ်းက စိတ်မကောင်း ဖြစ်သွားကာ သက်ပြင်းချလိုက်မိသည်။

"ခုဆို မင်းဟာ မိဘဆွေမျိုး မရှိတော့ဘဲ တစ်ကောင်ကြွက် ဖြစ်နေပြီပေါ့၊ အားကိုးအားထားလည်း မရှိဘူးဆိုတော့ မင်း တစ်ယောက်တည်း ဒီမှာနေလို့ ဘယ်ဖြစ်ပါတော့မလဲ... မင်းရဲ့အသက်က ငယ်ငယ်ကလေး ရှိသေးတယ်၊ မင်းအတွက် စိတ်ချရမယ့်နေရာကို ဦးဦး ပို့ပေးမယ်....တူမလေး သွားနေမလား...."

"ဘယ်မှာ သွားနေရမှာလဲ ဦးဦး"

ထန်ဟိုဟွားက အားကိုးတကြီးဖြင့် အိုယိဝမ်းမျက်နှာကို မျှော်ခနဲ ကြည့်၍ မေးလိုက်သည်။

"တူမလေး သွားနေရမယ့်နေရာဟာ သိပ်ပြီး သာယာတယ်၊ ပျော်စရာလည်း ကောင်းတယ်၊ တူမလေးအတွက် ကစားဖော် ကစားဖက်တွေလည်း အများကြီးရှိတယ်၊ အဲဒီမှာ တူမလေးလို မိဘမဲ့ကလေးတွေ၊ အားကိုးအားထား မရှိတဲ့ကလေးတွေ အများကြီးပဲရှိတယ်၊ စားဖို့သောက်ဖို့လည်း လုံးလုံးမပူရဘူး၊ နေဖို့ဝတ်ဖို့လည်း မပူရဘူး၊ သူတို့ အားလုံးကို ဦးဦးတို့ ဒေါ်ဒေါ်တို့က စာသင်ပေးတယ်၊ ကောင်းကောင်း ပြုစုပြီး ထားတယ်၊ ကဲ...အဲဒီနေရာမှာ မင်း မနေချင်ဘူးလား...."

ထန်ဟိုပွား မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နှင့် နားထောင်နေရာမှ ပြန်မေးသည်။

"အဲဒီကလေးတွေ အားလုံးကို ဦးဦးတို့က မွေးစားထားတာလားဟင်"

"ဟုတ်တာပေါ့ကွယ်....ဒီကလေးတွေအတွက် အစစအရာရာ ဦးဦးက တာဝန်ယူတယ်"

"ကျွန်မ နေမယ်ဆိုရင် ဘာပြန်ပေးရမှာလဲ ဦးဦး"

"ဘာမှ ပေးစရာမလိုပါဘူးကွယ်....ဦးဦးတို့ ပြောစကားကို နားထောင်ပြီး လိမ်လိမ်မာမာ နေဖို့လည်းလိုတယ်၊ အချိန်တန်ရင် ကစားရမယ်၊ စာကြည့်ရမယ်၊ သိုင်းပညာဝါသနာပါရင်လည်း သင်ပေးတယ်၊ အေး...အရွယ်ရောက်လာလို့ လူလားမြောက်လာရင် ဦးဦးတို့နဲ့ မနေတော့ဘဲ ကိုယ်သွားချင်တဲ့ဆီ သွားလို့လည်းရတယ်"



"သိပ်ကောင်းတာပဲ ဦးဦး....ကျွန်မတို့ အရွယ်တွေကော ရှိသလား...."

"ရှိတာပေါ့ အများကြီးပဲ"

"ပျော်စရာကြီးနေမှာပဲနော်...ဦးဦးတို့က ဒီကလေးတွေအတွက် စားဖို့၊ နေဖို့၊ ဝတ်ဖို့ တာဝန်ယူတယ်ဆိုတော့ ဦးဦးတို့က သိပ်ပြီး ချမ်းသာကြမှာပဲ၊ ငွေတွေ အများကြီးရှိကြမှာပဲ"

အို့ယိဝမ်းက ပြုံးလိုက်ပြီး....

"ဦးဦးတို့က ချမ်းသာလို့တော့ မဟုတ်ပါဘူးကွယ်၊ ချမ်းသာတဲ့ သူဌေးကြီးတွေ ကုန်သည်ကြီးတွေဆီက အလှူခံလို့ ရတဲ့ငွေနဲ့ ကလေးတွေကို စောင့်ရှောက်ရတာပါ"

"ဟာ....သူဌေးကြီးတွေကလည်း ဦးဦးတို့ လိုတဲ့ငွေတွေကို လှူတယ် ဟုတ်လား...သူတို့ကလည်း မိဘမဲ့ကလေးတွေကို သနားတတ်ကြတယ်နော်"

အို့ယိဝမ်းက သူ့အတွေးနှင့်သူ ပြုံး၍....

"အေး...တချို့ သူဌေးကြီးတွေကတော့ မိဘမဲ့ကလေးတွေကို သနားကြလို့ လှူကြတယ်ကွယ်၊ ဒါပေမယ့် လူနည်းစုလောက်ပါ၊ များသောအားဖြင့် သူဌေးကြီးတွေဟာ သူတို့ငွေတွေကုန်သွားမှာစိုးလို့ ဦးဦးတို့ကို မလှူကြပါဘူး၊ အဲ....မလှူတဲ့ သူဌေးကြီးတွေဆီကတော့ ဦးဦးတို့အဖွဲ့က တိုက်ခိုက်ပြီး ယူကြတာပေါ့"

ထန်ဟိုပွား မျက်လုံးပြူးသွားပြီး....

"အို....ဒါဆို ဦးဦးတို့တစ်တွေက ဓားပြတွေပေါ့"

"ဟုတ်တယ် တူမလေး....အားလုံးကတော့ ဦးဦးတို့တစ်တွေကို ဓားပြတွေလို့ ခေါ်ကြတာပဲ.... ဒါပေမယ့် ဦးဦးတို့ဟာ ရိုးရိုးသားသား ကြိုးစားလုပ်ကိုင်ရင်း ကံကောင်းထောက်မလို့ ချမ်းသာလာကြတဲ့ သူဌေးကြီးတွေရဲ့ ဥစ္စာပစ္စည်းကို မလုဘူး၊ ဆင်းရဲသားတွေအပေါ်မှာ ခေါင်းပုံဖြတ် အနိုင်ကျင့်ပြီး ကြီးပွားချမ်းသာလာတဲ့ သူဌေးကြီးတွေ့ရဲ့ ဥစ္စာပစ္စည်းတွေကိုသာ လုယက်တိုက်ခိုက်တာ၊ ပြီးတော့ ဦးဦးတို့တစ်တွေဟာ အဲဒီ လုယက်တိုက်ခိုက်တဲ့အချိန် လူမသတ်ဘူး၊ ရတဲ့ ငွေကြေးဥစ္စာတွေကို ဦးဦးတို့က မိဘမဲ့ကလေးတွေအတွက် အသုံးပြုရုံတင် မဟုတ်ဘဲ ဆင်းရဲနွမ်းပါးနေတဲ့ အိမ်ထောင်စုတွေကိုလည်း ထောက်ပံ့တယ်"

ထန်ဟိုဟွား က ခေါင်းကို သွက်သွက်ခါယမ်းပြီး....

"ကျွန်မတော့ မလိုက်ဘူး"

"ဟင်....ဘာဖြစ်လို့"

"ဓားပြတွေကို မင်းမှုထမ်းတွေက ဖမ်းပြီး ခေါင်းဖြတ်သတ်တယ်လို့ ကြားဖူးတယ်၊ ကျွန်မ ကြောက်တယ်"

အို့ယိဝမ်းက ရယ်မောလိုက်ပြီး....

"ဟား....ဟား....ဟား....တူမလေးကို ဦးဦးက ဓားပြလုပ်ခိုင်းဖို့ ခေါ်သွားမှာမှ မဟုတ်ဘဲ....တူမလေးတို့ ကြီးလာတဲ့အခါ လူဆိုးလူမိုက်မဖြစ်အောင် လိမ္မာရေးခြားရှိပြီး တိုင်းပြည်ကို အကျိုးပြုမယ့် သားကောင်းသမီးကောင်တွေ ဖြစ်အောင် သွန်သင်ဆုံးမပြီး ပညာတွေ ပေးဖို့ ခေါ်သွားမှာပဲ၊ မင်းတို့ကို လူဆိုးတွေက အနိုင်ကျင့်ပြီး မဟုတ်တဲ့အလုပ်တွေ မခိုင်းစေနိုင်အောင်လည်း ဦးဦးတို့က ကာကွယ်စောင့်ရှောက်တဲ့ သဘောပါ"



ထန်ဟိုဟွား စဉ်းစားလိုက်ပြီးမှ သက်ပြင်းချကာ...

"အင်းလေ....ဦးဦးက သူဌေးကြီးရဲ့ ပစ္စည်းတွေကို လုယက်တဲ့လူဆိုးပေမယ့် ဦးဦးဟာ လူကောင်း တစ်ယောက်ဆိုတာ ကျွန်မ သိပါတယ်"

"အေး....ဟုတ်တယ်....ဦးဦးသာ လူဆိုးဆိုရင် မင်းကို ဘယ်ကယ်ပါ့တော့မလဲ....ဒါမှ ဦးဦးကို မင်း မယုံဘူးဆိုရင် မင်းကို ဦးဦးက အတင်းမခေါ်ပါဘူး၊ မင်း နေခဲ့မယ်ဆိုလည်း နေခဲ့နိုင်ပါတယ်....ဦးဦးကတော့ မင်း မိဘတွေကို မြှုပ်နှံပြီးရင် သွားတော့မယ်၊ ထွက်ပြေးသွားတဲ့ လူဆိုးတွေကို မိအောင် လိုက်ဖမ်းရဦးမယ်"

ထန်ဟိုဟွား ကြောက်ရွံ့ဟန်ဖြင့် မျက်နှာကလေး ပျက်သွားပြီး အို့ယိဝမ်း၏လက်ကို ဖမ်းဆွဲကာ....

"ဦးဦး ဘယ်မှမသွားပါနဲ့....ဒီမှာ ကျွန်မ တစ်ယောက်တည်း နေရမှာ ကြောက်လို့ပါ"

အို့ယိဝမ်းက ထန်ဟိုဟွား၏ ဆံပင်များကို လက်နှင့် အသာအယာသပ်၍....

"မင်း မနေရဲရင်တော့ ဦးဦးနဲ့လိုက်ခဲ့ပေါ့ တူမလေး....ဦးဦးကို

စိတ်ချပါ၊ တူမလေးကို လိမ်ညာလှည့်ဖျားပြီး ဦးဦးက မခေါ်ပါဘူး၊ ဦးဦးတို့ဆီကို ရောက်ရင် ကလေးတွေ အများကြီးရှိတော့ တူမလေးလည်း ပျော်မှာပါ၊ ဘယ်သူ့ကိုမှလည်း ကြောက်စရာ မလိုတော့ဘူး"

ထန်ဟိုဟွားက တွေတွေကလေး စဉ်းစားလိုက်ပြီးမှ ဆုံးဖြတ်ချက်ချဟန်ဖြင့် ခေါင်းကို ညိတ်လိုက်၏။

"ဟုတ်ကဲ့ ဦးဦးနဲ့ပဲ ကျွန်မ လိုက်ပါတော့မယ်"

ထန်ဟိုဟွားက ထရပ်ပြီး သူမ၏ အဝတ်အစားကလေးများ ယူရန် အိပ်ခန်းထဲကို ဝင်သွားသည်။

အိုယိဝမ်းသည် အလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်ပြီးမှ ထန်ဟိုဟွားကို ခေါ်ကာ ထွက်လာခဲ့သည်။ ထန်ဟိုဟွား ငိုကြွေး၍လိုက်ခဲ့သည်။

မိုးချုပ်နေပြီ ဖြစ်၏။



အိုယိဝမ်းသည် ထန်ဟိုဟွား၏လက်ကို ဆွဲကာ ခပ်သွက်သွက် လျှောက်နေသည်။

သူက စူးရှသော မျက်လုံးအစုံဖြင့် မြင်းခွာရာများကို ကြည့်၍ ခြေရာခံလိုက်ခြင်း ဖြစ်၏။

အိုယိဝမ်းက ခပ်သွက်သွက်လျှောက်၍ ဆွဲခေါ်လာသဖြင့် အတော်ကလေးကြာသွားသောအခါ ထန်ဟိုဟွားမှာ မောပန်း နွမ်းနယ်လာသည်။

အိုယိဝမ်းမှာ လူကြီးတစ်ယောက် ဖြစ်ပြီး သိုင်းသမားတစ်ယောက်လည်း ဖြစ်၏။

ထန်ဟိုဟွားကမူ ကလေးလည်း ဖြစ်သည့်ပြင် သိုင်းပညာကိုလည်း မတတ်ချေ။ ကြာလာလေ ထန်ဟိုဟွားမှာ ခြေလှမ်းကို မလှမ်းနိုင်လေ ဖြစ်လာသည်။

"ဒီလိုသွားနေလို့တော့ ရှေ့ကသွားနေတဲ့ လူဆိုးတွေကို မီတော့မှာမဟုတ်ဘူး၊ တူမလေး....ဒီတော့ တူမလေးကို ဦးဦးကျောပေါ်မှာ ပိုးပြီး ပြေးမယ်၊ ဦးဦးရဲ့ ကျောပေါ်ကိုသာ တက်"

အိုယိဝမ်းက ထန်ဟိုဟွား တက်နိုင်စေရန် ထိုင်ပေးသည်။ ထန်ဟိုဟွားက မတက်သေးဘဲ....

"သူတို့တစ်တွေက မြင်းစီးပြီး ပြေးကြတာပဲ၊ ပြီးတော့ သွားကြ

တာလည်း ကြာလှပြီ...ဦးဦးပြောသလို လိုက်လို့မီပါတော့မလား..."

"မီပါတယ်ကွာ...ဦးဦးက ကိုယ်ဖော့ပညာ တတ်တာပဲ၊ မင်းကို ကျောပိုးပြီး အမြန်ဆုံး ပြေးနိုင်ပါတယ်၊ အခုလို တူမလေးက လမ်း လျှောက်လိုက်တာထက်စာရင် အများကြီး ခရီးတွင်တာပေါ့"

ထိုအခါမှ အို့ယိဝမ်း ကျောပေါ်ကို ထန်ဟိုဟွား တက်လိုက် ၏။

အို့ယိဝမ်းလည်း ထန်ဟိုဟွာကို ကျောပိုး၍ ကိုယ်ဖော့ပညာ သုံးကာ တစ်ရှိန်ထိုးပြေးလေတော့သည်။ အို့ယိဝမ်း၏ ပြေးနှုန်းမှာ မြန်ဆန်လွန်းလှပေရာ ထန်ဟိုဟွားသည် မြင်းကို စီးနေရသကဲ့သို့ ခံစားရ၏။

မြင်းကိုစီးရလျှင် လိမ့်ကျမှာ ပူရသေးသော်လည်း အို့ယိဝမ်း၏ ကျောပေါ်မှ လိမ့်ကျမှာကို မူချ မပူရချေ။ စီး၍ပင် ပို၍ကောင်းနေ သည်။

"အေး....ဟုတ်ပြီ....ဟုတ်ပြီ....ပြေးထားကွ"

"ဟား....ဟား....ဟား....ဟား...."

သူမ၏စိတ်ထဲတွင်လည်း ဝမ်းနည်းပူဆွေးမှုများ ပျောက်ကွယ် သွားပုံရ၏။ ကလေးစိတ်ပီပီ ပျော်ရွှင်မြူးတူးလာသဖြင့် ရယ်မောသော် ဟစ်ခြင်းလည်း ပြုလာသည်။

"ဟား...ဟား...ဟား...ဟား...ပြေး...ပြေး...မြန်မြန်ပြေး... ဦးဦးရဲ့ကျောပေါ်က စီးလိုက်ရတာ သိပ်ကောင်းတာပဲ၊ မြင်းကြီးကို



စီးရသလိုပဲ၊ ဟဲ့မြင်း....ဟဲ့မြင်း....ဟား....ဟား....ဟား....ဟား...."

ကြေကွဲဆို့နစ်နေသော ထန်ဟိုဟွားမှာ ဝမ်းနည်းနေရာမှ ပျော် ပျော်ရွှင်ရွှင် ဖြစ်လာသဖြင့် အို့ယိဝမ်းကလည်း ဝမ်းသာသည်။ မြင်း တစ်ကောင်ကဲ့သို့ဝင် ခုန်ဆွခုန်ဆွ လုပ်ရင်း ပြေးသည်။

"ဟုတ်ပြီးကွ...မြင်းကြီး ပြေး....ပြေး...."

"ဦးဦး"

"ဟေ...."

"ကျွန်မ စစ်ဗိုလ်မကြီး လုပ်ချင်တယ်....မြင်းစီးတဲ့ စစ်ဗိုလ် မကြီးပေါ့"

"လုပ်ပေါ့ တူမလေးရဲ့"

"မြင်းစီးတဲ့ စစ်ဗိုလ်မကြီးဆိုရင် ဓားပါ ကိုင်ရတာပေါ့၊ ဦးဦး ရဲ့ဓားကို ကျွန်မ ခဏပေးပါလား...."

ထန်ဟိုဟွား ပျော်ရွှင်ပါစေ ဟူသော သဘောနှင့် အို့ယိဝမ်းက လည်း သူ့ဓားကို ဆွဲထုတ်ကာ ထန်ဟိုဟွားကို ပေးလိုက်သည်။ ထန် ဟိုဟွားက ဓားကို မြှောက်ကိုင်ကြည့်ပြီး ဝမ်းသာအားရ ပြောသည်။

"ဟာ...ဦးဦးရဲ့ဓားကြီးကလည်း ကောင်းလှချည်လား....သိပ် လှတာပဲနော်၊ ဦးဦးက မြင်းလုပ်ပြီးပြေး၊ ကျွန်မက စစ်ဗိုလ်မကြီး လုပ်ပြီး ရန်သူနဲ့တိုက်မယ်"

အို့ယိဝမ်းကလည်း ပြုံးပြုံးရယ်ရယ်ပင် ထန်ဟိုဟွား၏ ဆန္ဒ အတိုင်း အမြန်ဆုံး ပြေးနှင်သည်။

"ဟုတ်ပြီ ဟုတ်ပြီ...ရှေ့မှာ ရန်သူ...ရှေ့မှာ ရန်သူ...မြင်းကြီး မြန်မြန်လိုက်....ဟေ့ ရန်သူတွေ ငါ့ဓားချက်ကို မမိချင်ရင် ဝေးဝေး ရှောင်ကြနော်....ဝေးဝေးရှောင်ကြ....ယား"

ထန်ပိုပွားသည် ဓားကို ဝှေ့ယမ်းကာ အော်ဟစ်လိုက်ပါလာရင်းမှ သူမ၏ မျက်နှာမှာ ရုတ်ခြည်းတင်းမာခက်ထန်သွားသည်။ သူမ၏ မျက်လုံးအစုံမှာလည်း ရက်စက်ကြမ်းကြုတ်မည့်အသွင်မျိုးကို ဆောင်လာသည်။

သူမသည် ဓားကိုမြှောက်၍ ဝှေ့ယမ်းနေရာမှ ရုတ်တရက် အို့ယိဝမ်း၏ ဦးခေါင်းကို ချိန်ကာ တအားခုတ်ချလိုက်လေတော့၏။

◇◇◇◇◇



၈၁။

မိုက်ရှုံးယိ၊ လင်းရဲ့ကျင်း၊ ထင်လျှန်ကူးနှင့် ဝူးဝေတို့ အပါအဝင် လေပွေမုန်တိုင်း အဖွဲ့သားများသည် စုဝေး၍ ထိုင်နေကြကာ တိုင်ပင်ဆွေးနွေးနေကြသည်။

သူတို့သည် ဒဏ်ရာရထားသော အဖွဲ့သားများကို သူတို့၏ လျှို့ဝှက်စခန်းအရောက် မည်ကဲ့သို့ သယ်ဆောင်ကြမည်ကို တိုင်ပင်နေကြသလို အို့ယိဝမ်းနောက်သို့ မည်သို့မည်ပုံ လိုက်ကြမည်ကိုလည်း ဆွေးနွေးနေကြခြင်း ဖြစ်လေသည်။

"ကျွန်တော်တို့က ဒဏ်ရာရထားတဲ့ အဖွဲ့သားတွေကို စခန်းရောက်အောင် ခေါ်သွားဖို့နဲ့ အစ်ကိုကြီးအို့နောက်ကို လိုက်ဖို့အတွက် အဖွဲ့နှစ်ဖွဲ့ခွဲမှ ဖြစ်လိမ့်မယ်၊ တစ်ဖွဲ့ကို အစ်ကိုဝူးဝေက ဦးဆောင်ပြီး နောက်တစ်ဖွဲ့ကိုတော့ ကျွန်တော်က ဦးဆောင်ပြီး ခေါ်ခဲ့ပါ့မယ်"

လေမွှေမုန်တိုင်း အဖွဲ့သားများထဲမှ အသက်အငယ်ဆုံး နွားကလေးခေါ် ယင့်တာလူက ပြောလိုက်ခြင်းဖြစ်၏။ အဖွဲ့ဝင် နံပါတ်လေး ဝေဘွန်စိမ်းကလည်း ဝင်ပြောသည်။

"ကျွန်တော်နဲ့ အဖွဲ့တစ်ဖွဲ့က အစ်ကိုကြီးအို့ နောက်ကို လိုက်သွားချင်ပါတယ် အစ်ကိုဝူးဝေ"

ဤတွင် ထင်လျှန်းကူးကလည်း ဝင်ပြောသည်။

"အစ်ကိုကြီးအို့ နောက်ကို လိုက်မယ့်အဖွဲ့မှာ ကျွန်မလည်း လိုက်မယ်"

"ကျွန်တော်လည်း လိုက်မယ်"

"ကျွန်တော့်ကိုပါ ခေါ်ပါ"

အို့ယီဝမ်းနောက်သို့ လိုက်ချင်သူများက တစ်ယောက်တစ်ပေါက် ဝင်ပြောပြန်သည်။

ဝူးဝေက လက်မြှောက်ပြပြီး အဖွဲ့သားတွေ ငြိမ်ကျသွားမှ ပြောသည်။

"အားလုံး နားထောင်ကြပါဦး....တို့အနေနဲ့ အစ်ကိုကြီးအို့ နောက်ကို လိုက်ဖို့ အရေးကြီးသလို ဒဏ်ရာရထားတဲ့ တို့အဖွဲ့သားတွေကို စခန်းပြန်ရောက်အောင် ပို့ပြီး ဆေးဝါးကုသပေးဖို့လည်း အရေးကြီးပါတယ်၊ အစ်ကိုကြီးအို့နဲ့ ညီလေးစန်းကိုရှာဖို့ အဖွဲ့မှာ အားလုံး လိုက်သွားလို့တော့ မဖြစ်ဘူး၊ တစ်ဝက်ပဲ လိုက်သွားပြီး ကျန်တစ်ဝက်က ဒဏ်ရာရထားတဲ့ အဖွဲ့သားတွေကို စခန်းပို့ဖို့ တာဝန်ယူရမယ်"



ထင်လျှန်းကူးက....

"အစ်ကိုကြီးအို့ နောက်ကို လိုက်ဖို့အဖွဲ့ထဲမှာ ကျွန်မပါမှ ဖြစ်မယ်နော်၊ ကျန်နေလို့ မဖြစ်ဘူး၊ ကျွန်မက ရှေ့ဆုံးက သွားမှာပဲ"

ထင်လျှန်းကူးမှာ အဖွဲ့ဝင်နံပါတ်ကိုး ဖြစ်သည့်ပြင် အို့ယီဝမ်း၏ဝမ်းကွဲညီမ ဖြစ်သောကြောင့် သူ့ကိုတော့ ထားခဲ့ရန် မဖြစ်ကြောင်း အားလုံး သဘောပေါက်နားလည်ကြသည်။

ဝေဘွန်စိမ်းက ဝူးဝေကို မျက်နှာရိပ် မျက်နှာကဲ လှမ်းပြပြီးမှ ပြောသည်။

"ဒီလိုလုပ်ပါလား အစ်ကိုဝူးဝေ၊ ကျွန်တော်နဲ့ ညီမလေးကျိုက လွဲပြီး ကျန်တဲ့အဖွဲ့သားတွေကို မဲနှိုက်ပါလား....ဒါမှပဲ လူခွဲလို့ရတော့မှာ"

အားလုံး သဘောတူသဖြင့် ထင်လျှန်းကူးတို့ အပါအဝင် အဖွဲ့သားကိုးဦးတို့သည် အို့ယီဝမ်းတို့ နောက်ကို လိုက်ရန် မဲကျပြီး ကျန်အဖွဲ့သားများကမူ ဝူးဝေနှင့်အတူ လူနာများကို ခေါ်၍ စခန်းပြန်ရန် မဲကျလေသည်။

ဝေဘွန်စိမ်းတို့အဖွဲ့ ထန်ဟိုဟွား နေထိုင်ခဲ့သော တဲအိမ်ကလေးဆီသို့ ရောက်လာချိန်တွင် အို့ယီဝမ်းနှင့် ထန်ဟိုဟွားတို့ နှစ်ယောက်မှာ ခရီးနှင်နေကြတုန်း ဖြစ်၏။

အချိန်မှာ သန်းခေါင်တိုင်တော့မည် ဖြစ်၏။

ထိုအချိန်တွင် အို့ယီဝမ်း ကျောပေါ်မှ စီးလာသော ထန်ဟိုဟွား

က အိုယိဝမ်း၏ဦးခေါင်းကို ဓားနှင့် ခုတ်ချလိုက်ချိန်လည်း ဖြစ်၏။

ထန်ဟိုဟွား ခုတ်ချလိုက်သော ဓားချက်က အရှိန်ပြင်းထန်စွာ အိုယိဝမ်း၏ ခေါင်းကို ခုတ်မိလေသည်။

"ထန်း...."

ဓားက အိုယိဝမ်း၏ခေါင်းထဲသို့ နစ်မြုပ်သွားရမည့်အစား ဦးခေါင်းနှင့် ထိလိုက်သည်နှင့် ပြန်ကန်တက်လာသည်။

အိုယိဝမ်း ထိတ်ခနဲ ဖြစ်သွားပြီး တစ်ရှိန်ထိုး ပြေးနေရာမှ တုံ့ခနဲ ရပ်လိုက်သည်။

ထန်ဟိုဟွားလည်း ထိတ်လန့်တကြား ဖြစ်သွားကာ အံ့ဩလွန်းသဖြင့် လက်ထဲမှ ကိုင်ထားသောဓား လွတ်ကျသွားသည်။ သူမလည်း အိုယိဝမ်း ကျောပေါ်မှ မြေပေါ်သို့ လိမ့်ကျသွားသည်။

မြေပေါ်သို့ ရောက်သည်နှင့် ထန်ဟိုဟွားသည် ဝမ်းပန်းတနည်း ငိုကြွေးလေတော့၏။ အိုယိဝမ်းက သူမကို အကဲခတ်ကြည့်ပြီး မေးလိုက်၏။

"ဟိုကွာ....မင်း ဘာလုပ်တာလဲ"

ထန်ဟိုဟွားက ဘာမှ ပြန်မပြောဘဲ ငိုမြဲငိုနေသည်။

အိုယိဝမ်းက သူမ၏ရှေ့တွင် ဒူးထောက် ထိုင်လိုက်ပြီး ထပ်မေး၏။

"ဟိုဟွား....ငါ့ကိုပြောစမ်း.... ဘာဖြစ်လို့ မင်း ဒီလိုလုပ်ရတာလဲ....မင်းက ငါ့ကို သတ်မလို့လား....ဟုတ်လား"



ထန်ဟိုဟွားက ငိုရှိုက်ရင်းမှ ကြောက်ကြောက် ရွံ့ရွံ့နှင့် ပြန်ပြောသည်။

"မ ....မဟုတ်ပါဘူး ဦးဦးရယ် ....ကျွန်မ ....ကျွန်မ ဓားကို တွယ်မိရင်း မထိန်းနိုင် ဖြစ်သွားတာပါ၊ ဦးဦးကို ထိခိုက်ဒဏ်ရာရစေလိုတဲ့စိတ်မျိုး မရှိပါဘူး""

"ဟုတ်ရဲ့လား ဟိုဟွား"

"ဟုတ်ပါတယ် ဦးဦးရယ် ....ဦးဦးက လည်း ပြေးနေတော့ ကျွန်မကိုယ် ယိမ်းယိုင်သွားလို့ပါ၊ နောက်မှ ဦးဦးခေါင်းကို ခုတ်မိတာ သတိရပြီ၊ ကျွန်မ...ကျွန်မ...ကြောက်ကြောက်လန့်လန့်နဲ့ ဓားကို လွှတ်ချမိတာပါ"

အိုယိဝမ်းသည် ထန်ဟိုဟွား၏အမူအရာ အပြောအဆိုကို အတန်ကြာအောင် အကဲခတ်ကြည့်နေပြီးမှ....

"မတော်လို့ဖြစ်တာပေါ့....ဟုတ်လား ဟိုဟွား"

"ဟုတ်ပါတယ် ဦးဦးရယ်....ကျွန်မ ဦးဦးကို လိမ်မပြောပါဘူး၊ တကယ် ပြောတာပါ"

အိုယိဝမ်း သက်ပြင်းတစ်ချက် ချလိုက်ပြီး လေသံ ပျော့ပျော့ဖြင့်....

"ဦးဦး ယုံပါတယ်ကွယ်....ဦးဦးနဲ့မင်းနဲ့ ရန်ငြိုးရန်စ ရှိကြတဲ့ လူတွေလည်း မဟုတ်ဘူး၊ ပြီးတော့ မင်းဟာ ကလေးတစ်ယောက်ပဲ၊ မင်းက ဦးဦးကို အန္တရာယ်မပေးဘူးဆိုတာ ဦးဦးယုံပါတယ်၊ ဘာမှ

စိတ်မကောင်း ဖြစ်မနေပါနဲ့ တူမလေးရယ်...မတော်တဆ ဖြစ်ရတာပဲ"

"ဦးဦး ခွင့်လွှတ်တယ်ဆိုရင် ကျွန်မ ဝမ်းသာပါတယ်"

"ဦးဦး ခွင့်လွှတ်ပါတယ် ကလေးရယ်....မငိုနဲ့တော့နော်"

ထန်ဟိုဟွားလည်း ပြုံးလာပြီး သူမပါးပြင်မှ မျက်ရည်များ သုတ်သည်။

"ကျွန်မဖြင့် ဦးဦးခေါင်းထဲ ဓားဝင်သွားပြီလို့ ထင်ပြီး စိုးရိမ်သွားမိတာ.... အခုတော့ တော်ပါသေးရဲ့.... ဘာမှ မဖြစ်ဘူး.... ဦးဦးရဲ့ ဓားကလည်း ထက်သားနဲ့ ဆန်းလိုက်တာနော်"

အိုယိဝမ်းက ဓားကို ကောက်ယူပြီး သူ့ခါးတွင် ပြန်ထိုးလိုက်သည်။ ပြီးမှ ထန်ဟိုဟွားကို ပြုံး၍ ကြည့်ပြီး ပြောသည်။

"ဦးဦးရဲ့ ခေါင်းမှာ အကာအကွယ်ရှိလို့ပေါ့ကွယ်၊ နို့မို့ ဦးဦးလည်း ဓားပြီးတဲ့လူမှ မဟုတ်ဘဲ"

"ဟင်....ဘယ်လို အကာအကွယ်ရှိလို့လဲ ဦးဦး"

အိုယိဝမ်းက သူ့ခေါင်းမှ ဆံပင်ကို ဆွဲထုတ်ကာ ဆက်မဆောင့်ဆွဲလိုက်သည်။ ဆံပင်များက အထွေးလိုက် သူ့လက်ထဲတွင် ပါသွားသည်။ သူ့ခေါင်းတွင် မူလဆံပင်များကတော့ ကျန်နေသေးသည်။

ထိုမြင်ကွင်းကို မြင်ရသောအခါ ထန်ဟိုဟွား အံ့ဩသွားသည်။ အိုယိဝမ်းက ပြုံး၍ ရှင်းပြသည်။



"ဒါ ဆံပင်အတုလေ....ဦးဦးဟာ အကြောင်းအားလျော်စွာ ရုပ်ဖျက်ရတော့ ဆံပင်တုကို သုံးတဲ့အခါ သုံးရတယ်.... ဒီဆံပင်တုမှာ ခေါင်းကို အုပ်ဆောင်းနိုင်ဖို့ သံမဏိပြားအောက်မှာ ခံထားတယ်.... သံမဏိပြားလည်း ခံနေတော့ ဓားက ဦးဦးခေါင်းကို ဘယ်ထိပါတော့မလဲ...."

အိုယိဝမ်းသည် သူ့အယောင်ဆောင်ထားရသော သူနှင့်တွေ့ရာ၌ တိုက်ခိုက်ရန် ဆံပင်တုနှင့် ရုပ်ဖျက်ထားခဲ့ခြင်း ဖြစ်ပြီး ဖြစ်လေသည်။ သူ့အတွက် အကာအကွယ် သဘောလည်း ဖြစ်သောကြောင့် သူ၏ ဓခန်းမှ အပြင်ကို ထွက်တိုင်း ဤဆံပင်အတုကို အသုံးပြု၍ ဆောင်းတတ်သည်။

အိုယိဝမ်းက ဆံပင်တုကို ခေါင်းတွင် ပြန်စွပ်လိုက်သည်။

"ကဲ....တူမလေး ဦးဦးကျောပေါ် ပြန်တက်.... လူဆိုးတွေနောက် ဆက်လိုက်ကြမယ်....အချိန်ကြာသွားရင် သူတို့ကို မမီဘဲနေဦးမယ်"

"ဟင်....ဦးဦးက ကျွန်မကို ကျောပေါ်တင်ပြီး ပြေးဦးမှာလား...."

"ဒါမှလည်း လူဆိုးတွေကို မီမှာပေါ့၊ ဒါပေမယ့် မင်းက ဓားကို မနိုင်သေးတော့ ဓားကိုတော့ မကိုင်ရတော့ဘူးနော်၊ ဦးဦးကိုပဲ မြင်းလုပ်ပြီး စီးတော့"

ထန်ဟိုဟွားလည်း အိုယိဝမ်း၏ကျောပေါ်ကို ပြန်တက်သည်။

အို့ယိဝမ်းက ဆက်လက် ပြောပြန်သည်။

အတန်ကြာအောင် ပြေးမိသောအခါ ထန်ဟိုဟွားသည် တော စောက အဖြစ်ကို မေ့သွားဟန်ဖြင့် ပျော်ရွှင်စွာ ရယ်မော အော်ဟစ် နေပြန်တော့သည်။

အို့ယိဝမ်းသည် တစ်ညလုံး မနားဘဲ ပြေးနှင်ခဲ့လေသည်။

မိုးလင်းသည်နှင့် ရွာကလေးတစ်ရွာကို ရောက်လာကြ၏။ အို့ယိဝမ်းက ရွာသားများကို စုံစမ်းမေးမြန်းကြည့်ရာ မြင်းကိုယ်စီနှင့် လူခြောက်ယောက် ဤရွာမှ ဖြတ်သွားကြောင်း သိရတော့၏။

ထိုလူတွေသည် ဤရွာတွင် ညအိပ်ရပ်နားခြင်း မပြုဘဲ ခဏ သာ နားပြီး ဆက်လက်ထွက်ခွာသွားကြောင်း ရွာသားများက ပြောပြ ကြသည်။

ထို့ပြင် ဝတ်စုံပြာဝတ်ထားသော လူရွယ်တစ်ယောက်လည်း ခြေကျင်ခရီးဖြင့် ရွာကို ရောက်လာကာ အစားအသောက် အနည်း ငယ်ကို တောင်းရမ်းစားသောက်ပြီး မြင်းစီးသမားများနောက်သို့ လိုက် သွားကြောင်း ရွာသားများ၏ ပြောပြချက်အရ အို့ယိဝမ်း သိရပြန် သည်။

ထိုသတင်းကို ကြားရသောအခါ အို့ယိဝမ်းမှာ ဝမ်းသာသွား သည်။ လို့ရုံရှမ်း မသေသေးဘဲ ရန်သူနောက်သို့ ဆက်လိုက်သွား သည်မှာ သေချာနေလေပြီ။

အို့ယိဝမ်းနှင့် ထန်ဟိုးဟွားတို့ နှစ်ယောက်သည် ရွာထဲတွင်



နံနက်စာစားကြပြီးနောက် ရိက္ခာခြောက်အချို့ကိုလည်း ဝယ်ယူကာ ခရီးဆက်ခဲ့ကြပြန်သည်။

အို့ယိဝမ်းက မြင်းခြေရာနှင့် မြင်းချေးပုံကို ကြည့်၍ လိုက်ခဲ့ ခြင်းသာ ဖြစ်၏။

ဒီနေ့ တစ်နေ့လုံး ခရီးနှင်ခဲ့ရာ ညနေစောင်းချိန်တွင် တောအုပ် တစ်အုပ်အနီးကို ရောက်လာသည်။

လမ်းပေါ်တွင် မြင်းချေးပုံများကိုလည်း တွေ့ရပြန်သည်။

အို့ယိဝမ်းက ထန်ဟိုဟွားကို ကျောပေါ်မှ ချလိုက်ပြီး သစ်ကိုင်း ခြောက်တစ်ချောင်းကို ကောက်ယူကာ မြင်းချေးပုံကို မွှေနှောက်လိုက်ပြီး စစ်ဆေးသည်။

"ဘာလုပ်တာလဲ ဦးဦး"

"ရှေ့မှာသွားနေတဲ့ လူဆိုးတွေကို မီတော့မယ် ဟိုဟွား"

"ဟင်.....ဦးဦးက ဘယ်လိုသိသလဲ"

"မြင်းချေးပုံတွေကို ကြည့်ပါလား တူမလေး.....စိုနေတုန်းပဲ၊ မွှေနှောက်ကြည့်တော့ အထဲမှာလည်း အပူငွေ့ရှိနေသေးတာကို ရတွေ့ ရတယ်၊ ဒါကိုမြင်ရခြင်းအားဖြင့် လူဆိုးတွေ စီးသွားတဲ့ မြင်းတွေဟာ ယောဒီလမ်းက သွားကြတာ သေချာတယ်၊ တစ်နေရာမှာလည်း နားကြ လိမ့်မယ်၊ မြင်းချေးယိုသွားတာ သိပ်မကြာသေးတော့ သူတို့နဲ့ မကွာ တော့ဘူးဆိုတာလည်း တွက်ဆလို့ရတယ်၊ ဒီလူတွေကို ဒီညတောင် တို့တတွေ မီနိုင်လိမ့်မယ်"

"တကယ်လို့ .... သူတို့က အနားမယူဘဲ ဆက်သွားနေရင်ကော...."

"သူတို့က ဦးဦးတို့ရှေ့ကနေ တစ်နေ့နဲ့တစ်ညလုံး ခရီးနှင်သွားကြပြီပဲ၊ လူတွေက ခံနိုင်ရည်ရှိပေမယ့် မြင်းတွေက ခံနိုင်ရည်ရှိကြမှာမဟုတ်ဘူး...ဒီညတော့ မြင်းရော လူပါ ရှေ့တစ်နေရာရာမှာ နားကြလိမ့်မယ်"

အိုယိဝမ်းစကားကို ထန်ဟိုဟွားက သေချာစွာ နားထောင်ပြီးမှ မေးခွန်းထုတ်လိုက်သည်။

"တကယ်လို့ သူတို့ကိုမိရင် ဦးဦးက ဘာလုပ်မလဲ...."

"တိုက်ခိုက်ရမှာပေါ့"

ထန်ဟိုဟွား ကြောက်ရွံ့ဟန်ဖြင့် ပခုံးနှစ်ဘက်တွန့်သွားပြီး...

"ဟင်....တိုက်ခိုက်မယ် ဟုတ်လား....ကျွန်မ ကြောက်တယ်၊ တိုက်ခိုက်ကြရင် လူလည်းသေမှာပေါ့"

"မကြောက်ပါနဲ့ တူမလေးရယ် ....ဦးဦးက လူဆိုးတွေကို သေအောင်မတိုက်ဘဲ အရှင်ဖမ်းမှာပါ၊ တူမလေးက ဘေးကနေပြီးသာ အသာကလေး ကြည့်နေ"

"အို....ကျွန်မ တိုက်တာခိုက်တာတွေ မကြည့်ရဲဘူး"

"အေးလေ....မင်းမကြည့်ရဲရင်လည်း လုံခြုံတဲ့နေရာမှာ မင်းကို ဦးဦးက ဖွက်ထားပါ့မယ်၊ လူဆိုးတွေကို ဦးဦး ဖမ်းပြီးမှ တူမလေးကို ပြန်လာခေါ်မယ်"



အိုယိဝမ်းသည် ထန်ဟိုဟွားကို ကျောပိုးပြီး ဆက်လက်ခရီးနှင်ခဲ့ပြန်ရာ သုံးလီခန့် ခရီးရောက်ခဲ့ပြီး ရှေ့တွင် မီးရောင်လဲ့လဲ့နှင့် မြို့ကလေး တစ်မြို့ကိုပါ လှမ်းမြင်ရလေသည်။

◇◇◇◇◇

၀၂။

---

အိုးယိဝမ်းသည် မီးရောင်လင်းလက်နေသော မြို့ကလေးဆီကို လှမ်းကြည့်လိုက်ပြီး ထန်ဟိုဟွားကို ကျောပေါ်မှ ချလိုက်၏။

"ဦးဦးတို့ ဒီမှာ ခဏနားကြရအောင်"

"ဟင်....ရှေ့မှာ မီးရောင်တွေမြင်နေရတာ မြို့တစ်မြို့မဟုတ်ဘူးလား ဦးဦး"

"ဟုတ်တယ်လေ"

"မြို့ကို ရောက်ခါနီးနေပြီပဲ၊ မြို့ရောက်မှ နားပါလား....ဒီမှာ ဘာဖြစ်လို့ နားမှာလဲ ဦးဦး"

"မိုး သိပ်မချုပ်ခင် မြို့ထဲကို မဝင်ချင်လို့ပေါ့ တူမလေးရယ်.... အတော်ကလေး မိုးချုပ်မှ မြို့ထဲကို ဝင်ကြတာပေါ့"

"မိုးချုပ်ရင် လူဆိုးတွေကို ဘယ်လိုလုပ် ရှာမလဲ ဦးဦး"



"လူဆိုးတွေဟာ ရှေ့က မြို့ကလေးမှာ သေချာပေါက် တည်းခို နေကြပါလိမ့်မယ်၊ ဦးဦးက သိုင်းသမားပဲ၊ လူဆိုးတွေကို တွေ့အောင် ရှာဖို့ မခဲယဉ်းပါဘူး။ ဦးဦးလည်း ပင်ပန်းနေလို့ ဒီမှာခဏ နားချင်နေတယ်"

နှစ်ဦးသား သစ်ပင်ကြီး တစ်ပင်အောက်တွင် ထိုင်လိုက်ကြပြီး ပါလာသော ရိက္ခာခြောက်များကို စားကြသည်။ စားပြီးမှ ထန်ဟိုဟွားကို ပြောသည်။

"ဦးဦး တူမလေးကိုထမ်းပြီး တစ်ညလုံး ပြေးခဲ့ရလို့ သိပ်ပြီး ပင်ပန်းနေပြီ တူမလေး ....အိပ်လည်း အိပ်ချင်နေတယ်၊ မြို့ထဲကို ရောက်သွားရင် လူဆိုးတွေကို ရှာရဦးမှာမို့ အိပ်ချိန်ရမှာ မဟုတ်ဘူး၊ ဒီမှာ ခဏအိပ်လိုက်ဦးမယ်၊ မင်းကော အိပ်မလား...."

"ကျွန်မက ဦးဦးရဲ့ကျောပေါ်မှာ အိပ်လိုက်လာရလို့ သိပ်ပြီး မအိပ်ချင်ဘူး"

"ဒါဆို ဦးဦးနားမှာပဲ ထိုင်စောင့်နေ၊ အကြောင်းရှိရင် ဦးဦးကို သတိပေး၊ တကယ်လို့ မိုးချုပ်သွားရင်လည်းနှိုး"

"ဟုတ်ကဲ့ ဦးဦး"

အိုးယိဝမ်းလည်း သူ့ လက်မောင်းကို ခေါင်းအုံးကာ သစ်ပင်အောက်တွင် လှဲအိပ်ချလိုက်တော့သည်။ သူသည် တကယ်လည်း ပင်ပန်းနွမ်းနယ်နေပြီး နှစ်ညနှင့်နှစ်ရက်လုံးလုံး မအိပ်ခဲ့ရသဖြင့် ခေါင်းချ လိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

ထန်ဟိုဟွားသည် အို့ယိဝမ်း အိပ်ပျော်သွားပြီးနောက် အတန်ကြာအောင် ကြည့်နေပြီးမှ ခပ်တိုးတိုး ခေါ်ကြည့်သည်။

"ဦးဦး....ဦးဦး"

အို့ယိဝမ်းမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသဖြင့် မကြားရှာ။ နိုးလည်းမလာပါချေ။

ထန်ဟိုဟွားသည် အို့ယိဝမ်း တကယ် အိပ်ပျော်သွားပြီး ဖြစ်ကြောင်း သိရလျှင် စိတ်လှုပ်ရှားစွာဖြင့် ပတ်ဝန်းကျင်ကို ဟိုသည်ကြည့်လိုက်၏။ ပြီးမှ အို့ယိဝမ်း၏ပခုံးကို ဆုပ်ကိုင်၍ အသာအယာ တွန်းလှုပ်ပြီး ခပ်တိုးတိုး ပြောပြန်သည်။

"ဦးဦး....ဦးဦး....ကျွန်မ ဗိုက်နာလို့ ဟိုဘက်နားကို ခဏသွားလိုက်ဦးမယ်၊ ပြီးရင် ပြန်လာခဲ့မယ်နော်"

သို့သော် အို့ယိဝမ်းက မနိုးချေ။ နှစ်ခြိုက်စွာ အိပ်မောကျနေတုန်းပင် ဖြစ်၏။

ထန်ဟိုဟွား၏ မျက်လုံးအစုံက အို့ယိဝမ်း၏ခါးမှ ဓားရိုးဆီကို ရောက်သွားသည်။ သူမ၏ညာလက် ဘယ်မှာလည်း ရွေ့လျားသွားပြီး ဓားရိုးကို အသာအယာ ဆုပ်ကိုင်လိုက်သည်။

ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်လျှင် ပွတ်တိုက်မိသံ ပေါ်ထွက်လာမည်ဖြစ်ပြီး အို့ယိဝမ်း နိုးသွားမှာ သိသွားမှာကိုလည်း စိုးရိမ်ပူပန်မိသည်။ ပွတ်တိုက်သံ မပေါ်စေရန် မည်သို့ ဓားကို ဆွဲထုတ်ရလျှင် ကောင်းလေမည်နည်းဟု စဉ်းစားလိုက်၏။



ခဏနှင့် စဉ်းစားမိပြီး ညာလက်က ဓားရိုးကို ကိုင်၍ ဖြည်းဖြည်းချင်း ဆွဲထုတ်သလို ဘယ်ဘက်ကလည်း အို့ယိဝမ်း၏ပခုံးကို ဆုပ်ကိုင်၍ ဖြည်းဖြည်း တွန်းလှုပ်သည်။ နှုတ်မှလည်း ခပ်တိုးတိုး ခေါ်သည်။

"ဦးဦး....ဦးဦး....ထပါဦး....ဟိုမှာ ဘယ်သူလဲ မသိဘူး"

သို့သော် အို့ယိဝမ်းမှာ မနိုးချေ။ တခေါခေါနှင့် ဟောက်ပြီး အိပ်မောကျနေတုန်း ဖြစ်၏။

ထန်ဟိုဟွားသည် ဘယ်ဘက်လက်က အို့ယိဝမ်းကို တွန်းလှုပ်ရင်း ညာဘက်လက်မှ ဓားကို ဆွဲထုတ်ရာ နောက်ဆုံးတွင် ဓားမှာ ဓားအိမ်ထဲမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်၍ သူမ၏လက်ထဲသို့ ရောက်လာတော့သည်။

ထန်ဟိုဟွား၏ မျက်လုံးမှာလည်း ရက်စက်ကြမ်းကြုတ်တော့မည့် အရိပ်အယောင်များ ပေါ်ထွက်လာသည်။ ဓားရောင်မှာ ဝင်လုဆဲနေရောင်အောက်တွင် ဝင်းခနဲ လက်ခနဲ ဖြစ်နေသည်။

ထိုစဉ်မှာပင် အို့ယိဝမ်း ရုတ်တရက် လန့်နိုးလာသည်။ သူသည် လှဲအိပ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။

ထန်ဟိုဟွားမှာ လက်ထဲတွင် ဓားကို လွတ်လွတ်ကျွတ်ကျွတ် ဆုပ်ကိုင်ထားပြီး ဖြစ်လေရာ ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းရန် မဖြစ်တော့ပါချေ။ သူမသည် အနည်းငယ် ထိတ်လန့်သွားသော်လည်း ဤဖြေပျက်လောက်အောင်တော့ ကြောက်ရွံ့တုန်လှုပ်ခြင်း မဖြစ်မိပါချေ။

ချက်ချင်းပင် သူမသည် အိုယိဝမ်းကို ဖက်လိုက်ပြီး တုန်လှုပ်ချောက်ချားသော လေသံဖြင့် ပြောတော့၏။

"ကျွန်မ ကြောက်တယ် ဦးဦး....ကျွန်မ ကြောက်တယ် ဟို....ဟိုမှာ လူတစ်ယောက်....လူတစ်ယောက်"

ထန်ဟိုဟွားက အိုယိဝမ်း ရင်ဘတ်တွင် မျက်နှာအပ်ထားပြီး တစ်နေရာရာကို ရမ်း၍ လက်ညှိုးထိုးလိုက်၏။ အိုယိဝမ်းက သူမ လက်ညှိုးထိုးရာသို့ ကြည့်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ချေ။

"ဘယ်မလဲ ဟိုဟွား....ဘယ်မှာလဲ"

ထန်ဟိုဟွားက အိုယိဝမ်းရင်ဘတ်မှ သူမမျက်နှာကို ခွာ၍ လက်ညှိုးထိုးထားရာကို ကြည့်ကာ ဟန်မပျက် ပြောသည်။

"ခုနက ဟိုသစ်ပင်ကြီးအောက်မှာ ရပ်နေတာပဲ ဦးဦး၊ အခု....အခု....မရှိတော့ဘူး"

"မင်း သေချာတွေ့လိုက်လို့လား ဟိုဟွား၊ အဲဒီလူက ဘယ်လို ပုံသဏ္ဌာန်မျိုး ရှိလို့လဲ...."

"ဘယ်လို ပုံသဏ္ဌာန်မျိုးလည်းတော့ ကျွန်မ ကြောက်တာနဲ့ သေချာ မကြည့်လိုက်ရပါဘူး ဦးဦး၊ ယောကျ်ားတစ်ယောက်ပဲ၊ အရပ်ကမြင့်မြင့်၊ သူ့ကိုယ်က ခပ်ဝဝ၊ အသက်သုံးဆယ်လောက် ရှိလိမ့်မယ်၊ ခေါင်းက ဦးထုပ်ကို ငိုက်ပြီးဆောင်းထားလို့ မျက်နှာကိုတော့ သေသေချာချာ မတွေ့ရဘူး"



အိုယိဝမ်းက ထန်ဟိုဟွား ပြောသည်ကို သေချာနားထောင်ပြီး မျက်မှောင်ကြုတ် စဉ်းစားသည်။ သူမအနေနှင့် သေချာစွာ မမြင်ရပါဘူးဟု ဆိုသည့်ပြင် မျက်နှာကိုလည်း ကောင်းစွာ မမြင်ရပါဟု ပြောပြီးမှ အသက်သုံးဆယ်ခန့်ဟု ပြောနေပြန်သည်။

သူမ၏ စကားများက ရှေ့နောက် မညီဘဲ သံသယဝင်ဖွယ်ရာ ဖြစ်နေ၏။

သို့သော် အိုယိဝမ်းသည် သူ သံသယဖြစ်ကြောင်းကို ထန်ဟိုဟွား မရိပ်မိစေဘဲ အရေးမကြီးသလို ပြန်ပြောသည်။

"မင်း တွေ့လိုက်တဲ့ လူဟာ ဦးဦးရဲ့မိတ်ဆွေ ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ လူဆိုးတွေနောက်ကို လိုက်နေတဲ့ လူလေ"

"ဟင်....ဟုတ်လား....ဦးဦးရဲ့ မိတ်ဆွေဆိုရင် သူက ဦးဦးဆီကို ဘာဖြစ်လို့ မလာတာလဲ...."

ထန်ဟိုဟွားကလည်း အလိုက်သင့်ပင် ပြန်မေးသည်။

အိုယိဝမ်းက ဘာမှ အရေးမကြီးသလို တစ်ချက် သမ်းဝေလိုက်ပြီးမှ ပြန်ပြောသည်။

"ဦးဦးကို သူက သေသေချာချာ လှမ်းမမြင်လို့ မလာတာ ဖြစ်မှာပေါ့.... မင်းက ဦးဦးကို ဘာဖြစ်လို့ မနိုးတာလဲ...."

"ဦးဦးကိုနိုးသားပဲ....ဦးဦးက အိပ်မောကျနေတာနဲ့ ဘယ်လိုမှ နိုးလို့မရဘူး၊ အဲဒီလူကို ရန်သူမှတ်လို့ ကျယ်ကျယ်လည်းမနိုးရဲဘူး၊ ဒါကြောင့်မို့ ဒီလူ အနားကပ်လာရင် ခုခံဖို့ ဦးဦးရဲ့ဓားကို ကျွန်မဆွဲ

ထုတ်လိုက်ပြီး ကိုင်ထားတာပဲ"

အိုယိဝမ်းကလည်း အရေးမကြီးသလို ထန်ဟိုဟွားၢ၏လက်မှ ဓားကိုတစ်ချက် လှမ်းကြည့်လိုက်ပြီး....

"မင်းက ဓားကို နိုင်သေးတာမဟုတ်ဘူး၊ အရမ်း မကိုင်ရဘူးကွယ်၊ တို့တွေ မြို့ထဲကို ဝင်ကြစို့"

အိုယိဝမ်းက ထန်ဟိုဟွားဆီမှ ဓားကိုယူလိုက်တာ၊ ဓားအိမ်တွင် ပြန်ထိုးလိုက်သည်။ ပြီးနောက် ထိုင်ရာမှထရပ်ကာ ထန်ဟိုဟွား၏လက်တစ်ဘက်ကို ဆွဲ၍ မီးရောင်တွေ ထိန်လင်းနေသော မြို့ကလေးဆီသို့ ထွက်လာခဲ့ကြ၏။

မကြာမီ မြို့ကလေးထဲသို့ ရောက်လာကြသည်။

စားသောက်ဆိုင်နှင့် တွဲထားသော တည်းခိုခန်းကို ရှာဖွေရပြန်သည်။

မိုးချုပ်နေပြီဖြစ်သော်လည်း မြို့ကလေးမှာ မီးရောင်းတွေ ထိန်နေပြီး လူသွားလူလာ စည်ကားနေတုန်း ဖြစ်၏။

ထိုမြို့ကလေး၏နာမည်မှာ "ထုံလင်းရဲ့မြို့" ဖြစ်၏။ နယ်စပ်မြို့ကလေးလည်း ဖြစ်သောကြောင့် အရောင်းအဝယ် ဖြစ်ထွန်းကာ စည်စည်ကားကား ရှိသည်။

မြို့ကလေး၏အနောက်ဘက်တွင် တောင်တန်းတောင်မြင့်ကြီးများ ကာဆီးနေပြီး မြောက်ဘက်တွင် ချောင်းကျယ်ကြီးတစ်ချောင်း ရှိနေသည်။ ထိုချောင်းကျယ်ကြီးမှာ မြစ်ဝါမြစ်နှင့် ပေါင်းဆုံလေသည်။



မြို့ကလေးထဲတွင် စားသောက်ဆိုင်နှင့် တည်းခိုခန်း တွဲထားသော ဆိုင်များ သုံးဆိုင်သာ ရှိလေသည်။

အိုယိဝမ်းသည် တည်းခိုခန်းကို ရှာရင်းမှ မျက်စိကို အစွမ်းကုန်ဖွင့်ခဲ့သည်။ လို့ရုံရှမ်းကိုလည်း မြင်လိုမြင်ငြား ကြည့်ခဲ့သည်။ သို့သော် မသင်္ကာဖွယ်ရာ ဟူ၍ မတွေ့ပါချေ။

စားသောက်ဆိုင်နှင့်တွဲနေသော တည်းခိုခန်းကြီးဆီသို့ ရောက်လာသောအခါ အခန်းနှစ်ခန်း ငှားလိုက်သည်။ သူ တည်းခိုသော တည်းခိုခန်း၏ခြံဝင်းကြီးမှာ ကျယ်ဝန်းလှပြီး ခြံဝင်းအတွင်းခပ်လှမ်းလှမ်းတွင် မြင်းဇောင်းကြီးလည်း ရှိနေသည်။

အိုယိဝမ်းက ထန်ဟိုဟွားကို သူမ၏အခန်းတွင် သွားနားစေကာ သူကလည်း သူ့အခန်းထဲတွင် နားနေပြီး စဉ်းစားခန်း ဝင်နေလိုက်၏။

ခဏနေမှ ဆိုင်အလုပ်သမား တစ်ယောက်ကို ခေါ်လိုက်ပြီး ညစာနှစ်ယောက်စာကို ယူလာစေသည်။

"ညစာကို ဒီအခန်းထဲပဲ ယူလာပါ၊ ပိုငွေကို ခင်ဗျားပဲ ယူလိုက်ပါ"

အိုယိဝမ်းက ငွေကို ထုတ်ပေးပြီး ပြောရာ ဆိုင်အလုပ်သမားလည်း ဝမ်းသာအားရနှင့် ကျေးဇူးတင်စကား ပြောသည်။

"ကျွန်တော့်ကို အကူအညီ တစ်ခုလောက် ပေးပါဦး"

"ပြောပါဆရာ ကျွန်တော်ဘာများ ဆောင်ရွက်ပေးရမလဲ...."

"ခင်ဗျားကို မေးချင်လို့ပါ"

"မေးပါဆရာ မေးပါ၊ ကျွန်တော်သိတဲ့ အချက်ဆိုရင် ပြောပြဖို့ ဝန်မလေးပါဘူး"

"ဒီနေ့ ညနေပိုင်းလောက်မှာ မြင်းကိုယ်စီ စီးလာတဲ့လူ လေးငါးခြောက်ယောက်လောက်များ ဒီမြို့ထဲကိုဝင်လာတာ ခင်ဗျား မတွေ့ဘူးလား....အဲဒီလူစုထဲမှာ တစ်ယောက်က ဒဏ်ရာရထားတယ်၊ တကယ်လို့ ခင်ဗျားကိုယ်တိုင် မမြင်တောင် တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို ဒီအကြောင်းကို မကြားဘူးလား...."

အလုပ်သမားက မစဉ်းစားဘဲ ခေါင်းကို ခါယမ်းလိုက်ပြီး....

"ကျွန်တော် မတွေ့မိပါဘူးဆရာ၊ ကြားလည်း မကြားမိပါဘူး...."

အိုယိဝမ်းလည်း ခေါင်းကို ခါယမ်းပြီး....

"မဟုတ်သေးဘူးလေ...ဒီလူတွေဟာ ဒီညနေမှ သေချာပေါက် ဒီမြို့လေးထဲကို ဝင်လာကြမှာပါ၊ ခင်ဗျားက ဒီဆိုင်မှာပဲနေလို့ မမြင်မိ မကြားမိတာ ဖြစ်မှာပေါ့၊ သူတို့တတွေ ဘယ်ဆိုင် ဘယ်တည်းခိုခန်းမှာ တည်းခိုတယ်ဆိုတာ ခင်ဗျားရဲ့ အပေါင်းအသင်းတွေဆီမှာ ထွက်ပြီး စုံစမ်းမေးမြန်းပေးပါလား...."

အလုပ်သမားက ပြုံးလိုက်ပြီး....

"ကျွန်တော့် အပေါင်းအသင်းတွေဆီ ထွက်ပြီး စုံစမ်းစရာတောင် မလိုပါဘူး.... ဒီမြို့မှာ ကျွန်တော်တို့ တည်းခိုစားသောက်ဆိုင်



ကြီးဟာ အကြီးဆုံးပါ၊ အဆောက်အဦကော၊ ခြံဝင်းကော ကျယ်တယ်၊ မြင်းပါတဲ့ ဧည့်သည်တွေမှန်သမျှ ကျွန်တော့် တည်းခိုခန်းက လွဲပြီး ဘယ်မှာမှ တည်းကြမှာ မဟုတ်ပါဘူး၊ ဆရာပြောတဲ့ လူတွေက မြင်းလေးငါးခြောက်ကောင် ပါလာကြတယ်ဆိုတော့ ဒီမြို့ကိုသာ အမှန်ရောက်ခဲ့ရင် ကျွန်တော်တို့ဆီမှာပဲ တည်းကြရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ တခြား တည်းခိုခန်းတွေမှာ မြင်းဇောင်းဆိုလို့ လုံးလုံးမရှိပါဘူး၊ ကျွန်တော်တို့ဆိုင်မှာသာ မြင်းတွေထားနိုင်ဖို့ မြင်းဇောင်းကြီးရှိပါတယ်"

"ဒီမြို့မှာ စားသောက်တည်းခိုဆိုင် ဘယ်နှစ်ဆိုင်ရှိသလဲ..."

"သုံးဆိုင်ရှိပါတယ် ဆရာ...သေချာပါတယ်...ဆရာပြောတဲ့ လူတွေ ဒီမြို့ထဲ ဝင်မလာကြပါဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း သတိထား ကြည့်နေမိပါတယ်၊ မြင်းစီးလာတဲ့ ဧည့်သည်ဆိုလို့ တစ်ယောက်မှ မမြင်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဆိုင်ကို ဖြတ်ပြီးမှ တခြားဆိုင်နှစ်ဆိုင်ကို ရောက်တဲ့အတွက် ကျွန်တော်က ပြောနိုင်တာပါ"

ဆိုင်အလုပ်သမားက တိကျစွာ ပြောနေသဖြင့် အိုယိဝမ်းလည်း အခေါ်ကြွဲသွားသည်။

ဖြစ်နိုင်လောက်သော အကြောင်းပြချက်မို့လည်း ဆက်မေးရန် ခက်နေသည်။ ထို့ကြောင့် လို့ရုံရှမ်းအကြောင်း သတင်းကြားရလို ကြားရငြားသာ မေးလိုက်မိ၏။

"ဒီလိုဆို လူတစ်ယောက်အကြောင်းကိုပဲ မေးပါရစေ"

"မေးပါဆရာ....ကျွန်တော်သိတာ ဖြေဆိုပါ့မယ်"

"အဲဒီလူက အပြာရောင်ဝတ်စုံကို ဝတ်ထားတယ်၊ သူ့ ကိုယ်မှာလည်း ဒဏ်ရာရထားလို့ အဝတ်မှာ သွေးတွေစွန်းနေတယ်၊ သူကတော့ မြင်းမပါဘူး၊ လမ်းလျှောက်ပြီး ဒီမြို့ထဲဝင်လာတဲ့ ဧည့်သည်ပဲ၊ အဲဒီလူကိုကော သတိထားမိရဲ့လား...."

ဆိုင်အလုပ်သမားက မျက်မှောင်ကြုတ်၍ စဉ်းစားပြီး ခေါင်းကို ဖြည်းလေးစွာ ခါယမ်းကာ....

"ကျွန်တော်တို့ မတွေ့မိဘူး ဆရာ...သတိမထားမိလို့လည်း ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ဆရာပြောတဲ့ ဒီလူရဲ့ အကြောင်းကိုတော့ တခြားဆိုင် နှစ်ဆိုင်မှာ ကျွန်တော်သွားပြီး စုံစမ်းပေးမယ်လေ...တခြားဆိုင်က အလုပ်သမားတွေနဲ့ ကျွန်တော်နဲ့လည်း သိနေတော့ စုံစမ်းဖို့ မခက်ခဲလှပါဘူး"

အို့ယိဝမ်းက ငွေတုံးတစ်တုံးကို ထပ်ထုတ်ယူပြီး ထိုအလုပ်သမား၏ လက်ထဲကို ထည့်ပေးလိုက်သည်။ အသံကို နှိမ့်၍လည်း မှာကြားသည်။

"ခင်ဗျား အပြင်ထွက် စုံစမ်းရင် မြင်းစီးသမားတွေ ဘယ်မှာ ရှိတယ်ဆိုတာလည်း ကြိုးစား စုံစမ်းပေးပါဦး ....သတင်းရတာနဲ့ ကျွန်တော့်ကို အမြန်ဆုံး ပြန်လာပြောနော်"

"စိတ်ချပါဆရာ"



"ကျွန်တော်တို့အတွက် ညစာကို အပို့လွှတ်ခိုင်းလိုက်တာပါဦး"

"ဟုတ်ကဲ့...."

အလုပ်သမားက ဦးညွှတ်၍ သွက်လက်ပေါ့ပါးစွာ ထွက်သွားသည်။

ငွေသည် အရာရာကို အောင်မြင်စေနိုင်သည် ဟူသော စကားမှာ အမှန်ပင်ဖြစ်၏။

◇◇◇◇◇

## ၈၃။

အို့ယိဝမ်းက ထန်ဟိုဟွားကို လူ့အခန်းထဲသို့ ခေါ်ပြီး ညစာအတူ စားကြ၏။

ထန်ဟိုဟွားမှာ ကလေးပီပီ အစားကို မြိန်မြိန်ယှက်ယှက် စားသည်။ စားရင်းလည်း စကားတွေ တတွတ်တွတ် ပြောသည်။

"ဦးဦး....ဟိုလူဆိုးဟွေ့ကို ရှာလို့မတွေ့သေးဘူးလား...."

အို့ယိဝမ်းက ခေါင်းကို ခါယမ်းပြသည်။

"သူတို့တစ်တွေ ဒီမြို့ထဲကို ဝင်မှဝင်ကြရဲ့လား...."

"ဒီမြို့ကို မလွဲမသွေ မြို့စွန်တစ်နေရာရာမှာ စခန်းချနေမယ်ဆိုရင်လည်း စခန်းချနေနိုင်တယ်၊ ဒါမှမဟုတ် မြင်းတွေကို မြို့ပြင်မှာ ချည်ထားခဲ့ပြီး .... မြို့ထဲကို ခြေကျင်ဝင်လာချင်လည်း ဝင်လာကြမယ် ...."



"အင်း....ဒီလူဒွေ့ကို ရှာဖို့ဆိုတာ မလွယ်ဘူး ထင်ပါတယ် ဦးဦး"

သူတို့နှစ်ယောက် စားသောက်ပြီး ထိုင်စကားပြောနေကြစဉ် သတင်းစုံစမ်းရန် ထွက်ခွာသွားသော ဆိုင်အလုပ်သမားလည်း ပြန်ရောက်လာလေသည်။

အို့ယိဝမ်းက အားတက်သရောနှင့် ဆီးမေးသည်။

"ဘယ့်နှယ်လဲ....သတင်းရခဲ့ရဲ့လား...."

ဆိုင်အလုပ်သမားက ခေါင်းကိုခါယမ်းပြီး....

"မရခဲ့ပါဘူးဆရာ...ကျွန်တော် တခြားစားသောက်ဆိုင်တွေကိုလည်း နှံ့ခဲ့ပါပြီ....ဆရာပြောတဲ့ လူတွေကို မရှိတာ သေချာပါတယ်"

"ဝတ်စုံပြာ ဝတ်ထားတဲ့ လူရဲ့သတင်းကော"

"မရပါဘူး ဆရာ....ဒီနေ့ တစ်နေ့လုံး ဆရာပြောတဲ့လူတွေ တစ်ယောက်မှ ဒီမြို့ထဲကို ဝင်မလာကြပါဘူး၊ တခြားဆိုင်က ကျွန်တော့် မိတ်ဆွေ အပေါင်းအသင်းတွေကလည်း မမြင်မိ မကြားကြပါဘူး"

အို့ယိဝမ်း စိတ်ပျက်လက်ပျက် ဖြစ်သွားကာ သက်ပြင်းချလိုက်၍....

"ဟင်း....ဒီအတိုင်းဆိုရင်တော့ အတော့်ကို စဉ်းစားရခက်သွားပြီ....အုံ့ဩဖို့လည်း သိပ်ကောင်းနေပြီ"

ဆိုင်အလုပ်သမားက ခဏမျှ စဉ်းစားလိုက်ပြီးမှ ဆက်ပြောသည်။

"ကျွန်တော့်အထင်ကို ပြောရရင်တော့ ဆရာပြောတဲ့ လူတွေဟာ ဒီမြို့ထဲကို ရောက်မလာကြသေးဘူးနဲ့တူပါတယ်၊ ကျွန်တော်စားသောက်ဆိုင်အားမှာရှိတဲ့ ကျွန်တော့်မိတ်ဆွေတွေကိုတော့ မှာခဲ့ပါတယ်၊ ဆရာပြောတဲ့ ပုံသဏ္ဌာန်နဲ့လူတွေကို တွေ့ရင် ကျွန်တော့်ဆီအမြန်လာ အကြောင်းကြားပါလို့"

"ကောင်းတယ်ဗျာ"

အို့ယိဝမ်းက ခေါင်းညိတ်လိုက်ပြီးမှ....

"ဒါနဲ့မေးပါရစေဦး....ဒီမြို့မှာ ဆေးဝါး စုံစုံလင်လင်ရောင်းတဲ့ဆိုင်များ ရှိသလား...."

"ရှိပါတယ်ဆရာ....ဆေးဖော်ချင်လို့လား...."

"ဟုတ်ပါတယ်...."

"ကျွန်တော်တို့ဆိုင်ကနေ အနောက်ဘက်ကိုသွားတဲ့ လမ်းအတိုင်းသွားရင် ဆေးဆိုင်တစ်ဆိုင်ရှိပါတယ်၊ ဆေးဝါးလည်း စုံစုံလင်လင် ရောင်းပါတယ်၊ သမားတော်ကြီးကိုယ်တိုင် ဆေးဝါးတွေ ဖော်စပ်ပေးတာပါ၊ တစ်နေ့လုံး တစ်ညလုံး ဖွင့်တဲ့ဆိုင်ပေါ့"

"ကောင်းပါပြီ...ကျေးဇူးပါပဲ...ခင်ဗျား သွားနိုင်ပါပြီ...ဟိုလူတွေနဲ့ ပတ်သက်တဲ့ သတင်းရရင်သာ ကျုပ်ကို လာပြောပါ"

ဆိုင်အလုပ်သမားလည်း ဦးညွှတ်ပြီး ထွက်ခွာသွားသည်။

ထိုအခါမှ အို့ယိဝမ်းက သူ့ဘေးမှ ထန်ဟိုဟွားကို ပြောလိုက်၏။



"ကဲ...မင်းအခန်းကို မင်းပြန်ပြီး အိပ်ပေတော့...ဦးဦး အပြင်ကိုထွက်လိုက်ဦးမယ်"

"လူဆိုးတွေရဲ့သတင်းကို ဦးဦးက ထွက်စုံစမ်းမလို့လား...."

"အင်း...."

"ကျွန်မလည်း လိုက်မယ်လေ"

"မလိုက်ပါနဲ့....မင်းလိုက်ရင် ဦးဦးအတွက် အကူအညီရမှာလည်း မဟုတ်ဘူး....ရန်သူနဲ့တွေ့ရင် မင်းအတွက် အန္တရာယ်ဖြစ်နိုင်တယ်"

"ကျွန်မရဲ့အခန်းမှာ ကျွန်မတစ်ယောက်တည်း မနေရဲဘူး"

"တခြားအခန်းတွေမှာလည်း တည်းခိုနေတဲ့လူတွေ ရှိသားပဲ၊ ဘာကြောက်စရာလိုသလဲ...ဒါဖြင့်လည်း ဦးဦးရဲ့ အခန်းထဲမှာပဲ နေခဲ့ဘယ်ကိုမှလည်း လျှောက်သွားမနေနဲ့နော်"

အို့ယိဝမ်းလည်း ထန်ဟိုဟွားကို သေချာစွာ မှာကြားပြီးနောက် တည်းခိုခန်းမှ တစ်ဦးတည်း ထွက်ခွာလာတော့၏။

◈

ဈေးလမ်းမကြီးတွင် လူအများ သွားလာလှုပ်ရှားလျက် ရှိနေတုန်းပင်....။

ညနေ့ခင်းနက်ပိုင်းကို ရောက်စပြုနေပြီဖြစ်သော်လည်း မီးရောင်တွေ ထိန်ထိန်လင်းအောင် ထွန်း၍ အရောင်းအဝယ် လုပ်နေကြသေးသည်။

အို့ယိဝမ်းသည် ဆိုင်အလုပ်သမား လမ်းညွှန်သည့်အတိုင်း လာခဲ့ရာ မကြာမီ ဆေးဆိုင်ကြီးတစ်ဆိုင်ကို မီးရောင်တွေလင်းထိန်နေလျက် တွေ့ရတော့၏။ ဆိုင်မျက်နှာစာတွင် ဆိုင်းဘုတ်ကြီး ချိတ်ဆွဲထားသည်။

"ချင့်ရီကန်ဆေးဆိုင်"

ဆေးအမျိုးမျိုး စိတ်တိုင်းကျ ဖော်စပ်ပေးသည်။

ဆေးဆိုင်ခန်းမှာ ကျယ်ဝန်းသလို မြို့ကြီးများမှ ဆေးဆိုင်ကြီးများကဲ့သို့ နံရံသုံးဘက်တွင် နံရံကပ် ဗီရိုကြီးများ ရှိနေကာ အံဆွဲများလည်း များစွာရှိနေသည်။ အံဆွဲတိုင်း ဆေးအမည်များကို ရေးထားသည်။

များလှစွာသော အံဆွဲများကို မြင်ရုံဖြင့် ဆေးဝါးစုံစုံလင်လင် ရှိလိမ့်မည်ဖြစ်ကြောင်း သိနိုင်လေသည်။

ဆိုင်ထဲတွင် ဆိုင်အလုပ်သမား ငါးယောက်ခန့်ရှိပြီး ဝယ်သူအချို့လည်း ရှိနေကြ၏။



အို့ယိဝမ်းက ခပ်တည်တည်ပင် ဆိုင်ထဲကို ဝင်လာပြီး အားလပ်နေသော အလုပ်သမားတစ်ယောက်ကို မေးလိုက်၏။

"မင်းတို့ဆိုင်ကတော့ ဆေးဝါးစုံစုံလင်လင် ရှိပုံပဲ၊ ငါလိုချင်တဲ့ ဆေးများ ရနိုင်မလား မသိဘူး"

အလုပ်သမားက ပျာပျာသလဲ ပြန်ပြောသည်။

"ဟုတ်ကဲ့ခင်ဗျာ....မြို့ကြီးပြကြီးတွေက ဆိုင်ကြီးတွေလို ကျွန်တော်တို့ဆိုင်မှာလည်း ဆေးဝါးစုံစုံလင်လင် ရှိပါတယ်၊ အလိုရှိတဲ့ဆေး၊ ဖော်စပ်ချင်တဲ့ဆေးကိုသာ ပြောပါ"

ထိုစဉ် အလုပ်သမား၏ အနောက်ဘက် အပေါက်မှ အဘိုးအိုတစ်ဦး ထွက်လာသည်ကို အို့ယိဝမ်း တွေ့ရသည်။

ထိုအဘိုးအိုမှာ အသက် ၇၀ ကျော်ခန့် ရှိပြီး ဆေးဝါးတွင် ကျွမ်းကျင်သော သမားတော်ကြီးတစ်ယောက်နှင့် တူနေသည်။ ပြီးတော့ ပိန်လှီလှသော သူ့ခန္ဓာကိုယ်ကြောင့် ရောဂါသည်တစ်ယောက်နှင့်လည်း တူနေသည်။

တကယ်တော့ ဤအဘိုးအိုကြီးမှာ ဤဆေးဆိုင်ပိုင်ရှင် သမားတော်ကြီးပင် ဖြစ်လေသည်။

သမားတော် အဘိုးအိုကြီးက ပျူငှာသော အပြုံးဖြင့် အို့ယိဝမ်း၏ မျက်နှာချင်းဆိုင်တွင် ရပ်လိုက်၏။ အို့ယိဝမ်းကလည်း လိုက်လိုက်လှဲလှဲ ပြုံးလိုက်ပြီး ဦးစွာ နှုတ်ဆက်စကားဆိုသည်။

"အရောင်းအဝယ် ကောင်းပါရဲ့လား ခင်ဗျာ"

အိုယိဝမ်းက လက်နှစ်ဘက်ကို ယှက်၍ ဦးညွတ်လေရာ အဘိုးအိုကလည်း လက်ဖမိုးနှစ်ဘက်ကို ယှက်၍ ပြန်နှုတ်ဆက်၏။

"ကောင်းပါတယ် မောင်ရင်....ကောင်းပါတယ်....မောင်ရင်ရဲ့လေသံကို နားထောင်ရတာ ဒီနယ်သား မဟုတ်ဘူးနဲ့ တူတယ်"

"မှန်ပါတယ် ခင်ဗျာ...ကျွန်တော်က ဒီနယ်သား မဟုတ်ပါဘူး၊ ဒီနေ့မှ ဒီနယ်ကို ရောက်လာတဲ့ ဧည့်သည်ဆိုပါတော့၊ အရောင်းအဝယ်နဲ့ ရောက်လာတာပါ ခင်ဗျာ"

"ဪ....ဒါဆို အတွင်းဘက်ကို ကြွပါလား မောင်ရင်....လက်ဖက်ရည်ကလေး ဘာလေး သောက်ရင်း အလိုရှိတဲ့ဆေးကို အေးအေးဆေးဆေး ဝယ်နိုင်ပါတယ်.... လာပါမောင်ရင် လာပါ"

အဘိုးအိုကိုယ်တိုင် ခြံကာထားသော တံခါးကလေးကို အိုယိဝမ်း ဝင်နိုင်ရန် ဖွင့်ပေးသည်။ အိုယိဝမ်းလည်း ဝင်လိုက်ပြီး အဘိုးအိုဦးဆောင်ခေါ်သွားရာ အတွင်းခန်းထဲသို့ လိုက်လာခဲ့၏။

အဘိုးအိုက စားပွဲမြင့်ကြီးရှိသည့် နောက်ဘက်တွင် နေရာထိုင်ခင်းပေးပြီးနောက် သူကိုယ်တိုင်လည်း ဝင်ထိုင်သည်။

"ဟဲ့....ရှောင်စွန့် ဧည့်သည်အတွက် ရေနွေးကြမ်းပူပူ အမြန်ယူလာခဲ့စမ်း"

အဘိုးအို၏ပုံသဏ္ဌာန်မှာ ရောဂါသည်တစ်ယောက်နှင့် တူသော်လည်း သူ့ လျှပ်ရှားဟန် ပြောဟန် ဆိုဟန်များမှာ သွက်လက်ဖျတ်လတ်နေသည်ကို အိုယိဝမ်း သတိထားမိသည်။



ဆိုင်အလုပ်သမားတစ်ယောက်က ရေနွေးကြမ်းတစ်အိုးကို လာချပေးသည်။

အဘိုးအိုက ပန်းကန်လုံးထဲသို့ ရေနွေးကြမ်းငှဲ့ထည့်နေစဉ် အိုယိဝမ်းသည် ဆိုင်ပတ်လည်ကို ကြည့်၍ အကဲခတ်နေမိ၏။ ဆိုင်၏အပြင်အဆင်ကို သဘောကျ၍ အကဲခတ်နေပုံမျိုးဖြစ်၏။

"မောင်ရင့်ရဲ့ နာမည် ဘယ်လို ခေါ်ပါသလဲ...."

အဘိုးအိုထံမှ မေးမြန်းသံ ပေါ်ထွက်လာတော့မှ အိုယိဝမ်း စကားပြောရန် သတိရပြီး လှည့်ပြောသည်။

"ဪ....ကျွန်တော့်နာမည် အိုယိဝမ်းပါ ခင်ဗျာ"

"ဒီမြို့ကိုပဲ သက်သက်လာခဲ့တာပါ၊ ဆရာကြီးရဲ့နာမည်ကော သိခွင့်ရှိရင် သိပါရစေလား...."

အဘိုးအိုက ပြုံးပြီး....

"ကျုပ်က ချောင်အမျိုးအနွယ် တစ်ယောက်ပါ၊ ဒီမြို့မှာ ကျုပ်ကို မသိတဲ့လူ တစ်ယောက်မှမရှိဘူး၊ ဒီဆေးဆိုင်ဟာလည်း ကျုပ်ပိုင်ဆိုင်တဲ့ ဆေးဆိုင်ပဲပေါ့"

အဘိုးအိုက သူ့အမျိုးအနွယ်ကိုသာ ပြောပြီး နာမည်ကိုတော့ မပြောပါချေ။

"ဆရာကြီးဟာ သမားတော်ကြီးနဲ့ တူတယ်"

"အင်း ....ဟုတ်ပါတယ် ....ကျုပ်ဟာ သမားတော်ကြီးတစ်ယောက်ပါပဲ....ကျုပ်ဆိုင်မှာ ဆေးဝယ်ချင်လည်း ရောင်းပေးတယ်၊

လူနာကို ခေါ်လာရင်လည်း ကုပေးတယ်၊ လူနာကို လိုက်ကြည့်ပေးပါဆိုရင်လည်း လိုက်ကြည့်တယ်"

"သမားတော်ကြီးရဲ့ နာမည်ကို သိပါရစေလား...."

ချောင်အမျိုးအနွယ်ဆို၍ စိတ်ဝင်စားသွားသော အို့ယိဝမ်းက သမားတော်ကြီး၏ နာမည်ကို ထပ်မံ၍ မေးမြန်းသည်။ လန်ကျိုးမြို့မှ သမားတော်ကြီးမှာလည်း "ချောင်လို့စမ်း" ပင် မဟုတ်လား...."

ယခုတစ်ခါတော့ သမားတော်ကြီးက သူ့နာမည်ကို ပြောသည်။

"ကျုပ်နာမည် ချောင်လို့ဖူပါ၊ မောင်ရင်က ဘာဆေးတွေများ ကျုပ်ဆိုင်က ဝယ်ချင်လို့လဲ...."

"ဆေးမဝယ်ခင် သမားတော်ကြီးကို တစ်ခုလောက်မေးပါရစေ"

သမားတော်ကြီးချောင်လို့ဖူ မျက်မှောင်ကြုတ်သွားပြီး....

"ဘာများ မေးချင်လို့လဲ...."

"လူတစ်ယောက်ရဲ့ အကြောင်းကို မေးပါရစေ"

"ဘယ်သူလဲ...."

"ယန်ကျိုးမြို့ ထုံလင်းထန်ဆေးခန်းက သမားတော်ကြီး ချောင်လို့စမ်းရဲ့ အကြောင်းကို ကျွန်တော် သိချင်လို့ပါ"

"ချောင်လို့စမ်း ဟုတ်လား...."

သမားတော်ကြီး ချောင်လို့ဖူ၏ မျက်နှာက တည်ကြည်လေးနက်မှု အသွင်ကို ဆောင်သွားသည်။

"ချောင်လို့စမ်း ဟုတ်လား...."



"ဟုတ်ပါတယ်"

"ကျုပ်နာမည်က ချောင်လို့ဖူ၊ ကျုပ်နာမည်နဲ့ အတော်တူတဲ့ နာမည်ပဲ....ပြီးတော့ သူကလည်း သမားတော်ကြီးဆိုတော့ ကျုပ်နဲ့ လုပ်ငန်းချင်းလည်း တူနေတယ်၊ မောင်ရင်နဲ့ သူနဲ့ အတော်ကို ရင်းနှီးလို့လား...."

အို့ယိဝမ်းက အပြုံးမပျက် ပြန်ပြောသည်။

"ကျွန်တော် သမားတော်ကြီး ချောင်လို့စမ်းရဲ့ သတင်းကို ကျော်ကြားလွန်းလို့ ကြားသိပြီး လေးစားနေတဲ့ လူပါ၊ လူချင်းတော့ မရင်းနှီးပါဘူး၊ သိလည်း မသိပါဘူး၊ သမားတော်ကြီး ချောင်လို့စမ်းဟာ ဆရာကြီးနဲ့ အမျိုးအနွယ်နာမည်ချင်း တူနေလို့ ဆွေမျိုးများ တော်နေသလားလို့ မေးမြန်းကြည့်တာပါ"

ချောင်လို့ဖူ၏ မျက်နှာမှာ ပို၍ တည်ကြည်လေးနက်နေသည်။ သူသည် ခဏမျှ ငြိမ်နေပြီးမှ ခေါင်းကို ခါယမ်း၍....

"လန်ကျိုးမြို့က သမားတော်ကြီး ချောင်လို့စမ်း၊ သူနဲ့ ကျုပ်နဲ့ ဆွေမျိုးတော်ဖို့ ဝေးလို့ သူ့ကို ကျုပ် သိတောင် မသိပါဘူး၊ သူဟာ ကျုပ်တို့ရဲ့ မျိုးနွယ်လည်း မဟုတ်နိုင်ပါဘူး"

သမားတော်ကြီး ချောင်လို့ဖူ ငြောင်ငြင်းလိုက်ခြင်း ဖြစ်လိမ့်မည်ဟု အို့ယိဝမ်း တွေးလိုက်သည်။ မကျေမနပ်လည်း ဖြစ်မိသည်။

"သမားတော်ကြီးနဲ့ လန်ကျိုးမြို့က သမားတော်ကြီး ချောင်လို့စမ်းဟာ အမျိုးအနွယ်ချင်းက တူတယ်၊ နာမည်ချင်းလည်း ဆင်တူ

တယ်၊ ဆွေမျိုးတော်သလား ထင်လို့ပါ"

"အမျိုးအနွယ် နာမည်ချင်းတူနေတာနဲ့ ဆွေမျိုးတော်ရမှာလား မောင်ရင်...အမျိုးအနွယ် နာမည်ချင်း တူပြီး ဆွေမျိုးမတော်တဲ့ လူတွေ တစ်ပုံကြီးရှိနေတာပဲ။ မောင်ရင်ပြောတဲ့ သမားတော်ကြီး ချောင်လို့စမ်းကို ကျုပ် သိလည်းမသိဘူး၊ မြင်လည်းမမြင်ဖူးဘူး၊ နာမည်တောင် အခု မောင်ရင်ပြောမှ ကြားဖူးတာ... နေပါဦး....မောင်ရင် လာတာက ကျုပ်ဆီမှာ ဆေးဝယ်ချင်လို့လား....ပေါက်ကရစကားတွေ ပြောဖို့လား...."

သမားတော်ကြီး ချောင်လို့ဖူ၏အသံက တင်းမာလာသဖြင့် အို့ယိဝမ်းလည်း ဤကိစ္စကို ဆက်မေးရန် အခက်တွေ့သွားတော့သည်။

◇◇◇◇◇



၈၄။

---

သမားတော်ကြီး ချောင်လို့ဖူအပေါ် အို့ယိဝမ်း သံသယစိတ်ဝင်သွားမိပြီ ဖြစ်သော်လည်း ဟန်မပျက်ပင် လက်ဖမိုးယှက်၍ စကားကို လွှဲပြောင်းလိုက်ရတော့၏။

"ကျွန်တော် ဆေး နှစ်ဖုံ သုံးဖုံလောက် ဖော်ချင်လို့ပါ ခင်ဗျာ... သမားတော်ကြီးနဲ့ လန်ကျိုးမြို့က သမားတော်ကြီး ချောင်လို့စမ်းနဲ့ နာမည်ဆင်နေလို့ မေးမိတာပါ၊ စိတ်မရှိပါနဲ့"

"ထားပါတော့လေ....မောင်ရင်က ဘာဆေးများ ဖော်ချင်လို့လဲ....ပြောပါ"

ချောင်လို့ဖူကလည်း အို့ယိဝမ်းကို သင်္ကာမကင်း ဖြစ်နေဟန်ဖြင့် အကဲခတ်ကြည့်နေသည်။ အို့ယိဝမ်းက မသိဟန်ဆောင်၍ ပြန်ပြောသည်။

ကျွန်တော့် မိတ်ဆွေတစ်ယောက် ထိခိုက်ဒဏ်ရာရထားလို့ အကောင်းဆုံး အံနာကျက်ဆေး လိုချင်ပါတယ်"

သမားတော်ကြီး ချောင်လို့ဖူ မျက်မှောင်ကြုတ်လိုက်ပြီး....

"ဒဏ်ရာက ဘယ်မှာ ရထားတာလဲ...."

"လက်ဖဝါးမှာပါ ခင်ဗျာ"

"ဓားနဲ့ ထိုးမိတာလား....ဘာဖြစ်တာလဲ"

"သံချိတ်ကောက်နဲ့ ချိတ်မိလို့ပါ"

"အင်း...သံချိတ်ကောက်မှာ အဆိပ်တွေ ဘာတွေများ ပါသေးသလား...."

အို့ယိဝမ်းမှာ စကားမရှိ စကားရှာ၍ ပြောနေခြင်းသာ ဖြစ်သဖြင့် ရုတ်တရက် ဘာပြောရမှန်း မသိ ဖြစ်သွားသည်။

တကယ်တော့ သူသည် လူဆိုးများ၏ သတင်းကို စုံစမ်းလို၍ ဤဆေးခန်းကို လာခဲ့ခြင်းသာ ဖြစ်၏။ သူ့ဟန်ဆောင်ထားသော အို့ယိဝမ်းအတုသည် ဒဏ်ရာရထားလေရာ ဤဆေးဆိုင်မှ ဆေးကို မလွဲမသွေ ဝယ်သုံးရလိမ့်မည်ဟု အို့ယိဝမ်း တွက်ဆထားသည်။

အို့ယိဝမ်း ခဏမျှ စဉ်းစားပြီးမှ ဖြေသည်။

"ကျွန်တော်တော့ သေသေချာချာ မသိပါဘူး သမားတော်ကြီး၊ အဆိပ်ပါမယ်လို့တော့ ထင်ပါတယ်"

သမားတော်ကြီး ချောင်လို့ဖူက ခေါင်းကိုခါယမ်းပြီး....

"ဆေးဖော်တယ်ဆိုတာ ရမ်းပြီးဖော်လို့ မရဘူးကွယ့်...ဒဏ်ရာ



ကို တိတိကျကျ သေသေချာချာသိမှ ဖော်စပ်လို့ရတာ၊ တော်ကြာ အနာတခြားဆေးတခြား ဖြစ်နေရင် လူနာအဖို့ ဆေးအတွက် ပိုလေးနေလိမ့်မယ်"

"ဒီလိုဆိုရင် သွေးတိတ်မယ့်ဆေးပဲ ကျွန်တော့်ကိုဖော်စပ်ပေးပါလား....ကျွန်တော့် မိတ်ဆွေရဲ့ဒဏ်ရာက သွေးတွေလည်း သိပ်ထွက်နေတယ်၊ ပြီးတော့ အဖျားလည်းဝင်ချင်နေတယ်"

"သူက အခု ဘယ်မှာလဲ...."

"တည်းခိုခန်း တစ်ခန်းမှာ ကျန်နေခဲ့ပါတယ်"

သမားတော်ကြီး ချောင်လို့ဖူက ထရပ်လိုက်ပြီး....

"ဒီလိုဆို လူနာကို ကျုပ် လိုက်ကြည့်မှဖြစ်မယ်"

"ဒီလောက်အထိလည်း မလိုပါဘူး သမားတော်ကြီး... ဒဏ်ရာက ကြီးကြီးကျယ်ကျယ်မှ မဟုတ်တာဘဲ"

ချောင်လို့ဖူက အို့ယိဝမ်းကို အကဲခတ် ကြည့်လိုက်ပြီး တည်ငြိမ်သော လေသံဖြင့် ပြောသည်။

"မောင်ရင်ရဲ့မိတ်ဆွေက လက်ဖဝါးမှ ဒဏ်ရာရထားတာ၊ ဒဏ်ရာမှာ အဆိပ်ဝင်နေသလားမသိပါဘူး... သွေးတွေလည်း သိပ်ထွက်နေတယ်.... နေမကောင်း ဖြစ်ချင်နေတယ်ဆိုတော့ ဒဏ်ရာက မကြီးကျယ်ပေမယ့် အသက်အန္တရာယ် ဖြစ်စေနိုင်တယ် မောင်ရင်.... ပေါ့ပေါ့ဆဆ ပြောလို့မဖြစ်ဘူး"

အို့ယိဝမ်းသည် စကားမရှိစကားရှာ ပြောနေခြင်းဖြစ်သော

ကြောင့် သမားတော်ကြီး ချောင်လို့ဖူကို မလုံမလဲနှင့် ကြည့်မိသည်။ ဘာစကားမှ ပြန်ပြောရမှန်း မသိအောင်လည်း ဖြစ်နေမိသည်။

သမားတော်ကြီး ချောင်လို့ဖူက အိုယိဝမ်းကို မှုန်ကုတ်ကုတ်နှင့် အကဲခတ်ကြည့်ကာ အသံပြတ်ပြတ်နှင့် ပြောတော့သည်။

"ဒီမယ်မောင်ရင် မောင်ရင်ရဲ့စကားတွေဟာ မှုမမှန်ဘူးလို့ ကျုပ်တွက်ဆလို့ရတယ်.... ကျုပ်ဆီကို မောင်ရင် ဘယ်လိုအကြောင်းကိစ္စ ဘယ်လိုအကြံအစည်နဲ့ လာတာလဲ....ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ မောင်ရင်ရဲ့လူနာ ဘယ်လိုဖြစ်နေလို့လဲ...မောင်ရင့်မှာ ဒဏ်ရာရထားတဲ့ လူနာကော တကယ်ရှိလို့လား...."

အိုယိဝမ်း ချက်ချင်း ပြန်မဖြေဘဲ ခဏမျှ စဉ်းစားနေပြီးမှ ကွယ်ဝှက်ရန် မဖြစ်တော့ကြောင်း တွေးမိ၍ စကားစကို ရှာကာ ပြောရတော့၏။

"ကျွန်တော် အမှန်အတိုင်းပဲပြောပြပါ့မယ်၊ လူတစ်ယောက် ဒဏ်ရာရထားတာတော့ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီလူဟာ ကျွန်တော်ရဲ့မိတ်ဆွေ မဟုတ်ပါဘူး"

"မိတ်ဆွေမဟုတ်ရင် ရန်သူလား....မင်းကို အကဲခတ်ရတာ အဲဒီ ဒဏ်ရာရထားတဲ့လူကို မင်းက စုံစမ်းနေချင်ပုံပဲ၊ သူ့နောက်ကို လိုက်ပြီး မင်းက စုံစမ်းနေတာ မဟုတ်လား...."

သမားတော်ကြီး စကားကြောင့် အိုယိဝမ်း အံ့ဩသွားပြီး....

"ဩော်...သမားတော်ကြီးကလည်း သိနေပါလား...ဘယ်လိုလုပ်ပြီး သိနေတာလဲ...."



သမားတော်ကြီးက အိုယိဝမ်း၏ ခါးမှဓားကို ကြည့်လိုက်ပြီး....

"မောင်ရင့်ခါးမှာ ဓားကိုချိတ်ပြီး ကုန်သည်တစ်ယောက်လို့ လာပြောနေတော့ ကျုပ်က ဘယ်လိုလုပ် ယုံရတော့မှာလဲ....ဒီမြို့မှာ ကျုပ်က ကုန်သည်တွေနဲ့ အများဆုံး ဆက်ဆံနေရတော့ ကုန်သည်တွေရဲ့ သွင်ပြင်ပုံစံ ပြောဆိုဟန်တွေကို ကောင်းကောင်းသိထားပါတယ်...မောင်ရင်က သိုင်းသမားတစ်ယောက်ပဲ၊ ဒါပေမယ့် လူဆိုးတစ်ယောက်ရဲ့ သွင်ပြင်မျိုးတော့ မဟုတ်ဘူး.... ဒီတော့ မောင်ရင့်အနေနဲ့ ကျုပ်ကို ဘာမဆို ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ် ....မေးနိုင်ပါတယ်....သွယ်ဝိုက်ပြီး ပြောနေတော့ အချိန်လည်းကုန်တယ်....ကျုပ်လည်း စိတ်တိုမိတယ်"

ထိုအခါမှ အိုယိဝမ်းပြုံးလိုက်ပြီး သက်ပြင်းရှည်ချလိုက်၏။ ပြီးမှ အသံကိုနှိမ့်ပြီး....

"ကျွန်တော့်အဖို့ ဒီလူကိုတွေ့ဖို့ သိပ်အရေးကြီးနေလို့ပါ၊ ပြီးတော့ ဒီလူဟာ လူဆိုးတစ်ယောက်ပဲ"

သမားတော်ကြီး ချောင်လို့ဖူက လက်ကာပြလိုက်ပြီး ဘေးဘီကိုကြည့်ကာ....

"မပြောနဲ့ဦး မောင်ရင်....ကျုပ်တို့တွေ အတွင်းခန်းမှာ သွားပြောကြမယ်.... အထဲကလုံခြုံတယ်.... လာ ကျုပ်နောက် လိုက်ခဲ့"

အိုယိဝမ်းလည်း ဘာမှပြန်မပြောဘဲ သမားတော်ကြီး ချောင်လို့

ဖူ ထွက်သွားရာ နောက်ဘက် အတွင်းခန်းသို့ လိုက်လာခဲ့လေသည်။

နောက်ဘက်ခန်းမှာ စာဖတ်ခန်းတစ်ခန်းဖြစ်ပြီး နံရံကပ်စာအုပ်စင်ရှည်ကြီးများ၊ နံရံတွင် ချိတ်ဆွဲထားသော ရှေးဟောင်းပန်းချီကားများကို အို့ယိဝမ်း တွေ့ရသည်။

နံရံတွင် ချိတ်ဆွဲထားသော ရှေးဟောင်းပစ္စည်း တစ်ခုကိုလည်း တွေ့ရသဖြင့် အို့ယိဝမ်း စိတ်ထဲတွင် အံ့ဩတုန်လှုပ်သွားသည်။

ထိုပစ္စည်းမှာ ထူးခြားသည့်ပုံသဏ္ဍာန်ရှိသော ရှေးဟောင်းဓားကြီး တစ်လက်ပင်ဖြစ်၏။ ဓားကြီးမှာ အရောင်မှေးမှိန်နေပြီ ဖြစ်သော်လည်း ပျက်စီးခြင်းတော့ မရှိသေးချေ။ ဓားရိုးနှင့် ဓားအိမ်ပေါ်တွင်လည်း သံချေးများ တက်နေသည်။

အလွန်ရှေးကျသော ဓားကောင်းတစ်လက်ပင် ဖြစ်ကြောင်း အို့ယိဝမ်းလို လူမျိုးအဖို့ မြင်ရုံနှင့်သိသည်။

အို့ယိဝမ်းက ရှေးဟောင်းဓားကြီးကို စူးစိုက်ကြည့်နေရာမှ သမားတော်ကြီး ချောင်လို့ဖူကို လှည့်မေးမိသည်။

"သမားတော်ကြီးလည်း သိုင်းပညာ တတ်မြောက်ပါသလား...."

ချောင်လို့ဖူက ခပ်ယဲ့ယဲ့ ပြုံးပြီး....

"အင်း....မတတ်ဘူး ဆိုပြန်ရင်လည်း ကျုပ် လိမ်ရာကျတော့မယ်... တတ်ပါတယ်လို့ ပြောပြန်ရင်လည်း ကျုပ် ကြွားရာကျနေတော့မယ်.... ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး"



"သိုင်းပညာ နည်းနည်းပါးပါးတော့ တတ်တယ် ဆိုပါတော့"

"အင်း....နည်းနည်းပါးပါးတော့ တတ်ပါတယ်၊ ကျုပ်ရဲ့မိဘဘိုးဘွားတွေကတော့ တစ်ချိန်က သိုင်းလောကမှာ နာမည် လျှမ်းလျှမ်းတောက် ကြီးခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေပဲ၊ ဟိုနံရံမှာ ချိတ်ထားတဲ့ ဓားဟာဆိုရင် ကျုပ်ရဲ့ ဘိုးစဉ်ဘောင်ဆက်က ကိုင်ဆောင်လာတဲ့ ရှေးဟောင်းဓားတစ်လက်ပေါ့"

အို့ယိဝမ်းက ဓားဟောင်းကြီးကို တစ်ချက် ကြည့်လိုက်ပြီးမှ....

"ရှိုင်းတယ်လို့တော့ မထင်ပါနဲ့ ခင်ဗျာ ....ကျွန်တော်ဟာ သိုင်းသမားတစ်ယောက်ဆိုတော့ ရှေးဟောင်း ဓားလက်နက်တွေကို အလွန်ပဲ စိတ်ဝင်စားပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် အဲဒီ ရှေးဟောင်းဓားကြီးကို ကျွန်တော့်ကို ခဏလောက် ကြည့်ခွင့်ပေးပါလား...."

"ကြည့်နိုင်ပါတယ် မောင်ရင်....ကြည့်နိုင်ပါတယ်",

သမားတော်ကြီး ချောင်လို့ဖူက နံရံဆီ လျှောက်သွားပြီး နံရံမှ ဓားကို ဖြုတ်ယူလိုက်သည်။ ပြီးနောက် အို့ယိဝမ်းထံ ပြန်လျှောက်လာကာ လှမ်းပေးသည်။

"ကြည့်ပါ မောင်ရင်....လေ့လာပါ"

အို့ယိဝမ်းက ဓားကို လှမ်းယူလိုက်ရာ လေးလွန်းလှကြောင်း ဦးစွာ သတိထားမိသည်။ ဓားရိုးကို ကျစ်ကျစ်ပါအောင် ကိုင်ကာ ဓားအိမ်မှ ဓားသွားကို ဆွဲထုတ်ကြည့်သည်။ ဓားအိမ်နှင့် ဓားရိုးမှာ သံချေးတက်နေသလောက် ဓားသွားမှာ ဝင်းပြောင်နေပြီး တလက်လက်

အရောင်တောက်နေသည်။

"အား....ကောင်းလိုက်တဲ့ ဓားရတနာပါလား...."

သမားတော်ကြီး ချောင်လို့ဖူက သူ၏ဘိုးစဉ်ဘောင်ဆက်မှ ကိုင်ဆောင်လာသော ဓားကို အိုယီဝမ်းက ချီးမွမ်းခန်း ဖွင့်လိုက်သဖြင့် တပြုံးပြုံးဖြစ်သွားကာ ဂုဏ်ယူလျက်ရှိနေသည်။

အိုယီဝမ်းက ဓားကို သေချာစွာကိုင်၍ ကြည့်ရာ ဓားရွက်ပေါ်တွင် ရေးထားသော စာလုံးကလေး နှစ်လုံးကိုလည်း ဖတ်မိတော့၏။

ချင်းဟုန်....

ချင်းဟုန် ဟူသော အဓိပ္ပာယ်မှာ သက်တန့်ရောင်ဖြာဟူ၍ အဓိပ္ပာယ် ရလေသည်။ အိုယီဝမ်း အံ့ဩတုန်လှုပ်သွားပြီး သူ့ကို ပြုံးပြုံးကြီး ကြည့်နေသော ချောင်လို့ဖူကို ကြည့်ကာ စကားစမိသည်။

"တစ်ခုလောက် မေးပါရစေခင်ဗျာ"

"မေးပါ မောင်ရင်"

"ဒီဓားကို ပိုင်ဆိုင်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ တစ်ချိန်က သိုင်းလောကမှာ နာမည်ကျော်ခဲ့တဲ့ ဆေးဘုရင်ဘွဲ့ရ သိုင်းအကျော်အမော်ကြီး ချောင်ဟွန်း မဟုတ်ပါလားခင်ဗျာ"

သမားတော်ကြီး ချောင်လို့ဖူ အံ့အားသင့်သွားပြီး....

"ဟင်....မောင်ရင် ဒီဓားရဲ့အကြောင်းကို သိနေတာကိုး"

အိုယီဝမ်းက ခေါင်းညိတ်၍....

"ဟုတ်ကဲ့ ....ချင်းဟုန်ဓားဟာ ဟန်မင်းဆက်ကာလက



တည်းက အမတ်ချုပ်ကြီး ချောင်မိုက်တန်း ကိုင်ခဲ့တဲ့ ဓားရတနာဆိုတာလည်း သိထားပါတယ်.... အမတ်ချုပ်ကြီး ချောင်မိုက်တန်းမှာ ဒီချင်းဟုန်ဓားအပြင် နောက်ထပ် ဓားရတနာတစ်လက်လည်း ရှိပါသေးတယ်.... အဲဒီ ဓားကိုတော့ မိုးကောင်းကင်ဓားလို့ခေါ်တယ်ဆိုတာ သိရပါတယ်.... တိုက်ပွဲတစ်ပွဲမှာ ချင်းဟုတ်ဓားဟာ ပျောက်သွားပြီး ဓာတ်မြုပ်သွားတယ်ဆိုတာ သိရပါတယ်"

ချောင်လို့ဖူက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

"အင်း....မောင်ရင် ကြားသိထားတာတွေဟာ အမှန်တွေပါပဲ.... ဟောဒီ ချင်းဟုန်ဓားက ကျုပ်တို့ မျိုးနွယ်အဆက်ဆက် ကိုင်လာတဲ့ ဓားရတနာပဲ၊ ပျောက်လည်း ပျောက်သွားခဲ့သေးတယ်၊ နောက်တော့ ဒီဓားကို ဝိုးမိန့်တောင်က ကျုပ်တို့ရဲ့မျိုးနွယ် လက်ထဲ ပြန်ရောက်လာတယ် ဆိုပါတော့ကွယ်၊ ဒါနဲ့ မောင်ရင့်နာမည်က ဘယ်သူ....ကျုပ်မေ့သွားလို့"

"အိုယီဝမ်းပါ ခင်ဗျာ"

"ဘွဲ့နာမည်လည်း ရှိမှာပေါ့"

"ရှိပါတယ်....သိုင်းလောကက ကျွန်တော့်ကို စက္ကူဓားသမား အိုယီဝမ်းလို့ ခေါ်ကြပါတယ်"

သမားတော်ကြီး ချောင်လို့ဖူ ပါးစပ်အဟောင်းသား ဖြစ်သွားကာ သူ့အမူအရာလည်း ချက်ချင်း ပြောင်သွားသည်။ အပြောအဆိုလေသံပါ ပြောင်းလဲသွားသည်။

"ဩော်...တူမောင် သိုင်းလောကမှာ နာမည်ကြီးနေတဲ့ စက္ကူမားသမား အို့ယိဝမ်းကိုး.... လေပွေမုန်တိုင်းအဖွဲ့ ခေါင်းဆောင် အို့ယိဝမ်းနော်"

"ဟုတ်ပါတယ်"

သမားတော်ကြီး ချောင်လို့ဖူက လက်ဖမိုးနှစ်ဘက်ကို ယှက်ပြီး ဦးညွှတ်လိုက်ကာ....

"တူမောင်နဲ့ခုလိုတွေ့ရတာ ဝမ်းသာလိုက်တာ၊ တူမောင်ရဲ့ သတင်းကို ကျုပ် ကြားနေတာတော့ ကြာပါပြီ....လူကိုလည်း သိပ်တွေ့ချင်နေတာ... တူမောင့်ကိုတွေ့နိုင်ဖို့ဆိုတာ မလွယ်ဘူးလို့လည်း ကျုပ်ကြားထားတယ်၊ အံ့ရောကွယ် အံ့ရော၊ ခုတော့ တူမောင်က ကျုပ်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်၊ ကျုပ်ဟာ တူမောင်ရဲ့ လှုပ်ရပ်တွေကို ကြားနေကတည်းက လေးစားနေတဲ့သူပါ၊ ကဲ....ကဲ ရေနွေးကြမ်း သောက်လိုက်ပါဦး...အေးအေးဆေးဆေး ရင်းရင်းနှီးနှီး စားသောက်ရင်း စကားပြောကြရအောင်"

ချောင်လို့ဖူက အို့ယိဝမ်းကို စားပွဲခုံကလေးဆီသို့ ခေါ်သွားပြီး ခုံတစ်လုံးတွင် ထိုင်စေသည်။ သူကိုယ်တိုင်လည်း မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီး ရေနွေးကြမ်း နှစ်ခွက်ကို ငှဲ့ထည့်သည်။ တစ်ခွက်ကို အို့ယိဝမ်းလက်သို့ ကမ်းပေးသည်။

"ကဲ တူမောင် ကျုပ်ကို ပွင့်ပွင့်လင်းလင်းသာ ပြောပေတော့.... တူမောင့်လိုလူမျိုးကို ကျုပ်အနေနဲ့ ဘာမဆို ကူညီဖို့အသင့်ပဲ"



ထိုအခါမှ အို့ယိဝမ်းလည်း သူ့အယောင်ဆောင်ပြီး....လူတွေသတ်၊ မကောင်းမှု ဒုစရိုက်တွေ လုပ်နေသော အို့ယိဝမ်းအတုအကြောင်းကို ပြောပြလိုက်သည်။ ဤမြို့ဘက်သို့ ထွက်လာသဖြင့် နောက်မှ လိုက်ခဲ့ပုံကိုလည်း ရှင်းပြသည်။

သမားတော်ကြီး ချောင်လို့ဖူက အို့ယိဝမ်း ရှင်းလင်းပြောပြချက်ကို သေသေချာချာနားထောင်ပြီး ခဏမျှ စဉ်းစားကာ...

"ဒါဆို အမောင်ကိုယ်တိုင် ဒီလူဆိုးတွေ ဒီမြို့ကို လာတယ်ဆိုတာတော့ တိတိကျကျ မသိဘူးပေါ့ ဟုတ်လား....ထင်မြင်ချက်ပဲ ရှိတာပေါ့၊ သူ့လက်မှာ ဒဏ်ရာရထားလို့ ဆေးကုသရအောင် ကျုပ်ဆီကို ရောက်လာလိမ့်မယ်လို့ ထင်မှတ်နေတယ်ပေါ့"

"မှန်ပါတယ် ခင်ဗျာ"

"ကျုပ်ဆီကို ရောက်မလာတာတော့ အမှန်ပဲ တူမောင်၊ သူ့ရဲ့ သတင်းကို ဒီမြို့မှာ တူမောင်မကြားဘူးဆိုရင် ဒီမြို့ထဲကို မဝင်ဘဲ ကျော့ပတ်ပြီး ရှေ့ခရီးကို ဆက်သွားတာကော မဖြစ်နိုင်ဘူးလား...."

အို့ယိဝမ်းက ခေါင်းကို ခါယမ်းလိုက်ပြီး....

"ရှေ့ခရီးကို ဆက်သွားဖို့တော့ မဖြစ်နိုင်ပါဘူး၊ ဒီလူတွေဟာ ဘယ်နည်းနဲ့မဆို ဒီမြို့ကို ဝင်ကိုဝင်ရမှာပဲ"

"တူမောင်က ဘာဖြစ်လို့ ပြောနိုင်တာလဲ...."

"သူတို့နောက်က တစ်လမ်းလုံး ကျွန်တော် လိုက်ခဲ့တာပဲ၊ လမ်းမှာ သမားတော်မရှိမယ့် ရွာကလေး တစ်ရွာကိုပဲ တွေ့ခဲ့ရတယ်၊

တစ်လမ်းလုံး သိပ်ခေါင်တဲ့နေရာတွေပဲ ဖြတ်ကျော်ခဲ့ရတယ်၊ ဒီတော့ ဒဏ်ရာရထားတဲ့ ဒီလူဆိုးဟာ ဒီမြို့မှာ သေချာပေါက် ဝင်နားပြီး သူ့ဒဏ်ရာကို ဆေးကုဆေးထည့်မှ ဖြစ်ပါလိမ့်မယ်"

ချောင်လို့ဖူ စဉ်းစားလိုက်ပြီး....

"တကယ်လို့သာ တူမောင်ပြောတဲ့လူဆိုးဟာ ဒီမြို့ထဲမှာသာ ရှိမယ်ဆိုရင် ဆေးဝါးအစုံအလင်ဆုံးရှိတဲ့ ကျုပ်ရဲ့ဆေးခန်းမှာ ဆေးလာဝယ်ရမှာပဲ.... ဒါမှ မဟုတ်ရင်လည်း သူ့ဒဏ်ရာကို ကျုပ်ဆီကို လာပြရမယ်.... ဒါမှ မဟုတ်ရင်လည်း ကျုပ်ကို သူရှိတဲ့နေရာကို ပင့်ဖိတ်ခေါ်ရမယ်.... ဒါပေမယ့် တူမောင်ပြောတဲ့လူရော သူနဲ့ဆက်နွှယ်နေတဲ့ လူတစ်ယောက်ယောက်ကို ဒီနေ့တစ်နေ့လုံး အနာကျက်ဆေးမရောင်းရသေးဘူး"

"ဒီမြို့မှာ တခြားဆေးဆိုင်တွေကော မရှိဘူးလား...."

"နောက်တစ်ဆိုင်ပဲ ရှိတယ်၊ ဆေးဝါးကမစုံလင်၊ သမားတော်လည်း မရှိတဲ့ဆိုင်ဆိုတော့ ပြုတ်လုဆဲဆဲ ဖြစ်နေတဲ့ဆိုင်ပါ၊ အဲဒီဆိုင်ကိုတော့ သွားမှာ မဟုတ်ဘူး"

"အင်း....သမားတော်ကြီး ပြောသလိုဆိုရင်တော့ ဒီလူဟာ ဒီမြို့ထဲမှာ ရှိမနေတာ သေချာသလိုလို ဖြစ်နေပြီ"

"သေချာပါတယ်လေ....ဒီမြို့ထဲမှာ ရှိမနေနိုင်ပါဘူး"

"ကျွန်တော် တစ်ခုလောက် မေးပါရစေ"

"မေးပါ"



"ဒီမြို့ပြင်မှာ ပုန်းခိုနေထိုင်လို့ကောင်းမယ့် နေရာမျိုးများ မရှိဘူးလား သမားတော်ကြီး.... မြေအောက်ခန်းတို့လို... ကျောင်းပျက်ကြီးတို့လို.... ကျောက်ဂူကြီးတို့လိုပေါ့"

ချောင်လို့ဖူက ခဏမျှ စဉ်းစားလိုက်ပြီး....

"အင်း....ဒီမြို့ အနီးပတ်ဝန်းကျင် တစ်ဝိုက်မှာတော့ မြေပြန့်တွေများတယ် တူမောင်၊ ကျုပ်လည်း မြို့တွင်းမြို့ပြင် နေရာအနှံ့ရောက်ဖူးတဲ့လူပါ၊ ဒီမြို့မှာမွေး ဒီမြို့မှာကြီးခဲ့တဲ့ ကျုပ်အတွက် နေရာဒေသ ကျွမ်းနေပါပြီ...မြို့ပြင်မှာတော့ ပုန်းခိုနေနိုင်မယ့် နေရာကောင်းကောင်း မရှိတာတော့ အမှန်ပဲ၊ ပြီးတော့ တူမောင်ပြောတဲ့ လူစုတွေဆိုရင် မြင်းတွေကိုပါ ဝှက်ထားရမှာ မဟုတ်လား....ဗိုပြီး မလွယ်သေးတယ်၊ ဒြော် ကျုပ် တစ်ခုတော့ စဉ်းစားမိတယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"နေရာတစ်ခုတော့ ရှိတယ်၊ အဲဒီမှာ ပုန်းမယ်ဆိုရင် လူတွေရော မြင်းတွေအတွက်ပါ လုံခြုံနိုင်တဲ့ နေရာမျိုးပဲ"

အို့ယိဝမ်း အားတက်သွားပြီး....

"ဘယ်လိုနေရာမျိုးလဲ သမားတော်ကြီး....ဘယ်မှာရှိသလဲ"

ချောင်လို့ဖူ ခေါင်းကို ခါယမ်းလိုက်ပြန်ပြီး....

"ဒါပေမယ့် ဒီနေရာမှာတော့ ဒီကောင်တွေ ပုန်းခိုနေကြမှာ မဟုတ်ပါဘူးလေ....ဘာဖြစ်လို့လည်း ဆိုတော့ ဒီနေရာက ကျုပ်တို့ဘိုးဘွားအစဉ်အဆက် မြှုပ်နှံခဲ့တဲ့သင်္ချိုင်း ဖြစ်နေလို့ပဲ၊ ပြီတော့ ဒီမြို့ခံလူတစ်ယောက်လောက် လိုက်ပြမှ ဒီသင်္ချိုင်းကို ရောက်နိုင်မှာပဲ၊ နို့မို့ဆို

အပြင်လူ စည့်သည်အနေနဲ့ ဒီနေရာကို သိဖို့ မလွယ်ပါဘူး"

လုံးဝ မျှော်လင့်ချက် မရှိတာထက်စာရင် သွားကြည့်ပါက အရှုံး မရှိနိုင်ဟု တွက်ဆမိသော အိုယိဝမ်းက သွားကြည့်ရန် ဆုံးဖြတ်ချက် ချလိုက်တော့၏။

"အဲဒီနေရာကို ကျွန်တော် သွားကြည့်ချင်ပါတယ်ခင်ဗျာ.... ဘယ်နေရာမှာ ရှိပါသလဲ....မြို့နဲ့ အဝေးကြီးပါသလား...."

"မြို့တောင်ဘက်တံခါးက ထွက်သွားပြီးရင်း သုံးလီလောက် အကွာအဝေးမှာ တောင်ကုန်းကုလေး တစ်ကုန်း ရှိပါတယ် တူမောင်.... ကျုပ်တို့ ဘိုးဘွားစဉ်ဆက် သချိုင်းဟာ အဲဒီတောင်ကုန်းပေါ်မှာပဲ ရှိပါတယ်... ကျုပ်တို့ အဘိုးရဲ့သချိုင်းဂူကတော့ ကျောက်ဂူကြီးတစ်ဂူ ထဲမှာ ရှိပါတယ်....အဲဒီကျောက်ဂူကြီးဟာ ကျယ်လည်း ကျယ်ဝန်း တယ်.... အထဲမှာ ကျောက်စားပွဲ ကျောက်ထိုင်ခုံတွေနဲ့ ခမ်းခမ်း နားနားပဲ ဖန်တီး ဆောက်လုပ်ထားပါတယ်...."

အိုယိဝမ်း ပိုမို စိတ်ဝင်စားသွားသည်။

"ဒီလို ကျောက်ဂူကြီးမျိုးမှာ လူဆိုးတွေဟာ ပုန်းခိုပြီး နေထိုင် နိုင်ပါတယ်ခင်ဗျာ...သချိုင်းမြေလည်း ဖြစ်ပြန် မြို့နဲ့လည်း အလှမ်း ဝေးပြန်ဆိုတော့ လူသူ အသွားအလာ မရှိသလောက် ဖြစ်မှာပါပဲ၊ လူဆိုးသူခိုးတွေ ပုန်းခိုဖို့ အကောင်းဆုံး နေရာမျိုးပါပဲ"

"ဘာလဲ....တူမောင်က သွားကြည့်ချင်လို့လား...."

"ဟုတ်ကဲ့...သမားတော်ကြီးက အကူအညီပေးမယ်ဆိုရင်တော့ ကျွန်တော် သွားကြည့်ချင်ပါတယ်ခင်ဗျာ...ဖြစ်နိုင်ရင် ကျွန်တော့်ကို



အဲဒီနေရာ လိုက်ပို့ပေးပါလား...."

"တူမောင် ဘယ်တော့ သွားချင်သလဲ...."

"အခုပဲ သွားချင်ပါတယ်".

"ညကြီးမိုးချုပ် အချိန်မတော်ကြီးပါလား...တူမောင်"

"ဒါမှလည်း လူဆိုးတွေ ပုန်းခိုနေတယ်ဆိုရင် တွေ့နိုင်မှာပေါ့ ခင်ဗျာ...မိုးလင်းမှဆိုရင်တော့ သူတို့တွေ ခရီးဆက်ချင်လည်းဆက်၊ နေရာရွှေ့ချင်လည်း ရွှေ့သွားကြမှာပေါ့၊ ကျွန်တော့်ကို ကူညီတဲ့အနေနဲ့ လိုက်ပို့ပေးစေချင်ပါတယ် ခင်ဗျာ...ကျွန်တော့်အတွက် သိပ်ပြီးအရေး ကြီးနေလို့ပါ၊ တကယ်လို့ ကျွန်တော်ထင်ထားသလို အဲဒီမှာ လူဆိုး တွေ ပုန်းမနေကြပါဘူး ဆိုလို့ရှိရင်လည်း သမားတော်ကြီးရဲ့ ဘိုးဘွား အစဉ်အဆက်ရဲ့ သချိုင်းကို ကျွန်တော် ရောက်ဖူးသွားတာပေါ့"

"ချောင်လို့ဖူလည်း ခဏမျှ စဉ်းစားကာ ခေါင်းတဆတ်ဆတ် ညိတ်၍....

"ကောင်းပြီလေ....တူမောင် သိပ်ပြီး စိတ်ဆန္ဒ ရှိနေရင်လည်း ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်.... တူမောင်နဲ့ ကျုပ် သွားကြတာ ပေါ့.... နေဦး ကျုပ်လိုအပ်တဲ့ ပစ္စည်းကလေးတွေ ယူသွားဖို့ စီစဉ်လိုက် ဦးမယ်"

သမားတော်ကြီး ချောင်လို့ဖူက လိုအပ်သော ပစ္စည်းများကို သူ့တပည့်တစ်ယောက်အား ခေါ်၍ ဝုဆောင်းယူငင်နိုင်းသည်။ မြင်း နှစ်ကောင်ကိုလည်း အသင့် ပြင်ဆင်ဖစေလေသည်။

ခဏနှင့် သူတို့ ယူဆောင်သွားမည့် မီးခတ်များနှင့် မီးပုံးတစ်

လုံးကို တပည့်ဖြစ်သူက လာရောက်ပေးသည်။ ချောင်လို့ဖူလည်း သော့တွဲတစ်တွဲကိုယူပြီး အိုယိဝမ်းထံ ပြန်ရောက်လာသည်။

"သွားကြစို့ တူမောင်"

အိုယိဝမ်းနှင့် သမားတော်ကြီး ချောင်လို့ဖူတို့ နှစ်ယောက် ဆေးဆိုင်မှ ထွက်လာခဲ့ကြ၏။ မြင်းကိုယ်စီကိုစီးကာ တောင်ဘက်မြို့တံခါးသို့ ဦးတည်ထွက်ခဲ့ကြ၏။

မြို့ထဲတွင် လူသွားလူလာ နည်းနေပြီး မီးများလည်း အတော်ကလေး မှိတ်ကုန်ကြပြီ ဖြစ်လေသည်။

တာစဉ်(၄)ပြီး၏။

တာစဉ်(၅) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်